
www.burmeseclassic.com

# လရောင်ကျူးရင့်

## အချစ်ထက်မက ပေးချင်တယ်



www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ – ဒေါ်ခိုင်ယုလင်း (၀၁၆၆၀)
ရွှေငွေလှိုင်စာပေ၊ အမှတ်(၃၉)၊ ၄၄–လမ်း၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

အတွင်း/ – ဒေါ်နွဲ့နွဲ့ရီ (၀၀၇၁၁)
အဖုံးပုံနှိပ်သူ ရွှေရောင်လင်းပုံနှိပ်တိုက်
အမှတ်(၆၆)၊ ပြည်တော်အေးလမ်း၊
လေးထောင့်ကန်ရပ်ကွက်၊ သဃ်ာန်းကျွန်း၊
ရန်ကုန်မြို့။

အကြိမ် – ပထမအကြိမ်
၂၀၁၇ ခုနှစ်၊ မတ်လ

အုပ်ရေ – ၅၀၀

တန်ဖိုး – ၁၅၀၀/–

"ထုတ်ဝေသည့်စာအုပ် ကက်တလောက်အညွှန်း" (CIP)

လရောင်ကျူးရင့် ၈၉၅.၈၃
အချစ်ထက်မကပေးချင်တယ်/ လရောင်ကျူးရင့်၊
ရန်ကုန်။ ရွှေငွေလှိုင်စာပေ၊ ၂၀၁၇။
၃၀၄ စာ ၊ ၁၅ စင်တီ x ၁၈ စင်တီ ။
(၁) အချစ်ထက်မကပေးချင်တယ်




အခန်း(၁)

"ပူမနေစမ်းပါနဲ့ကွာ .. ငါတို့ ပရွာက မိုးမချုပ်သေးခင် မီးခွက်ထွန်းရတဲ့ရွာ .."

"ဟုတ်သားပဲကွာ .. မိန်းမခိုးဖို့လောက်ကတော့ ပူဆိုးခြုံဖို့တောင် မလိုဘူး .."

ညဦးပိုင်းပေမယ့် မီးထွန်းထားကြသည့် အိမ်တွေကလွဲ၍ လမ်းကြားတိုင်းမှာ မှောင်နေသည်။ တစ်ချို့က ချောင်ကျလွန်းသည့်လမ်းကျဉ်းတွေမှာ ကိုယ်ပိုင်မီးစက် ကိုယ်ပိုင်ဘက်ထရီတွေနှင့် ဝါးတိုက်စိုက်ပြီး မီးပွင့်လေးတွေ ထားပေးကြတာရှိ၏။

တစ်ချို့ကျတော့ သခ်ငုတ်၊ သစ်ကိုင်းဖျားတွေမှာ ချိတ်ထားကြတာရှိသည်။

ဒါကလည်း ညကိုးနာရီကျော်ကျော်လောက်ဆို အားလုံး မှိတ်ပစ်ကြတာပဲဖြစ်သည်။ ရွာကကြီးပေမယ့် လျှပ်စစ်မီးက ပုံမှန်မလာ ..။

နာဂစ်ဝင်မွှေသွားပြီးတည်းက ပျက်စီးပြိုသဲကုန်သည့် လျှပ်စစ်မီးကြောင်းတွေကို ဒီနေ့ထိ ပြုပြင်ဆက်သွယ်ခြင်းမရှိကြတော့သဖြင့် ကိုယ်ပိုင်မီးတွေနဲ့ပဲ လင်းနေကြရ၏။

www.burmeseclassic.com

www.burmeseclassic.com



"မိုးခြိမ့် .. မင်း တကယ်သတ္တိရှိလို့လား .. သူ့အစ်ကိုသွေကလ တော်တော်ဆိုးတယ်နော် .."

"ဒီကောင်တွေ ဘယ်သူ့အပေါ်မှာမှ မကောင်းတာ တစ်ရွာလုံးသိတဲ့ဟာ .. ခုမှ ဒါပဲကြောက်နေစရာလား .."

ငြေနဲ့ ခတ်တိုင် တို့က မိုးခြိမ့် ကို ကူညီချင်ကြပေမယ့် တာတေကြီးတို့ ညီအစ်ကိုသုံးယောက်ကိုတော့ ငယ်ကြောက်တွေဖြစ်နေကြရကာ ..။

"မင်းက တကယ်ခိုးတော့မှာလား .."

"ငါကတော့ ခိုးချင်တာပေါ့၊ နီကြာ က လိုက်မှာမဟုတ်ပါဘူး၊ ဒါပေမယ့် ငါ သူနဲ့ ကြာကြာမတွေ့ဘဲမနေနိုင်ဘူးကွ .."

"မနေနိုင်တာက အကြောင်းမဟုတ်ဘူး၊ သူကမှသတ္တိမရှိဘူးဆိုရင်း ဖွတ်မကိုးနဲ့ကွ .. ဟိုကောင်တွေက မလွယ်ဘူး .."

ကြောက်တဲ့အထဲမှာ ခတ်တိုင် က သူ့အရပ်ရှည်ကြီးနဲ့ မလိုက်အောင် ကြောက်တတ်လွန်းသူဖြစ်သည်။ ကာလသားတွေပီပီ ညမှုညတာ ဟိုအိမ်ဒီအိမ် ရွာလယ်ရွာထိပ် သွားတာလောက်တောင် သူ့မှာ ကြိတ်ကြောင်တောင် ..။

ဒီညလက မိုက်နေသည်။ လပြည့်နားနီးမို့ ထိန်ထိန်သာရမယ့်လက မိုးသားတွေကြောင့် တိမ်ညိုတွေနောက်မှာ ပျောက်ကွယ်နေ၏။

ထိုအခြေအနေကို ငြေ က မော့ကြည့်ရင်း ..။

"ကဲ .. သွားမယ်ဆိုလည်း သွားကြမယ်လေ၊ ပို ညဉ့်နက်လေ ပိုမှောင်လေဖြစ်လိမ့်မယ်၊ ဒီညအဖို့ ရာသီဥတုက ဒီတိုင်းပဲသွားတော့မယ့်ပုံ .."

သူတို့တွေ သွားမယ်လာမယ်ပြောနေပြီး မိုးခြိမ့် တို့ ခြံရှေ့မှာပဲ မိုးတိုးမတ်တတ်နှင့် တောင်ကြည့်မြောက်ကြည့် ဘယ်ကိုမှလည်း မရွေ့ဖြစ်ကြ ..။

"ဟုတ်တယ်လေ .. ဘာလဲ မင်းက အပေါ်ခိုးဖို့စိတ်ကူးနေတာလား.."



"မဟုတ်ပါဘူးကွာ .. ငါ အိမ်ထဲကို ဓာတ်မီးတစ်ခေါက်ဝင်ယူရင် အမေ သိသွားမှာစိုးလို့ .."

"ခါတိုင်းလည်း ငါတို့ တစ်ယောက်အိမ်တစ်ယောက် ဒီလိုပဲ လိုက်သွားနေကျဥစ္စာ .."

"ဒါပေမယ့် အမေ လက်ခံမလားလို့ ဒီည မိန်းမခိုးမယ်လို့ ငါ သွေးတိုးစမ်းမေးကြည့်လိုက်သေးတယ် .."

"မင့်မှာလည်း ဒါ သွေးတိုးစမ်းမေးစရာလားကွ .."

"အမေကလည်း သဘောမှမတူတာကိုးကွ .. သူတို့က ငါတို့ထက်ချမ်းသာပေမယ့် သူတို့မိသားစုအစဥ်အဆက် ဘယ်ရွာသားကများသဘောကျလို့လဲ .."

နီကြာရဲ တို့ မောင်နှမတွေက မောင်နှမလေးယောက်စလုံး ခပ်စွာစွာတွေဖြစ်သည်။ အစ်ကိုသုံးယောက်ကတော့ သတ်ရဲဖြတ်ရဲတဲ့အထိ လက်ယဥ်ကြတာ နာမည်ကျော် ..။

အကြီးဆုံး အောင်ကြီးက အဆိုးဆုံးဖြစ်သည်။ မြို့မှာ ဈေးသွားဝယ်လျှင် မြို့မှာရန်ဖြစ်သည်။ ရွာမှာ ငြိမ်နေပြီဆိုရင်လည်း တစ်ပတ်ပြည့်အောင် ရန်မဖြစ်ဘဲနေလျှင် ရွာမှာ ရာသီဥတုဖောက်ပြန်သွားနိုင်တဲ့အထိ မကြုံစဖူးဖြစ်သွားလိမ့်မည်။

အလတ်ဖြစ်သည့် တောင်ကြီးက လူက ပုသေးသေးပေမယ့် အနံကြီး ကွင်းကျယ်နေတတ်ပြီး ဘယ်သူနဲ့စကားပြောပြော သူပဲ အမှန် ..။

အငယ်ဆုံး ချက်ကြီးကတော့ ချက်ကကြီးတာတင်မက မိုက်တစ်ပြုံလုံး ရူထွက်နေတာဖြစ်သည်။ ပုံသဏ္ဍာန်တစ်မျိုးစီ စရိုက်တစ်မျိုးစီရှိကြသလောက် ညီအစ်ကိုတွေလို့ မပြောရပေ၊ ဘယ်သွားသွား ဘယ်မှာနေနေ နှစ်ယောက် သို့မဟုတ် သုံးယောက်စလုံးရှိနေတတ်ကြကာ တစ်ယောက်တည်း တွေ့ရသည်ဆိုတာ သိပ်မရှိ ..။

သူတို့ညီအစ်ကိုချင်း မတည့်ကြသာတာရှိရင်ရှိမည်၊ တခြားလူတွေနဲ့ ဖြစ်ပြီဆိုရင်တော့ စည်းလုံးမှုရှိကြ၏။ ထို့ကြောင့် သူတို့အိမ်မှာ ဆွေမျိုး

www.burmeseclassic.com

www.burmeseclassic.com



မကောင်းထဲက ဘကြီးတော်သည့် ဦးစံကွန့် ဆိုသည့် လူကြီးတစ်ယောက်ကိုပဲ အကြီးအကဲအဖြစ်ထားကာ တခြားသွေးသားအကြီးအကဲလည်း မရှိတော့ပေ ..။

ဦးစံကွန့် ကိုတောင် သူတို့တွေ မထင်လျှင်မထင်သလို စံပြောခံဆိုရယ် ...။

မိဘအစဉ်အဆက်က သရက်တောတွေပိုင်ခဲ့သည်။ လယ်တောယာတောတွေမှန်သမျှ သူတို့ဘိုးဘွားပိုင်တွေချည်းများနေကာ တခြားရွာတွေထိ ပြန့်ကြောင်းခဲ့၏။

ခေတ်အခြေအနေအရ ရွာသူကြီးဆိုတာမျိုးမဟုတ်တော့ပေမယ့် ဟိုအရင်တုန်းက ရွာသူကြီးတွေဖြစ်ခဲ့ကြတာလည်း သူတို့ ဘိုးဘွားတွေပဲမို့ ရွာလူကြီးဆိုသည့် အခေါ်အဝေါ်မှာလည်း လက်ရှိရွာလူကြီးကိုတော့ အောင်ကြီးတို့ ညီအစ်ကိုက လူမထင် ..။

လူကြီးကိုယ်တိုင်က သူတို့ညီအစ်ကိုဆို ခေါင်းခါတတ်ကာ ....

"သူတို့ညီအစ်ကိုတွေနဲ့ ဘာမှမဖြစ်ကြစေနဲ့၊ လူလိုပြောမရတဲ့ကောင်တွေနဲ့ ငါ ဘာမှမပြောချင်ဘူး .." လို့ ပြဿနာတစ်ခုခုတက်ပြီးတိုင်းပြောတတ်၏။

ဒါတွေကို လူတိုင်းသိနေကြသဖြင့် အငယ်ဆုံးညီမ နီကြာရဲ့ ကိုလည်း ဘယ်ကာလသားကမှ မမှန်းဝံ့ကြပေ ..။

"မင်းကျမှပဲ နီကြာ ကို တက်ကြိုက်ရတယ်ကွာ .. မင်းလိုကောင်က ငါတို့သူငယ်ချင်းဖြစ်နေတာ ငါတို့ကမှ တကယ့်ဒုက္ခ .."

"ဒုက္ခအတုအယောင်ဆိုတာရှိလို့လားကွ .. ညည်းတာလည်း သနားစရာကောင်းအောင် ညည်းစမ်းပါ .."

ဥညြ နဲ့ ခတ်တိုင် ကြံဖန်ရန်များလာကြသည်။ လေကတဖြူးဖြူးတိုက်လာ၏။ ခပ်လှမ်းလှမ်းက ဝါးတိုင်သေးသေးမှာ ချိတ်ထားသည့် မီးလုံးလေးက ဝါးတိုင်နှင့်နေတိုင်း ယိမ်းနွဲ့ပါနေခဲ့သည်။

ထိုအလင်းရောင်ကျသမျှ အရိပ်သဏ္ဌာန်တိုင်းကလည်း သက်ရှိ



သတ္တဝါတွေ သက်ဝင်နိုးထလာသကဲ့သို့ လှုပ်ရှယိမ်းထိုးလာ၏။

ခတ်တိုင် က ဟိုဒီလှမ်းကြည့်ပြီး ..၊

"ရာသီဥတုမသာယာရင် မီးတွေအစောကြီးမှိတ်ကြမှာကွ .. သွားရအောင် .."

"သားရေ .. မိုးခြိမ့် .."

"ဟော ..."

"မိုးခြိမ့် .. ဒေါ်ကြီးညို ခေါ်နေပြီ .."

ဒေါ်ညို က မိုးခြိမ့် ရဲ့ မိခင်ဖြစ်ကာ .. ဒေါ်ထားခင် က အဒေါ်အပျိုကြီးဖြစ်သည်။

"ဖက် .. ဖက် .."

"လင်းစမ်းပါဟဲ့ .. ဩော် .. ခတ်မီးကလည်း အရေးထဲမှာ လာကပ်နေသေးတယ် .."

"အစ်မ .. ခတ်မီးကို အားကိုးမနေစမ်းပါနဲ့၊ ပိုးစုန်းကြူးလောက်တောင် မလင်းဘဲနဲ့ .."

"အပြင်မှာ မှောင်နေတာ ခတ်မီးမပါလို့ဖြစ်မလားကွ .."

"ဖက် .. ဖက် .."

ဒေါ်ညို က ခတ်မီးကို ယက်ဖဝါးတစ်ဖက်နဲ့ အတင်းရိုက်ပုတ်ရင်း အိမ်ရှေ့ခွေးခါးထစ်မှာ အလုပ်ရှုပ်နေ၏။

ထားခင် ကတော့ ဖိနပ်စီးပြီးတာနှင့် မျက်နှာကိုရှေ့ချွန်ထွက်နေအောင် အမှောင်ထဲကို အာရုံစိုက်ကြည့်၍ ..၊

"အစ်မသား ဟိုနှစ်ကောင်နဲ့ တွတ်ထိုးနေကြတာ ခုန ဒီရှေ့မှာတင် .."

"ဖက် .. ဖက် .."

ပုတ်လွန်း ခါလွန်းကာမှ ခတ်မီးက လင်းလာ၏။

"ရပြီ .. ရပြီ .."

"ရရင်လည်း အော်မခေါ်နဲ့တော့ ခေါ်လိုက်ကာမှ ထွက်ပြေးကြ

www.burmeseclassic.com

www.burmeseclassic.com



လိမ့်မယ် ..”

“ငါ့သား အဲ့လိုမဟုတ်ပါဘူး ထားခင် ရယ် .. သူ ခွတ်မလုပ်ချင်လို့ ငါ့ကိုပြောပြတာပေါ့ ..”

“ယုံနေလိုက်တာနော် .. အဲ့ဒါ အစ်မကို သွေးတိုးစမ်းတာ ..”

“စမ်းတော့ ဘာလုပ်လို့ရမှာတုံး ..”

“သြော် .. သဘောတူရင် လိုက်တောင်ပေးပါ၊ မတူရင် ခိုးပြေးမှာပေါ့ ..”

“ဖြစ်ရလေအေ .. သဘောတူရင်တောင် ငါက ဒီလူမိုက် သုံးကောင်ဆီမှာ သွားတောင်းရဲပါ့မလား .. သူတို့ညီမကို နတ်သမီးတစ်ပါးလိုထင်နေတာကို ..”

ပြောကြရင်း ခြံဝရောက်လာကြတော့ မိုးခြိမ့် တို့ကလည်း ပြန်လှည့်လာကြတာနှင့် ဆုံကာ ..၊

“ဟော .. ငါ့သား ..”

“ဟုတ်ပါတယ် .. အစ်မသားပါ ..”

ဒေါ်ညို က သူ့သား လူချောလူလှကြီးဆိုပြီး မွေးလာတည်းက ဒီသားကို လက်ဆွဲခေါ်သွားတိုင်း ဂုဏ်ယူဝင့်ကြွားစွာပြောနေကျ ..။

ထားခင် ကလည်း ‘ဟုတ်ပါတယ်၊ ဘယ်သူ့သားမှမဟုတ်ပါဘူး၊ အဲဒီလူချောလူလှလေးက အစ်မသားပါ’ ဆိုတာ ထောက်ခံဖြည့်တင်းပြောနေကျ ..။

“အမေတို့က ဘာထွက်လုပ်နေကြတာတုံး ..”

“မင်းကို လိုက်ရှာတာပေါ့ ..”

“တိုးတိုးပြောစမ်းပါ ထားခင် ရယ် .. သားပြန်လာပြီဥစ္စာ ..”

ပြောပြီး ဆေားက နှစ်ယောက်ကို ခတ်မီးနဲ့ ထိုးမှ ..၊

“ဟဲ့ ...”

ခတ်မီးရောင်က ဖျတ်ခနဲမှောင်ကျသွားသည်။

“အဲဒါလည်း အစ်မ ခတ်မီး အကောင်းစားပဲ ..”



“နင်လည်း ငါ့ကိုပြောဖို့ပဲ စောင့်နေ မိထားခင် ..”

“ဖယ် .. ဖယ် ..”

ဒေါ်ညို အလုပ်ရှုပ်ရပြန်ကာ ဘယ်သူ့ကိုမှ မကြည့်နိုင်တော့ဘဲ

“အထဲဝင်တော့ သားရေ .. ဟိုနှစ်ယောက်လည်းပြန်ကြတော့

“ဖက် .. ဖက် ..”

ရိုက်ပုတ်နေတုန်း မီးပြန်လင်းလာတော့ မီးရောင်က ပတ်ဝန်းကျင်မှာ ပြေးလွှားဝဲခါသွားသည်။

“ဟာ .. ဟိုမှာ .. ဟိုမှာ ..”

ခတ်တိုင် ထအော်တော့ ပြေ က သူ့နားဖျတ်ခနဲကပ်၏။ ထားခင်က ဒေါ်ညို့ ကို ဖက်ထားလိုက်ကာ ..၊

“ဘာတုံး .. ဘာတွေ့လို့တုန်း ..”

“မသိဘူး .. မည်းမည်းကြီး ..”

“သေတော့မှာပဲ ဒီကောင်တော့ ဒီလောက်မှောင်မည်းနေတဲ့ မည်းမည်းကို သေချာမြင်ဟယ်၊ နင့်မျက်လုံးကို ရွှေချပေးမယ်သိလား .

“ဟာ .. ဒေါ်ကြီးညို ခတ်မီးရောင်ဖြတ်ပြေးတော့ မြင်တာအစစ်တကယ်ပြောတာဗျ .. ဟိုထောင့်က မန်ကျည်းငုတ်တိုပေါ်မှာ ..”

“ကဲ .. တော်စမ်းပါဟယ် .. လူပြောသူပြောနဲ့ နင့်စိတ်ကိုး ဖြစ်နေတာ ..”

ခတ်တိုင် လက်ညှိုးတထိုးထိုးနှင့် ဘာမှမပြောနိုင်ရှာတော့ပေ

“လာသား လာ .. အထဲဝင် ..”

“အမေကလည်းဗျာ .. ကျွန်တော်တို့ ဒီလိုပဲ နေနေကျကို ..”

“ဟုတ်ပါတယ် .. ဒါပေမယ့် ခု မနေနဲ့တော့၊ ငါ့သားက ဟိုမိန်းကလေးနဲ့ ချစ်နေပြီ၊ သူ့အစ်ကိုတွေရန်က ရှောင်ထားမှ ..”

“တွေ့လား .. အမေ့ကိုပြောပြမိတာနဲ့ ဖြစ်ပြီ ..”

“ဟဲ့ .. မိဘဆိုတာစိုးရိမ်ရတယ် ကာကွယ်ရတယ်၊ နင့်အစ်ကို အကြောင်း နင်မသိဘူးလား မိုးခြိမ့် ရယ် .. ငါလည်း နောက်တစ်

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com



ဝင်းမလိုက်နိုင်တော့ဘူး .. ဝင်တော့ .. ဝင်တော့ ..”

ထားခင် ကတော့ ပြောလည်းပြောကာ မိုးခြိမ့် လက်ကိုဆွဲခေါ်၏။ ခြိမ့် က ပြန်ရုန်းပြီးနောက်ဆုတ်၍ ..။

“အင်းပါ .. အခုတော့ ခတ်တိုင် ကို ပြန်လိုက်ပို့လိုက်ဦးမယ်၊ ကောင် ပြန်ရဲမှာမဟုတ်ဘူး ..”

“ဘာလို့မပြန်ရဲရမှာလဲ .. မယ်ကြိုင် နဲ့ ချိန်းတွေ့ဖို့ကျတော့ သတ္တိတွေ ရှိမှရှိ ..”

“ကဲပါ .. ခေါ်လေးရာ အမေ့ကိုခေါ်သွားစမ်းပါ၊ ခုပဲ ပြန်လာမှာ”

“ရော့ သွား .. ခတ်မီးယူသွားဦး .. အပြန်ကျ မီးတွေရှိမှာမဟုတ်တော့ဘူး ..”

ခေါ်ညို က လူငယ်တွေသဘာဝကို နားလည်ပေးဖို့တော့ ကြိုးစားရှာ၏။ သို့သော် ..။

“နင်တို့နှစ်ကောင်က ညမှုညတာမသွားရဲ မလာရဲနဲ့ ဘာကိစ္စ သူများအိမ်လျှောက်လည်နေရတာလဲ ..”

“ကျွန်တော်တို့လား ..”

“အဲဒါက ..”

ခတ်တိုင်ရဲ့ အကြောင်းသုံးပါးမရွေးသောလက်ညှိုးက မိုးခြိမ့်ဆီ ညွှန်ပြီးသားဖြစ်ကာ ငြေ က ထိုလက်ကို ဖယ်ချပစ်လိုက်ပြီး ..။

“တမင်အလည်လာတာမဟုတ်ပါဘူး ခေါ်ကြီးညိုကလည်း စကားပြောရင်းနဲ့ မိုးချုပ်သွားတာပါ .. အဲဒါနဲ့ပဲ ..”

“ကဲပါ .. သွားကြမြန်မြန် ..”

“အဲဒါကြောင့် အစ်ကိုပြောတာပေါ့ .. ယောကျ်ားလေးမွေးထားပြီး သမီးတစ်ကောင် နွားတစ်ကောင်ထိန်းသလို လိုက်ကြည့်နေတယ်၊ သူ့ဟာသူ နေပါစေပေါ့ ..”

“ကဲ .. ညည်းကြောင့် နာငြီးတာကတစ်မျိုး၊ တော်ပါတော့ မိထားခင်ရေ ..”



အမေနဲ့ အခေါ် ပြန်ဝင်သွားမှ မိုးခြိမ့် ခေါင်းကုတ်လိုက်မိကာ

“မင်းတို့ ငါနဲ့မလိုက်ကြဘူးလား ..”

“ခိုးဖို့ဆို မလိုက်ဘူး .. ချိန်းတွေ့ရုံပဲဆို လိုက်မယ် ..”

“ငြေ ချိန်းတွေ့ရုံပဲလည်း ငါတို့အန္တရာယ်ကြီးတာပဲနော် ..”

“ကြီးကြီးကွာ .. ဒါမျိုးက ကူညီကောင်းပါတယ်၊ သူများအဝ ဆောင် ကိုယ့်အကျိုးအောင် ..”

ငြေ က ပြုံးနိုင်ပေမယ့် ခတ်တိုင်က ရှုံ့မဲ့သွားသည်။ ညမို့ သ ကြောက်ရသလို နီတြဲ့မကြောင့် လူရိုက်ခံရမှာ ကြောက်ရတာ တစ်မျိုး ..။

ရွာက အိမ်ခြေတွေကများသည်။ အိမ်တိုင်း ခြံကျယ်တွေချည်း ရွာလမ်းတစ်ဆုံး လျှောက်ရပြီဆို အရှည်ကြီးလျှောက်ကြရသည်။ မိုး တာက ရွာမှာ တီပုံသဏ္ဌာန်လမ်းဆုံ သုံးခုတောင်ရှိသည်။ ထိုလမ်း သုံးခုစလုံးမှာ မန်ကျည်းငုတ်တိုကတစ်ခု၊ မယ်ဇလီပင်အုပ်ကြီးတွေ နှစ်ခုရှိ၏။

သုံးနေရာစလုံးက သရဲခြောက်တာ နာမည်ကြီး ..။

“ဟ ..”

“အား .. သေပါပြီကွာ ဘယ့်နှယ် အချင်းချင်းခလုတ်တိုက် တာလဲ၊ ခတ်တိုင် ဆိုတဲ့ကောင် ..”

“တိုက်မှာပေါ့ .. သူ့မျက်လုံးက မယ်ဇလီပင်ဆီ ရောက်နေတ ကိုး ..”

“ငြေ နော် ..”

“လျှောက်ရန်လုပ်မနေနဲ့ ..”

“ခြေထောက်တက်နင်းခံလိုက်ရသည့် မိုးခြိမ့် က စိတ်တို အော်ကာ ..”

“မင်းကို ငါကိစ္စ လိုက်လာပေးလို့ သည်းခံနေတာနော် ခတ်တို အဖော်မရတဲ့အပြင် သူ့ကြောင့်ဒဏ်ရာရတာပဲရှိတယ် ..”

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် .. ဒီကောင့်ကို ထားခဲ့လိုက်တော့ .."

"ငြေ ..."

"ဘာတုံး..."

"မင်း ငါ့ကို အချွန်နဲ့ မ မ နဲ့ .."

"မ,ချင်အောင် မင်းပဲ ဖြစ်နေတာ .."

ပတ်ဝန်းကျင်မှာ ရွာထဲကလူသွားလူလာတောင်မရှိသေး။ ထိုအချိန်မှာ တိမ်ညိုတွေပြေးလွှားသွားနေကြသဖြင့် လရောင်လေးမစို့မပို့ ဖြာကျလာခဲ့သည်။

လရောင်နှင့်အတူ မဲမဲလုံးလုံးအရာတစ်ခု ရွာလမ်းအတိုင်း လာနေတာကို မြင်လိုက်ကြရ၏။

"ဘာကြီးတုံး .."

"လူပါဟ .."

"လူက နှစ်ပေလောက်ပဲရှိမလား .."

"ဒါပေမယ့် လမ်းလျှောက်နေတာပဲ .."

"ဝက်ကြီးပါ .."

"လူပါဟ .."

သူတို့ကြည့်နေရင်း ထိုအရာက ခြံတစ်ခြံထဲ တိုးဝင်သွား၏။

သုံးယောက်စလုံး ခြေလှမ်းတုံ့သွားကြသည်။ ဓာတ်တိုင်က လက်ညှိုးထိုးရင်း ...

"တွေ့လား .. အဲ့ဒါ ဒေါ်ဖိန်သေး ရှေ့မှာ၊ အဲဒီမှာ အပေါက်မရှိဘူး .."

"ဒေါ်ဖိန်းသေး မှာ ဘာလို့ အပေါက်မရှိရမှာလဲ .."

"အေးလေ .. ဦးတုတ်ကြီးတို့ လာလုပ်ပေးကြတာ နွားလှည်းတောင် ဝင်လို့ရတယ် .."

ငြေ နဲ့ မိုးခြိမ့် တို့က ထိုဆီလှမ်းကြည့်ပြီး တစ်ယောက်တစ်ခွန်း ပြောကြတော့ ဓာတ်တိုင် က လှည့်ကြည့်သည်။



"ဘာလဲ .. ငါက ခြံဝင်ပေါက်ကိုပြောတာ .."

"ခြံဝင်ပေါက်မဟုတ်လို့ ဘယ်သူက ဘာပြောနေတယ်ထင်လို့လဲ"

"အေးလေ .. ခြံရှေ့မှာ အပေါက်မရှိဘူးလေ၊ ဒေါ်ဖိန်းသေး ခြံက ဘေးလမ်းကြားလေးမှာပဲ ဖောက်ထားတာ၊ ဒီမည်းမည်းက ဘယ်က တိုးဝင်သွားတာလဲလို့ .."

"အဲဒါကြောင့် ရှေ့မှာ ဦးတုတ်ကြီးတို့ ခိုင်းလုပ်ပေးလိုက်တာ အပေါက်ရှိနေပါပြီလို့ ပြောတာပေါ့၊ သွား .. ရှေ့ကိုပြေးကြည့်လိုက်ဦး .."

ဓာတ်မီးထိုးပြထားတော့ ဓာတ်တိုင် တကယ်သွားကြည့်သည်။ သို့သော် ဝါးကပ်နဲ့ ပိတ်ထားသည့် တံခါးပေါက်ကြီးကို မြင်တော့ ပြန်လှည့်ပြေးလာကာ ...

"ဟုတ်တယ် .. လှည်းတောင် ဝင်လို့ရတယ်၊ ဒါပေမယ့် တံခါးအလုံပိတ်ထားတာ ကြက်မဒါန်းတောင် ဝင်လို့မရဘူး၊ ဟိုမည်းမည်းက ဘယ်က .."

"ကဲ .. ဝက်ဖြစ်ဖြစ် လူဖြစ်ဖြစ်ကွာ .."

"အဲဒါ သရဲ .."

ဓာတ်တိုင် က ဖြတ်ပြောလိုက်ပြီး ဟိုကြည့်ဒီကြည့်ဖြစ်နေစဉ်...၊

"အံမာ .. နင်ကများ ငါ့ခြံဝင်းထဲထိ .."

"မလုပ်ပါနဲ့ ဒေါ်ကြီးရဲ့ သူ့ကို ကျွန်မခေါ်တာပါ .."

"ငါသိတယ် .. ညည်း ဒီလိုပဲ ဒီကောင် သူမိုးကျပိုးနဲ့ ခိုးခိုးတွေ့နေတာ .."

"ဘုန်း ..."

"အောင်မယ်လေးဗျာ .."

"မလုပ်ပါနဲ့ .. တော်ပါတော့ ဒေါ်ကြီးရယ် .."

"ဘုန်း .. ဘုန်း .."

"တော်ပါတော့ဆို ကိုတိုး ရေ မြန်မြန်ပြေး .. ပြေးတော့ .."

တိုးမောင် ...!

www.burmeseclassic.com

www.burmeseclassic.com



ရွာထဲက ကြက်သမား တိုးမောင် ..။

သူတို့သိလိုက်ကြသည်။ ခုန ဒီခြံထဲကို ကုန်းကွတိုးဝင်သွားတာ တိုးမောင် ..။

"ဘယ့်နှယ် ရည်းစားနဲ့ချိန်းတွေ့ဖို့လာတဲ့လူက ခြံရှေ့က ဖြတ်ဝင်ရသလား .."

"ဝေဖန်မနေနဲ့ .. တော်ကြာ ဒီရှေ့ကို ပတ်ပြေးလာလို့ ငါတို့ဖမ်းမေးရခက် .. မပေးဘဲနေရခက် .."

မိုးခြိမ့် က ပြန်သည်။ ငြေ တို့ကို လောဆော်ပြီး မှောင်ရိပ်ထဲ ပြန်ဆုတ်လိုက်၏။

ထိုစဉ် ဝုန်းခနဲအသံကြီး ကြားကာ ..၊

"ဟာ .. ဟိုမှာ .."

သူတို့မြင်သည့်နေရာကပဲ တိုးထွက်လာတာ ခုန မြင်လိုက်ရသည့် မည်းမည်းကောင် ..။

"ဒါကြီးပဲဟ .."

"အေးလေ .."

"ဒါတော့ တိုးမောင် မဟုတ်ဘူးလုပ်လိုက် .."

သုံးယောက်စလုံး အသံဏာတိတ်သွားကြသည်။

"ခြေထောက် ဘယ်နှစ်ချောင်းလဲ .."

"မသိလိုက်ဘူး .."

"ဝက်တော့ ဖြစ်နိုင်တယ် .."

"လူမဟုတ်တာလည်း သေချာတယ် .."

"ဒါဆို ဒေါ်ပိန်သေး ရိုက်လွှတ်နေတာ ဘယ်သူ့ကိုလဲ .."

"တိုးမောင် ဖြစ်မှာပေါ့ကွ .. ဟိုဘက်တစ်ပေါက်ပေါက်က ပြေးပြီနေမှာပေါ့ .."

ထိုစဉ် မှန်မီးအိမ်ကိုကိုင်၍ ဒေါ်ပိန်သေး အိမ်ပေါ်က ဆင်းလာတာ မြင်လိုက်ရသည်။ လက်ထဲမှာလည်း အဝတ်လျှော်သည့် လက်ရိုက်တုတ်



ကို ကိုင်လျက် ထမီတိုတိုဝတ်ထားတာလည်း ခြေသလုံးရိုးကြီးတွေပါ မြင်နေရ၏။

"ဒီကောင် အိမ်ရှေ့ထွက်ပြေးတာသေချာတယ်၊ ငါ့ခြံတံခါးအသစ်ကြီးကို သင်းက ဘယ်လိုခွေးတိုးတိုးပြီး ဝင်လာတာလဲ .."

"ဒေါ်ကြီး သူ မရှိတော့ပါဘူး .. လာပါ .."

"လာပါ .. ညည်းပါ ဆင်းခဲ့စမ်းပါ၊ ညည်းကိုယ်တိုင် တံခါးဖွင့်ပေးထားတာမဟုတ်ရင် ဘာလဲ .. လာခဲ့ .."

"မဟုတ်ရပါဘူး ဒေါ်ကြီးရယ် .. ဒေါ်ကြီးကိုယ်တိုင် သံကြိုးဟောင်းကြီးနဲ့တုပ်ပြီး သော့ခတ်ထားတာဥစ္စာ .."

သူတို့တွေ မှောင်ရိပ်ထဲကနေ အားလုံးကြားနေရသည်။

"ဘာဖြစ်တာလဲ မပိန် .."

ဟိုဘက်ခြံထဲကနေ မှန်မီးအိမ်တစ်လုံးထွက်လာပြီး ခြံတိုင်ပေါ်က မျှောက်ကြည့်မေး၏။

"ဘာထွက်ကြည့်တာလဲ ပိန်သေး .. ခုန ဆူဆူညံညံ နင့်အိမ်ကလား .."

ရွာလမ်းဟိုဘက်ထိပ်က လျှောက်လာသည့် လူကြီးယောက်ဖ ဦးမာ ကလည်း ခြံပြင်ကနေ ရပ်ပြီးမေးသည်။

ဟိုအိမ်ဒီအိမ် မီးရောင်တွေ အပြင်ထွက်လာကြတော့ မိုးခြိမ့် တို့ မှောင်ရိပ်ထဲကနေပဲ လှည့်ပြန်ရမည့်အခြေအနေ ဖြစ်လာ၏။

"မလွယ်ဘူး .. ငါတို့ကိုမြင်လိုက်ရင် တိုးမောင် က ငါတို့နဲ့ပါလာတယ်လို့ ထင်နိုင်တယ် .."

"ဟုတ်တယ် .. ဒေါ်ပိန်သေး က လူကသာ ပိန်သေး၊ ဒေါသက နည်းတာမဟုတ်ဘူးရယ် .."

"ဒါဆို မင်းက ပြန်လှည့်တော့မှာလား မိုးခြိမ့် .."

"ကြည့်စမ်း .. ဒီမှာ ခြံကိုဖျက်ဆီးသွားတာ ကုန်ပါပြီကော .."

"ဒေါ်ပိန်သေး ရယ် .. ခင်ဗျားပြောတဲ့ အပေါက်က လူတစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



တိုးလို့မရပါဘူးဗျာ ..''

စကားသံတွေကို ကျော်ခိုင်း၍ သူတို့လှည့်ပြန်လာခဲ့ကြသည်။ အရေးထဲမှာ ခတ်မီးကပ်နေသဖြင့် လက်ဖဝါးနဲ့ ရိုက်နေရသည့် တဖတ်ဖတ်အသံက ဒုက္ခပေးနေသေးသည်။

''ကဲ .. ထိုးလည်းထိုးမနေနဲ့တော့ကွာ .. မလင်းတာကမှ မြင်ရသေးတယ်၊ လင်းလိုက်မှောင်လိုက်နဲ့ ..''

''ခြေပါးကင်းပါးနဲ့ကွ ..''

သူတို့စကားပြောနေစဉ် မန်ကျည်းငုတ်တိုရှိသည့် လမ်းကြားထိပ်မှာ ခတ်မီးရောင်တွေ ဝင်းဝင်းလက်လက်နှင့် အနည်းဆုံး လူငါးယောက်လောက် အုပ်စုဖွဲ့သွားနေတဲ့ပုံ ..။

''ဘယ်သူတွေလဲမသိဘူးကွ ..''

''ဟိုဘက်ရွာမှာ သူခိုးပူနေတယ်ကြားလို့ ကင်းလှည့်အဖွဲ့ ဖွဲ့မယ်ဆိုတာ အစီအစဉ်စနေပြီထင်တယ် ..''

သုံးယောက်စလုံး လှမ်းမြင်လိုက်ကြသဖြင့် ထင်တဲ့အတိုင်းပြောနေမိကြကာ ..၊

''ကင်းလှည့်အဖွဲ့တွေဖွဲ့မယ်ဆို လူကြီးဦးထွေးလား ငါတို့ကို ချန်ထားမှာ ..''

''အေးလေနော် .. အလိုလိုကာမှ ဒီလူကြီးက အလုပ်မရှိ ကြက်ဥသန်းရှာနေတဲ့လူ ..''

''ကြက်ဥ!...''

''ဟုတ်လို့လား ငြေ .. ငါကြားဖူးတာ ကြက်ဥမဟုတ်ပါဘူး ..''

မိုးခြိမ့် နဲ့ ခတ်တိုင် တို့ မေးခွန်းတွေပြိုင်တူထွက်လာကြသည်။ ငြေ က ခတ်မီးကို ဘယ်ညာပြောင်းလိုက်ပြီး ခေါင်းတစ်ချက်ပွတ်၍...

''ငါကြားဖူးတာလည်း ..''

''ရှူး .. ရှူး ..''

''အု .. အူး ..''



ခွေးဟောင်သံတွေ စီထွက်လာသည်။

ခုန ခတ်မီးနဲ့ လူစုကို ဟောင်ကြတာဖြစ်ပုံရလျက် နောက်ထပ်မီးရောင်တွေမြင်လိုက်ရကာ ..၊

''လူတွေ ဘာလို့စုရုံးနေကြတာလဲ မသိဘူး၊ ခတ်တိုင် မင်းတို့ဘက်ကထွက်လာကြတာ ဟိုလူတွေက ..''

''ဟုတ်တယ် ..''

သူတို့ခြေလှမ်းတွေ ပိုသွက်သွားကြသည်။ သူတို့မြင်သည့်လူတွေ ဒီဘက်ကိုပြန်လှည့်လာတာနှင့်ဆုံတော့ ရွာထဲက ရပ်ရေးရွာရေးဆိုပါဝင်လုပ်ရှားတတ်ကြသည့် ကိုမောင်လေးတို့ လူစုဖြစ်နေ၏။

''ဟော .. မိုးခြိမ့် တို့ပါလား .. ခင်းတို့ဘယ်က ပြန်လာကြတာလဲ..''

နီကြာ နဲ့ သွားတွေ့မလို့ တစ်ခေါက်လှည့်ပြန်လာခဲ့ရတဲ့ အဖြစ်ကိုတော့ ပြောချင်ပေမယ့် ..။

''ဒီကောင်လေ .. အိမ်မပြန်ရဘူးဆိုလို့ ပြန်လိုက်ပို့တာ .. ကိုကြီးမောင်တို့ လူစုလူဝေးနဲ့ ဘာလုပ်ကြတာလဲ ..''

''အေး .. ခတ်တိုင် ရေ .. ဒါဆိုရင်တော့ မင်း အိမ်မပြန်နဲ့တော့ လှကျော် တို့နဲ့ ပြန်လိုက်သွား ..''

''ဗျာ .. ဘာဖြစ်လို့လဲ ..''

''မဟုတ်ရင် မင်း တစ်ညလုံး အိပ်ရဲမှာမဟုတ်ဘူး၊ မင်းတို့မျက်နှာချင်းဆိုင်က ကြက်သမားတော့ပျောက်သွားပြီ ..''

''ဟင် ...''

ကိုယ့်အိမ်ရှေ့ကတည့်တည့်ကဆိုတော့ ခတ်တိုင် တန်းသိသွားသည်။ သို့သော် ..၊

''ဘယ်သူလဲ ကိုကြီးမောင် ဘကြီးစိန်ကြည်လား ..''

''ဘကြီးက ကြက်မွေးတာပါဟွာ .. ကြက်မတိုက်ပါဘူး၊ အခုပျောက်သွားတာ တိုးမောင်လေ ..''

www.burmeseclassic.com

www.burmeseclassic.com



"အယ်!..."

မိုးခြိမ့် တို့ မျက်လုံးပြူးသွားကြသည်။ ဘယ်လိုမှလည်း မယုံနိုင်။

"ကိုကြီးမောင် .. ဟို .. ဒေါ်ပိန်သေး သမီးနဲ့ ကြိုက် .."

"ဟုတ်တယ်ကွ .. ဒီကောင် မနေ့မနက်တည်းက ကြက်တိုက်ထွက်ခါနီး ညောင်ပင်နတ်စင်မှာ အရက်နဲ့ ကြက်ကြော်တင်ခဲ့တယ်တဲ့၊ အဲဒါ ကြက်လည်းရှုံးရော ကြက်ကိုလည်းရိုက်သတ်တယ်၊ ညောင်ပင်ကိုလည်း ရှူးနဲ့ပန်းပြီး ဆဲတယ်တဲ့၊ နတ်စင်ဆိုတာ ဧရာမရှိအောင်ပဲ .."

"အဲ့ဒါ တခြားအရက်သမားတွေလည်း လုပ်ဖူးတာပဲ .. ဘာဆိုင်လို့တုံး .."

"ဆိုင်မဆိုင်တော့ မသိဘူးကွ .. အဲဒီက လှည့်ပြန်တာနဲ့ သံစူးတယ်လို့ပြောတာပဲ .. ညနေစောင်းမှာ ကြက်ဝယ်သွားဖို့ ချိန်းထားတာတောင် ဒဏ်ရာနာနေလို့ မသွားနိုင်ဘူးတဲ့၊ ဒီမနက် အဖျားဝင်တာလည်း ချက်ချင်းကြီးပဲ .. တစ်ယောက်တည်း ဘယ်တုန်းတည်းက သေနေမှန်းမသိဘူး.."

ဓာတ်တိုင် တံတွေးတွင်တွင်မျိုချနေရင်း လည်ချောင်းဝက ပိတ်သိပ်ကျပ်ခဲလာသည်။ ကိုမောင်လေးရဲ့ ဆားကလူတွေကလည်း ရှင်းပြနေတာကို စိတ်မရှည်ဖြစ်လာပုံရကာ ..၊

"ကဲ .. သိချင်တာ အဲဒီမှာ ဆက်မေးကြကွာ .. ဒီည မင်းတို့ သူ့အိမ်မှာ လိုအပ်တာသွားလုပ်ပေးလိုက်ဦး၊ အလောင်းက အေးစက်တောင့်တင်းနေပြီ .. လာ .. ကိုမောင် ငါတို့ ဟိုဘက်ရွာက သူ့ကြီးတော်ဆိုတဲ့တစ်ယောက်ကို အကြောင်းကြားပေးရဦးမှာ .."

"ဟုတ်တယ် .. ညဥ့်မနက်ခင် သွားလာထားမှ .."

"လှကျော်ရေ .. မင်းရွာထဲက လမ်းမီးထွန်းတဲ့အိမ်တွေကို လိုက်ပြောထားလိုက်၊ ဒီည နာရေးရှိလို့ ငါတို့တွေသွားလာနေရတယ်လို့ တစ်နာရီလောက် အချိန်ပိုထားပေးပါလို့ .."

သူတို့စကားတွေနဲ့ သူတို့ အစီအစဉ်ထောင့်စေ့နေသော်လည်း ဓာတ်တိုင် ကျောက်ရုပ်ဖြစ်သွားသည့်အဖြစ်ကို မိုးခြိမ့် တို့ကတော့ သိနေ



ကြလျက် ..။

"ကိုကြီးမောင် .."

"ဟေ ..."

"ကျွန်တော်တို့ ခုနကပဲ တိုးမောင် ကို .."

"ဟင်!... ဘာ ..."

"ဒီကောင်တွေ ဓာတ်တိုင်နဲ့ ပေါင်းပြီး ဓာတ်ကူးကုန်ပြီ .."

"ကိုမောင်ရေ .. မင်း သူတို့ကို မသာအိမ်စောင့်ခိုင်းလို့မဖြစ်လောက်ဘူးနော် .."

"ဟိုမှာလည်း ကက်ကျေး တို့တွေရှိတာပဲကွ .. သူများရွာထဲကို အချိန်မတော်သွားတာ၊ လူငယ်တွေလွှတ်လို့မဖြစ်ဘူး ."

ကိုသူရ ကြောင့် အသက်ရှူချောင်မလိုဖြစ်သွားပေမယ့် ကိုမောင်လေးက မလျှော့သောကြောင့် ..၊

♣

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂)

"ဒေါ်ကြီးပိန် .."

"ဟဲ့ .. ဘယ်သူတုံး .."

"ကျွန်တော်ပါ .."

ရွာဦးကျောင်းက အုန်းမောင်းခေါက်သံကြားသည်နှင့် အရုဏ်ဆွမ်းတော်အတွက် ချက်ပြုတ်ခဲ့တာ ဒေါ်ပိန်သေး နေ့စဉ်လုပ်နေကျ ဝတ္တရားဖြစ်သည်။

မနက် ငါးနာရီကျော်ကျော်လောက်ဆို ဆရာတော်ကြီးကိုယ်တိုင် ဦးဆောင်၍ အရုဏ်ဆွမ်းခံကြွတာမို့ အရုဏ်ဆွမ်းလောင်းဖို့အတွက် ဒေါ်ပိန်သေး အိပ်ရာထဲက မထနိုင်အောင် ဖျားနေရင်တောင် ဆွမ်းလောင်းဖို့တော့ မပျက်မကွက်ထနိုင်ခဲ့၏။

ခုလည်း ဆွမ်းဟင်းပွဲနဲ့ ဆွမ်းတော်အုပ်လေးကို ယွန်းလင်ပန်းလေးပေါ်တင်၍ ပခုံးပေါ်မှာ တဘက်လေးလည်းပါသည်။

ဆွမ်းခံလှည့်သည့်ကြေးစည်သံ သဲ့သဲ့ကြားတာနှင့် ခြံတံခါးဖွင့်ပြီး ရှေ့မှာထွက်ရပ်နေတုန်း ..။



"မိုးခြိမ့် လား .."

"ဟုတ်တယ် .."

"မိုးမလင်းသေးဘူး .. ဘာကိစ္စတုံး .."

"ဒေါ်ကြီးပိန် ကို ပြောစရာရှိလို့ .."

"ပြောလေ .."

"အသေးမ ရော .."

"ဘာ!..."

"လန့်လိုက်တာ ဒေါ်ကြီးပိန် ရာ .."

မိုးခြိမ့် က ခေါင်းကနေပတ်ခြုံထားသည့် ချည်စောင်ကျားကြီးကို ပို၍ဟင်းအောင်ဆွဲခြုံလိုက်ရင်း ဒေါ်ပိန်သေး မျက်နှာနားကိုကပ်၍ ...

"ကျွန်တော်က တိုးမောင် အကြောင်းပြောမလို့ပါ .."

"ဘာ .. တိုးမောင် ကြက်သမား .."

"အောင်မယ်လေး .. တိုးတိုးပြောစမ်းပါ တိုးမောင် သရဲဖြစ်နေလို့ကတော့ ဒေါ်ကြီးပိန် မလွယ်ဘူးနော် .."

"သူသေရင်လား .. သင်းလို ကြက်သမား လောင်းကစားသမား သရဲဖြစ်ခွင့်တောင် ရလိုက်မှာမဟုတ်ဘူး၊ ငရဲကို တစ်ခါတည်းဖောက်ထိုးဆင်းမှာ .."

မိုးခြိမ့် ကျောထဲစိမ့်သွားသည်။ ဒေါ်ပိန်သေး ဘာမှမသိသေးတာ သေချာပါပြီ။

ဆောင်ဦးပေါက် မှတ်သုံလေညှင်းက ပုံမှန်မှ ဟုတ်ရဲ့လား ..။

သရဲအနားမှာရှိနေရင် ပိုအေးသည်လို့ တစ်ချို့ကပြောသည်။

ဒေါ်ပိန်သေး ကို ဒီသတင်းပြောချင်လွန်းလို့ မသာအိမ်ကအပြန် ကိုယ့်အိမ်ကို မဝင်နိုင်သေးဘဲ ဒီထိလာခဲ့မိသည်။

သူ့အကြောင်း စပြောလိုက်တည်းက ချမ်းစိမ့်စိမ့်ဖြစ်လာတာ စိတ်ထင်တာတော့ မဖြစ်နိုင်ပေ။

www.burmeseclassic.com

www.burmeseclassic.com



"သူ့အကြောင်း ဘာမှပြောမနေနဲ့၊ သွား .. သွား ကုသိုလ်ပြုခါနီး အကုသိုလ်ဖြစ်တယ်၊ အလကားမိဘမဲ့တစ်ကောင်ကြွက် ကြက်သမား၊ လူကဖြင့် ကြမ်းခုနစ်ချောင်းမပြည့်တဲ့ အိမ်စုတ်လေးမှာ ဖျာခင်းစရာတောင် မရှိဘဲနဲ့ ငါ့သမီးကို .."

"ဒုန်း ..."

"ဟဲ့ ..."

အသံကြီးက ကျယ်လောင်စွာထွက်ပေါ်လာသည်။ လှည့်ကြည့်လိုက်တော့ သူတို့နောက်မှာ တံခါးပိတ်ထားသည့် ဝါးကပ်ကြီးက တစ်ယောက်ယောက် တွန်းပစ်လိုက်သလို တစ်ဝက်လောက် လန်ကျနေ၏။

"ဘယ်လိုဖြစ်ရတာလဲ .. ဒီတံခါးက ဝါးသံတုတ်ကြီးနဲ့ မင်းတုတ်ခံထားတာကို .."

ဒေါ်ပိန်သေး က ကိုင်ထားသည့် ဆွမ်းတော်ဗန်းကလေးကို ဘေးမှာအသင့်ရှိနေသော ခုံရှည်လေးပေါ် လှည့်တင်ထားလိုက်ပြီး တံခါးကို ပြန်ဆွဲထူ၏။ သို့သော် တံခါးရွက်ကြီးက ကြီးမားလေးလံနေရာ ...၊

"ဟဲ့ .. မိုးခြိမ့် .."

"ဗျာ ..."

"ဒီမှာ အသွားကြီးမနိုင်မနင်း ဖြစ်နေတာကို နင် ဒီတိုင်းကြည့်နေတယ် ဟုတ်လား .."

"ဒေါ်ကြီးပိန် ကို ကျွန်တော် ပြောသားပဲ .. သူ သရဲဖြစ်နေရင် ဒေါ်ကြီးပိန် မလွယ်ဘူးလို့ .."

"ဟဲ့ .. သေမှသရဲဖြစ်တာ၊ နင့်ကျမှ အရှင်လတ်လတ်သရဲဖြစ်.."

"တိုးမောင် ဟလည်း သေပြီလေ .."

"ဘာ !..."

ဒေါ်ပိန်သေး လှုပ်ရှားမှုတွေ ခဏတော့ရပ်သွားသည်။ ပြီးမှ ...၊

"အပိုတွေပြောမနေနဲ့ ကြေးစည်သံနီးလာပြီ၊ ငါ့ကို လာဝိုင်းကူဦး၊



အဲ့ဒီ ကလေကချေအကြောင်းပြောတိုင်း အကုသိုလ်တက်တယ် .."

"ဒေါ်ကြီးပိန် ပြောပြန်ပြီ .."

"ပြောတော့ .. ဘာဖြစ် .."

"ဘုန်း ...."

"အောင်မလေးတော့ ..."

ကိုင်ထားသည့် တံခါးရွက်ကြီးကို ဘေးကနေ လက်ဝါးနဲ့ ဝင်ရိုက်လိုက်သလို ကိုယ့်လက်တွေပါ နာကျင်သွားသဖြင့် ဒေါ်ပိန်သေး တံခါးကို လွှတ်ပြီး နောက်လည်းဆုတ်၏။

"ဒါ .. ဒါက .."

"အဲဒါ တိုးမောင် ဒေါသထွက်နေပြီ .."

"ဘယ်လို .."

ဒေါ်ပိန်သေး မျက်လုံးပြူးပြူးနှင့် မေးဖော်ရလာ၏။

"မိုးခြိမ့် နင် လူကြီးကို နောက်စရာမှတ်နေသလား .. ဒီကောင် ညကတောင် ငါ့သမီးကို လာချောင်း .."

"အဲ့ဒါ တိုးမောင် မဟုတ်ဘူး၊ သူ့ဝိညာဉ် .. တိုးမောင် က ညနေတည်းက သေသွားသို့တောင့်တင်းပြီး ကြောင်သေတာထက်တောင် ဆိုးသေးတယ် .."

ထိုစဉ် ထွန့်တုံး ထွန့်တံတွေထမ်း၍ နွားနှစ်ကောင်နှင့် ထွက်လာသည့် ဦးဗလ က လမ်းတစ်ဖက်ကနေ ကပ်လျှောက်သွားရင်း ...၊

"ဟုတ်တယ် ပိန်သေး .. ဒီကောင် အကုသိုလ်တွေလုပ်ပြီး သေလို့လားမသိဘူး .. ကြောင်သေကတောင် အရှုံးပေးရဦးမယ်၊ ဘယ်အချိန်က သေနေမှန်းလည်း မသိဘူး .. တောင့်နေတာ .."

ဟင်!...

ဒေါ်ပိန်သေး မျက်ကလဲဆန်ပျာဖြစ်သွားကာ လဲကျနေသည့် တံခါးရွက်ကြီးကို ပြန်လှည့်ကြည့်၏။ ပြီးတော့ ဘေးအိမ်ဝယာကို ကျိုးကန်း

www.burmeseclassic.com

www.burmeseclassic.com



တောင်းမှောက် မျက်စိရောက်လျက် ..၊

"မဖြစ်နိုင်တာ .."

"ကျွန်တော်ပြောသားပဲ .. မဆဲပါနဲ့လို့ .."

မိုးခြိမ့် က ပြောပြီးခေါင်းမြီးခြုံနှင့် လှည့်ထွက်သွား၏။ ဒေါ်ပိန်သေး ဘုန်းကြီးဆွမ်းခံကြွမည့် အမှောင်လမ်းထဲကို လည်ပင်းရှည်ကြည့်ရင်း ထမိစနှစ်ဖက် ဆတ်ခနဲဆွဲ 'မ' လိုက်ပြီး ..၊

"သေနာမိုးခြိမ့် .. သေနေရင်လည်း သေပြီလို့ တန်းပြောပါလား .."

မိုးခြိမ့် ကိုပါ မိုးမွန်အောင်ဆဲရင်း ထမိ 'မ' ၍ အိမ်ပေါ်ပြေးတက်သွားလေသည်။ မိုးခြိမ့် သမင်လည်ပြန်လှည့်ကြည့်ပြီး ရယ်နေမိ၏။

"နှောင် .. နှောင် .."

ကြေးစည်ထုသံနီးကပ်လာတာကို သတိထားမိပြီး ရပ်ကြည့်နေမိ၏။

သံဃာတော်တွေကို ဆွမ်းလောင်းဖို့ ဒေါ်ပိန်သေး ပြန်ဆင်းမလာသဖြင့် သူပဲ ပြန်လှည့်သွားပြီး ဆွမ်းလောင်းလျှင် ..၊

"ဒကာမကြီး နာမကျန်းများဖြစ်နေလို့လား မောင်မိုးခြိမ့် .."

မိုးခြိမ့် ဆရာတော်ကြီးမမြင်အောင် ခေါင်းငုံ့ရယ်မိရင်း မှသားလွတ်အောင် မှန်သောစကားကိုရွေး၍ ..၊

"မှန်လှပါ .. စောင်ခြုံထဲက မထွက်နိုင်လို့ပါဘုရား .."

"အိမ်း .. အေးလာပြီကိုး .. လူကြီးဆိုတော့ ဒဏ်မခံနိုင်တော့ဘူးပေါ့ သာဓု .. သာဓု .. သာဓု .."

မေတ္တာပို့ ဆုတောင်းတွေနှင့် ဆရာတော်ကြီးက ဆက်လက်ကြွလေသည်။

ဒေါ်ပိန်သေး စောင်ခြုံထဲကနေ ကြေးစည်သံဝေးသွားတာကို နားစွင့်ရင်း အိမ်ရှေ့မှာ ဘယ်သူမှမရှိတော့မှာကို သိနေသဖြင့် ခေါင်းမြီးခြုံထားသည့်စောင်ကို ခေါင်းအောက် ခြေထောက်အောက် ထည့်ဖိတာ အားမရနိုင် ..။



"အသေးမ သင်းကို တစ်ချက်လောက်ရိုက်မိတာနဲ့ ငါ့ကိုရွဲ့အိပ်နေတာ ဒီမိန်းကလေး .."

ကိုယ့်သမီးကိုလည်း ဒေါသဖြစ်ရ၊ သရဲလည်း ကြောက်ရနှင့် ..။

"သမ္ဗုဒ္ဓေ .. အဋ္ဌဝီသဉ္စ ဒွါဒသဉ္စ သဟဿကေ ..

ပဉ္စသတ သဟဿာနိ နမာမိ .. နမာမိ .. ဘာလဲ .. ကျွတ် .."

ဘုရားစာဆိုရင်း တိုးမောင် မျက်နှာကြီးပဲပေါ်လာနေကာ ဒီနေရာမှာပဲ ထပ်ခါထပ်ခါ ..။

" .. ပဉ္စသတ .. သဟဿာနိ .. နမာမိ .. နမာမိ .. နင့်ကြောင့် မိုးခြိမ့် သေနာ .."

သင်း စောစောကပြောလိုက်ရင် သေပြီးသားလူကို ဆဲမိမှာမဟုတ်ခုတော့ ..၊

စောင်ခြုံထဲမှာ ချွေးဒီးဒီးကျလျက် ..။

♣

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃)

"ဟား .. ဟား .. ဟား .."

"ဟီး .. ဟီး .. ဟီး .. ရယ်ရတယ်နော် .. သရဲခြောက်မှာစိုးတာနဲ့ ဒေါ်ကြီးပိန် တိုးမောင် ကို သွားဖားနေတာ .."

"ဟုတ်ပ .. ဟော့ကောင်ရေ၊ တိုးမောင် အသုဘကို မြေကျရက်လည်း အားလုံး သူ့ပဲ ဒါနပြုပါရစေတဲ့ .. ဟီး .. ဟီး .. သူဆဲတာတွေကို ခွင့်လွှတ်ပါ၊ အငြိုးထားမထားပါနဲ့ စုံနေတာပဲ၊ တိုးမောင် ခြေရင်းမှာရပ်ပြီး တတွတ်တွတ်ပြောနေတာ .."

လူငယ်တွေ တိုးမောင် အတွက် ယာယီစင်လုပ်နေကြရင်း ရယ်မောမဆုံးဖြစ်နေကြ၏။

လူကြီးမိဘမရှိ၊ ဆွေမျိုးမရှိမို့ တိုးမောင် အသုဘကို ရွာကသိုလ်နဲ့ပဲ ပြင်ဆင်ပေးကြရသည်။ ဒေါ်ပိန်သေး က တာဝန်ယူလိုက်တော့ အားလုံး အံ့သြပြီး ပြုံးစိစိ ..။

"ဒီလောက်ကပ်စေးနဲပြီး ငွကျတဲ့ အဘွားကြီး တိုးမောင် သရဲနဲ့ တွေ့မှပဲ .."

"အံမာ .. တိုးမောင် ကို မီးသေသွားပေမယ့် ဒေါ်ကြီးပိန် က မိုးခြိမ့်



ကိုတော့ တွေ့ရာသချိုင်း၊ မားမဆိုင်းပဲနော် .."

ထိုအခါ မိုးခြိမ့် မျက်နှာ သနားစဖွယ်ဖြစ်လျက် ..။

"အဟွန်း .."

ခေါင်းပွတ်၍ ရယ်နေရင်း ..။

"ဟုတ်ပကွာ .. ငါ့မှာ စောစောစီးစီးလတင်းထူးလည်း သွားပေးရသေးတယ်၊ မင်းတို့ပဲ စဉ်းစားကြည့် .."

"စဉ်းစားကြည့်ဖို့မလိုဘူး .. မင်းကိုက သွားချွန်တာ အသိသာကြီး"

"မဟုတ်ဘူး .. သူ ဒီလောက်စိတ်ကြီးတာ သရဲခြောက်လိမ့်မယ်လို့ ငါ ထင်မလား၊ ညတုန်းက သူ တဘုန်းဘုန်းနဲ့ လိမ့်ရိုက်နေတာ တိုးမောင် ဟုတ်လို့လား .. သေချာမြင်တာလားလို့ ငါက သိချင်တာ.."

"အေး .. ဒါလည်းမေးသင့်တာပဲဟ .."

ယာယီစင်ပြီးသွားတော့ ပစ္စည်းတွေချ၊ ခြေလက်ခါ၍ ထရပ်ကြကာ ..။

"မင်းတို့ပဲ စဉ်းစားကြည့်၊ သရဲဆိုတာ အရိုးအငွေ့လေးပဲရှိတာ.."

"မင်း မြင်ဖူးလို့လား .."

"မမြင်ဘူးလို့ပြောတာပေါ့ကွ .. သရဲကို လူတိုင်းမြင်ရလို့လား .."

"ဟုတ်တယ် .. မြင်ထိုက်မှမြင်ရတာ .."

"ကံနိမ့်မှ မြင်ရတာလုပ် .."

စကားတစ်ခွန်းပြောရလျှင် လိုရင်းကို ဘယ်တော့မှ တန်းမရောက်ကြဘဲ မာတ်တိုင် က တိုးမောင် ရဲ့ ရုပ်အလောင်းကို တည့်တည့်ကြီး မြင်နေရသည့် နေရာကနေ ကွယ်သည့်ဘက်ရွှေ့ရပ်ပြီး ..။

"ကဲ .. ကဲ .. ပြင်စရာရှိတာပြင်လိုက်ကြကွာ .. အလုပ်ကမပါဘူး၊ အပြောတွေကများနေပြီ .."

"ငါသိတယ် .. မာတ်တိုင် တို့ အကြောက်ဇယားခင်းပြီ .."

"ဟော့ကောင် .. နေ့ခင်းကြောင်တောင်ကြီးတော့ မကြောက်ဘူး လုပ်လိုက် .."

www.burmeseclassic.com

www.burmeseclassic.com



ခတ်တိုင် က ခါးထောက်ရင်ကော့ပြီး ခပ်မာမာ ...။

"ထစ်ခနဲရှိ ငါ့ကိုပြောဖို့ပဲ .. ဟွန်း .."

"မနေ့ညကလည်း မင်းပဲ ကြောက်ဒူးတုန်နေတာ မဟုတ်ဘူးလား.."

"အံမာ .. ငါ မကြောက် .."

"ဝုန်း ..."

"ဟ ..."

"ဘာတုံးဟ .."

ခြံဝင်းမရှိသော ဂါးတိုင်ငုတ်တိုငုတ်စတို့နှင့် တောင်းစုတ် ပလုံးစုတ်တွေ စွပ်ထားသော တိုးမောင် ရဲ့ မည်ကာမတ္တ ခြံစည်းရိုးလေးက အောင်ကြီး ရဲ့ နာမ်ဂျက်ကူ ရိုက်ချက်ကြောင့် ပွားခနဲ ကြွေမွစင်ထွက်သွားခဲ့၏။

အိမ်ထဲမှာ နာရေးသတင်းမေးရှိနေကြသည့် လူကြီးတစ်ယောက်စ နှစ်ယောက်စနှင့် ဝေယျာဝစ္စလုပ်ကိုင်နေကြသော အမျိုးသမီးတွေ ခေါင်းထောင်ကြည့်ကြ၏။

စောစောက ရယ်မောနေကြသည့် မိုးခြိမ့်တို့အုပ်စု၏ အသံတွေလည်း တိတ်ကျသွားခဲ့ပြီ ...။

"ဒီသူပုန်သုံးကောင်ကော့ ရောက်တဲ့နေရာမှာ မြည်သံပေးရမှ.."

ဝင်းအောင် က နှုတ်ခမ်းလှုပ်ရုံပြောပြီး ယာယီစင်ကို တိုးဖိုက်ထားသည့်နေရာရှေ့ဖို့ မေးဆတ်ပြသည်။ အောင်ကြီးတို့ညီအစ်ကိုကို မဆက်ဆံချင်ကြသည်မို့ အားလုံး အလုပ်ကိုယ်စီရှာကြလျက် ...။

"ဒုန်း ..."

တောင်ကြီး က သူကိုဖြတ်တောက်ဖယ်ထားသည့် ဝါးခြမ်းပုံပေါ် သူ့ရဲ့ ဝါးသဲတုတ်တိုနှင့် ဆောင့်တိုက်လိုက်ပြီး ...၊

"ရယ်ကြပါလား ခုနလို .."

သူတို့ကိုကြောက်ပြီး ငြိမ်သက်သွားကြသလိုလို စိန်ခေါ်သံနှင့် ...၊

"သူများအသုဘကိုလာပြီး ဟေးလားဝါးလားနဲ့ .. ဟွန်း .."



မိုးခြိမ့် ကတော့ နှုတ်ခမ်းတစ်ချက်စွေသွားကာ ...၊

"ဟုတ်တယ်ကွာ .. မင်းတို့ကလည်း သူများတွေငိုမလို့လာတာ မရယ်ကြနဲ့ .."

"ဟေ့ကောင် ..."

တောင်ကြီး က လက်မြန်သလောက် မိုးခြိမ့် အင်္ကျီရင်ဘတ်စကို ဆောင့်ခနဲဆွဲပင့်လိုက်ကာ ...၊

"မင်းက ဘာကောင်လဲ .."

ရန်ဖြစ်ပြီထင်ကာ ငြေ တို့ မျက်လုံးပြူးသွားကြသည်။ အောင်ကြီးတို့ ညီအစ်ကိုက ဖြစ်ပြီဆို သွေးထွက်သံယိုမဖြစ်ဘဲ မပြီးတတ်သဖြင့် အိမ်ထဲကလူတွေပါ မိုးတိုးမတ်တတ်တွေ ထရပ်ကုန်၏။

"ဘာဖြစ်တာလဲ ..."

အိမ်ထဲဝင်တော့မည့် အောင်ကြီးနဲ့ ချက်ကြီး တို့က ပြန်လှည့်လာကြပြီး မိုးခြိမ့် နဲ့ တောင်ကြီး ကို တွေ့ဂပုံနေရာယူ၍ ဝိုင်း၏။

"ဒီကောင်လေ .."

မေးဆတ်ပြပြီး တောင်ကြီးက ခပ်မဲ့မဲ့အံကြိတ်၍ ...၊

"တော်တော်လူပါးဝတာ .. ရုပ်ကိုကြည့် .."

အင်္ကျီဆွဲခံထားရပေမယ့် မိုးခြိမ့် မျက်နှာက ဗျာယာခတ်ခြင်းမရှိဘဲ ရုန်းရန်းဆန်ခတ်မရှိဘဲ အေးဆေးရှိနေတာကို အောင်ကြီးက မျက်မှောင်ကုတ်၍ ...၊

"လွှတ်လိုက် .."

"အောင်ကြီး .. ဒီကောင်က .."

"လွှတ်လိုက်ဆိုကွာ .."

နှစ်ခါပြောမှ တောင်ကြီးက အင်္ကျီစကို ဆောင့်လွှတ်လိုက်၍ ...၊

"ပညာပေးလိုက်စမ်း .."

ဟု အမိန့်တစ်ရပ်ထုတ်၏။ အောင်ကြီးက ရှေ့ထပ်တိုးလိုက်ပြီး နာမ်ဂျက်ကူကိုတဆဆနှင့် ...၊

www.burmeseclassic.com

www.burmeseclassic.com



"မိုးခြိမ့် .."

"... ..."

"မင်း .. ဘာပြောလိုက်သလဲ ပြန်ပြောစမ်း .."

"ကျုပ်တို့ပြောနေတာတွေအများကြီးပဲ ဘယ်ကစပြောရမလဲ .."

မေးခွန်းပြန်ထုတ်ရင်း ကြေမွရုံရွဲ့သွားသည့် အကျီကို ဆွဲချပြုပြင်သည်။ တောင်ကြီးနဲ့ ချက်ကြီးတို့ မျက်နှာတွေ ဒေါသတွေ ဟုန်းဟုန်း တောက်လောင်လာကြ၏။

ဒီကောင့်ကို ညီမဖြစ်သူက ကြိုက်နေသည်။ သူတို့တွေ ရိုက်မောင်းပုတ်မောင်းတားမြစ်ထားလို့သာ ရှေ့မတိုးခဲ့ပေမယ့် ..၊

"ကိုကြီးတို့ သူ့ကို သွေးထွက်သံယိုတစ်ခုခုလုပ်ခဲ့ရင်တော့ သူ့မှာ ဒဏ်ရာတစ်ချက်ဖြစ်ရင် နီကြာ ကိုယ့်ကိုယ်ကိုယ် ဒဏ်ရာတစ်ခုရအောင် ပြန်လုပ်မယ်၊ သူ့ကို အသေသတ်ပစ်လိုက်ရင် နီကြာ လည်း ကိုယ့်ကိုယ်ကိုယ် သတ်သေပြီပဲ၊ မလုပ်ဘူးထင်ရင် လုပ်ကြည့်ကြပေါ့ .." တဲ့ ..။

နီကြာ့ စိတ်ကိုသိနေကြသဖြင့် သူတို့ ဒီလောက်ထိ မျိုသိပ်နေခဲ့ကြတာ ဖြစ်သည်။

"တောက် .. ဒီကောင့်ကို ငါတို့ [illegible]ထားလို့မရတော့ဘူး တောင်ကြီး"

"ဟုတ်တယ် .."

ချက်ကြီးနဲ့ တောင်ကြီး ရှေ့တိုးလာကြသည်။ ထိုစဉ် လူကြီးဦးဖွေးနှင့် ရွာထဲကလူကြီးတစ်ယောက် ခပ်သုတ်သုတ်ဝင်လာကြကာ ..၊

"ဟေ့ .. နေကြဦး .. နေကြဦး ဘာဖြစ်ကြတာလဲ .."

"မင်းတို့ကွာ .. အသုဘအိမ်မှာတောင် မဆင်မခြင် .."

"မောင်အောင်ကြီးတို့ နာရေးသတင်းမေးလာတာမို့လား .. လာကြ အထဲကို .."

အောင်ကြီးတို့ညီအစ်ကို ဒီဘက်ကိုသွားကြသည်ကြားသဖြင့် အချိန်မီ လိုက်လာကြတာမှန်းလည်း သိသာကာ ..၊

"မိုးခြိမ့် တို့ လုပ်စရာရှိတာ ဆက်လုပ်ကြ .."



အောင်ကြီး နဲ့ မိုးခြိမ့် မျက်လုံးချင်းဆုံသွားကြသည်။ အောင်ကြီး က အသက်သုံးဆယ်ကျော်ပြီဖြစ်ကာ ဘယ်လောက်ကျော်နေမှန်းတောင် မသိပေ ..။

နီကြာ က ညီမဆိုပေမယ့် သမီးလေးတစ်ယောက်လို ပြုစုစောင့်ရှောက်ခဲ့တာဖြစ်၏။ ထို့ကြောင့် သူ ဘယ်လောက်မိုက်ရိုင်းပါစေ၊ မိုးခြိမ့်နဲ့ ပတ်သက်လာလျှင် ညီမ မျက်နှာလေးကြောင့် လက်တွန့်သွားတတ်၏။

မျက်လုံးချင်းဆုံစဉ်မှာ ဖွင့်ချမရနိုင်သော ဒေါသမီးလျှံတွေက သူ့မျက်လုံးထဲမှာ အလျှံတငြီးငြီးတောက်လောင်နေခဲ့၏။ မိုးခြိမ့် ကတော့ စိုက်ခနဲ တစ်ချက်သာကြည့်မိပြီး မျက်နှာလွှဲလိုက်သည်။

သူတို့ညီမကို ကြိုက်မိမှတော့ သူ့အစ်ကိုတွေကို စိန်ခေါ်နေလို့ ဖြစ်မလား ..။

ထိုစဉ် သူ မျက်နှာလွှဲလိုက်သည့်ဘက်မှာ အောင်ကြီးတို့ အိမ်ကကောင်လေးကို လှမ်းမြင်လိုက်ရ၏။ သူက ဖိုးဝင်း ဖြစ်ကာ ထမင်းချက်ပြုတ်ပေးသည့် ဒေါ်ဝင်း ၏ မြေးလေးဖြစ်ကာ ဆယ့်သုံးနှစ်လောက်ပဲ ရှိသေးသည်။

သူ လှည့်ကြည့်တာကို ခြုံကွယ်ကနေ စောင့်နေပုံပေါ်ကာ သူ ကြည့်လိုက်တာနှင့် ခြေဟန်လက်ဟန်တွေ လုပ်ပြပြီး အချက်ပေးလေသည်။

မိုးခြိမ့် ခေါင်းညိတ်လိုက်ရင်း ပျော်သွားသည်။ ဖိုးဝင်း လှစ်ခနဲပြန်ပြေးသွားသော်လည်း၊ ဖိုးဝင်း ရဲ့ အချက်ပြမှုကို နောက်ကနေ လှမ်းမြင်လိုက်သည့် ကျောက်ဒိုး က အသုဘဝင်းထဲကို ကမန်းကတန်းဝင်လာပြီး ..၊

"မိုးခြိမ့် .. မင်း မသွားနဲ့နော် .."

အလုပ်လုပ်သလိုလိုနှင့် အနားမှာ လာကပ်ပြောနေ၏။ ဆေးလိပ်လျက်ရှိနေသည့် ငသြ က နားစွံ့ထားသဖြင့် ..၊

"ဘာလဲ ဘယ်ကိုလဲ .."

"ဒီကောင့်ကို တားထားဦး၊ ဟိုအိမ်ကိုသွားလိမ့်မယ် .."

www.burmeseclassic.com



ငြေ တို့ကို သတိပေးထားခဲ့ပြီးမှ အသုဘရှိတဲ့ဘက်သွားပြီး သတင်းလာမေးသလို ဘာလိုလို ခဏနေ၏။ ပြီးတော့ အကြည့်တစ်ချက်နှင့် ထပ်သတိပေးပြီး ပြန်ထွက်သွားခဲ့သည်။

"မိုးခြိမ့် .. မင်း .."

ငြေ သတိပေးစကားပြောမလို့ ဟလိုက်ကာမှ ချက်ကြီး နဲ့ တောင်ကြီး က ဒီဘက်လှည့်ပြီး စူးစိုက်ကြည့်နေကြသဖြင့် နှာခေါင်းနှိုက်သလိုလို ပါးကုတ်သလိုလို ပါးစပ်ကိုကွယ်၍ ..၊

"ဒီလူတွေ ခဏပဲနေပြီးပြန်မှာ၊ တော်ကြာ .. မင်းအပေါက်ကျဉ်းကျဉ်း၊ ကွိသွားလိမ့်မယ် .."

"မကျဉ်းပါဘူး .. သူတို့ခြံကြီးလောက်ကျယ်တာ သူတို့ခြံပဲရှိတာ"

"ဟိတ်ကောင် .. ကျွတ် .."

မိုးခြိမ့် က ပြုံးစိစိမျက်နှာနှင့် လက်ဖဝါးနှစ်ဖက်ပွတ်ခါပစ်သည်။ ပြီးတော့ အိမ်ထဲဘက်ကိုလှည့်လိုက်ကာမှ အတည်အတံ့ဖြစ်ပြီးသည့် မျက်နှာနှင့် ..၊

"ဘကြီးထွေး ကျွန်တော့်ကို အမေခေါ်လို့တဲ့ အိမ်ခဏပြန်လိုက်ဦးမယ် .."

အိမ်ထဲမှာရှိသည့်လူတွေ အကုန်လှည့်ကြည့်ကြ၏။ ဦးထွေး ကလည်း ဘယ်သူလာခေါ်တာလဲဆိုသည့် အကြည့်တစ်ချက် အပြင်ကိုရောက်သွားသေးသည်။ ပြီးမှ ..၊

"အေး .. အေး .. သွားလေ .. မင်း ထမင်းတော့ မစားခဲ့နဲ့နော် .. ဒီမှာ မင်းတို့အတွက် ကြက်သားဟင်းနဲ့ ပဲနီလေးဟင်းချို ချက်ခိုင်းထားတယ် .."

"ဟုတ်ကဲ့ပါ .."

အောင်ကြီးတို့ ညီအစ်ကိုတွေကတော့ မိုးခြိမ့် ထွက်သွားတဲ့ဆီ လည်ပင်းတွေလိမ်အောင် လိုက်ကြည့်နေကြ၏။

"ဒီကောင်တော့ ခက်တော့တာပဲကွာ .."

သူတို့ဆီမှာ ဘယ်သူမှ အာရုံမရှိတော့မှ ငြေ သက်ပြင်းကြိတ်ချ



ပြီး ညည်း၏။ ဓာတ်တိုင်က ခုမှ သဘောပေါက်သွားကာ ..၊

"ဟို .. ဟိုအိမ်ကို သွားတာလား .."

"ဟုတ်ပါတယ်ဆိုမှ .."

"ဟာ .. ဒီကောင်လုပ်ပြန်ပြီ ကြည့်စမ်း .. ဒီတစ်ခါဆိုရင်တော့ သူ့ကို ညှာမှာမဟုတ်တော့ဘူး .."

သူတို့သူစုတွေ နီကြာ က လှမ်းခေါ်လိုက်သည့်ကိစ္စကို အားလုံးသိသွားသည်နှင့် မျက်စိမျက်နှာတွေပျက်နေကြတော့သည်။ တိုးမောင် ရဲ့ အလောင်းကို ယာယီစင်ပေါ်ရွှေ့တင်လိုက်ကြပြီး နောက်ဖေးမှာ ခြေတွေ လက်တွေ သွားဆေးနေကြစဉ် သူတို့ဒါကိုပဲ ပြောနေကြမိကာ ..၊

"တော်သေးတာနော် .. ဟိုသတ္တဝါတွေ သေချာဖင်ချထိုင်နေကြလို့ .."

"ကြည့်ရတာ တကယ်နာရေးသတင်းလာမေးတာဖြစ်မယ်ကွ၊ သူတို့လိုလူတွေက လူမှုရေးဘာတွေသိလို့ .."

"လူမှုရေးသိတာမဟုတ်ဘူး အဲ့ဒါ .. သူတော်ချင်းသတင်းလွှေ့လွှေ့တဲ့ .. ကြက်သမား ဖဲသမားကို လူမိုက်က မိတ်ဆွေဝတ္တရားလာကျေတာ .."

"ဘယ်ကောင်လဲကွ .. ငါ့ကို .."

"ဟာ .. မဟုတ်ဘူး .. မဟုတ်ရပါဘူး .."

"ဟား .. ဟား .. ဟား .."

သူများအတင်းပြောနေပြီး ခြောက်မှန်းလှန့်မှန်းမသိဘဲ ထိတ်ထိတ်ပျာပျာလှည့်တောင်းပန်သည့် ဓာတ်တိုင် ကြောင့် လှကျော် က လက်ဖဝါးချင်းပွတ်ပြီးရယ်၏။

"ဟိုး .. ဟိုး .. တိတ်တော့ .."

ငြေ က လက်ညှိုးတထောင်ထောင်နှင့် တိတ်ဖို့ပြောကာ ..၊

"မသာအိမ်မှာ ရယ်နေရင် ပြဿနာရှာမယ် လူတွေရှိတယ် တိတ်ကြတော့ .."

"ဟုတ်တယ် .. ငါတို့က မိုးခြိမ့် လို ငမိုက်သားမဟုတ်ဘူး မတွေ့ရင် မတုဘူး၊ အရှုံးပေးရင် နလုံးအေးတယ် .."

www.burmeseclassic.com

www.burmeseclassic.com



"နှလုံးအေးမှာပေါ့ .. မင်း ဘယ်တုန်းက အတွင်းခံဝတ်လို့လဲ .."

"ဟော့ကောင် .."

"ဒီမှာလေ .."

စိုးဆွေ က ခတ်တိုင် ရဲ့ ရင်ဘတ်ကြီးကို ဖျန်းခနဲပုတ်ပြ၍ ..၊

"စွပ်ကျယ် ဘယ်တုန်းကမှ မဝတ်ခဲ့တာ မဟုတ်လို့လား .."

"စိုးဆွေ .. မင်းနော် .. မင်း .."

"အခု မျက်နှာသစ်လိုက်တာ ရင်ဘတ်တွေပါ စိုကုန်တော့ ပိုတောင် အေးဦးမယ် .."

"ဟား .. ဟား .. ဟား .."

ခတ်တိုင် မျက်နှာ မအီမလည်ကြီးက အိမ်ရှေ့ဘက်ကိုအလှည့်..၊

"ဟာ .. သွားပြီ .."

"ဘာတုံး .."

ခတ်တိုင် ဖျတ်ခနဲထိုင်ချလိုက်ကာ ကိုယ်ကိုကွယ်လိုက်ပြီးမှ အိမ်ရှေ့ကို လေးဘက်ထောက်ချောင်းသည်။ ပြီးတော့ ကမန်းကတန်းထရပ်လိုက်ပြီး ..၊

"ဒေါ်ကြီးညို .."

"ဟင် ..."

"ဘယ်မှာတုံး .."

"လာနေပြီ .."

"သေပြီ .. သေပြီ .. လုပ်ကြဦး .. ဟိုကောင်တွေ ရိပ်မိသွားရင် တော့ .."

"လုပ်ကြဦးဟ .."

သူဟို့နောက်ဖေးမှာ ခြေမကိုင်မိလက်မကိုင်မိတွေ ဖြစ်ကုန်ကြစဉ် ငြေ ပဲ ပုဆိုးကမန်းကတန်းပြင်ဝတ်ရင်း အပြင်ကို အပြေးတစ်ပိုင်း ထွက်သွားခဲ့ပြီး ..၊

"ဟာ .. ဒေါ်ကြီးညို ပါလား .."



"အေး .. ငါ့သား .."

"ဒေါ်ကြီးညို ခေါ်နိုင်းတယ်ဆိုလို့ ပြန်သွားပြီလေ၊ ကျွန်တော် ထင်တယ် .. ပြောတဲ့လူကလည်း သေချာမပြောဘူး၊ ဒေါ်ကြီးညို က ဆရာတော့်ဆီမှာမို့လား .."

"ငါ ..."

ငြေ ကပုဆိုးဖြန့်နေတာမပြီးနိုင်ဘဲ အောင်ကြီးတို့ဘက်ကို ကျောခိုင်း မိအောင် အလုအယက်တွေထွက်သွားလိုက်ပြီး ဒေါ်ညို ကိုလည်း မျက်ခုံး မျက်လုံးတွေစုံအောင် အချက်ပြ၍ ..၊

"သူက အိမ်ကခေါ်တယ်မှတ်ပြီး အိမ်ပြန်သွားပြီ၊ အခု လွဲလာပြီ မို့လား .. အဲဒါ သူ့ရှာကိုယ့်ရှာနဲ့ ကျွန်တော်တို့က ထမင်းစားဖို့ သူ့ကို စောင့်နေရတော့မယ် .."

"ဟေ .. အဲ့ .. ဟုတ်လား .."

ဒေါ်ညို သဘောပေါက်သွားကာမှ အောင်ကြီးတို့ဆီ ထပ်မကြည့်မိ အောင် မျက်နှာလွှဲနေရကာ ..၊

"ဟုတ်တယ် .. ဟုတ်တယ် .. ငါကိုက သေချာမမှာလိုက်မိတာ သွားမယ်နော် .. ငါ ချက်ချင်းပြန်လွှတ်လိုက်ပါ့မယ် .."

အောင်ကြီးတို့ ညီအစ်ကိုကို ထိတ်လန့်ပြီး ခြေလှမ်းတွေလည်း မှားကုန်ကာ ..၊

"သြော် .. နေဦး ငါ့သား ဒီပြန်ရောက်လာရင်လည်း ငါ့ဆီ ပြန်ခဲ့ဦး လို့နော် .."

ချက်ကြီးနဲ့ တောင်ကြီးတို့ကတော့ သူတို့မျက်နှာတွေကို ရှုံ့ရှုံ့မဲ့မဲ့ အကဲခတ်ကြည့်နေကြဆဲ ..။

♣

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၄)

"ပြန်တော့လေ .."

"ဘာလို့ပြန်ရမှာလဲ နီတြာ ရယ် .. တွေ့ခွင့်ရဖို့ဆိုတာ လွယ်တာကျလို့ .."

ပြောရင်း မိုးခြိမ့် က ပြတင်းပေါက်ဆောင်ပေါ် ထိုင်လိုက်သည်။ ပြီးတော့ ခြေထောက်တစ်ဖက်နဲ့ ပိတောက်ကိုင်းကို လှမ်းကန်ထားလိုက်ကာ ..၊

"မေးတာဖြေပါဦး .. ညကျရင် တွေ့ကြမလား .."

"ညဘက်တွေ့ဖို့က မဖြစ်နိုင်ပါဘူး မိုးခြိမ့် ရယ် .. ခုလည်း ကိုကြီးတို့ တွေ့သွားရင် နင် သေလိမ့်မယ် ပြန်ပါတော့ .."

"လာရင် ပြန်မှာပေါ့ .."

"လာမှ ပြန်လို့ နင် လွတ်မယ်ထင်နေသလား .."

"ငါပြေးနေကျပါဟာ .. ပူမနေပါနဲ့ .. ဒီမှာ နီတြာ .."

"ဟဲ့ .. သြော် .. လွှတ်စမ်းပါ .."

ပျဉ်ထောင်အိမ်ကြီးက နှစ်ထပ်နှစ်ဆောင်ပြိုင်ကြီးဖြစ်သည်။ တစ်ခြံလုံးမှာ သက်ရင့်ပင်အိုကြီးတွေ ရှိနေကြလျက် အိမ်နားကပ်လျက်မှာတော့



တစ်ပင်မှမရှိပေ ..။

နောက်ခန်းထောင့်က ပိတောက်ပင်ကြီးကိုတော့ ပိတောက်ပင်ကို ချစ်တတ်သော နီတြာ က အပင်နားနီးသည့်အခန်းကိုပါ ပြောင်းလာသောကြောင့် အောင်ကြီးက ရှင်သန်ခွင့်ပေးခဲ့တာဖြစ်၏။

ခုလိုသာ ဒီအပင်အားကိုးနဲ့ မိုးခြိမ့် သူညီမအခန်းပြတင်းပေါက်ထိ ကျူးကျော်လာတွေ့နေတာကို သိခဲ့လျှင် အောင်ကြီးတို့တွေ ဘယ်လိုနေမလဲ ..။

"မိုးခြိမ့် .."

"ဟင် ..."

"ဘာလဲ .. နင် ပြုတ်ကျရင် ငါပါကျအောင် အသေဖက်ထားတာလား .."

"မဟုတ်ပါဘူး .. တော်ကြာ ငါ့ကို တိုးမောင်လို သရဲကလာတွေ့တယ်ထင်မှာစိုးလို့ သရဲမဟုတ်ကြောင်း လက်တွေ့ပြတာ .."

"သွားစမ်းပါ .. ရုပ်ကြီးကိုက .."

"ဟား .. ဟား .. ဟား .."

ပြောမယ့်သာပြောနေပေမယ့် တိုးမောင် နာမည်ကြားလိုက်ကာမှ နီတြာ စိုးရိမ်စိတ်ဝင်သွားမိကာ မိုးခြိမ့် ခါးကို ပြန်ဆွဲသလိုဖက်ထားလိုက်မိ၏။

အစ်ကိုတွေက အသက်တွေကြီးသလောက် ထွားကျိုင်းကြသည်။ သူမကတော့ ပုတိုက်တိုက်လုံးလုံးလေးဖြစ်၏။ မိုးခြိမ့် က သူမပါးလေးကို အသည်းယားသလို လိမ်ဆွဲတတ်ရင်း 'အရမ်းချစ်ဖို့ကောင်း' လို့ ပြောတတ်သော်လည်း မိုးခြိမ့် က သူမထက် ပိုချောပြီး ကြည့်ကောင်းနေတာကို စိတ်မချနိုင် ..။

ထို့ပြင် ကိုယ့်ရွာမှာဖြစ်ဖြစ် ဘယ်ရွာမှာဖြစ်ဖြစ် အလှူပွဲ နတ်ပွဲ ဘယ်ပွဲမျိုးရှိရှိ ကာလသားအုပ်စုတွေကတော့ သွားကြတာပဲဖြစ်ကာ အုပ်စုထဲမှာ ထင်းနေတတ်သော မိုးခြိမ့် က ရှေ့ဆုံးက ..၊

www.burmeseclassic.com

www.burmeseclassic.com



သူမမှာတော့ ဘယ်မှလည်း သွားလာလည်ပတ်ခွင့်မရ ..၊ သွားခွင့်ရတော့လည်း အစ်ကိုတွေရှေ့နောက် ဝန်းရံနေကြပြီး ကိုယ့်ချစ်သူကိုမြင်လို့မှ လက်လေးပြေးတွဲခွင့်မရခဲ့ ..။

မိုးခြိမ့် က သူမကိုဆို ငယ်ငယ်တည်းက ထုရိုက်ခံပြီးစသည်။ လူကြီးတွေ ဝင်ပါလာပြီး ရိုက်နှက်ဒဏ်ပေးခံရတဲ့အထိ အစသန်သည်။

ဒါပေမယ့် သူမကလည်း ငိုခြင်းရယ်ခြင်းတွေ ဘာတွေဖြစ်ဖြစ် မိုးခြိမ့် ကိုမှ မတွေ့ရလျှင် ကစားဖော်တွေရှိနေလည်း ဒီတိုင်းဘေးထွက်ပြီး ငုတ်တုတ်ထိုင်နေခဲ့တာဖြစ်၏။

ဒီလိုသံယောဇဉ်တွေနှင့် မိုးခြိမ့် ခမျာ သူမကိုသာမက အောင်ကြီးတို့ သုံးယောက် ချွန်တွန်းလုပ်သမျှကိုလည်း ခါးစည်းခံရသေးသည်။

ငယ်ငယ်တုန်းကတော့ ချက်ကြီးနဲ့တောင် အရွယ်က မညီသေးပေ။ ဒါပေမယ့် တစ်ဖွဲ့တည်း ကစားဖော်ထဲမှာ ချက်ကြီးလည်း ပါ၏။ မိုးခြိမ့် က အနိုင်ကျင့်ခံတတ်သည့် အကျင့်မရှိသလို သူ့ရှေ့မှာ သူများကို အနိုင်ကျင့်နေရင်လည်း မကြိုက် ..။

ချက်ကြီးက အစ်ကိုတွေအားကိုးနှင့်မိုးခြိမ့် ကိုလည်း ချွန်တွန်းလုပ်သလို တခြားလူတွအပေါ်မှာလည်း နိုင်လိုမင်းထက်ပြုရတာကို ဝါသနာကြီးသည်။

ထိုအခါ အစ်ကိုတွေကတစ်ဖက်၊ မိုးခြိမ့် က တစ်ဖက်မှာ နီကြာက မိုးခြိမ့် ဘက်မှာ အမြဲ ..၊

"နီကြာ .. နင့်ကို အဲ့ဒီကောင်က ဆံပင်နီ ကျူးတို့ကျဲတဲနဲ့ အင်္ဂလိပ်အဘွားအိုမလို့ ကွယ်ရာမှာ အတင်းပြောနေတာ .."

ချက်ကြီးက နှစ်ယောက်ကြားမှာ မရမကသွေးခွဲဖို့ ကြိုးစား၏။ မိုးခြိမ့် ဒီလိုစနောက်နေကျမို့ ကွယ်ရာမှာပြောမှာပဲဆိုတာလည်း နီကြာက သိသည်။

သို့သော် အစ်ကိုတွေက မိုးခြိမ့် နဲ့ မပေါင်းစည်းရေးကို ရည်ရွယ်တို့ထောင်နေကြမှန်းသိသောကြောင့် ဘာပြောပြော မယုံသလိုခေါင်းခါ



၏။ နှစ်ယောက်တည်းတွေ့ပြီဆိုရင်တော့ မိုးခြိမ့် ကို အသေထုတက်လေသည်။

"ဘာလဲ .. နင်မဟုတ်လို့လား .."

မိုးခြိမ့် ကလည်း မငြင်းဘဲ ကျောကော့ပြေးရင်း ဒေါသဖြစ်အောင်ပြောနေသေးသည်။ ပြီးတော့ ..၊

"နာလာပြီနော် နီကြာမ .. ငါ အတင်းပြောတာမဟုတ်လို့ နင့်အစ်ကိုတွေကြားတာပေါ့ .. တော်ကော့ဆို ငါပြန်ထိုးလိုက်ရင် နင်သေတော့မယ်.."

လက်သီးဆုပ်ကြီးတရွယ်ရွယ်နှင့် နီကြာမ ကို သူ သည်းခံမြတ်နိုးလာခဲ့တာ ဒီနေ့ထိ ..။

"မိုးခြိမ့် .."

"ဟင် ..."

"နင် ငါ့ကိုကြည့်ပြီး ဘာတွေတွေးနေတာလဲ .."

"နင်ကရော .."

"ငါ့စိတ်တွေ ဟိုငယ်ငယ်တုန်းက ငါတို့အတူဆော့ကစားခဲ့ကြတဲ့ အချိန်ခတွေကို ပြန်ရောက်သွားတာ .."

"ငါရောပဲ .."

"တကယ် .."

"အင်း .."

"မိုးခြိမ့် .."

"ပြောဆိုမှ .."

"နင် ငါ့ကိုချစ်သေးရဲ့လား .. မှန်မှန်ပြော .."

"မချစ်ဘဲနဲ့ နင့်အစ်ကိုတွေ လက်သံပြောင်တာသိသိကြီးကို ဒီထိလာတွေ့စရာလား .."

နှစ်ယောက်သား ပြတင်းတံခါးရဲ့ တစ်ဖက်စီကနေ 'အေ' ပုံသဏ္ဌာန်ခေါက်ခွလေးကို ဖက်တွယ်ထားမိကြကာ မိုးခြိမ့် သာ ပိတောက်ကိုင်းကြီးကို ခြေကန်မထားနိုင်လျှင် ပြုတ်ကျသွားမည့် အမြင့်က နည်းတာမဟုတ်..။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် နီတြာ က မိုးခြိမ့် ခါးကို အထဲကနေ အသေဖက်ထား ကာ ..၊

"မိုးခြိမ့် .."

"နင့်ပခုံးကို ငါဖက်ထားတယ်လေ၊ ခုနေ နင့်အစ်ကို သုံးယောက်စလုံး ခြေကန်ဆွဲကြရင်တောင် ငါတို့ပြုတ်ထွက်သွားဖို့မလွယ်ဘူး .."

"ငါ့ကို နင် တကယ်မလွှတ်တမ်းဖက်ထားမယ်ပေါ့ .."

"အေးလေ .. ခုနေ လွှတ်လိုက်ရင် ငါ ပြုတ်ကျမှာပေါ့ .."

"ဟယ် .. ကြည့်စမ်း .."

"ဟာ .. ဟ .. မလွှတ်ရဘူးလေ .. ငါ ပြုတ်ကျတော့မယ် .."

"သေပေါ့ .."

နီတြာ က လွှတ်၍ အိမ်ထဲလှည့်ဝင်သွားသဖြင့် မိုးခြိမ့် ယိမ်းယိုင်ကျန်ခဲ့ရင်း အခန်းထဲကို ခုန်ဆင်းချလိုက်၏။

"ဝင်ချင်လို့မဟုတ်ဘူးနော် .. ပြုတ်ကျသေသွားရင် သေတဲ့လူက ခံသိတော့ဘူး .. ကျန်ခဲ့တဲ့ ကောင်မလေး အိပ်ခန်းထဲထိ ရည်းစားကို ခေါ်တွေ့တယ်ဆိုပြီး .."

"မိုးခြိမ့် .. နင်နော် .. သွား .. ခုထွက် .."

"ဘာလဲ .. ပြောပြတာ .."

"မပြနဲ့ .."

"မပြပါဘူး .. ရက်စရာကြီး .."

"ကြည့်ပါလား .."

"မကြည့်ချင်ဘူးဟာ .. ငါ့ကို အရေးပေါ်ခေါ်တွေ့တာဆိုတော့ နီတြာမ ပြင်ဆင်ချိန်မရရှာဘူး၊ သနပ်ခါးမပါ အင်္ကျီက အနွမ်းနဲ့ .."

နီတြာ က တကယ်ကြီး ပြန်ငုံ့ကြည့်၏။ ပြီးတော့ မှန်တင်ခုံရှေ့မှာ ဒူးထောက်လေးပြေးထိုင်ပြီး မှန်ကြည့်၍ ..၊

"အဲဒါ ငါ ပြင်ဆင်ထားတာပဲ .."

ပြောပြီး သူ့ရှေ့ကို ပြန်ထလာကာ ..၊



"ငါ တကယ်မလှဘူးလားဟင် .."

"အင်း .. အရှိအတိုင်းပါပဲ .. ဒါပေမယ့် အားမငယ်ပါနဲ့ ကြည့်ပျော်ရှုပျော် ရှက်ကြမ်းရေကျိုလောက်တော့ .."

"မိုးခြိမ့် .."

"ဟာ .. အော်တယ် ကြည့်စမ်း .."

ဒါကျတော့ မိုးခြိမ့် ပြုံးတူးနှင့် နီတြာ ပါးစပ်ကို လက်ဝါးနဲ့ ဖိပိတ်၏။

"ဖယ် ..."

နီတြာ က အတင်းပြန်ဆွဲဖယ်လျှင် နှစ်ယောက်သားလုံးထွေးသတ်ပုတ်နေရကာ ..၊

"အပြင်ကလူတွေ ကြားကုန်လိမ့်မယ် .. ဘယ်လိုဖြစ်တာလဲ .."

"ဒါကျတော့ ကြောက်တတ်တာတွေ မဖုံးနိုင်တော့ဘူးလား .."

"ဘယ်တုန်းကများ မကြောက်တတ်ပါဘူး ပြောမိလို့လဲ .."

နီတြာ ကိုယ်လေးကို ဖက်ထားပြီးမှ နုတ်ခမ်းပေါ်မှာ ကပ်ဖိထားသည့် လက်ကို အသာလေးဖယ်ပေးလိုက်ရင်း ..၊

"ကြည့်ပါဦးကွာ .. မျက်ရည်တွေလည်လို့ .."

"ဘာလည်နေတာလဲ .. ကျနေတာ .. ဒီမှာမတွေ့ဘူးလား .."

"ဟုတ်လား .. ပြ .."

"မိုးခြိမ့် နော် .. နင် .."

ရင်ဘတ်ကို ထုပစ်လိုက်တော့ ထိုလက်လေးကိုပါ ဖမ်းဆုပ်ထားလိုက်ကာ ..၊

"ချစ်လို့စတာ ဘာဖြစ်တာလဲ .. ခဏလေးတွေ့ရတာကို ခင်များမျက်ရည်တွေသုတ်ပေးပြီး ပြန်ရမှာလား .. ပြော .."

"နင် ငါ့ကို ငိုအောင်နှိပ်စက်တာပဲ .. သုတ်ပေးပေါ့၊ ပြောစမ်းပါ နင် လူကြီးတူမတွေထဲက ဘယ်သူနဲ့လဲ .."

"ဟား ..."

"ဘာ .. ဟားလဲ .. ကိုတိုးမောင် အသုဘမှာလည်း ကူညီတဲ့

www.burmeseclassic.com

www.burmeseclassic.com



ယောက်ျားလေးတွေကို သန္တာ တို့ ညီအစ်မတွေပဲ ချက်ပြုတ်ကျွေးမွေး ကြတာ နင်တို့က တစ်နေကုန် တစ်ညလုံး ..”

“ဘယ်ကလာ .. သူတို့ကအထဲမှာ ငါတို့ကအပြင်မှာ အဝေးကြီး”

“ကိုတိုးမောင်အိမ် ပိစိကွေးလေး နေမလို ရေမလိုက အထဲနဲ့ အပြင် ခြားနားနေတယ်ဆိုတာ မရှိဘူး .. အပိုတွေပြောမနေနဲ့ ..”

“ကိုတိုးမောင် အိမ်လည်း သိလိုက်တာပဲလား .. တော်သေးတာပေါ့ အိမ်ထဲကနေ အပြင်မထွက်ရလို့ ..”

“နှင်နော် .. ငါ့ကို စကားမလွှဲနဲ့ ..”

ပြောပြီး မျက်ရည်ကို လက်ခုံနဲ့ ပွတ်တိုက်သုတ်ပစ်၏။ သို့သော် နောက်ပါးတစ်ဖက်ကျမှ မျက်နှာလေးမော့ပေးကာ ..။

“နှင့်ကြောင့် ငိုရတာ နင် သုတ်ပေး ..”

“အချော့ခံချင်တယ်ဆိုလည်း ပွင့်ပွင့်လင်းလင်းပေါ့၊ အလျော့အစား တွေ မထည့်စမ်းပါနဲ့ ..”

“ထည့်ရမှာပေါ့ .. ငါက မျက်ရည်လွယ်တဲ့သူမှမဟုတ်တာ နင့် ကြောင့် ..”

“ကဲပါ .. သုတ်ပေးပါ့မယ်၊ အလျော့အစားဆိုလည်း အရှုံးပေးပါ တယ် ခင်ဗျားကို .. ဟွန်း .. ရည်းစားဖြစ်နေတော့လည်း ..”

သူမရဲ့ မေးဖျားလေးကို မော့ယူပြီးကာမှ ..။

“ဘယ်မှာလဲ .. ဒီဘက်မှာ မျက်ရည်မရှိဘူး ..”

“ဟုတ်လို့လား ..”

“တကယ်ပြောတာ .. တစ်ဖက်တည်းပဲကျသေးတယ် နှစ်ဖက်ကျ အောင် နည်းနည်းလောက် ထပ်ဖြည့်ဖို့လိုဦးမယ် ..”

“မိုးခြိမ့် ..”

“တကယ် .. အဟုတ်ပြောတာ ..”

“ကဲ .. အဲဒါ ဟုတ်ဦး .. ဟုတ်ဦး ..”

မျက်ရည်ကြောင်းကို တကယ်ရှာမတွေ့တာပေမယ့် သူမကလည်း



သူမကိုယ်သူမ သိနေပေမယ့် ရန်ဖြစ်နေကျမို့ မဖြစ်ရမနေနိုင် ..။ ပြီး တော့လည်း တစ်ယောက်ကိုတစ်ယောက် တင်းကျပ်စွာဖက်ထားမိကြ ကာ ..။

“ငါတို့ရဲ့ မြို့ကြီးထဲမှာ သရင်ပင်တွေပြည့်နှက်နေတာ ငါတို့အတွက် တော့ ကောင်းသားပဲနော် ..”

“အင်း .. ဒါပေမယ့် ဟိုအပင်က ဗိတောက်ပင်ဖြစ်နေတာ ခက် တယ် ..”

“ခုထိတော့ ကျိုးမကျသေးဘူးလေ .. နောက်လည်း သိပ်စိတ်ပူဖို့ မရှိပါဘူး ..”

“ဘာဖြစ်လို့လဲ .. နင် ငါ့ဆီလာတွေ့မှာလား ..”

“ဟင့်အင်း .. ငါ နင်နဲ့ ခွဲမနေနိုင်ဘူး ..”

“ရန်မဖြစ်ရရင် မနေနိုင်တာဖြစ်မယ် ..”

“ဟုတ်ချင်လည်း ဟုတ်မှာပေါ့ .. နင့် ငါ့ကို အကြောမပေးဘဲ အနိုင်လုတယ်၊ ဒါပေမယ့် နိုင်သွားရင်လည်း ပြန်လျှော့ပေးတယ် ..”

“မကောင်းတတ်တာတွေရှိတယ်လေ ..”

“မိုးခြိမ့် နော် ..”

“ဩော် .. ကဲ .. ကိုယ့်ရည်းစားဆိုရင် အလျှော့မပေးတဲ့ကောင်လေး ရှိလို့လား .. တကယ်ချစ်လာရင် အလိုလိုက်ချင်လာတဲ့စိတ်က အလို[illegible] ဖြစ်လာတာ .. နင်သာ သူငယ်ချင်းပဲဆိုရင် မိုးခြိမ့် ဆိုတဲ့ကောင်ကလား .. ဟွန်း ..”

“သိသားပဲ .. အဲဒါကြောင့် နိုင်ချင်လို့ ရည်းစားဖြစ်အောင် လုပ် ထားတာ ..”

“နီတြာ ..”

“ဘာလဲ ..”

“ဟွန်း .. ဒီမှာဘာလဲ ..”

လက်သီးဆုပ်ကြီးနဲ့ ပါးမှာလာကပ်တော့ နီတြာ က ရယ်ကာ

www.burmeseclassic.com

www.burmeseclassic.com



လက်ခုံကို မနာအောင် ကိုက်ပစ်လိုက်၏။ ပြီးတော့ သူ့ရင်ခွင်ထဲမှာ မှီလိုက်ပြီး ..။

"ငါ နင့်ကို သန္တာ တို့နဲ့ တစ်နေ့နေ့ ချစ်သွားမှာပဲလို့ စိုးရိမ်နေရတာနဲ့ ဘာလုပ်လို့မှမရဘူး .."

"အဲ့ဒါကြောင့် အနားမှာလာနေလို့ရအောင် ထွက်လာခဲ့ပါဆိုတော့ မဟုတ်ဘူး .."

"ငါလည်း နင့်ကိုခွဲမနေချင်တော့ဘူး မိုးခြိမ့် .. နင့်နောက်လိုက်တော့ဖို့လည်း ဆုံးဖြတ်ထားတာပဲ၊ ဒါပေမယ့် ဘယ်နေ့ဆိုတာကတော့ ပြောဖို့ခက်တယ်လေ .. တော်ကြာ ဟိုတစ်ခါက ချိန်းမိသလိုဖြစ်ကုန်ရင် အခက် .."

ခိုးပြေးဖို့ ချိန်းပြီးကာမှ အထုပ်အပိုးနဲ့ လူချင်းလည်းဆုံနေခဲ့ပြီး တောင်ကြီး နဲ့ ချက်ကြီးတို့ ရိပ်မိသွားပြီး အတင်းလိုက်ဖမ်းကြသည်။

ပြေးလည်း ပြေးသာနေသေးသည်။ ဆက်ပြေးကြရင်လည်း လွတ်ဖို့မရှိသောကြောင့် လူချင်းခွဲလိုက်ပြီး ဘာမှမဟုတ်သလို နေလိုက်သဖြင့် ခိုးပြေးဖို့ ကြံစည်ခြင်းမဟုတ်ခဲ့သလိုလို ပြီးသွားခဲ့သည်။

"နင်ပဲ ပြန်တွေးကြည့်ပါဦး .. အဲ့ဒီတုန်းက နင့်ဖွတ်တရွတ်ဆွဲခေါ်တာလေ .. ငါသာ လိုက်လာခဲ့ရင် ဘယ်ကိုဆက်ပြေးကြမလဲ ခေါ်ကြီးညို အိမ်ထဲ ပြေးဝင်လိုက်တာနဲ့ ကိုကြီးတို့က မလိုက်နိုင်တော့ဘူးထင်လို့လား .."

"နင် ငါ့နောက်လိုက်လာရင် ငါ့အိမ်မှာ နေရမှာပဲလေ .. ဟိုတုန်းက ဖြစ်ဖြစ် ခုပဲလိုက်လိုက် .."

"အဲ့ဒါကြောင့်ပြောတာပေါ့ 'ရေတွင်းကြီး' ရွာမှာ ငါ့ကို ငယ်ငယ်က ထိန်းခဲ့တဲ့ ဦးလူမည်းကြီး ရှိတယ် .."

"သူ့ဆီ ပြေးပုန်းရင်ရော နင့်အစ်ကိုတွေက မသိတော့ဘူးတဲ့လား.."

"ဘဘမည်းကြီးကို သိချင်သိမယ်၊ ကိုကြီးတို့ မသိသေးတဲ့ ဘဘမည်းရဲ့ နောက်တစ်နေရာကိုတော့ လိုက်နိုင်မှာမဟုတ်ပါဘူး .."



ဒီလိုဆိုတော့လည်း နီတြာ က ရှေ့ရေးနောက်ရေးမြင်တတ်သား..။

"ငါတို့က မြို့တက်အလုပ်လုပ်ပြီး လွတ်အောင်ပြေးဖို့လည်း ပညာတတ်တွေ မဟုတ်ဘူးလေ .."

"မြို့တက်ဖို့လည်း စိတ်မကူးပါဘူး .. ပညာမတတ်ပေမယ့် နင့်ကို တင့်တောင်းတယ့်တယ်ထားဖို့ ငါ ကြိုးစားနိုင်တယ် နီတြာ၊ မိုးခြိမ့် က ပျော့ရင်ဖယောင်း မာရင်သံချောင်း .."

နီတြာ က ရယ်ကာ မိုးခြိမ့် ကွေးချီဆန့်ချီ လုပ်ပြနေသည့် လက်မောင်းကို တွန်းပစ်လိုက်၏။

"ငါတို့တောမှာ လက်ရုံးရည်နှလုံးရည်တွေ သိပ်ပြည့်ဝနေဖို့ မလိုပါဘူး မိုးခြိမ့် ရယ် .. မောင်တစ်ထမ်း မယ်တစ်ရွက်နဲ့ ဒီလိုပဲ တစ်သက်လုံး ပေါင်းသင်းလာခဲ့ကြတဲ့ မိသားစုတွေမှ ပြည့်လို့ .."

"အဲဒါက ပြဿနာ .."

"ဟင် .. ဘာကိုလဲ .."

မိုးခြိမ့် က နီတြာ ကို ဖက်ထားရင်း အိပ်ရာရဲ့သေးမှာပဲ ခုတင်ကို ကျောမှီထိုင်လိုက်ကာ ..။

"တစ်သက်လုံး တုန်တုန်ချိချိ အိုမင်းမစွမ်းဖြစ်လာတဲ့အထိ ပေါင်းကြဖို့ဆိုတာ .."

သူ ခေါင်းခါလိုက်တော့ နီတြာ မျက်နှာပျက်သွားသည်။

"ဘာလဲ ဆက်ပြောလေ .."

"သြော် .. တွေးကြည့်လိုက်တော့ ပျင်းစရာကြီးလို့ .."

"ဘာပြောတယ် မိုးခြိမ့် .."

"မဟုတ်လို့လား .. ရန်ဖြစ်ကြ ပြန်ချစ်ကြနဲ့ ဒီအရွယ်တွေက ချစ်လို့ကောင်းတယ်၊ အသက်ကြီးလာတော့ ရန်ဖြစ်လို့လည်း မရှုအသစ်ရှာတော့လည်း .."

"မိုးခြိမ့် .."

"အဝတ်သစ်အစားသစ်လေ .. အသက်ကြီးမှ အသစ်လိုချင်ပါတယ်

www.burmeseclassic.com

www.burmeseclassic.com



ပြောရင် 'ဘုန်းကြီးနဲ့ ဘီးနဲ့ ဘာဆိုင်လဲ' တို့ 'သချိုင်းကို ခြေတစ်ဖက် နင်းနေမှ ဘာဖြစ်တယ် ညာဖြစ်တယ်' တို့ ..."

"လာသေးတယ် .. ဟွန်း .. ငါမပြောလိုက်ချင်ဘူး .."

နီကြာ သူ့ရင်ဘတ်ကိုထုကာ ရန်းထွက်လိုက်တော့ မိုးခြိမ့် ကတော့ အတင်းဆွဲဖက်ထား၏။ သို့သော် ...၊

"အဘိုးကြီး အသက်ကြီးမှ သူငယ်ပြန်နေတယ်လို့ နင်ပဲပြောမှာ.."

"သူငယ်ပြန်နေတယ်ဆိုတာ ယဉ်ပါသေးတယ်၊ နင့်ကိုတော့ 'နွားဘူး ထချင်နေတယ်' လို့ကို ပြောမှာ .."

"ယုံပါတယ် .."

"ဒီမှာ မိုးခြိမ့် .. နင့်ကို ငါ သန္တာ တို့နဲ့ စိုးရိမ်နေရတာ ငါ့အပြစ် လား .. ပြောစမ်းပါ .. ငါက .."

ကိုယ့်အဖြစ်ကို ဘယ်တုန်းကမှ သိမ်ငယ်စိတ်မဖြစ်ခဲ့ဘူးပါ။ ဒါပေမယ့် မိုးခြိမ့် ကို ချစ်မိကာမှ သူမ ကိုယ့်ကိုယ်ကိုယ်လည်း ယုံကြည်မှု မရှိတော့ပေ ..။

ဟိုငယ်ငယ်တုန်းကဆို သူမ အသားအရေနုရဲဖြူဖွေးနေလို့ နီကြာရဲ လို့ အမည်တွင်တာကို ဂုဏ်ယူခဲ့မိသည်။ ဒါပေမယ့် ကျူးတို့ကျဲတဲဆံပင် နီကျင်ကျင်တွေ ဦးရေများကိုတောင် မဖုံးနိုင်ခဲ့တာကျတော့ ရှက်စရာ မှန်း သိခဲ့၏။

"အဲဒီမှာ ရွှေဂေါင်းပြောင်" လို့ စခဲ့တာ ဘယ်သူလဲ ..။

"မိန်းမထိပ်ပြောင် တစ်ခေါင်းလုံးပြောင်" လို့ လက်ခုပ်တီးအော်ရယ် တာလည်း မိုးခြိမ့် ပဲ ဖြစ်လေသည်။

မျက်လုံးလေးတွေ ဝိုင်းဝိုင်းနက်နက်လေးတွေမို့ 'လှလိုက်တာ' ကို လူတိုင်းချီးမွမ်းသော်ငြား မိုးခြိမ့် ကတော့ ..၊

"ဇီးကွက် မျက်ပြူး" လို့ ကင်ပွန်းတပ်ခဲ့၏။

နောက်ပိုင်းကျမှ ဒီနာမည်ပြောင်တွေပျောက်ကွယ်သွားခဲ့တာ ကိုကြီးတို့ ကို ကြောက်ပြီး ဘယ်သူမှ မခေါ်ရဲလို့သာ ..။



"နင့်ကို ငါ တစ်ခါတစ်ခါ ငါ့ကိုတကယ်ချစ်ရဲ့လားလို့တောင် ထင်မိတယ် သိလား .."

နီကြာ ဟိုတုန်းက ပေါ့ပျက်ပြင်းပွှေကို ပြန်တွေးမိတာနှင့် ပြဿနာ ရှာဖို့ အစပျိုး၏။

"ငါက ဒီအရွယ်ထိ ဆံပင်ကပါးပါး၊ ပခုံးကျော်အောင်လည်း အရှည် ထားလို့မရဘူး .."

"အဲဒါတွေက နှစ်ဆယ်ရာစု ဟိုးဘက်မှာကျန်ခဲ့ပြီ၊ ထားလိုက်တော့ စလို့စမှန်းလည်း မသိဘူး .."

"မစနဲ့ .."

"မစတော့ဘူး .."

"နင် ငါ့ကို .."

"ချစ်တယ် .. ချစ်လိုက်တာမှ ဘယ်ကိုထိထိ တချစ်ချစ်ကိုမြည် နေတာ .. မယုံရင် ထိကြည့်မလား .."

"ဟာ .. ဘာလုပ်တာလဲ .. မိုးခြိမ့် နော် .. သွား .."

"သွားနိုင်းပြန်ပြီ .. သူ့ပဲ အခန်းထဲကို အတင်းဆွဲသွင်းပြီးတော့ .."

"တွေ့လား .."

"ဟား .. ဟား .. ဟား .."

"တော်တော့ မရယ်နဲ့တော့ .. ငါအတည်ပြောမလို့ .."

"အင်း ..."

ရယ်ရှိန်သတ်လိုက်ပြီး မိုးခြိမ့် က နီကြာ့ နှာခေါင်းလေးကို မနာ အောင် ဆွဲလိမ်ပစ်၏။

"ပြော ..."

"ငါတို့ ခိုးပြေးရင် နင် ပိုက်ဆံဘယ်လောက်ပါမှာလဲဟင် .."

"စလာတည်းက ဒီစကားလေးပဲ ရင်ခုန်စရာပါသေးတယ် .."

"ဟင် .. လို့ .."

"ပူမနေပါနဲ့ .. နင်သာ ဘာမှသယ်မလာခဲ့နဲ့ ကိုအောင်ကြီးတို့

www.burmeseclassic.com

www.burmeseclassic.com



ဘာအကြောင်းပြချက်နဲ့မှ ပြဿနာလိုက်မရှာနိုင်အောင် ဒီတိုင်းပဲ ဆင်းလာခဲ့ ..”

သူ့စကားကြောင့် နီတြာ စိတ်ထဲမှာ ကြည်နူးသွားပြီး ပြုံးလိုက်မိ၏။ သို့သော် ...၊

“ခါးဝတ်ခါးစားတော့ ပါလေ့စေပေါ့ .. တော်ကြာ ဒီတိုင်းဆင်းခဲ့ ဆိုတာနဲ့ပဲ ..”

“ကြည့်စမ်း .. မိုက်ရိုင်းတာ .. ကဲ ..”

“အာ .. ညှစ်ထားတာ သေပြီ ..”

“ဟယ် ...”

“နှာခေါင်းကိုလေ .. ဒီမှာ ဒီလက်ကိုလွှတ်လိုက် ..”

လွှတ်လိုက်ဆိုပြီး သူပဲ ဖြုတ်ချပစ်ကာ နီတြာ ကိုယ်လေးကို ကလေးပွေ့သလို ပွေ့လိုက်ပြီး ...၊

“လာ .. ခုတစ်ခါတည်း ပွေ့ပြီးခုန်ချလိုက်မယ် .. နင် မသေစေရဘူး ..”

“အမလေး .. ပြောတာပဲ၊ ဘယ်သူမှ ကိုယ့်ကိုယ်ကိုယ် အသေခံပြီး သူများကို မကာကွယ်ဘူး ..”

“ဒါဆို စမ်းကြည့်မလား ..”

“မစမ်းရဲပါဘူး .. တကယ်သေသွားရင် ဘယ်လိုလုပ်မလဲ ..”

“မသေစေရဘူးဆိုမှ ..”

“တော်ပြီ မိုးခြိမ့် စမ်းလည်းမစမ်းဘူး၊ မသေဘူးဆိုလည်း မလိုက်ဘူး .. ဟွန်း .. ငါသေရင် မြေပုံတောင်ခြောက်ပါ့မလားမသိဘူး ..”

“ဘာ့ရယ် ..”

“ဟုတ်တယ်လေ ...နင့်ရုပ်ကြီးကို ဘယ်လိုစိတ်ချရမလဲ၊ မိန်းမသေတာနဲ့ မြေပုံမခြောက်ခင် နောက်တစ်ယောက်ယူမယ့် ရုပ်ကြီး ..”

“မြေပုံမခြောက်ခင်ယူတဲ့ လူတွေကြောင့် တခြားယောကျ်ားတွေ နာမည်ပျက်ရတာပါဟာ .. အဲဒီလူတွေကိုက အလုပ်မဟုတ်တာ ..”



“အေးပေါ့ .. နင်ဆိုရင် နာမည်မပျက်အောင် မြေပုံခြောက်မှ ယူပေါ့ ..”

“ဟာ .. မြေပုံခြောက်တဲ့အထိစောင့်စရာလား .. မြေပုံထိပ်နှစ်ဖက်ကနေ ပန်ကာနှစ်လုံးဆိုင်ပြီး လွှတ်ပေးလိုက်ရင် ဘယ်လောက်မှ မကြာဘူး ..”

“ဘာ ...”

“ဘက်ထရီအိုး တွဲလ်(မ်)မို့လောက်နဲ့ဆို အေးဆေး ..”

“မိုးခြိမ့် ..”

နီတြာ ဘာမှမပြောနိုင်တော့ဘဲ အင်အားမဲ့သော လက်သီးဆုပ်လေးတွေ မြှောက်တက်လာကာ ...၊

“သေနာလေး .. ဒါ တကယ်ပြောနေတာ ငါသိတယ် .. ဟီး .. ဟီး ..”

“ဟာ .. မငိုနဲ့လေ .. ဟား .. ဟား ..”

“ရယ် .. သေအောင်ရယ် ..”

ထုသာထုရိုက်နေသော်လည်း ငိုနေရင်းမို့ အားကမပါ။ ပြီးတော့ ထုလည်းမထုတော့ဘဲ ခေါင်းငိုက်ငိုလေသည်။ ရန်ဖြစ်လိုက် ပွေ့ဖက်ချော့လိုက်နှင့် အနမ်းတွေနဲ့ မျက်ရည်တိတ်စေခဲ့လျက် ...။

“မငိုနဲ့နော် .. အရမ်းချစ်လို့စတာ ..”

ပါးချင်းကပ်ပြောလိုက်တာနှင့် ရှိုက်သံလေးတွေပျောက်သွားခဲ့၏။

♣

www.burmeseclassic.com

www.burmeseclassic.com



အခန်း (၅)

"ဟော့ကောင် .."

နှစ်ယောက်လမ်းခွဲလိုက်ပြီးမှ ပြန်ထွက်လာခဲ့တော့ နောက်ကနေ ခေါ်သံရင့်ရင့်ထွက်လာခဲ့ပြီး ..၊

"မင်း ဘာလာချောင်းတာလဲ .."

သူ့ရှေ့ကနေ တစ်ယောက်ထွက်လာပြီး ကျော်ကြား က သူ့နောက်မှာ ဖြစ်ကာ ..၊

"မင်း ဒီထိလာရဲတာ တော်တော်သတ္တိကောင်းပါလား မိုးခြိမ့် .."

မိုးခြိမ့် ကျော်ကြား ဘက်ကို လှည့်ရင်ဆိုင်လိုက်သည်။ ဒီကောင်က ဦးစံကွန့် ရဲ့ မိန်းမဘက်က ဆွေမျိုးဖြစ်ကာ အောင်ကြီးတို့အိမ်မှာလည်း ဦးစံကွန့် မျက်နှာနှင့် တော်တော်နေရာရထားသူဖြစ်သည်။

ထို့ပြင် အောင်ကြီး က နီတြာ နဲ့ ပေးစားဖို့ထိ ဦးစားပေးစဉ်းစားထားတဲ့သူမို့ တစ်ရွာလုံးမှာ အောင်ကြီးတို့ ညီအစ်ကိုပြီးရင် ကျော်ကြားပဲလို့တောင် ပြောလာကြတဲ့အထိ ..။

"ဟော့ကောင် .. မင်းကို ငါမေးနေတာ မကြားဘူးလား .."

"ကြားတယ်လေ .. မင်းပြောတဲ့ ဒီနေရာဆိုတာကို စဉ်းစားနေတာ၊ ဒါက ရွာလမ်းမဟုတ်ဘူးလား .."

အောင်ကြီးတို့ သရက်ခြံကြီးနှစ်ခြံရဲ့စပ်ကြားမှာ ဖြစ်သည်။ ဒါပေမယ့်



ရွာလမ်းလို့လည်း ပြောလို့မရ၊ ကျော်ကြား မျက်လုံးပြူးကြီးနှင့် စိုက်ကြည့်လာပြီး ..၊

"ဒါ .. ငါတို့ခြံမြေ .."

"မင်းတို့ ခြံမြေကို ငါ နင်းနေတာမဟုတ်ဘူး .."

"ဟော့ကောင် .. မင်း ဒီကိုလာခွင့်မရှိဘူးဆိုတာ လူတိုင်းသိတယ်၊ ခြံဝင်းရဲ့အပြင်မှာဆိုပြီး ကပ်သပ်ရှောင်ထွက်ဖို့မကြိုးစားနဲ့၊ နီတြာ ကို လာချောင်းတာဆိုရင်တော့ .. ဟွန်း .."

ကျော်ကြား လှမ်းကြည့်လိုက်တာကို သူ လှည့်ကြည့်လိုက်မိသည်။ လယ်နှစ်ကွက်ခြားနေသော ဟိုဘက်ခြမ်းပေါ်မှာ အောင်ကြီးတို့ လာနေကြပြီဖြစ်သည်။

လှမ်းမြင်ရမှာမဟုတ်ပေ ..။

မိုးခြိမ့် မျက်နှာပျက်သွားတော့ ကျော်ကြား ရဲ့ သူ့အဖော်က အားပါးတရ ရယ်လိုက်ကြကာ ..၊

"ဒီဘက်တစ်ပြင်လုံးမှာ ကိုအောင်ကြီးတို့ပိုင် သရက်ခြံတွေချည်းပဲ မင်း ဘာပြောမလဲ မိုးခြိမ့် .."

"ငါခြံထဲဝင်နေတာ မဟုတ်ဘူးဆိုရင်ရော မင်းဘာပြောဖို့ရှိသေးလဲ.."

"မင်း ညာနေတာပဲ .. အေး ငါ့ကို ကိုအောင်ကြီးကလည်း မှာထားပြီးသား .. ဒီတစ်ခါ ဟောဒီနားမှာ မင်းကို အရိပ်တွေ့ရင်တောင် မညှာနဲ့တဲ့ .."

သူပြောပြီးတာနှင့် မိုးခြိမ့် ဘေးကတစ်ယောက်က ဝိုးခနဲပတ်ကန်သည်။ မိုးခြိမ့် အသည်းအသန် ရှောင်လိုက်သဖြင့် လွတ်သွား၏။

နှစ်ဖက်စလုံးက သိုင်းသမားတွေမဟုတ်ကြရာ လက်ဦးမှုမရတော့ဘူးဆိုတာ သိလိုက်တာနှင့် တစ်ယောက်က သစ်ကိုင်းကျိုးပြေးကောက်သည်။

ကျော်ကြား က ခါးကြားမှာအမြဲပါသည့် ဓားမြှောင်ကို ထုတ်လိုက်၏။ မိုးခြိမ့် နဲ့ ဟိုတစ်ယောက် ရှောင်ရှားသတ်ပုတ်နေတုန်း ဆေးနံ့ဝင်ထိုးဖို့ အာရုံစိုက်နေစဉ် ..၊

www.burmeseclassic.com

www.burmeseclassic.com



"ဒုတ် ..."

"အား ..."

အသံကျယ်ကျယ်တောင် မညည်းလိုက်နိုင်ဘဲ ကျော်ကြား ခေါင်းကို နှိပ်ပြီး လဲကျသွား၏။

ဟာ!...

ဟိုတစ်ယောက် သူ့ဆရာလဲကျသွားတာကို တအံ့တသြဖြစ်နေစဉ် မိုးခြိမ့် က သူ့လက်ထဲကတုတ်ကို ဆွဲလှလိုက်ပြီး ဇက်ပိုးကို ရိုက်ထည့်ချေးလိုက်သည်။

နှစ်ယောက်စလုံး မှောက်သွားကာမှ သူ့ဘက်က ဝင်ဆော်လိုက်သူကို လိုက်ရှာမိ၏။

"ဘာလုပ်နေတာလဲ မိုးခြိမ့် .. ရော့ .. နင်မေ့ကျန်ခဲ့လို့ ငါ လိုက်ပေးတာ၊ ပြေးတော့ .. ပြေးတော့ .."

"နီတြာ .."

နီတာ က ရှပ်အင်္ကျီအနီကွက်လေးနှင့် ခုနကျန်ခဲ့တဲ့ပုံစံလေးအတိုင်းပဲ ဆင်းလိုက်လာပုံပေါ်ကာ လက်ထဲမှာ အုတ်ခဲကျိုးနှစ်ခုကို ကိုင်ထားဆဲနှင့် လက်တစ်ဖက်မှာ သိုးမွေးဦးထုပ် ပန်းရောင်လေး ...။

"နီတြာ .. ဒီထိထွက်လာပြီးမှ ပြန်မဝင်နဲ့တော့လေ .. တစ်ခါတည်း ပြေးရအောင် .."

"ဟာ .. မဖြစ်ပါဘူး .. ညဘက်တောင် မပြေးရဲတဲ့ဥစ္စာ၊ နေ့ခင်းကြောင်တောင်ကြီး .."

မိုးခြိမ့် က ဦးထုပ်ကိုမယူဘဲ လက်ကိုမလွှတ်တမ်းဆွဲထားသဖြင့် နီတြာ တစ်ဖက်မှာကိုင်ထားသည့် အုတ်ခဲကျိုးတွေကို လွှတ်ချလိုက်ပြီး...

"မဖြစ်သေးလို့ပါ မိုးခြိမ့် ရယ် .. ခိုးရာလိုက်ပြေးတာ လွယ်တယ် များ မှတ်နေလား .. ရော့ .. ဒါယူသွား .."

မိုးခြိမ့် ကို ခေါ်လိုက်တာကိုက သူ့အတွက် သိုးမွေးဦးထုပ်လေးထိုးပြီးသွားသဖြင့် ကိုယ်တိုင်ပေးချင်လို့ဖြစ်သည်။ ရန်ဖြစ်ကြရင်းဖြင့် ပြန်



ဆင်းသွားတော့ ဒါကိုမေ့ကျန်ရစ်ခဲ့သည်။

"နင် ငါပေးတဲ့လက်ဆောင်ကို တန်ဖိုးမထားဘူးပေါ့ .."

"လက်ဆောင်ကို လိုချင်တာမဟုတ်ဘူး .. နင့်ကို လိုချင်တာ .."

ပြောကာမှ ပခုံးကို အတင်းဆွဲဖက်နေသဖြင့် နီတြာ ထိတ်ထိတ်လန့်လန့်ရုန်းပြီး နောက်ဆုတ်လိုက်ရကာ ...၊

"မြန်မြန်သွားတော့ .. ကိုကြီးတို့နဲ့ မတိုးစေနဲ့နော် .."

"နီတြာ .. ခဏလေး .."

"ဟာ .. မဖြစ်ဘူး၊ ဒီလောက်အကြာကြီး တွေ့ပြီးပြီဟာကို ပြန်တော့၊ ငါ့ဘက်က အခွင့်သာတာနဲ့ နင့်ဆီ ဆက်သွယ်မှာပါ .."

ပြောပြီး နီတြာ လှည့်ပြေးသွားသည်။

ကျွတ် ...၊

ကိုယ့်ချစ်သူကို ပိုင်ပိုင်နိုင်နိုင်လက်ဆွဲထုတ်မလာနိုင်ရသည့်အဖြစ်ကို ခံရခက်မိသည်။ ဘာဖြစ်လဲ လင်ရယ်မယားရယ်ဖြစ်သွားပြီဆို သဘောတူတာ မတူတာတွေက ဟိုအစမှာကျန်ခဲ့မှာပဲ မဟုတ်ဘူးလား ...။

လဲကျနေသည့် ကျော်ကြားနဲ့ နောက်တစ်ယောက်ကိုငုံ့ကြည့်ပြီး သူ ဒီတိုင်းမလှုပ်မယှက် ရပ်နေမိသည်။ ပတ်ဝန်းကျင်က လူသွားလမ်းမဟုတ်သဖြင့် တိတ်ဆိတ်နေ၏။

အောင်ကြီးတို့ လာနေသည့်အဖြစ်ကြောင့် သူတို့ဘယ်ဘက်က ဝင်လာနိုင်သလဲဆိုတာ ပြန်လှည့်ကြည့်မိစဉ် ...၊

"ဘုတ် ..."

သူ့ပခုံးတစ်ဖက်ပေါ် တစ်ခုခုပြုတ်ကျလာသဖြင့် ခါထုတ်ပစ်လိုက်ပြီး ငုံ့ကြည့်လိုက်မိ၏။

ဟင်!...၊

ဟာ .. သွားပြီ ...၊

ခွေးလှေးယားသီးတွဲကြီး ...၊

"သွားပြီ .. ဒါမှ တကယ်သွားတာ .."

www.burmeseclassic.com

www.burmeseclassic.com



အလန့်တကြားထအော်ရင်း နောက်ကိုလှည့်ခနဲ ခုန်ဆုတ်လိုက်မိသည်။ ပခုံးကို နောက်ထပ်ကိုင်မိလိုက်သည်နှင့် လည်ပင်းကြား မေးရိုးကြားတွေမှာ ယားယံလာခဲ့ပြီး ...၊

"တောက် .. မုန်တိုင်း ဆိုတဲ့ကောင် မင်းတော့နော် .. နေ့ခင်းကြောင်တောင်ကြီးတောင်မှ .." ၊

ဆဲတာတောင် သေချာဆုံးအောင်မဆဲနိုင် ...။

ပွတ်သပ်ကုတ်ဖဲ့ရင်း အပင်တွေပေါ်မော့ကြည့်မိကာ ...။

"မင်းနဲ့ ငါ တွေ့မယ် မုန်တိုင်း .. မင်းမှန်းငါသိတယ် .. နှမပေး"

"ဘုန်း .."

"ဟာ .. ကြည့်စမ်း .."

နောက်ထပ် သစ်ပင်တစ်ပင်ပေါ်ကနေ ဗိုးခနဲလွှင့်လာတာလည်း ခွေးလှေးယားသီးတွေ ...။

"ဗိုး ..."

"မလုပ်နဲ့တော့ .. ဟေ့ကောင် နော် .. မုန်တိုင်း .. မင်းနော် .. ငါ မင့်အပင်ကို ညကျ မီးလာရှို့မှာ .. မလုပ်ဘူးထင်နေလား .."

"ဗိုး .. ဘုတ် .."

"ဟေ့ကောင် .."

သူပဲ ကြိမ်းဝါးနေကာ ပြေးရတော့ သူပဲဖြစ်လျက် ...၊

"သေပြီ .. သေပြီ .. ယားလိုက်တာ .. အား .. သူတောင်းစားသရဲ မင်းနဲ့ငါ တွေ့ .. အား .."

ပြေးနေရင်း အင်္ကျီချွတ်ပစ်လိုက်ရကာ နီကြာ ပေးလိုက်သည့် ဦးထုပ်လေးကျသွားလို့ ပြန်ကောက်ရ၊ မီးခြစ်ပြုတ်ကျလို့ လှည့်ကောက်ရနှင့်...။

ပုဆိုးပါ ချွတ်မပစ်မိခင် အိမ်ပြန်ရောက်ဖို့အရေး .. တို့အရေး ...။

♣



အခန်း (၆)

"မင်းကလည်း ဟိုကလုပ်လိုက်တိုင်း ခံနေရတာ မမှတ်ဘူး .. သရဲနဲ့ ပြိုင်ဆဲတော့ခံပေါ့ .."

"ဆဲလို့ပဲရတာ ဆဲမှာပေါ့ကွ .."

"ဆဲလေ .. မင်းဆဲလိုက်တာ ဟိုက ဘာမှမဖြစ်ဘူး၊ ဟိုက ပြန်ပစ်လိုက်တော့ မင်း ရေစိမ်နေရရော .."

စဉ့်အိုးကြီးထဲမှာ ခေါင်းတစ်လုံးဖော်ပြီး စိမ်နေရသည့်အဖြစ်ကို စာတ်တိုင်တို့ ဗိုက်နှိပ်ရယ်ကြသည်။ ရယ်ပြီးမှ ရေဆွဲထည့်ပေးရသည့်အဖြစ်ကျတော့ ရှုံ့မဲ့ရေရွတ်နေကြလျက် ...။

"ခုမှ ကဆုန်လပြည့်မရောက်သေးဘူး .. ရေသပ္ပါယ်နေရတယ်"

"ဟေ့ကောင် ငါ့ကို ငရဲကြီးအောင် မပြောနဲ့ .."

"ဒါကျတော့ ကြောက်တယ် .. ဟွန်း .."

ငြေ က အိမ်ရှေ့ဗီနပ်ချွတ်လေးပေါ်ကနေ ဆောင့်ကြောင့်ထိုင်ကြည့်ပြီး မျက်စောင်းထိုး၏။

"ငြေ မင်းအလှည့် .."

www.burmeseclassic.com

www.burmeseclassic.com



ဓာတ်တိုင်က ရေပုံးပစ်ချပြီး တန်းလျားရှည်ပေါ်မှာ ပတ်ခနဲထိုင်လိုက်၏။ ထိုစဉ် ဒေါ်ညို တို့ ညီအစ်မ နောက်ဖေးမှ ထင်းတွေစီနေရာကနေ ထွက်လာကြကာ ..။

"ဟဲ့ .. ဒီလောက်ရေစိမ်နေရလား .. ယားလို့ဘာမှမဖြစ်ဘူး၊ အအေးပတ်မှ သေနေလိမ့်မယ် .."

"ဒေါ်လေး ပြောတာကြားလား .. ရေစိမ်တာတော်တော့ .."

ငြေ က ရေမဆွဲရရေးအတွက် သက်သေထူသည်။

"မလုပ်ပါနဲ့ကွာ .. မင်းတို့ကလည်း ရေထပ်လောင်းမှ အထဲက ဖျော့တွ ပြန်လျှံထွက်ပြီး ရေအသစ်ဖြစ်မှာပေါ့ .."

မိုးခြိမ့် က စဥ့်အိုးထဲကနေ တောင်းတောင်းပန်ပန် ..။

ငြေ က မထတော့မှ ဒေါ်သထွက်လာကာ ..။

"အေးနော် .. မင်း မှတ်ထား၊ သူငယ်ချင်းချင်း ဒါလေးမကူညီရင် မင်း သေတာတောင် ရေချိုးပေးမယ့်သူရှိမှာမဟုတ်ဘူး .."

"ဘာမှမဆိုင်ဘူး .."

"သေကြည့်လိုက်လေ .."

"လောလောဆယ် မသေခင်တည်းက ရေလိုနေတာက မင်း .."

"အေးလေကွာ .. အယားပြေပြီဆိုလည်း ထွက်ခဲ့တော့ .."

ဓာတ်တိုင် ကလည်း ငြေ ပြီးသွားရင်တောင် သူ့အလှည့်ပြန်ရောက်လာမှာမို့ တားဆီးနေသည်။

"မိုးခြိမ့် ငါ့ကိုပြောစမ်းပါဦး .. နင် နီတြာ နဲ့ သွားတွေ့ခဲ့တယ်ဟုတ်လား .."

"ဒေါ်လေးက တစ်မျိုး .."

"မတစ်မျိုးနဲ့လေ .. သူ့အစ်ကိုတွေရှေ့က ထွက်သွားပြီးတော့များ သူ့အိမ်ပေါ်တက်ပြီး ချိန်းတွေ့ရဲတယ်၊ နင့်ကို လူမပြောနဲ့ သရဲတောင် မျက်စိနောက်တာကြည့် .."



"သရဲက သရဲလိုနေပါလား .. ဦးပေါ်အိမ်က သရဲများ ဒီလိုကိစ္စမျိုးဆို အကူအညီတောင်ပေးသေး၊ ဟွန်း .. ခွေးသူခိုး မုန်တိုင်း စိတ်ပုတ်စိတ်ယုတ်နဲ့ .."

"ဟဲ့ .. မဆဲနဲ့လေ၊ မုန်တိုင်း က နင့်ဘိုးဘေးလောက်ရှိတယ်၊ သူ့မြေးမြစ်တွေကို စောင့်ရှောက်တာ ကျေးဇူးတောင်တင်ရဦးမယ် .."

"ဩော် .. ဩော် .. သရဲကိုဆဲရင်လည်း ငရဲကြီးနိုင်သေးတယ်၊ မှတ်ထားရဦးမယ် .."

"မိုးခြိမ့် ရယ် .. နင့်ကိုတော့ မပြောချင်တော့ဘူး၊ ခုတင်ပဲ သူ့ကိုဆဲလို့ နင် ရေစိမ်နေရပြီ .."

"သူ ဒုက္ခပေးလို့ လုပ်စမ်းပါ ဒေါ်လေးရာ၊ အဲဒီ ဘိုးဘွားသရဲကြီးက ခွေးလှေးယားသီးတွေနဲ့ပေါက်တာ ခံခဲ့ရတာလေ .."

"အေး .. အောင်ကြီး တို့ မရှိဘူးဆိုပြီး နောက်ထပ်သွားဖို့မကြိုးစားနဲ့ .. အဲဒါ မုန်တိုင်း က သတိပေးတာပဲ .."

"သတိပေးပေး မပေးပေး နှာဂစ်တောင် ဂရုစိုက်ခဲ့တာမဟုတ်ဘူး .."

"မိုးခြိမ့် .."

ဒေါ်ညို က အိမ်ပေါ်မှာ ဂေါ်ဖီပန်းပွင့်နဲ့ ဇကာနဲ့ တက်ယူပြီး ပြန်ဆင်းလာရင်း ..။

"လူကြီးပြောနေရင် လက်ခံစဉ်းစားစမ်းပါ ငါ့သားရယ်၊ မိထားခင်ကိုဆို ဒေါ်လေးလို့သာခေါ်နေတာ သူငယ်ချင်းပြော သူငယ်ချင်းဆို.."

ပြောပြီး ခေါင်းရင်းဘက် စားပွဲဘေးမှာ သွားထိုင်လိုက်၏။ သူတို့အိမ်က နေနည်းနည်းစောင်းပြီဆို အိမ်ရှေ့တစ်ပြင်လုံး အရိပ်ကျသွားတာမို့ ဘယ်မှာထိုင်ထိုင် ပူတယ်ဆိုတာမရှိ ..။

"ဟုတ်ပ .. အစ်မသား .."

"အဲဒါ ဒေါ်လေးကို ချစ်ခင်ရင်းနှီးတာ မလေးစားလို့မဟုတ်ဘူး.."

www.burmeseclassic.com

www.burmeseclassic.com



"ဩော် .. ဩော် .. မှတ်သားဖွယ်စကားပဲ .."

"နောက်ထပ်မှတ်သားဖွယ်တွေထပ်ရှိသေးတယ် .."

ပြောလိုက်ရင်း မိုးခြိမ့် က ရေထဲကနေ ထရပ်လိုက်သည်။

"ဟာ .. ဟော့ကောင် .."

"ဘောင်းဘီပါတယ် .. ဒီမှာ .."

"ပါပါ မပါပါ ကြည့်ရှုကောင်းအောင်တော့လုပ်ဦး .."

ပါးစပ်ကပြောရင်း ဩ က ပုဆိုးနဲ့ ပြေးလာပြီး ခေါင်းကနေ စွပ်ချပေးလိုက်၏။ ပြီးတော့ ခါးတိုင် ပါ ထလာကာ သူ့စဉ့်အိုးထဲက ထွက်လို့ရအောင် ဝိုင်းကူပေးရင်း ..။

"ပြေပြီလား ယားတာက .."

"ပြေဦးမှပဲ မပြေသေးရင်လည်း ရေနူးပြီး အတစ်လိုက်ပြုတ်ကျတော့မှာ .."

"ဘာ!..."

"အသားတွေလေ .. ရေနစ်သေတဲ့လူတွေ မမြင်ဖူးဘူးလား .."

"ခွေးကောင် ရေလေးနည်းနည်းပဲဆွဲပေးရသေးတယ် ပြောတာနဲ့ မတန်ဘူး .."

"ကဲ .. စကားတွေများမနေကြနဲ့ ရော့ .. ရေသုတ်လိုက်တော့ ဒီမှာအကျီ .."

သူတို့ ရေထဲက ထွက်လာတာနှင့် ဒေါ်ညို က အကျီ သွားတက်ယူလာတာဖြစ်ကာ ..၊

"နောက်ဆို မုန့်တိုင်း နဲ့ ဖြစ်ဖြစ် ကိုပေါ့ အိမ်က .. အင်း သရဲနဲ့ဖြစ်ဖြစ် ဘယ်သရဲနဲ့မှ ရန်မဖြစ်နဲ့တော့ .."

"မှာမနေနဲ့ အစ်မသား ရွာထိပ်အိမ်ပျက်ကြီးထဲက လေက်မနှစ်ကောင်နဲ့တောင် သွားသတ်ကြသေးတာ၊ ဟိုက ကလေးသရဲတွေမို့လို့ .."

"အဲဒါပဲ .. ဟောဒီရွာမှာ သရဲတွေ မွေးကြတာကိုက သဘာဝမကျ



တာ .. ဘယ့်နှယ် နာမည်ကိုက 'ပရ' ရွာတဲ့၊ တော်သေးတာပေါ့ 'ပရလောက' လို့ မပေးခဲ့လို့ .."

"ဟုတ်တယ် ဒေါ်ကြီးညို အဲဒါတော့ တကယ်မမိုက်ဘူး .."

"ဟုတ်ပ .. ဘယ်သွားသွား ကြောက်နေရတယ် .."

"အံမယ် .. ညီညွတ်နေကြတာ .."

"ညီညွတ်မှာပေါ့ အစ်မရယ် .. မဟုတ်တာလုပ်ချင်တဲ့လူတွေ ဘယ်ကြိုက်မလဲ .."

"ဒေါ်လေး အဲ့လိုမပြောနဲ့နော် .. ဒီအိမ်မှာ သရဲမွေးဖို့ အမေ့ကို ဒေါ်လေး ကပ်ပြောနေတာတွေ ကျွန်တော်မသိဘူးမှတ်နေလား .."

"ဟုတ်တယ်လေ .. အဲဒါဘာဖြစ်လဲ .."

"မွေးဝံ့ရင် မွေးကြည့် မနေနိုင်အောင် လုပ်ပြမယ် .."

ပရရွာမှာ အိမ်ခြေလည်းများသည်။ အိမ်ခြေ၏ သုံးပုံတစ်ပုံလောက်က သရဲတွေမွေးထားကြတာလည်း နာမည်ကြီးခဲ့သည်။ ခုမှ အမြန်လမ်းမကြီးဖောက်ခဲ့လို့သာ တောင်ကြောတစ်ဖက်နဲ့ လမ်းကြမ်းရှည်ကြီးကို ဖြတ်တက်သွားလျှင် မြို့ကိုရောင်အောင် သွားနိုင်ကြသည်။

ဟိုတစ်ချိန်တုန်းကဆို ခရီးတာက ဝေးလံလှသည်တော့မဟုတ်ပေမယ့် ကိုယ့်တောင်ယာ ကိုယ်စိုက်ပြီး တောတောင်ချောင်ကြားမှာပဲ အုပ်စုလိုက်နေကြရတာဖြစ်၏။

အစိုးရကျွန်းပင်တွေ အကွက်ချစိုက်ပျိုးခြင်းမှာ ရွာခံလူတွေကို ပြန်ငှားပြီး စောင့်ရှောက်ထိန်းသိမ်းခအဖြစ်ပေးလို့သာ အပြင်ဝင်ငွေလေး ရလာကြသလို နောက်ပိုင်းမှာ လူငယ်တွေက ထိုးဖောက်ထွက်ကြ သွားလာကြနှင့် တိုးတက်လာခဲ့ကြသည်။

စာသင်ကျောင်းရှိသည့် ကျေးရွာတွေအထိ အပင်ပန်းခံပြီး စာသင်ခဲ့ကြ၏။ ထို့ကြောင့် ရွာနီးချုပ်စပ်တွေကို သွားလာတတ်ခဲ့ကြပြီး လူတွေ မြို့အရောက်သွားဖို့ ခြေလှမ်းကျယ်လာခြင်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



နောက်တက်လူငယ်တွေရဲ့ ကံတရားလို့ပဲ ပြောရမလား ..။

ခေတ်တွေ စံနစ်တွေတဖြည်းဖြည်းပြောင်းလဲလာခဲ့သမျှ ပရွှာလည်း ပြောင်းလဲတိုးတက်လာခဲ့သည်။ တောင်ပတ်လမ်းကလေးက သိပ်တော့ မရှည်ပေမယ့် အန္တရာယ်များသောကြောင့် ဆိုင်ကယ်လ်တောင် လူတိုင်းမစီးရဲကြပေ ..။

သို့သော် အမြန်လမ်းမကြီး ပြီးစီးသွားသည့်နောက်မှာ လမ်းမပေါ် တက်နိုင်ဖို့တော့ မခဲယဉ်းတော့ပေ ..။ လူနေမှု အဆင့်အတန်းကအစ စီးပွားရေး ဖွံ့ဖြိုးရေး အရာအားလုံးတိုးတက်ခဲ့၏။

မပြောင်းလဲနိုင်သေးတာက သရဲတွေကို နိုင်းစေခဲ့သော ဟိုအတိတ်တစ်ချိန်က အယူဝါဒတစ်ခုပင် ..။

"နင်တို့က လူငယ်တွေဆိုတော့ ဘယ်သိမလဲ .."

"စလာပြီ .. ဒီက ပြန်မေးလိုက်ရင် ရှည်လိုက်တာပြောဦးမယ်၊ သူကတော့ တော်တော်အသက်ကြီးနေတာကျလို့ .."

အင်္ကျီဝတ်ပြီး ဆံပင်အစပ်တွေပါ ရေသုတ်ရင်း မိုးခြိမ့် က ခွန်းတုံ့ပြန်၏။

"ဟဲ့ .. ငါ နင့်အဒေါ်လေ .."

"အမေ့ထက် ဆယ်နှစ်တောင်ငယ်တယ်၊ လုပ်မနေနဲ့ .."

"နင့်အမေလည်း လူကြီးတွေပြောလို့သိရတာတွေပဲ .."

"ကဲ .. တော်ကြစမ်းပါ .."

ဒေါ်ညို စိတ်တိုတိုနှင့် အော်လိုက်မိကာ ..၊

"ငါတို့အစဉ်အလာရတော့ သရဲမွေးတာမဟုတ်ဘူး မိုးခြိမ့် .. ကူဖော်ရာတယ်လို့ခေါ်ကြတာ၊ အဲဒါ အနူး ဆိုတဲ့ တိုင်းရင်းသူကြီးတစ်ယောက်က စခဲ့တာလို့ ပြောကြတာပဲ၊ သူ့မှာ မျက်စိမမြင်တဲ့ အဘိုးတစ်ယောက်ရှိတယ်၊ ခြေထောက်ကလည်း မသန်ဘူးတဲ့ .. အနူးက တောထဲမှာ ပိုးထိကြီး သေအုံမှုးမှုးဖြစ်တော့ သူ့အဘိုးကို စိတ်မဖြောင့်နိုင်ရှာဘူး .."



ဒေါ်ညို က ခုမှ ဒါတွေပြောပြတာမို့ လူငယ်တွေက စိတ်ဝင်တစားနားထောင်ကြ၏။ မိုးခြိမ့် က ဟိုကုတ်ဒီပွတ်ကုပ်နေရဆဲနှင့် ..၊

"ဆက်ပြောလေ .."

"အဲဒါကြောင့် သူ့စိတ်ကနေ သစ္စာပြုလိုက်တယ်တဲ့၊ ခုနေ သူသေသွားခဲ့ရင် သူ့ရဲ့ ဝိညာဉ်ဘဝနဲ့ပဲ အဘိုးကို ကူညီစောင့်ရှောက်ပေးနိုင်တဲ့အစွမ်း ရရပါစေလို့ သစ္စာဆိုတယ် .."

"ရသွားရောလား .."

"ရတာပေါ့ .. သူ့အဘိုးကလည်း သူ့မြေးကိုမြင်နေရတော့ သေသွားပြီမှန်းတောင် မသိဘူး၊ တခြားလူတွေလည်း ရုတ်တရက် မသိကြဘူးပေါ့ .. အဲဒီတုန်းက အဘတို့ပြောတာတော့ ဒီနေရာတွေမှာ ရွာဆိုတာ သတ်သတ်မှတ်မှတ်မရှိခဲ့ဘူးတဲ့၊ ဒီလိုပဲ တစ်ဦးပြီးတစ်ဦး ရောက်လာကြပြီး ကိုယ်နေမယ့်နေရာလေး မြေညှိခြံရှင်းနဲ့ပေါ့ .."

"ခုဆို မြေတစ်ကွက်ကို သိန်းရာချီပြီးတန်နေပြီ .."

"ငါ့မြေနှစ်ကွက်ရှိတယ်လေ .."

"မြို့မှာပြောပါတယ် .."

"ရှင်းရှင်းပြောပါလား .."

အရေးထဲမှာ ခတ်တိုင် နဲ့ လှည့်ရန်ဖြစ်ရသေးသည်။ ဒေါ်ညို က ဂေါ်ဖီပန်းပွင့်ခြွေနေရင်းဆက်၍ ..၊

"အဲ့ဒီမိန်းကလေးရဲ့အလောင်း ပုတ်ပွနေမှ ရွာသားတစ်ချို့ကတွေ့ပြီး ဘိုးအေကို သတင်းလာပေးတယ်၊ အဘိုးက မယုံဘူး၊ ငါ့မြေး ခုတင်ပဲ ငါ့ကို ထမင်းကျွေးနေသေးတယ်တဲ့၊ ညက ဆေးလိမ်းပေးထားတာလည်းရှိတယ်ဆိုပြီး သူပြောပြတာတွေကြည့်တော့ အားလုံးက မျက်လုံးမမြင်တဲ့သူ မလုပ်နိုင်တာတွေချည်းပဲတဲ့၊ ဒီထဲမှာ တောင်ကြားရောက်တဲ့ခွန်ထိ ရေခပ်ခပ်ကြရတာကို .. အဘိုး ရောယ်လိုလုပ်ခပ်နိုင်မှာလဲဆိုတာ အသိသာဆုံးပဲ .."

www.burmeseclassic.com

www.burmeseclassic.com



"ပြောပါဦး အစ်မ .. အဲဒါနဲ့ သရဲစခန်းဘယ်လိုဖွင့်ကြတာလဲ .."

"ဒေါ်လေးက ခုမှ မေးဖို့သတိရတာလား .."

"ငါလည်း ခုမှ သိရတာရှိလို့ပေါ့ .. ဟင် .. အစ်မ ပြောစမ်းပါ"

ထားခင် က လှည့်အော်ရင်း အစ်မကိုလည်း ပြန်မေးသေးသည်။

"သြော် .. အဲ့ဒီမှာ အနူး သရဲဖြစ်နေမှန်းသိကုန်ကြတာပေါ့၊ ပြီးတော့ အဘိုးကပြောတယ်၊ ငါ့မြေးရဲ့ သူငယ်ချင်းတောင် ငါ့ကို ဝိုင်းနှိပ်ပေးကြသေးတယ်တဲ့၊ အဘိုး ရွှင်ရွှင်ပျပျနဲ့ ကျန်းမာရေးပိုကောင်းလာတာလည်း မြင်ရတော့ အံ့သြကုန်ကြတယ်လေ .."

"လက်စသတ်တော့ အဲ့ဒီလိုနည်းနဲ့ ကောင်းမှန်းသိသွားကြတာကိုး .."

"အမ်ပျော်အပျက်မပြောနဲ့ သား .. သရဲဆိုတာ လူတွေက နေရာပေး မှ နေခွင့်ရတာ၊ လူတွေကသိကုန်တော့ သူတို့ကို နှင်မှာစိုးလို့ အနူး က စကားမပြောတတ်တဲ့ ကလေးမလေးတစ်ယောက်ကို ဝင်ပူးပြီး တောင်းပန်တယ်တဲ့ .."

"ဘာတဲ့လဲ အစ်မ .."

"သူတို့ကို နှင်မထုတ်ဖို့ပေါ့ .. ဒုက္ခမပေးပါဘူး၊ တတ်နိုင်သမျှ ကူညီပါ့မယ်ဆိုပြီး .."

"သနားပါတယ်နော် .. သူ့အဘိုးမသေခင်တော့ စောင့်ရှောက်သွားချင်မှာပေါ့ .."

"အေးပေါ့ .. နောက်ပြီး နေရာမရှိ စားစရာမရှိတဲ့ သူ့ပတ်ဝန်းကျင်က သရဲနှစ်ကောင်ကို ကျောထောက်နောက်ခံမရှိကြတဲ့ လင်မယား နှစ်ယောက်အိမ်ကိုပို့ပေးလိုက်တယ်တဲ့၊ အဲဒီ လင်မယားလည်း သားသမီး မမွေးနိုင်ပေမယ့် သားတွေသမီးတွေနဲ့နေရသလို အကူအညီလည်း ရ .. ရိုက်တာပျိုးတာတွေလည်း ဖြစ်ထွန်းလို့ အဆင်ပြေသွားကြတယ်.."

"ပုံပြင်တွေ နားထောင်နေရသလိုပဲ .."



"နင်တို့ကို ဆွဲကိုင်မပြနိုင်တော့ ထင်ချင်သလိုထင်ပေါ့၊ ဒါပေမယ့် ဒီနေ့ထိ သရဲဒုက္ခပေးလို့ ပြောင်းဆန်နေပါတယ်ဆိုတာ ငါတို့ရွာမှာ ကြားဖူးခဲ့သလား .."

"အခု ကျွန်တော်လေ .."

"ဖြစ်ရလေ ငါ့သားရယ် .. မင်း ဘာလုပ်ခဲ့သလဲ ပြန်တွေးပါဦး.."

"အရွယ်ရောက်လို့ ရည်းစားထားတာ အပြစ်လား အမေရာ .. ပြီးတော့ ဟိုတုန်းကခေတ်လည်းမဟုတ်တော့ပါဘူး၊ ပိုက်ဆံချမ်းသာရင် မြို့က စက်တွေဝယ်ပြီး လယ်ထွန်လို့ရနေပြီ ဘယ်နေရာမှာ သရဲလိုသလဲ .."

"ဟုတ်သားပဲ ဒေါ်ကြီးညို ကလည်း ဒေါ်ကြီးညို တောင် သရဲမမွေးဘဲနဲ့ .."

"အေး .. ငါ့ကိုလည်း နေခွင့်တောင်းနေတာကြာပြီ .."

"ဟမ်!..."

"ဘယ်လို ဒေါ်ကြီး .."

"ဟုတ်လား .. အမေ့ကိုလာပြောနေတာ ဘယ်ကောင်လဲ .."

"ဘယ်လိုလုပ်သိမှာတုံး .. အိပ်မက်လိုလို တကယ်လိုလို ငါတော့ ငါ့ကိုယ်ငါ အိပ်မပျော်သေးဘူးထင်တာပဲ .. လာလာပြောတာ ငါးခါ လောက်ရှိပြီ .."

ခာတ်တိုင် ဟိုကြည့်ဒီကြည့်ဖြစ်သွားသည်။ မိုးခြိမ့် မျက်နှာရှုံ့မဲ့သွား၏။ သရဲကို စိတ်တိုနေလို့သာ ပြောနေမိပေမယ့် 'တစ်ကျောင်းတစ်ဂါထာ တစ်ရွာတစ်ပုဒ်ဆန်း' ဆိုတာမျိုးက ဘာနဲ့မှ တုတ်နှောင်သတ်မှတ်ထားတာမဟုတ်သလို အလွယ်တကူပြောင်းလဲနိုင်ဖို့လည်း မလွယ်ပေ ..။

"ကဲ့ယ့်ကို အန္တရာယ်ပေးမှာမဟုတ်ဘဲနဲ့ အစ်မရယ်၊ အိမ်ရှေ့မှာ သည်း ဆိတ်ဖလူးပင်ကြီးရှိနေတာ သူများတွေလိုပဲ အိမ်မှာချကြပြုတ် သေးကြောတဲ့ အညှီအဟောက်လေးတွေ သွားလောင်းပေးလိုက်ရင် ရတာ



www.burmeseclassic.com

www.burmeseclassic.com



ပဲဥစ္စာ ..”

“အညှီအဟောက်ဆေးရေလေးပဲ မဟုတ်ပါဘူး၊ အောင်ကြီးတို့ဆိုရင် မုန့်တိုင်း ကို အမဲသားကျွေးကြတာတဲ့၊ ဦးပေါ်တို့ သားအဖတွေလည်း သရဲနေတဲ့ မန်ကျည်းငုတ်ကို ရွာထဲမှာ အသားပေါ်တိုင်း သွေးယူပြီး လော်င်းပေးတာ ..”

“အဲဒါပြောမနေစမ်းပါနဲ့ .. လူချင်းအတူတူတောင် ပြောင်ဖူးဆုပ်ပဲစားတဲ့ လူနဲ့ ဆန်စားနိုင်တဲ့လူ ကွဲသေးတာပဲ၊ တစ်ချို့က အသားမစားဘူး ငါးပဲစားတယ်၊ တစ်ချို့ကျတော့ သတ်သက်လွတ်စားတယ်၊ တစ်ချို့ဆို အသားငါးမှ မပါရင် ..”

“တော်ပါတော့ ခေါ်လေးရာ .. တစ်ချို့တွေ ဟန်းဇ်ထွက်လာတာ ပြီးမပြီးနိုင်တော့ဘူး ..”

“နင့်အမေကိုပြောချင်တာလေ၊ တော်ကြာ ကိုယ့်အိမ်မှာ သရဲမရှိလို့ တခြားသရဲက လူပါးလာဝတာခံရဦးမယ် ..”

“ဟား .. ဟား .. ဟား ..”

“ဘာရယ်တာလဲ ခတ်တိုင်၊ နင်ကလေ လူကရှည်သလောက် ပါးစပ်ကပြဲတယ်၊ ပါးစပ်ပြဲသလောက် ရယ်လိုက်ရင်လည်း ဆင်မ တစ်ခါ ဝင်မွေးလို့ရတယ် ..”

“ဟား .. ဟား .. ဟား ..”

ပြောလိုက်ကာမှ နာရမှန်းမသိတဲ့အပြင် ပိုအော်လိုက်သေးသည်။ ထားခင် စိတ်တိုလာသဖြင့် ခတ်တိုင် ပခုံးကို ဖြောင်းခနဲ ရိုက်ပစ်လိုက်ပြီး ..၊

“အဲဒါ ရယ်ဦး .. ကဲ .. ငါ မပြောလိုက်ချင်ဘူး ..”

“ရယ်မှာပေါ့ .. ဟီး .. ဟီး .. ခေါ်လေး ပြောသလိုဆို သရဲချင်း ဖိုက်(တ်)နိုင်းရတော့မလိုလို ..”

“မဟုတ်ဘူးလေ .. သူ့နေရာနဲ့သူ လိုအပ်တာတော့ ရှိလာဦးမှာ



ပေါ့ ..”

“လိုစရာအကြောင်းမရှိပါဘူး .. ခေါ်ကြီးညို မှာ ညီမအရင်းခေါက်ခေါက်ကြီးရှိတယ်၊ သူ့သားရယ် သားကွဲသို့ ခတ်တိုင်လို သူတော်ကောင်းလေးရယ်ရှိ .. ဟီး .. ဟီ .. ဟီး .. ရှိတာပဲလို့ ..”

“ဖြောင်း ..”

“သေပါပြီဗျာ ..”

ငြေ က ခတ်တိုင် ကျောကုန်းကြီးကို မညှာမတာရိုက်ပစ်လိုက်ပြီးမှ ခပ်တည်တည် ..။

“ဟုတ်တယ်လို့ ထောက်ခံပေးတာ ..”

“သေနာ .. သရဲနဲ့ နပမ်းလုံးခဲ့တာတောင် ဒီလောက်မနာဘူး ..”

“ဘာ .. မင်းက ..”

“မိုးခြိမ်နဲ့ လုံးခဲ့တာကိုပြောတာ ..”

“ဟား .. ဟား .. ဟာ ..”

အားလုံးရယ်မောနေကြပေမယ့် ခတ်တိုင် ရှုံ့မဲ့နေဆဲ ..။

♣

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၇)

"အင်း .. ဒီည လပြည့်ညဖြစ်တာတောင် လမသာဘူးနော် .."

"ဆယ့်နှစ်လရာသီမှာ တန်ဆောင်မုန်းလပြည့်က အသာဆုံးပဲတဲ့ကွ .. ဒါပေမယ့် .. အဲ .."

"ဘာလဲ .. တွံတေးသိန်းတန် ပူးသွားတာလား .."

လပြည့်ညမှာ လူငယ်တွေစုမိပြီး သာယာနေကြသည်။ မိုးခြိမ့် က ဓာတ်တိုင်ကို သွားခေါ်နေသဖြင့် အဖွဲ့ထဲမှာ မပါသေးဘဲ ငြေ နဲ့ ကျောက်ဒိုး တို့က ကိုယ့်အိမ်က လက်သုပ်စုံတွေယူလာပြီး မိုးခြိမ့် တို့ ခြံထဲမှာ ဝိုင်းဖွဲ့နေကြတာဖြစ်သည်။

"အဟမ်း .. ငါပြောချင်တာက တန်ဆောင်မုန်းလတောင်မှ လ,မမြင်ခဲ့ရတာ ဘယ်နှစ်နှစ်ရှိပြီလဲ .. အဲ့ဒီတော့ အခု ဖြာသိုလ .."

"ဟော့ကောင် ပြီးခဲ့တဲ့ တန်ဆောင်မုန်းလက လအကြီးကြီးသာသွားတယ်လေကွာ .."

"အဲဒါ ဘယ်လောက်တောင် အုတ်ဩော်သောင်းနင်းဖြစ်သွားလဲ မင်းသိလို့လား .."



ကျောက်ဒိုး က ခေါင်းခါ၏။

"မသိဘူး .. ဘယ်မှာဘာတွေဖြစ်လို့လဲ .."

"ဆရာတော် မန္တလေးက ပြန်ကြွလာတုန်းက ပြောတယ်လေ၊ မြို့မှာ အင်တာနက်ဆိုတာတွေ ခေတ်စားနေလိုက်တာ တန်ဆောင်မုန်းလမှာ လသာမယ်ဆိုတာတောင် အင်တာနက်ကနေ ကြော်ငြာနေတယ်တဲ့ .."

"ဟုတ်လား .."

"အရူးတွေလားကွ .. လပြည့်မှာ လသာတာ ဆန်းတာကျလို့ .."

"လပြည့်တိုင်း လမသာတော့ဘူးလေ .. ဆယ့်နှစ်ရာသီစလုံး မိုးတွေချည်းရွာပြီး မှန်တိုင်းတွေ ဆက်တိုက်အသံပေးနေလို့ ဘယ်လမှ လမသာတော့ဘူး .."

"သာတော့သာတယ် လုပ်လိုက် .."

"သာတယ်လေ .. အဲဒါကြောင့်ပြောတာပေါ့၊ အခု တန်ဆောင်မုန်းလမှာ လသာသွားတာကို အထူးတဆန်းဓာတ်ပုံတွေရိုက်နေကြပါတယ်ဆိုမှ .. ပြီးတော့ .."

"ဘာရှိသေးလို့လဲ .."

ကျောက်ဒိုး က မေးသလိုလိုနှင့် မယ်ဇလီဖူးသုပ်ကို လှမ်းနှိုက်သည်။ ငြေ က လက်ကို ဖက်ခနဲရိုက်လိုက်ပြီး ..၊

"မငတ်နဲ့ လူမစုံသေးဘူး .."

"လူစုံရင် ငါ့ဟာနှိုက်ကြပေါ့ကွာ .."

"ခုလည်း ကိုယ့်ဟာကိုယ်နှိုက်မြည်းလိုက် .. အတူတူပဲ .."

"မင့်အစ်မဟာ ပိုကောင်းလို့ပါ .."

"ကျောက်ဒိုး .. မင်းနော် .."

"မယ်ဇလီဖူးသုပ်ထားတာကိုပြောတာပါ .. မင့်အစ်မညစ္စာက .."

"ဒေါက် ..."

www.burmeseclassic.com

www.burmeseclassic.com



ငြေ က မြန်သည်။ ကျောင်းဆရာလက်ထက်ပြင်းသော လက်ဆစ်တွေက ကျောက်ဒိုး ခေါင်းပေါ် ဒေါက်ခနဲ ..။

"စကားကောင်းပြောနေရင် အငတ်ပြဿနာမရှင်းချင်ဘူး .."

"လုပ်ပါ .. အေးပါ .. ငတ်တယ်ဘာအပြောခံရတယ် စားလည်းမစားရဲဘဲနဲ့ .."

"ကဲ .. ပြောစမ်းပါကွာ .. လပြည့်တာကို ခတ်ပုံတွေရိုက်ပြီး ထူးဆန်းနေကြတယ်၊ နောက်ပြီးတော့ ဆိုတာက ဘာလဲ .. ဆက်ပြော .."

"အဟမ်း ..."

ငြေ က ဆရာတော်ကြီးကို ခရီးတစ်ထောက်ထိလိုက်ပို့ကြ သွားကြိုကြသည့်ထဲမှာ ပါခဲ့တဲ့သူမို့ မြို့မှာ ဆီးချိုရောဂါသွားကုပြီး ပြန်ကြွလာတော့လည်း သူပဲ အနီးကပ်သွားရောက်ပြီး ပြုစုနေခဲ့တာဖြစ်သည်။

ထို့ကြောင့် ဆရာတော်ကြီးနဲ့ လူကြီးတွေ ပြောဆိုမိန့်ကြားသမျှကို ကြားခဲ့ရသည်ဖြစ်ရာ မေးလိုက်ကာမှ ချောင်းတစ်ချက်ဟန့်ပြီး လည်ချောင်းရှင်း၏။

"ပုံစံကတော့ မပြောချင်ဘူး .. ဟွန်း .."

ကျောက်ဒိုး က ခေါင်းပွတ်ရင်း မွစိရေရွတ်၏။ ငြေ က မီးတိုင်က မီးရောင်နှင့် မြင်သာအောင် မျက်နှာမော့ပြီးမှ ပြုံးလိုက်ရင်း ..၊

"မင်းတို့မသိလို့ မြို့ကြီးတွေမှာ တော်တော်အခြေအနေဆိုးနေတာတဲ့ .."

"ဟေ .. ဘာတုန်းဟ .."

"ဘယ်လိုတွေဆိုးတာတုန်း .."

"ခေတ်မီတိုးတက်မှုတွေများလွန်းပြီး လူတွေလည်း တိုးတက်နှုန်းထက် ပျက်စီးနှုန်းက များနေတာတဲ့ .."

"အဲဒါ လသာတာ မသာတာနဲ့ ဆိုင်လို့လား .."

"ပြောင်းလဲကုန်တာလေ .. အဲဒါတွေကစပြီးပြောင်းလဲကုန်တာ၊



ခင်းတို့ပဲ စဉ်းစားကြည့်ကြ တစ်နှစ်ကုန်ပြီး တစ်နှစ်လာတာမဟုတ်ဘူးလား .."

"အေးလေ .."

"အဲဒါကို လမ်းဘေး အိမ်ရှေ့တွေမှာ ကြော်လှော်ချက်ပြုတ်စားရင်း သန်းခေါင်ယံဆယ့်နှစ်နာရီထိစောင့်တယ် .."

"ဟုတ်လား .. ဘာကိုတုန်း .."

"ဆယ့်နှစ်နာရီထိုးတာကို စောင့်ပါတယ်ဆိုမှ .."

"ဘာလုပ်ဖို့တုန်း .."

"ငါ အော်ပြမယ် .."

ဟု ပြောလိုက်ပြီး ငြေ က happy new year လို့ မပီမသအော်ချလိုက်တာ ကျယ်ကျယ်လောင်လောင် ..။

"ခုတ် .. ခုတ် .."

"ဂလောက် ..."

အော်သံရဲ့ နောက်မှာ တံခါးဖွင့်သံ မင်းတုတ်ဖြုတ်သံတွေ ဟိုကဒီကနေ ထွက်ပေါ်လာပြီး ပြတင်းပေါက်တွေပွင့် မီးရောင်တွေ ဖြာထွက်လာခဲ့လျက် ..၊

"ဘယ်သူတုံး .. ဘာဖြစ်ကြတာတုံး .."

"မိုးခြိမ့် ရေ .. ငြေ ဘာဖြစ်သွားတာတုံး .."

"ခိ .. ခိ .. ခိ .."

"ဟီး .. ဟီး .. ဟီး .."

လူကြီးတွေ အလျှိုအလျှိုထွက်လာကြသည်နှင့် သူတို့ပါးစပ်ပိတ်ရယ်မိလျက် ..၊

"ရှင်းလိုက်တော့ ငြေ .."

"ငါ့ကို အရင်ရှင်းစမ်းပါကွ .. အဲ့ဒါ အင်္ဂလိပ်လို အော်ကြသလား .. ဘာတဲ့တုံး .."

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်လေ .. ဟက်ပီးနယူးရီးယားတဲ့ နှစ်သစ်ကိုကြိုဆိုပါသည် ပျော်ရွှင်စရာနှစ်သစ်ပါ အဲ့ဒါတွေပေါ့ကွာ .."

ဝိုင်းထိုင်နေကြသည့်ထဲမှာ အင်္ဂလိပ်စာမတတ်သည့်လူတွေပါသောကြောင့် ငြေ က ပြန်ရှင်းပြရင်း ..၊

"ဒေါ်လေး ဘာမှမဟုတ်ဘူး .. ဒီကောင်တွေ ကျွန်တော့်ကို အသံဝင်နေတယ်ဆိုလို့ မဝင်ကြောင်းအော်ပြလိုက်တာ .."

ဒေါ်ညို နဲ့ ထားခင် ထွက်လာကြတာကိုမြင်ကာ အနားမချောက်ခင် လှမ်းပြောလိုက်၏။

"ဘာမှမဟုတ်ဘူး ဒေါ်လေး .. အေးဆေး .."

"အသံမဝင်ကြောင်း အော်ပြတာ ဟုတ်လား .."

"တော်တော်ရှုပ်တဲ့ကလေးတွေကွယ် .. ညမှုညတာကြီး ဒီလောက်အော်ရယားဟဲ့ .. ဘယ်မှာလဲ မိုးခြိမ့် ရှိလား .."

"ရှိတယ် .."

"ရှိတယ် ဒေါ်ကြီးညို .."

အသံတွေ နှစ်သံသုံးသံလှမ်းအော်လိုက်သဖြင့် ဒေါ်ညို တို့ ပြန်လှည့်သွားကြ၏။

"တော်ပါသေးရဲ့ အဟီး .."

"ဟိုကောင်တွေလည်း ဘာလုပ်နေတာလဲ .. ဒီလောက်ကြာအောင်"

"အေးလေ .. မိန်းကလေးသာပါရင် ကလေးနှစ်ယောက်လောက်မွေးလို့ရနေပြီ .."

"ဟေ့ကောင် မညစ်ပတ်နဲ့နော် .."

"ဘာဖြစ်တာလဲဟေ့ .. မိညို .."

"နင့်အိမ်ရှေ့ကလား မိညို .."

"ဟုတ်တယ် ဘမိုး ရေ .. မိုးခြိမ့် တို့ အုပ်စုပဲ၊ ဘာမှမဟုတ်ဘူး အလကား .."



လူကြီးချင်း သတင်းပေးနေကြသဖြင့် သူတို့ခေါင်းငြိမ်၍ လိမ္မာပေးလိုက်သည်။ ပြီးမှ သက်ပြင်းကိုယ်စီချ၍ ..၊

"နောက်ထပ် ဘယ်လိုတိုင်းတဲ့ ဒေးဆိုတာ အဲဒါတော့ ငါမခေါ်တတ်ဘူး၊ ဟိုကွာ .. ချစ်သူတွေနေ့တဲ့ .."

"ဟော!..."

"အဲဒီနေ့မှာ ရည်းစားထားလို့ရတယ်ပေါ့ .."

"ဟာ .. အဲ့လိုမဟုတ်လောက်ပါဘူး .. ချစ်သူတွေနေ့ဆိုတော့ သူတို့နေ့မှာ သူတို့ချင်း ထင်ရာလုပ်လို့ရတာကိုပြောတာဖြစ်မယ် .. ဟုတ်လား .."

"မသိဘူး .. အဲဒါတော့ ဘုန်းဘုန်းမပြောဘူး၊ ပြီးတော့ 'ဟောလီးဝမ်' ဆိုလား .. မျက်နှာမှာ မျက်နှာဖုံးတွေစွပ်ပြီး ပျော်ကြပါးကြတာ၊ သရဲနေ့လို့ခေါ်တာထင်တယ်တဲ့၊ ဘုန်းဘုန်းတောင် သေချာမသိဘူး၊ ပြီးတော့ အဖေနေ့ အမေနေ့ .."

"ဟုတ်လား အဖေနေ့ အမေနေ့တွေလည်း ရှိတယ်ပေါ့ .."

"တော်တော့ ကြွက်တိုး .. မင်းထင်တဲ့ ထင်ရာလုပ်တဲ့ကိစ္စကြီးက ကြားမကောင်းဘူး .."

"မင်းလည်း မသိဘူးမို့လား .. ငါလည်းငါထင်တာ တွေးကြည့်တာလေ၊ ဘာမှလုပ်ခွင့်မရှိရင် ဘာလို့ သူတို့နေ့တွေ သတ်မှတ်ထားတာလဲလို့ .. ကိုင်း .."

"မသိဘူး .."

"မသိဘဲနဲ့များ .."

"ဘုန်းဘုန်းက အဲဒါတွေကို ပြောချင်တာမဟုတ်ဘူးကွ .. ပျော်ပွဲရွှင်ပွဲတွေကို သူများနိုင်ငံက ဘာအထိမ်းအမှတ်နဲ့ ကျင်းပမှန်းတောင် တစ်ချို့က သေချာမသိဘဲနဲ့ အကုန်လိုက်လုပ်နေကြတာကို ညည်းနေတာ၊ အဖေနေ့ အမေနေ့မှာ ဘယ်လိုသတိရကြသလဲတော့ မသိဘူးတဲ့ .. ပျော်ပွဲ

www.burmeseclassic.com

www.burmeseclassic.com



ရှင်ပွဲတွေအတွက်ဆို အကုန်ခံလိုက်ကြတာ အံ့သြလောက်တယ်တဲ့ ..”

“ဟုတ်လား .. ဘုန်းဘုန်းက ငါတို့ထက်တောင် ဗဟုသုတတိုးနေသေးတယ်နော် .. ဆေးရုံမှာ ခဏခဏဆေးသွားကုနေရတော့ ဟုတ်မှာပေါ့ ..”

“သံဃာတွေချည်းပေမယ့် မြို့က သံဃာတော်တွေကတော့ အနားမှာ ကျောင်းသားတွေပါတယ်လေ၊ အဲ့ဒီကျောင်းသားတွေက ဖုန်းတစ်လုံးနဲ့ မျက်နှာမခွာလို့ ‘ပြောလှချေလား’ လို့ မေးမိရင်းနဲ့ မြို့ကအကြောင်းတွေ ပြောဖြစ်ကြတာတဲ့ ..”

“ဘာပဲဖြစ်ဖြစ် ငါတော့ စိတ်ဝင်စားတယ်ကွာ .. တော်တော်ပျော်ဖို့ကောင်းမှာပဲ ..”

ကျော်ဒိုး က တမ်းတမ်းတတပြောပြီး ခေါင်းပါခါနေသည်။

“ဒါပေမယ့် ငါတို့ဘုန်းဘုန်းကတော့ ကိုယ့်ရွာပြန်ရောက်မှာပဲ အေးချမ်းမှုကိုရတော့တယ်တဲ့၊ ပြီးတော့ ပြောသေးတယ် .. နောက်ထပ်ဆေးကုဖို့သွားရဦးမှာပေမယ့် ရွာက ဘယ်သူ့ကိုမှ မခေါ်သွားတော့ဘူးတဲ့ သူ့ကပ္ပိယနဲ့ပဲ သွားမယ်တဲ့ ..”

“ဘာဖြစ်လို့တုန်း ..”

“လွတ်ကုန်မှာစိုးလို့တဲ့ ..”

“ဟင် .. ဘာလွတ်မှာလဲ ..”

“အဲဒါတော့ မသိဘူး ..”

ငြေ က ပြောချင်တာပြောပြီးတာနှင့် အသုပ်ပန်းကန်ဆီအကြည့်ရောက်သွားသည်။ ပြီးတော့ တိမ်တွေပါးလျသွားသဖြင့် အလင်းရောင်နဲ့ ပြန်လင်းလာသည့် ကောင်းကင်ကို မော့ကြည့်လိုက်ကာ ..။

“ခုနေ လထွက်လာရင်ကောင်းမှာ ..”

“ဟုတ်ပကွာ .. လပြည့်လလေးသာ ကြည်ကြည်လင်လင်ထွက်လာလို့ကတော့ ဒီမီးလုံးလောက်ကို သနားတယ် ..”



“ဟုတ်တယ် .. မိုးခြိမ့် နဲ့ ခတ်တိုင်တို့လည်း လင်းလင်းချင်းချင်းသွားလာလို့ရမှာ .. ငါထင်တယ် ဒီကောင်တွေလည်း စားစရာတစ်ခုခုလုပ်နေတာပဲဖြစ်မှာ ..”

“ထင်မှာပေါ့ မင်းက စားချင်နေတာကိုး ..”

ကြွက်တိုး က မိုက်ပွတ်ပြီး ဟဲခနဲရယ်သည်။

“စောင့်ရင်းနဲ့ ပိုပိုပြီးဆာလာပြီကွ .. မင်းနဲ့ ကျောက်ဒိုးဟာလောက်နဲ့ မရတော့ဘူး ..”

“မပူနဲ့ မိုးခြိမ့် နဲ့ ခတ်တိုင် တို့ဟာ လာတော့မှာ .. အဝစားလို့ရတယ် ..”

“မသာ ...”

ကြွက်တိုး တစ်တစ်ခွခွဆဲလေသည်။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၈)

"တောက် .. မသာခွေးတွေကလည်း ဆူလိုက်တာ .."

"ဆဲမနေနဲ့ .. သွားရလာရတာ အန္တရာယ်များရတဲ့အထဲ .."

မိုးခြိမ့် နဲ့ ဓာတ်တိုင် စကားတောင် ကျယ်ကျယ်မပြောရဲဘဲ ရှေ့ကို ခပ်စမ်းစမ်းတိုးနေရသည်။ နီကြာ တို့ သရက်ခြံကြီးတွေနား ကပ်လာမိ လေ သစ်ရွက်သစ်ခက်တွေက ဒုက္ခပေးလေ ..။

အောင်ကြီး တို့က သရက်ခြံကြီးတွေ သုံးခြံလောက်ပိုင်ကာ ရွာနီး ချုပ်စပ်ကို ဖြန့်ဝေရောင်းချခြင်းဖြင့် အဆင်ပြေနေကြ၏။ အစက ရွာလယ် ခေါင်မှာနေကြပေမယ့် သူတို့မောင်နှမတွေ လက်ထက်ကျမှ ခြံတွေကြား ထဲ ပြောင်းသွားကြတာဖြစ်သည်။

အစက ခြံစောင့်အိမ်ပုံစံလေးဆောက်နေကြပြီး တဖြည်းဖြည်းပြုပြင် ပြောင်းလဲရင်း ပျဉ်ထောင်အိမ်အကြီးကြီးဖြစ်သွားခဲ့သည်။

ခြံထဲကိုမပြောနှင့် သရက်ခြံတွေရဲ့အနီးဝန်းကျင်မှာတောင် သူတို့ ရဲ့ စားပင်သီးနှံတွေကို အကွက်ချစိုက်ပျိုးထားကြပြီး ရွာပြင်မကျတကျ နေရာတွေကို သူတို့အပိုင်တွေချည်း အရယူထားခဲ့ကြသည်။



ထို့ကြောင့် နီကြာ့ ဆီကိုသာလာခဲ့ရသည် ခြံကြီးနားကိုကပ်နိုင်ဖို့ နေနေသာသာ သီးနှံစိုက်ခင်းတွေနားကပ်ရတာတောင် ခြံစောင့်ရဲ့ ဓာတ်မီး ရောင်နဲ့ တည့်တည့်မတိုးအောင် သတိကြီးစွာထားနေရသည်။

ကြောက်တတ်သော ဓာတ်တိုင် အတွက်ကတော့ ခြေရော လက်ရော အနားမရသည့်ပြင် လှုပ်လှုပ်မြင်တိုင်း လိုက်ကြည့်ရ နားစွင့်ရနှင့် ကြောက် စိတ်ကြောင့် အာခေါင်တွေလည်း ခြောက်ကွဲလာခဲ့၏။

"မင်းကလည်း ဟိုကခေါ်တယ်ဆိုတာနဲ့ တန်းလှည့်လာတာပဲ မိုးခြိမ့် ရာ .. ငြေ တို့ အုပ်စုကို ဒီနားမှာဖြန့်ပြီး စောင့်ခိုင်းထားရင် ဘယ်လောက်အားကိုးရလိုက်မလဲ .."

"မိန်းမခိုးတာ အားကိုးရှိမှ ခိုးရမလားကွ .. မြည်တွန်တောက်တီး မနေနဲ့ကွာ .. မင်းကို မလိုက်ချင်နေခဲ့လို့ ငါပြောပြီးသား .."

"ငါမှ မနေခဲ့ရဲတာ .."

"ဒါဆို ပါးစပ်ပိတ်နေတော့ .."

ဓာတ်တိုင် ပါးစပ်ပိတ်သွားပေမယ့် ဘုရားစာတွေတော့ စိတ်ထဲ က ဆိုနေမိ၏။ ဒီည လပြည့်ညမို့ ငြေ တို့ကလည်း မယ်ဇလီဖူးသုပ် လာကြမည်ဆိုသောကြောင့် သူလည်း အမေသုပ်ထည့်ပေးလိုက်သည့် ပဲကြမ်းကြော်သုပ်လေးကို ချိုင့်လေးထဲထည့်ပြီး ပုဆိုးနဲ့ အထပ်ထပ်အုပ် ၍ သယ်လာခဲ့သည်။

သူ ဘယ်လောက်ကြောက်နေနေ အနားမှာ သူငယ်ချင်းတွေရှိနေ လျှင် ဒါမှမဟုတ် မိုးခြိမ့် ရှိနေရင် မကြောက်တော့ပေ ..။ သို့သော် ခုဟာကတော့ သွားမြဲနေကျ လမ်းမဟုတ်ပေ ..။

အဲဒီ နီကြာ ဆိုတဲ့ ဟာလေးကရော ယောကျ်ားနောက်လိုက်ဖို့ကို ကြီးကို ဘာဖြစ်လို့ ညကျမှ ဖုတ်ပူမီးတိုက်လုပ်မ်းအကြောင်းကြားရတာ လဲ ..။

"နေစမ်းပါဦး .. ငါတို့က ဒီည မင်းတို့အိမ်ရှေ့မှာ ပျော်ကြပါးကြ ဖို့ စီစဉ်နေကြတာ၊ အခု နီကြာ့ ဆီက ဖိုးဝင်း လာပြောတာနဲ့ မိန်းမခိုးရ

www.burmeseclassic.com

www.burmeseclassic.com



ဗို့ ဖြစ်သွားပြီ .."

"အဲဒါ ဘာဖြစ်လဲ .."

"ဘယ်ကိုပြေးကြမှာလဲ ဘာတွေယူသွားမှာလဲ .. မင်းမှာ လက်ချည်း သက်သက်နဲ့ .."

"ငါ့ဘာသာ ဘာပါလာလာ မလာလာ ပူမနေစမ်းပါနဲ့၊ အခု လောလောဆယ် မင်း ဒီနားမှာနေခဲ့ .."

"ဘာ ..."

"မှဟုတ်ကောင် .."

မာတ်တိုင် ရဲ့ 'ဘာ' သံကြီးကြောင့် ပြဲသွားသည့် ပါးစပ်ကြီးကို ကမန်းကတန်း လက်နဲ့ဖမ်းအုပ်လိုက်ရကာ ..၊

"မနေချင်လိုက်ခဲ့လေ၊ ဘာဖြစ်လို့ ပြဲသလောက်အော်ရတာလဲ .."

"မင်း ပြောရက်လို့လေ .."

လက်ကိုဆောင့်ဆွဲဖယ်ချပြီး ခပ်ကြိုကြိုတ်ပြန်အော်ကာ ..၊

"မနေရဲလို့ ဒီထိလိုက်လာတာကို မင်းမို့ .."

"ပါးစပ်ပိတ်တော့ .."

မိုးခြိမ့် က ရှေ့ကိုပဲ အာရုံစိုက်နားစွံ၍ တလှမ်းချင်းတိုးသွားနေကာ ..၊

"မာတ်ခိုး လုံးဝမဖွင့်နဲ့နော် .. မှတ် နီတြာ အချက်မပြသေးဘူး"

"အစ်ကိုတွေ ဒီလောက်ဝိုင်းနေတာ ဘယ်လိုလုပ် အချက်ပြရမှာ လဲ .. လိုက်ပြေးဖို့များ ဘယ်လိုများ စဉ်းစားသလဲ မသိဘူး .. အံ့ပါ့ .."

"တိတ်တိတ်နေစမ်း .."

သူတို့အသံတွေ တိုးဟိုးသွားသည်နှင့် ခွေးအူသံတွေ ဘယ်ကမှန်း မသိဘဲ အနီးကရော အဝေးကပါ ဆူနေလေသည်။ ဒီအသံတွေကြောင့် သူတို့ရဲ့ စကားသံတွေ လှုပ်ရှားမှုတွေကို ဖုံးကွယ်ထားနိုင်သလို ဒီအသံ ကြောင့်ပဲ 'ခွေးတွေအူလှချေလား' ဆိုပြီး အောင်ကြီးတို့ ထွက်လာကြရင် ခက်မည်။



ဒါပေမယ့် ရှေ့မှာလည်း မီးရောင်တစ်စုံးတစ်စီမှ မမြင်ရသေး..။

"မိုးခြိမ့် .. အောင်ကြီးတို့ လုံးဝအေးဆေးဖြစ်နေတာတော့ သေချာ တယ်ကွ .. ခုထိ ခြံစောင့်မီးတောင်မမြင်ဘူး .."

"အဲ့ဒါကို ငါ သိပ်မကျေဘူး .. သတိထားလျှောက် .."

"မင်းက အထင်ကြီးလွန်းနေတာပါကွာ .. ဒီလူတွေ ညပိုင်းဆို သောက်စားပြီးမှ အိပ်တတ်တာ လူတိုင်းသိတယ်၊ နီတြာ ကလည်း အခွင့်အရေးရလို့သာ မင်းကို လာခိုးခိုင်းတာပေါ့ .."

"ခုကျတော့ နားလည်နေပြန်ပြီ .."

"မဟုတ်လို့လား .."

"တိုးတိုးပြောစမ်းပါ .."

သူတို့ သီးနှံစားပင်တွေ စင်တွေကြားထဲက ကိုင်းကွတိုးဝင်ခဲ့ရင်း သရက်ခြံကြီးတွေဆီ ရောက်လာခဲ့၏။

"အခြေအနေကောင်းသားပဲကွ .."

"နီတြာ ဘာအချက်မှ မပြတာ ငါ စိတ်ထင့်နေတာ .."

သူ ပြောလိုက်မှ မာတ်တိုင် တစ်စုံတစ်ခုကို တွေးမိသွား၏။

"ဖူကန္တ ငါတို့ကိုသတ်ချင်လို့ အောင်ကြီးတို့ လိမ်လိုက်တာများ လား .."

မိုးခြိမ့် ခြေလှမ်းတွေ တုံ့သွားခဲ့သည်။ သို့သော် မှောင်ထဲမှာ မာတ်တိုင် မြင်မှာမဟုတ်ပေမယ့် ခေါင်းခါလိုက်ရင်း ..၊

"ဖိုးဝင်း က ဇိတ်ချရတာယ်လို့ နီတြာ ပြောထားတယ်၊ မင်းပြော တာ မဖြစ်နိုင်ဘူး .."

"ဖိုးဝင်း လည်း ကြောက်အောင်ပြောရင် ကြောက်မှာပဲကွ .. သူလည်း မိန်းမ ရှာစားကို ကြောက်မှာပေါ့ .."

ဖြစ်နိုင်ပေမယ့် မဖြစ်နိုင်ဘူးပဲထင်သည်။ မဖြစ်နိုင်ဘူးထင်နေလျှင် နှင့် စိတ်တွေလေးနေခဲ့၏။

ထို့ပြင် ပတ်ဝန်းကျင်က ပို၍တိတ်ဆိတ်နေသဖြင့် မိုးရိမ်စိတ်တွေ

www.burmeseclassic.com

www.burmeseclassic.com



ကြီးစိုးလာခဲ့၏။

"ကိုကြီးမိုး မမနီတြာ က ခုချက်ချင်းလာခေါ်လို့ပါတဲ့၊ ဝိတောက်ပင်ဘက်က ထွက်ခဲ့မယ်တဲ့ .."

ဖိုးဝင်း ဒါပဲရေးကြီးသုတ်ပျာလာပြောသည်။ ပြီးတော့ နီတြာ မှာလိုက်မှန်းသိသာစေသော နှားကပ်လေးတစ်ဖက်ကို သူ့လက်ထဲထည့်သွားသည်။

"ကျွန်တော် မသိတော့ဘူး .. မမေးပါနဲ့တော့ဗျာ၊ ကိုကြီးမိုး ကို လိုက်ရှာနေရတာနဲ့ ရွာထဲမှာ ကျွန်တော် တော်တော်ကြာနေပြီ၊ ဦးအောင်ကြီး တို့သိရှင် သေမှာ .."

/လို့ ပြောကာ မေးမြန်းနေသည့် သူ့လက်ထဲက အတင်းပြန်ရုန်းပြီး ပြေးထွက်သွား၏။

ဒီကောင်လေးကို အောင်ကြီးတို့ ခိုင်းလိုက်တာမဖြစ်နိုင် ..။

♣



## အခန်း (၉)

"ပိတ် .. ဒီကောင့်ပါးစပ်ကို အသေပိတ်ထားစမ်း .."

"ဂူး .. ဂူး .."

"မြန်း ..."

"အင့် .."

"ဖောင်း .."

"နေဦး .."

အောင်ကြီး က တားဆီးလိုက်ကာ ..၊

"ဆံပင်ဆွဲမော့လိုက် .."

ပါးစပ်ကို ပိတ်ထားသည့်လက် ဖယ်လိုက်တော့ ဖိုးဝင်း ရဲ့ ပါးစပ်ထဲက သွေးတွေ ပလုတ်ကျင်းပြီး ထွေးချလိုက်သလို ပွက်ခနဲ ကျလာ၏။

"ဟား .. သွားတွေက ပါလာသေးတယ် .. ကိုင်းကွာ .."

"ဟေ့ကောင် ချက်ကြီး လွှန်မယ်ကွ .."

"မသိဘူးဗျာ .. ရွှံလိုက်တာ ထွီး .."

ချက်ကြီးက သွေးနဲ့ သွားတွေရောနေသော အပုံလိုက်ကို လက်ခါ

www.burmeseclassic.com

www.burmeseclassic.com



ထုတ်ပစ်ရင်း ရှုံ့မဲ့နေကာ ..၊

"ခွေးသူတောင်းစား စားပြီးနားမလည်တဲ့ကောင် ကိုင်းကွာ .."

"ခွပ် ..."

"ဘုန်း .."

"ဟာ .. ဒီကောင်တော့ကွာ .. ဟေ့ ချက်ကြီးကို အပြင်ခေါ်သွားစမ်း .."

အောင်ကြီး အမိန့်ပေးပေမယ့် လွှတ်လိုက်တာနှင့် ဘုန်းခနဲလဲကျသွားသည့် ဖိုးဝင်း ထံမှ ညည်းညူလှုပ်ရှားသံ တစ်စုံတစ်ရာမှ ထွက်မလာခဲ့တော့ပေ ..။

"တော်ရုံလုပ်ပါဆိုတာ ဒီကောင်နဲ့တော့ တကယ်ပဲ .."

"ချက်ကြီး မပြောနဲ့ ကျုပ်လည်း စိတ်မနည်းထိန်းနေရတာ .."

"သူက ခိုင်းလို့လုပ်ရတာပဲကွ .. နောက်တစ်ခါ လုပ်မပေးရဲအောင် ဆုံးမလိုက်ဆိုတာကို မင်းတို့လုပ်ပုံနဲ့ ဒေါ်ဝင်း နဲ့ ပြဿနာရှင်းရတော့မှာ သေချာတယ် .."

"ရှင်းရတော့ ဘာဖြစ်လဲကွာ .. ကိုယ်ကျွေးထားလို့ ထမင်းနပ်မှန်နေတာ သူ့ကိုပဲကြောက်ရဦးမှာလား .. ဟွန်း အိမ်ပေါ်ကတစ်ဃောက်ရှိသေးတယ်၊ ဒီလောက် လင်လိုချင်နေတဲ့ဟာလေး .. အသေကို ရိုက်သတ်ပစ်မယ် .."

"ဟေ့ .. ဟိတ်ကောင် တောင်ကြီး နေစမ်း .."

တားဆီးရင်း ပခုံးတစ်ဖက်ကိုပါ ခပ်ဆောင့်ဆောင့်ဆွဲလှည့်ပစ်မိကာ ..၊

"မင်းတို့ ဘယ်လိုဖြစ်နေကြတာလဲ .. သမီးတစ်ကောင် နွားတစ်ထောင့်တဲ့၊ ငါတို့က မိဘလိုကြည့်ရမှာလေ၊ နီတြာ က အရွယ်ရောက်နေပြီ ငါတို့က အိမ်ထောင်ချမပေးနိုင်ပေမယ့် သူလည်း သူချစ်တာကို လိုချင်မှာပဲ .."

"အဲဒါ မင်းက ပေးစားလိုက်ဖို့များ စိတ်ကူးနေတာလား .. ငါ့ညီမ



ကို ဘယ်ကောင်နဲ့မှ မပေးစားဘူး အောင်ကြီး၊ တားလို့မရရင် ခေါင်းဖြတ်ပြီး အိမ်ထုတ်တန်းမှာ ချိတ်ထားလိုက်မယ် .."

"တိုးတိုးပြောစမ်းကွာ .. ငါက ပေးစားဖို့ပြောနေတာမဟုတ်ဘူး မင်းတို့ နေရာတကာ လက်ပါကြလွန်းလို့ သတိပေးနေတာ .."

"ဆုံးမစရာရှိရင်တော့ ရိုက်သင့်ရင် ရိုက်ရမှာပဲကွ .. မင့်ညီမလုပ်ပုံကြည့်ဦး ငါတို့ကို ထန်းရည်ထဲမှာ ဒန်းစေးမြစ်ပြုတ်ရည်တွေ ခပ်တိုက်တာ .."

ဒန်းစေးမြစ်ဟုခေါ်သည့်အရာက 'အဝါရောင်ကျောက်ခဲလို ဥလေးတွေဖြစ်သည်။ နွယ်လို အပင်တွေရှုပ်နေသည့်ထဲမှာ အမြစ်တစ်စုံရဖို့က မလွယ်ပေ ..။

ထို့ပြင် ဒန်းစေးမြစ်က တော်ရုံ အစားအသောက်မျိုးနဲ့ အရောခံတာမဟုတ် ..။

အိပ်ပျော်သွားရုံ တိုင်းတာထည့်နိုင်ဖို့လည်း ခဲယဉ်း၏။ အတိုင်းအဆအရောအနှောမှားလျှင် သွက်ချာပါဒပုံစံ အကြောဆွဲ အကြောသေသလိုလည်း ဖြစ်သွားနိုင်၏။

ဒါကြောင့် တောင်ကြီးနဲ့ ချက်ကြီးတို့ ညီမဖြစ်သူရဲ့ ရက်စက်ခြင်းကို တက်တခေါက်ခေါက် ဖြစ်နေကြတာဖြစ်သည်။ ချစ်ရဆုံးညီမကသူမရဲ့ ချစ်သူနဲ့ အတူနေရဖို့ ဒီလိုကြံစည်လိုက်တာကို တွေးကြည့်ပေရင်နာလေနှင့် ..။

"တောက် .. ငါတို့ ကံကောင်းထောက်မပြီး မင်းက ရိပ်မိလိုက်လို့ .."

"ငါလည်း သူ တစ်ခုခု မရိုးမသားလုပ်နေမှန်းသာမြင်လိုက်တာ အဲဒါမှန်းမသိပါဘူး၊ ဘကြီးကို အဲဒီအပင်ကနွယ်တွေပြပြီး မေးကြည့်လိုက်လို့ .."

ကိုယ့်ညီမ ဒီလိုတွေ ကိုင်တွယ်ကြံစည်နေပါသည်လို့တော့ မပြောခဲ့ဝါ။ ဒါပေမယ့် ဒီနွယ်တွေက ဘာနွယ်တွေလဲလို့ မေးလိုက်တော့

www.burmeseclassic.com

www.burmeseclassic.com



ဦးစံကွန့် မျက်လုံးတွေတောင် ပြူးသွား၏။

"ဒါ ငါတို့ နွားတွေစားတဲ့ အစာတွေထဲရောပါလာတာလား .." တဲ့ ..။

ညီအစ်ကိုနှစ်ယောက်စလုံး ဒါကိုတွေးမိကြကာ တောင်ကြီး က တက်ခေါက်ပြန်၏။

"ဒါနဲ့များ နမကြင်သာရှိတယ် မောင်ကြင်မရှိဘူးတဲ့၊ ကြည့်ပါဦး မရဘူး အောင်ကြီး ဒီဟာမလေးကိုလည်း ရိုက်ပစ်ရမှာပဲ .."

"မင်းကလည်း ပြောလေကဲလေပဲ .. ငါတို့မျိုးသိပ်နေခဲ့ရတာတွေ အလကားဖြစ်ကုန်မှာပေါ့ကွ .."

သူတို့တွေ နီတြာ ဘာလုပ်မှာလဲလို့ တစ်ညလုံးစောင့်ကြည့်နေခဲ့ကြသည်။ ထင်တိုင်းကြံလာခဲ့ကြသော လူမိုက်တွေအတွက် ကုလားသေ ကုလားမော အိပ်ပျော်နေကြသလို ဟန်ဆောင်နေရတာ မလွယ် ..။

ဖိုးဝင်း ခိုးချောင်ခိုးဝှတ် ထွက်သွားတာမြင်မှ ကျော်ကြားကို သူ့ ကောင်လေးတစ်ယောက်နဲ့ နောက်ယောင်ခံလိုက်နိုင်းခဲ့သည်။

ဖိုးဝင်း ဘာလုပ်သလဲ လိုက်ကြည့်ပြီး နီတြာ ဆီ သတင်းပြန်ပို့တဲ့ အထိ စောင့်ကြည့်ဖို့ သေချာမှာခဲ့သည်။ နီတြာ ဂိတ်ထဲမှာ စိတ်ချရပြီလို့ လုံးဝယုံကြည်သွားအောင်ဖြစ်သည်။

"ငါတို့ဖြစ်ချင်နေကြတာ ဒီကောင်နဲ့ ငါတို့ညီမကို အပေါ်မခံနိုင်တာ မဟုတ်ဘူးလား .."

"အဲဒီတော့ ဘာဖြစ်လဲ .."

"ခုလုပ်ရမှာ နီတြာ ကို ဆုံးမဖို့မဟုတ်ဘူး .."

ပြောပြီးတာနဲ့ နံကျက်ကူကို ဖြုတ်ယူလိုက်ပြီး ရှေ့က ဦးဆောင်ထွက်သွားရင်း ..၊

"ခါတ်မီးလုံးဝမယူနဲ့ ဒီကောင် ဘယ်လိုမှမထင်တဲ့အကွက်နဲ့ ဆုံးမရမယ် .."

"ကောင်းတယ် .."



တောင်ကြီး ကျေနပ်အားရစွာထောက်ခံပြီး အပြင်မှာ ရပ်စောင့်နေသည့် ကျော်ကြားကို တွေ့မှ ..၊

"မင့်ကောင် ဘယ်ရောက်သွားလဲ .."

"ရှိတယ် .. ကိုတောင် .."

"အထဲက သတ္တဝါလေးကို ကြည့်လုပ်နိုင်းလိုက် .."

"ဟင် .. ဖိုးဝင်း .. ဖိုးဝင်း လျှော့သွားပြီလား .."

"မသိဘူး .."

မှောင်မည်းမည်းထဲမှာ ကျော်ကြား မျက်လုံး ဘယ်လောက်ထိ ပြူးကျန်ခဲ့တာ တောင်ကြီး မသိပေ ..။

အပြင်ရောက်မှ ခြံခုတ်ဖို့ အသုံးပြုသော မားကောက်ကြီးကို ဆွဲဖြုတ်ယူသွားမဲ့ပြီး ...

သင်းတွေ့မယ် .. ငါနဲ့ ..၊

♣

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၀)

မှောင်မိုက်နေသော သစ်ပင်နွယ်ပင်တွေကြိုကြားမှာ အသံတိတ် လှုပ်ရှားနေကြသည့်အရိပ်တွေက အလင်းရောင်လည်းမပါ။ အသံမထွက် လှုပ်ရှားမှုလည်း ညင်သာနေရာ ..၊

"ဘယ်လိုဖြစ်တာလဲ .. နီတြာ က ဘယ်မှာလဲ .."

မိုးခြိမ့် နှုတ်ခမ်းလှုပ်ရုံလေသံသာသာနှင့် ရေရွတ်၏။ ဓာတ်တိုင် က သူ့နား နားကပ်လာကာ ..၊

"ဒီကနေ ခဏလောက်စောင့်ကြည့်နေရအောင် မိုးခြိမ့်၊ နီတြာ ရောက်လာရင် သူ မင်းကို ချိန်းထားတဲ့နေရာကို ရောက်နေတဲ့အရိပ် တွေ့မှာပဲ .."

"ဒီကနေတော့ အရိပ်တွေ့မှာမဟုတ်ဘူး .. မှောင်မည်းနေတာ အနားကပ်မှပဲ သိရမှာ .."

"မသွားပါနဲ့ဆိုကွာ .. မင့်ဘက်က မမြင်ရပေမယ့် ငါ့ဘက်ကနေ အဲဒီနေရာကို အာရုံခံပြီး စိုက်ကြည့်ရင် မြင်ရပါတယ်၊ နီတြာက သေးသေး ကွေးကွေးလေးရယ် အရိပ်လေးမြင်လိုက်တာနဲ့ သိပါတယ် .."

တားလည်း တားကာ လက်ကိုလည်း ဆွဲထား၏။



တစ်ဖက်မှာ နီတြာ လည်း လွယ်အိတ်လေးကို ပိုက်ထားလျက် အမှောင်ထဲကနေ ကုန်းကုန်းကွကွလေး တိုးလာနေရကာ ..၊

"မိုးခြိမ့် ဒီနားမရောက်သေးဘူးလား မသိဘူး၊ ငါက လာလို့ရပါ တယ်လို့ ပြောထားတာတောင်မှ .."

အစ်ကိုတွေ အိပ်ပျော်နေကြတာ မနက်မိုးလင်းတာတောင် နိုးလာ မှာမဟုတ်ပေ၊ ထွက်လာတုန်းက ရဲရဲတင်းတင်းပေမယ့် မှောင်နဲ့မည်း မည်း ခြံထောင့်အပြင်ဘက်ကို ရောက်လာတော့ ကျော့ထဲမှာ စိမ့်လာသည်။

မိုးခြိမ့် စောင့်နေရဲ့လား ..။

အော်ခေါ်လို့လည်းမဖြစ် မီးရောင်ပေးလို့လည်း မရ ..။

ကိုကြီးတို့ အိပ်နေကြပေမယ့် ခြံစောင့်တွေ အလုပ်သမားတွေက အလှည့်ကျနဲ့ ကင်းစောင့်နေကြတာဖြစ်သည်။ အထူးသဖြင့် မိုးခြိမ့် နဲ့ သူမ ချစ်သူတွေ ဖြစ်သွားကာမှ ခြံစောင့်တွေပိုတိုးပြီး ချထားတာဖြစ်၏။

မလွဲသာလို့ ခြံစောင့်တွေနဲ့ ပက်ပင်းတိုးရင်တော့ တောင်းပန်မည်။ နှုတ်ပိတ်မည်။ မရခဲ့ရင်တော့ သတိလစ်အောင်ပိတ်ထုပြီးပြေးဖို့ လွယ်အိတ် ထဲမှာ ဆီပုလင်းပြားလေးပါလာသည်။

အဝတ်အစားတွေနဲ့ ပိုက်ဆံအိတ်ရဲ့အပေါ်မှာ တမင်တကာ အလွယ် နိုက်လို့ရအောင် အသင့်စီစဉ်လာခဲ့ပြီးသား၊ ဒါပေမယ့် ခုချိန်ထိ လူသူ တစ်စုံတစ်ယောက်ကိုမှ မတွေ့ရသလို ခြံစောင့်တွေနဲ့ လက်နှိပ်ဓာတ်မီး ရောင်လည်းမတွေ့ ..။

စိတ်ထဲမှာ တထင့်ထင့်ပေမယ့် ဒီတိုင်းပဲ ဆက်တိုးလာခဲ့မိ၏။

ထိုစဉ် ခွေးအူသံရှည်ကြီးက ဆွဲဆွဲငင်ငင် ..။

"တောက် .. ကျက်သရေမရှိလိုက်တာ .."

နီတြာ လွယ်အိတ်ကို ပိုရှုံ့တိုးဖက်ကာ ခပ်ကြိတ်ကြိတ်တက်ခေါက် မိ၏။ သို့သော် တက်ခေါက်လို့မှ ပါးစပ်ကမပိတ်သေး ..။

"ဂိ: ..."

"အမေ့ .."

www.burmeseclassic.com

www.burmeseclassic.com



နီတြာ လန့်ဖျန့်ကာ လွယ်အိတ်နဲ့ ခေါင်းပေါ်တင်ကာလိုက်မိသည်။

ငှက်စုန်း ...။

သူမရဲ့ ခေါင်းပေါ်တည့်တည့်ကို ဂီးခနဲ ထိုးဆင်းလာတာ လူကို ထိုးသုတ်သွားမယ့်အတိုင်း ...။ တော်ရုံနဲ့ မကြောက်တတ်ခဲ့ဘဲ နီတြာ ရင်ဘတ်လေးတောင် ပြန်ဖိထားလိုက်မိသည်။ ဒီငှက်စုန်းက ဘာဖြစ်လို့ ကိုယ့်ခေါင်းပေါ်ကို ထိုးဆင်းအော်တာလဲ ...။

"နီတြာ .."

ဟင် !...။

ထိတ်လန့်နေတုန်း မိုးခြိမ့် အသံ ကြားလိုက်ရကာ ...။

"မိုးခြိမ့် .."

"ငါ ရှာနေတာကြာလှပြီ .."

"ငါလည်း နင်စောင့်မနေလို့ ပတ်ရှာနေရတာ .."

"ကဲ .. နောက်မှပြောကြလေ လာကြ .. လာ .."

ဓာတ်တိုင် လည်း အသံတွေပါတုန်နေ၏။ ငှက်စုန်းထိုးသံနှင့် နီတြာ့ အော်သံလေးက သူမရှိသည့်နေရာကို ညွှန်ပြသလိုဖြစ်သွားသဖြင့် သူတို့ချင်း ဆုံခဲ့ကြသည်။

အကယ်၍ အောင်ကြီးတို့သာ ဒီပတ်ဝန်းကျင်မှာရှိနေရင်လည်း ကြားကြမှာပင် ...။

"အတင်းမပြေးပါနဲ့ ကိုကြီးတို့ကို ငါ အိပ်တဲ့ဆေးမြစ်တွေ ပြုတ်တိုက်ထားတာ အိပ်နေကြပါပြီ .."

"ဟုတ်လို့လား .."

ဓာတ်တိုင် ရဲ့ မေးသံက ကတုန်ကယင်နှင့် ...။

ဘာကြောင့်မှန်းမသိဘဲ နီတြာ ရောက်လာတာမြင်လိုက်တာနှင့် ကျေနပ်မလုံသလိုကြီး ခံစားနေရ၏။ အိပ်နေကြပြီဆိုပေမယ့်လည်း အကြောက်က မပြေ ...။

"ငါ .. ငါ ဓာတ်မီးဖွင့်လိုက်မယ်နော် .. လမ်းမြင်ရအောင် မြန်မြန်



သွားလို့ရအောင် .."

"မဖွင့်နဲ့ ဓာတ်တိုင် သူတို့ရှိရှိ မရှိရှိ တခြားလူတွေမြင်လို့လည်း မဖြစ်ဘူး .."

"ခုန ငှက်စုန်းထိုးသံက နင့်ဘက်ကနော် နီတြာ .."

ဟိုလူတွေ အိပ်နေကြပြီဆိုတော့ ကြောက်ပေမယ့် စကားပြောသံတော့ နည်းနည်းထွက်လာခဲ့လျက် ...။

"နင့်ကို ထိုးတာလား .."

"ထိုးတော့မထိုးမိပါဘူး၊ ဘာမှန်းမသိဘူး အဲဒီကျက်သရေတုံးငှက် ငါလည်း တော်တော်လန့်သွားတယ် .."

"အဲ့ဒါ နိမိတ်မကောင်းဘူးဟ .. ငှက်စုန်းဆိုတဲ့ကောင်က .."

"ဓာတ်တိုင် .."

စကားမဆုံးလိုက်ဘဲ မိုးခြိမ့် ရဲ့ အထိတ်တလန့်တားမြစ်သံကြောင့် ဓာတ်တိုင် တိခနဲတိတ်၏။

"ဟိုမှာ လူရိပ်တွေ့တယ် .. ဒီဘက်ပြန်ဆုတ် .."

"ဟင် .. ဘယ်မှာလဲ .."

ဓာတ်တိုင် ၏ တုန်ယင်သည့်အသံအဆုံး ...။

"ဟိုမှာ ဟိုကောင် .."

အတော်လှမ်းလှမ်းက အော်သံနှင့်အတူ ...။

"ပိတ်ထားစမ်း .."

"တွေ့ပြီ .. ဒီမှာ .."

"ချစမ်း .."

"မလုပ်နဲ့ .."

နီတြာ ဖယ်နေ .."

မိုးခြိမ့် နီတြာ ကြားညပ်သွားမှာစိုးကာ ဓားကိုတွန်းဖယ်ပစ်လိုက်၏။

"ခွေးသူခိုးကောင် .."

"ဝိုး ..."

www.burmeseclassic.com

www.burmeseclassic.com



"ဝှစ် ..."

"အင့် .."

"အား!..."

"မိုးခြိမ့် .. မင်း ဒီဘက်ကိုလာ..."

ပတ်ဝန်းကျင်တစ်ခုလုံး မည်းမည်းသဏ္ဍာန်တွေ ခုတ်ထစ်သံတွေ ဆူညံသွား၏။

ဘယ်လောက်ကြောက်နေပါစေ သူငယ်ချင်းကို ဒုက္ခထဲမှာထားပြီး မပြေးနိုင်သဖြင့် ဓာတ်တိုင် ခြေကုန်သုတ်ပြေးပြီးမှ ပြန်လှည့်လာခဲ့သည်။

ရှုပ်ယှက်ခတ်နေသည့် လှုပ်ရှားပြေးလွှားသံတွေနား ပြန်ကပ်ပြီး...၊

"မိုးခြိမ့် .."

"ဓာတ်တိုင် နီကြာ ကိုခေါ်သွား .."

"အား ..."

တွန်းလွှတ်ပေးလိုက်သမျှ နီကြာ သူ့ဆီယိမ်းယိုင်ရောက်လာသဖြင့် လက်ကိုဖမ်းဆွဲထားလိုက်ကာ ...၊

"မိုးခြိမ့် မင်းပါလာကွ .."

"သွား .. သွားနှင့် .."

"မသွားဘူး ယော့ကောင် .."

"ဘုန်း .."

"ဝုန်း .."

"အား ..."

အော်သံတွေထွက်လာပေမယ့် မိုးခြိမ့် အသံမဟုတ်တာ ဓာတ်တိုင် သိလိုက်သည်။ လွန်ကျွံပြီး သေကြေကုန်ကြပြီလား ...၊

ကိုယ့်သူငယ်ချင်းကိုလည်း အန္တရာယ်မဖြစ်စေချင်၊ သူများကို သေကြေအောင်လုပ်လိုက်မှာလည်း စိုးရိမ်၏။

"ယော့ကောင် သွား .."

မိုးခြိမ့် အသံက တစ်ဖက်ကို ပြေးသွားသလို ဝေးသွားသဖြင့် ဓာတ်တိုင်



နေရာမှ ခြေကုန်သုတ်တော့သည်။

"မြန်မြန်ပြေးဟ နီကြာ ရ .. နင့်အစ်ကိုတွေက လိုက်သတ်မှာ.."

သူကချည်းဆွဲခေါ်နေရသဖြင့် ဓာတ်တိုင် စိတ်မရှည်စွာပြောလိုက်မိ၏။

"ပေး .. အဲဒီအထုပ် ငါ့ကို .."

သူမ အသေပိုက်ထားသည့်အထုပ်ကို လှည့်ကြည့်ပြီးမှ ဆွဲယူလိုက်ကာ ...၊

"နင်တို့ ဘယ်ကိုပြေးဖို့ ချိန်းထားဖူးလဲ .."

နီကြာ မဖြေပေ၊ သူတို့တွေ အခွင့်သာတုန်း ထွက်ပြေးကြတာမို့ အစီအစဉ်လည်းရှိသေးပုံမပေါ်ပါ။ ဓာတ်တိုင် ကိုယ့်ဘာသာတွေးယူလိုက်ပြီး ရောက်သည့်နေရာမှာ ခြေစုံရပ်၍ ...၊

"ဘာသံမှလည်း မကြားဘူး၊ ငါတို့ မိုးခြိမ့် ကို ဒီကပဲစောင့်ကြမလား .."

ကောင်းကင်ကို မော့ကြည့်လိုက်တော့ တိမ်ညိုတွေပြေးလွှားကင်းစင်သွားသဖြင့် လရောင်ဖွေးဖွေးကို ရှားပါးစွာမြင်လိုက်ရ၏။

လရောင်ကို ဒီအချိန်မှာတော့ မကြိုက်ပေ ...။ ဓာတ်တိုင်က သူ့ပဲဦးဆောင်ပြီး သစ်ပင်ရိပ်အမှောင်ထဲကို တိုးဝင်ရပ်လိုက်ကာ ...၊

"ဒီကောင် ဒီဘက်ကိုပဲ ပြေးလာမှာပါ၊ ဒီဘက်မှာ ချောက်ကမ်းပါးကြီးရှိတော့ အောင်ကြီးတို့လည်း ငါတို့ ဒီဘက်ကို ပြေးမယ်လို့ထင်မှာ မဟုတ်ဘူး .."

တစ်ယောက်တည်း ပြောနေရတာကို သတိရလာကာ နီကြာ ကို လှည့်ကြည့်လိုက်မိသည်။

သူမက နောက်ကိုခြေလှမ်းဆုတ်ပြီး သစ်ပင်မှာ မှီရပ်နေ၏။ ပြီးတော့ ခေါင်းကပါ စောင်းငုံ့မှီနေသဖြင့် ...၊

"ဒီလောက်သည်းထိတ်ရင်ဖို ပြေးလွှားနေရတာတောင် ပင်ပန်းနေသေးတယ် ဟုတ်လား .. ဒီမှာ မဆီမဆိုင်လိုက်ပြေးနေရတဲ့ကောင်

www.burmeseclassic.com

www.burmeseclassic.com



ကို အားနာဦး ..."

လူကို အဖက်မတန်သလို စကားတစ်ခွန်းမှမပြောတာကိုတော့ အောင့်သက်သက်ပင် ...။

"ကဲ .. မေးတာကိုတော့ ဖြေဦး၊ အခု တခြားတစ်ယောက်ကို ပြေးချင်တာလား .. မိုးခြိမ့် အိမ်ကို နင် လိုက်ရဲသလား .."

မဖြေတော့ သူ ပြန်ငုံ့ကြည့်မိပြန်သည်။ နီကြာ က ဇက်ကြောတက်နေသလိုမျိုး ခေါင်းလိမ့်ပြီး ကိုယ့်ကိစ္စကို လုပ်နေတာ အေးဆေး ...။

"ပြန်မပြောလည်းနေပါတော့ဟာ .. တကယ်ပါပဲ၊ နင့်သည်းညည်းများ ဟိုကောင် ဘယ်လိုသည်းခံမြတ်နိုးနေသလဲမသိဘူး၊ နီကြာ ဆိုတာ နာမည်ကျော်သလောက် .."

"အု .. အရူး .."

"သောက်ခွေး .."

စကားပြောလက်စနှင့် ခတ်တိုင် ခွေ့ခနဲထခုန်၏။ ဒီလောက်ကပ်ကပ်လေးကနေ ခွေးထအူမယ်လို့ မထင်ခဲ့သဖြင့် ခြေထောက်ကမန်းကတန်းရွှေ့ရင်း ခွေးလိုက်ရှာမိ၏။

မဖြစ်ဘူး၊ ငှက်စုန်းထိုးလိုက်တုန်းက နီကြာ ထအော်လိုက်လို့ သူတို့ငွေ့ သိသွားကြတာ ...၊ ခုလည်း သူ ထအော်လိုက်တာ ဟိုလူတွေမကြားဘူး မပြောနိုင် ...။

"လာ .. လာ .. ရှာနောက်ဖေးလမ်းကနေ အိမ်ကိုပြေးမယ် .."

နီကြာ့ လက်ကိုဆွဲ၍ ဆက်လက်ပြေးလွှားခဲ့ရင်း ...၊

"ဟိုခွေးကောင် ခုထိ ပါမလာသေးဘူး၊ သူက ခြေလွတ်လက်လွတ်ပြေးရတာတောင်မှ .."

ပြောရင်း မောလွန်းသဖြင့် လှည်းလမ်းပေါ်မှာပဲ ခြေစုံရပ်နေလိုက်မိသည်။

"အမလေး မောလိုက်တာ .."

တောအုပ်ကလွန်လာပြီဖြစ်ကာ ရန်သူလိုက်လာမလာ ရှေ့နောက်ကို



မျှော်ကြည့်လို့လည်း ရပြီဖြစ်သည်။ ထို့ပြင် ကောင်းကင်မှာ လမင်းကြီးက သာနေပြီမို့ ပတ်ဝန်းကျင်တစ်ခုလုံးက အဖြူရောင်ပဝါပါးဖြန့်ခင်းထားသလို လင်းနေခဲ့၏။

"ကဲ .. ဒီကြားထဲကဖြတ်ဝင်ပြီး ဒေါ်ကြီးညို့ ဆီပဲ ဝင်ပုန်းနေလိုက်တော့၊ အိမ်နောက်ဖေးတောင်ရောက်နေမှတော့ တခြားကိုပြေးရင်လည်း ဘယ်ကိုပြေးရမှန်း ငါမသိ .."

ခတ်တိုင် စကားသံရပ်သွားသည်။ သူ အမှတ်တမဲ့ငုံ့ကြည့်ပြီး ဖြတ်ကျော်သွားခဲ့သော မျက်လုံးတွေက ချက်ချင်းနောက်ပြန်ရွေ့လျားလာခဲ့ရာ ...၊

"နီကြာ နင် ဘာဖြစ်လို့လဲ .."

နီကြာ က ပုပုလေးမို့ သူ့အရပ်ကြီးနဲ့ကွာနေသည်။ ဒါပေမယ့် နီကြာ ခေါင်းစောင်းလျက်ရပ်နေတာ ဒီပုံစံဖြစ်နေသောကြောင့် သေချာခါးကိုင်း၍ ငုံ့ကြည့်လိုက်မိသည်။

ဟင်!...

နီကြာ က ခေါင်းစောင်းနေတာမဟုတ်ပေ ...။

လည်ပင်းတစ်ခြမ်းထိ ပြတ်နေတာဖြစ်လျက် ဟိုဘက်တစ်ခြမ်းလုံးမှာ ညိုမှောင်စွန်းထင်နေတာတွေက သွေးတွေ ...။

"နီကြာ .. နင် .. နင့်ကို ဓားနဲ့ခုတ် .. ခုတ် .."

သူမ မှိတ်နေသည့် မျက်လုံးတွေ ဖျတ်ခနဲပွင့်လာကာ ...၊

"အေး ..."

နီကြာ့ ဖြေသံသည် ခတ်တိုင်ကို လှဲသိပ်လိုက်သည့်အတိုင်း ...၊

လှည်းလမ်းပေါ် ဖုတ်ခနဲ ခွေကျသွားလေသည်။

ရာသီဥတုကတော့ သာယာလို့ပါ ...။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၁)

"ဟင် .. နီတြာ .. နီတြာ ဘာဖြစ်လာတာလဲ .."

"ဘာမှမဖြစ်ပါဘူး .. နည်းနည်းပဲ ရှမိသွားတာ .."

"နီတြာ .."

မိုးခြိမ့် နီတြာ ထိုင်နေသည့်နား ပြေးထိုင်လိုက်ကာ လက်ဖဝါးလေးကို ဆုပ်ကိုင်လိုက်ပြီး ...၊

"လည်ပင်းမှာလား ပြစမ်းပါ .."

စိုးရိမ်စိတ်ကြောင့် အသံတွေပါတုန်နေခဲ့သည်။ သူလည်း အောင်ကြီးကို ရိုက်မိခဲ့သလား ဘာလားမသိ ...။ ထိုနေရာကနေ လွတ်မြောက်လာခဲ့တော့ ခတ်တိုင် နဲ့ နီတြာ ကို ပြန်ရှာနေရင်း ကြာသွားတာဖြစ်သည်။

နီတြာ က သူ့လက်ကိုဖယ်ချပြီး မျက်တောင်ဖျားတွေစင်းကျသွား၏။ ထားခင် က မျက်နှာပျက်ပျက်နှင့် ထိုင်ကြည့်နေရင်း ...၊

"သူ သွေးတွေတော်တော်ထွက်လာတာ မိုးခြိမ့် .. ရှမိရုံဆိုပေမယ့် ဒဏ်ရာနက်တဲ့ပုံပဲ .."

"အကျီလဲလိုက်တာ ထပ်ထွက်ပြန်ပြီလားဟင် .."

ဒေါ်ညို နောက်ဖေးခန်းထဲ အသံတိုးတိုးနှင့် ဝင်လာသည်။ လက်ထဲ



မှာလည်း ချည်စောင်တစ်ထည်ပိုက်ထားကာ ...၊

"ရော့ .. ရော့ ဒါလေးခြုံပေးထားစမ်း၊ ဆောင်းတွင်းကြီးတောင် သွေးတွေတော်တော်ထွက်နေတာကို ဘာမှမဖြစ်ဘူးချည်းပြောနေတယ်.."

"ဆရာချောကို သွားခေါ်ပေးပါ အမေရာ .."

"ခေါ်နေတယ်လေ .. ငပြဲ နဲ့ ကျောက်မှိုးကို သွားခေါ်နေကြတယ်"

အိမ်မှာ ငပြဲတို့ အုပ်စုလည်းရှိနေကြသေးသည်။ ဒေါ်ညို တို့လည်း လူငယ်တွေ ညဥ့်နက်စားဖို့ ကျောက်ပွင့်လေးသုပ်ပေးချင်တာနဲ့ မအိပ်ဘဲ စောင့်နေကြတုန်း ...။

အခြေအနေတွေကို ဘယ်သူမှ ကြိုတင်ခန့်မှန်းထားတာမရှိဘဲ ရင်ဆိုင်လိုက်ရတာဖြစ်သည်။

"ဘယ်မှာလဲ မိုးခြိမ့် .. မိုးခြိမ့် ဒီရောက်လာပြီမို့လား .."

ကျော်ကြား နဲ့ အောင်ကြီး တို့ တပည့်နှစ်ယောက်နဲ့ ရောက်ချလာကြသည်။ ပြီးတော့ တောင်ကြီးက မောတဝင်းဝင်းနှင့် ...၊

"မိုးခြိမ့် ဒီမှာမရှိဘူး .."

"ကျွန်တော်တို့ တကယ်ပြောနေတာ .."

"ဘယ်ရှိမလဲ .. ငါ့ညီမကိုခိုးပြီး လစ်ပြေးပြီကိုး .. တွေ့မယ် ယောကောင်တွေ တောင်ပတ်လမ်းတွေမှာ ဖြန့်ရှာကြ၊ လှိုဏ်ထဲ ချိုင့်ထဲထိ ဆင်းရှာကြ.."

တောင်ကြီးရဲ့ ဒေါသက ဒီမှာမရှိတာကိုလက်ခံသွားတာတော့ မဟုတ်ပေ၊ ညီမကို ခိုးပြေးသွားသည့်အဖြစ်မှာ အိမ်ကိုတော့ တန်းခေါ်လာရဲမှာမဟုတ်ဘူးလို့ တွေးမိသွားတာမျိုး ...။

ထို့ကြောင့် သိပ်မဖြေရှင်းလိုက်ရဘဲ လှည့်ပြန်သွားခဲ့ကြ၏။ ကြိမ်းမောင်း ခုတ်ထစ်သွားသည့် ခြံရှေ့က သစ်ပင်မီးကိုင်တွေကတော့ မှုန်ပြကျန်ရစ်လေသည်။

"နင်တို့ပြောတော့ မိုးခြိမ့် ရှိတယ်ဆို .. ငါ့သား ဘယ်မှာလဲ၊ မိန်းမခိုးဖို့သွားတာလား .."

"နင်တို့ ဘာကောင်လေးတွေတုံးဟဲ့ .. ဟင် .. ဒီကိစ္စကြီးကို ဖုံးဖိ

www.burmeseclassic.com

www.burmeseclassic.com



ပေးဖို့ ငါတို့အိမ်ရှေ့မှာ လူစုပြီးလာနေကြတာလား .."

"မဟုတ်ရပါဘူး .. ဒေါ်ကြီးညို ရာ .."

"ဒေါ်လေး ကျွန်တော်တို့ တကယ်ပြောတာ၊ မိုးခြိမ့် ခာတ်တိုင်ကို သွားခေါ်မယ်ပဲ ပြောသွားတာ၊ မိန်းမခိုးမယ်လို့ ဝိစိလေးတောင် မဟာခဲ့ပါဘူးဗျာ .. မညာပါဘူး တကယ်ပြောတာပါ .."

"မင်းတို့တွေ တော်တော်ပွေရှုပ်ကြပါလားကွ .."

အိမ်နီးချင်းတွေပါ မအိပ်ရ မနေရ ဖြစ်ကုန်ကြကာ ..၊

"အောင်ကြီးကို့ ညီအစ်ကိုနဲ့များ သွားပတ်သက်ရတယ်လို့ .."

"ဒီကောင်တွေက တံခါးမရှိ ဓားမရှိကောင်တွေ၊ သူတို့ကြောက်တဲ့ သူဆိုတာမရှိဘူး၊ ထင်ရာလုပ်ကြတာ .."

"ခက်ပါတယ်အေ .. မိညို တို့တော့ ကျားမြီးသွားဆွဲမိကြပြီ .."

အခြေအနေတွေ ဤသို့ရှုပ်ထွေးရှုပ်သွားကာ ကြွက်တိုးနဲ့ သုံးယောက်က မိုးခြိမ့် တို့ကိုရှာဖို့ထွက်သွားကြသည်။

ပြေ နဲ့ ကျောက်ဒိုးတို့ သုံးယောက်က ဒေါ်ညို တို့နဲ့ ကျန်ခဲ့ရင်း ကယောင်ချောက်ချားတွေဖြစ်နေကြဆဲ ..၊

"အစ်မ .. အစ်မ .. လာပါဦး .."

အိမ်ထဲဝင်သွားသည့် ထားခင် ကမန်းကတန်းပြေးဆင်းလာကာ ဒေါ်ညို လက်ကိုဆွဲကိုင်လိုက်ပြီး နားနားကပ်၍ ..၊

"အိမ်ပေါ်မှာ နီတြာ ရောက်နေပြီ .."

"ဘုရားရေ!..."

ဒေါ်ညို မျက်လုံးကြီးပြူးထွက်သွားကာ ရင်ဘတ်ဖိ၏။ ထားခင်က နောက်လက်တစ်ဖက်ကိုဆွဲ၍ အိမ်ထဲခေါ်သွင်းလာခဲ့ပြီး ..၊

"ဟိုမှာ .."

ဟယ်!...

ဒေါ်ညို မျက်လုံးကြီးပြူးကျယ်သွားသည်။

"အောင်မလေး .. သွေး .. သွေး .."



အိမ်နောက်ဖေး ထင်းဂိုဒေါင်ရှေ့မှာ တံခါးဝကိုကျောမှီပြီး ငုတ်တုတ်လေးထိုင်နေ၏။ ကိုယ့်ဒူးကိုယ်ပြန်ဖက်ထားပေမယ့် ရင်ဘတ်တစ်ခြမ်းလုံးမှာ သွေးတွေချည်းချည်းနီနေတာ မီးရောင်ထဲမှာ ဒီတိုင်းမြင်နေရ၏။

"အဲဒါ ဘာ .. ဘာဖြစ် .."

"အစ်မ သတိထားလေ ကလေးတွေ ဘာလုပ်လာကြသလဲ ဘာတွေဖြစ်လာတာလဲဆိုတာ မေးမြန်းကြည့်ဦးမှပေါ့ .."

"ငါ့သားလေးရယ် .. ငါ့သား .. ငါ့သား ဘယ်မှာလဲ၊ ငါ့သားဒဏ်ရာကြီးနဲ့ လဲနေခဲ့ပြီလား .. ဘယ်မှာလဲလို့ .."

"နေပါဦး ကျွန်မ မေးပါ့မယ် .."

"နေလို့မရဘူး .. ငါ့သား ပြန်ရောက်လာရမှာကို သူက .."

"ဩော် .. အစ်မရယ် ခဏလေး စိတ်ထိန်းပါဦး .."

ထားခင် ကိုယ်တိုင် နီတြာ ကို မြင်လိုက်တာနှင့် အစ်မဖြစ်သူကို လာပြေးခေါ်တာဖြစ်ကာ ဘာမှမေးမကြည့်ရသေးပေ ..။

အောင်ကြီးတို့ သောင်းကျန်းသွားသဖြင့် မိုးခြိမ့် နဲ့ နီတြာတို့ လိုက်ပြေးကြပြီဆိုတာ ပတ်ဝန်းကျင်က သိသွားပေမယ့် နီတြာ ဒဏ်ရာကြီးနဲ့ ရောက်လာတာကိုတော့ ဘယ်သူမှ မသိသေးပေ ..။

ထို့ကြောင့် ညီအစ်မနှစ်ယောက် နီတြာ ကို နောက်ဖေးခန်းထဲမှာပဲ သေချာဝှက်လိုက်ပြီး ဆေးဆရာသွားခေါ်ဖို့၊ အဖြစ်သနစ်ကိုမေးကြည့်ဖို့တွေ ဘိတ်တိတ်ကြိတ်လုပ်နေကြတုန်း မိုးခြိမ့် ပြန်ရောက်လာတာဖြစ်၏။ တောင်ကြီးတို့ ရောက်လာတာကစပြီး ဒေါ်ညို က ပြောပြလိုက်သွင် ..၊

"အဲ့ဒါ ကျွန်တော့်ကြောင့်၊ ကျွန်တော် သူ့ကို ခာတ်တိုင်နဲ့ ပြေးခိုင်းလိုက်မိလို့ .."

မိုးခြိမ့် က ငိုင်နာသံနှင့် ပြောသည်။ မိဘကတော့ သူ့ခေါင်းရိုးကဒဏ်ရာတွေ လက်ခုံတွေ လက်ဖျံတွေက သွေးထွက်နေသည့်နေရာတွေကို ပုဆိုးစုတ်လေးနဲ့ လိုက်ပြီးတို့သုတ်ပေးနေရင်း စိတ်မချွန်းလို့ ရင်တွေ

www.burmeseclassic.com

www.burmeseclassic.com



တုန်နေသည်။

သူကတော့ ရည်းစားရဲ့ ဒဏ်ရာကိုကြည့်ပြီး တက်ခေါက်နေတုန်း…၊

"သူ့ညီမကို သွားနိုးလာပြီး နင်က တက်ခေါက်မနေနဲ့တော့ မိုးခြိမ့်၊ ရန်ကိုရန်ချင်းမတုံ့နှင်းနဲ့တဲ့၊ နောက်ဆို ဆွေမျိုးတွေတော်သွားကြရင် နင် ရန်ဖြစ်နေလို့ရဦးမှာလား .."

"ကျွန်တော့်ကို ရန်ပြုတာ မဆန်းပါဘူး .."

ဖြစ်ရလေ …၊

ဒေါ်ညို နာထောင်ရင်း ရင်ဘတ်ဖိမိ၏။

"နီတြာ့ကိုတောင် ချမ်းသာမပေးဘူး၊ ဒီလောက်တောင် ဘာမာန်တွေတက်နေတာလဲ၊ သူတို့က ဘယ်လောက်ချမ်းသာနေလို့လဲ၊ တောက်.. ကိုယ့်သွေးသားကိုတောင် ဒီလောက်ရက်စက်တာ .."

"မိုးခြိမ့် .."

ဒေါ်ညို က ငြေ နဲ့ ဆေးဆရာကို နီတြာ့ အခန်းထဲဝင်ဖို့ တံခါးဖွင့်ပေးလိုက်ပြီး ပြန်လှည့်၍ …၊

"သူတို့သွေးသားကိုတောင် ချမ်းသာမပေးတာမဟုတ်ဘူး ငါ့သားအဲ့ဒါ မင်းကို အသေခုတ်တဲ့ ဓားပဲ၊ မှောင်မည်းမည်းထဲမှာမို့လို့ နီတြာ့ကို ထိသွားတာ .."

ဟင် ….၊

အမေ ပြောလိုက်မှ မိုးခြိမ့် ဟင်ခနဲဖြစ်၏။ ဒါဆို သူ့မကိုလမ်းခွဲပြီး မပြေးနိုင်းခင်တည်းက ဒီဒဏ်ရာဖြစ်သွားတာလား …၊

"သူတို့ညီမကို ထိသွားမှန်းမသိလို့ ဒီထိလာမေးပြီး နင်တို့ထွက်ပြေးနေကြတယ်ဆိုတာ ယုံသွားတာပေါ့၊ ငါ ရင်လေးပါဘိတော့ဟယ် .. မနက်ကျရင် ဘာပြဿနာတွေတက်ကြဦးမလဲမသိဘူး .."

"သူတို့ဘာသာ ဓားတပြတ် တုတ်တပြက်လုပ်လိုက်တာ အမေ ဘာမှကြောက်နေဖို့မိုဘူး .. လာပေ့စေ .."

မိုးခြိမ့် က တက်ခေါက်နေလေ ဒေါ်ညိုတို့ စိတ်ပူလေ …။



ဆေးဆရာကိုယ်တိုင် ဒဏ်ရာကိုကြည့်ပြီး အံ့သြနေကာ …၊

"တော်တော်ထူးဆန်းတယ်ဗျ .."

"ဘာဖြစ်လို့တုန်း ဆရာချော .. ဒဏ်ရာတော်တော်နက်လို့လား ဟင် .."

"နီတြာ့ အခြေအနေ ဘယ်လိုဖြစ်နိုင်လဲ ဆရာ .."

မေးမြန်းလာကြသည့် မျက်နှာတွေကိုကြည့်ပြီး ဆရာချော က သိမ်းဆေးသွေးနေရင်း …၊

"ဒဏ်ရာကိုမြင်တော့ လန့်တောင်လန့်သွားတာ .."

"အရှ သိပ်မနက်ဘူးမို့လား .."

မိုးခြိမ့် က ဆရာ့မျက်နှာကို မျှော်လင့်တကြီး ကြည့်နေခဲ့လျှင် …၊

"မနက် .. ဒါပေမယ့် .."

"ဟင်!…"

"နက်မနက် ကြည့်လို့လည်းမရဘူး .."

"ဘယ်လို .. ဘယ်လို .."

ဒဏ်ရာဆီ သူတို့မျက်လုံးတွေရောက်သွားကြသည်။ ဒဏ်ရာက သည်တိုင်ဘေးကနေ ရှေ့ထိ သုံးရက်လခြမ်းလို အတူအပါးဖြစ်နေ၏။

"ကျုပ် ဆေးသည့်ဖို့သေချာကြည့်တာ သွေးကပျစ်စေးပြီး ပြန်ဆက်နေတယ်၊ နည်းနည်းနှိုက်ကြည့်တာလည်း မရဘူး၊ မရမကတော့ လုပ်လို့မရဘူးလေ .. လည်ပင်းလည်းဖြစ်တော့ နောက်ထပ်သွေးလွန်ရင် ကျုပ်ဘတ်နိုင်မှာမဟုတ်ဘူး .."

"ဟုတ်တယ် ဒါမျိုးက မြို့ကဆေးရုံကြီးတွေမှာပဲ ကုနိုင်တာ .."

"မြို့မှာလည်း ရန်ဖြစ်ထားကဲ့ ဒဏ်ရာတွေဆို ဆေးရုံးက ကုမပေးဘူးဆို .."

မသိတာသ်ဝင်ပြောကြရင်း ဆေးဆရာကလည်း မမြင်ဘူးသည့် ဒဏ်ရာမို့ မရဲတရဲဖြစ်နေကာ လိမ်းဆေးပေးပြီး သောက်ဆေးသုံးခွက်စာနှင့်သွားခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com



"ဆရာ ဒဏ်ရာကို မချုပ်တတ်ဘူးလားဗျာ .. ဒဏ်ရာကတိမ်တိမ် နက်နက် ချုပ်ထားလိုက်ရင် စိတ်ချရတာပေါ့ .."

မိုးခြိမ့် က မကျေနပ်နိုင်ဘဲ နောက်ကပြေးလိုက်ပြီးပြော၏။ ဆရာချော က ခေါင်းတွင်တွင်ခါရင်း ..၊

"ချုပ်ပေးလို့ရတယ် .. ငါလည်း ဆေးအပ်ကိုင်တဲ့ ဗမာဆရာပါပဲ၊ ဒါပေမယ့် ဒဏ်ရာကိုချုပ်ဖို့လိုသလား မလိုဘူးလား ငါမသိဘူး၊ အနာကျက် ဆေးထိုးပေးရအောင်လည်း သူ့မျက်နှာမှာ ဒဏ်ရာကြောင့် နာကျင်နေ တာ် မပြဘူး .."

"ဟာ .. ဒါကတော့ နို့ကြာ က အစတည်းက စိတ်ဓာတ်မာကြော တဲ့သူပါ .."

"ဖြစ်ကောင်းဖြစ်ပါလိမ့်မယ် .. ဒါပေမယ့် ကျုပ်သိသလောက် ပြောရရင် ကျုပ် ဘာမှမသိလို့ ဒီလောက်ပဲတတ်နိုင်တယ်ဆိုတာပဲကွယ့်"

ဆေးဆရာ ဘာတွေပြောသွားတာလဲ ..၊

သူ ဆက်မလိုက်တော့ဘဲ ကျန်ခဲ့စဉ် ငြေ နဲ့ ကျောက်ဒိုးတို့ သူ့နား ကပ်လာသဖြင့် ..၊

"ဓာတ်တိုင် ရော .."

"ဩော် .. မင်းက ငါတို့ကို ပြန်မေးနေတယ် .."

ဟင်!...

မိုးခြိမ့် ခေါင်းနားပမ်းကြီးသွားလေသည်။

ဓာတ်တိုင် ဘယ်မှာလဲ!...

♣



အခန်း (၁၂)

"အား .. ကျွတ် .. ကျွတ် .."

ပါးတစ်ခြမ်းလုံး နာနေသဖြင့် ငုတ်တုတ်ထထိုင်ပြီးကာမှ ပါးကိုစမ်း ကြည့်မိသည်။ လက်နဲ့ထိမိတာ ကျောက်ခဲစတွေလား .. အမှိုက်တွေ လား ..။

ဟင် ...၊

ကိုယ်ဘယ်ရောက်နေသလဲဆိုတာ မျက်လုံးသေချာဖွင့်လိုက်တာနှင့် ဘတ်ဝန်းကျင်ကို ဝေ့ဝဲကြည့်မိပြီးသားဖြစ်သွားပြီး ..၊

ဘုရားရေ ..၊

ဓာတ်တိုင် ငုတ်တုတ်ကနေ လေးဖက်ထောက်ဖြစ်သွားခဲ့လျက် သေချာထပ်ကြည့်မိသည်။

ဒါ .. မိုးခြိမ့်တို့ အိမ်နောက်ဖေးခြံထဲမှာပဲ ..၊

မော့ကြည့်လိုက်တော့ ကောင်းကင်မှာ လရှိနေသေးပေမယ့် ရွှေဆောင်း ငိုက်ကျနေပြီဖြစ်သည်။ မိုးမလင်းသေးပေမယ့် လင်းအားကြီးဘက် ရောက်နေပြီမှန်းတော့သိ၏။

သူ ဒီခြံထဲထိ ဘယ်လိုရောက်လာတာလဲ ဘာဖြစ်သွားတာလဲ ..။

www.burmeseclassic.com

www.burmeseclassic.com



ညက သူနဲ့ မိုးခြိမ့် ...၊

မဟုတ်ဘူး .. သူနဲ့ နီကြာ ...၊

ဒီခြံနောက်ထိ ရောက်လာခဲ့ကြသည်။ ဒေါ်ကြီးညိုတို့ ခြံနောက်ဖေး ရောက်နေပြီမို့ ဝင်ပုန်းနေလိုက်ဖို့ သူ ပြောခဲ့၏။

ပြီးတော့ ...၊

ပြီးတော့ .. နီကြာ ...၊

မျက်လုံးထဲမှာ လည်ပင်းတစ်ဝက်လောက်ထိ ပြတ်ဟနေသော နီကြာ့ ခေါင်းစောင်းစောင်းကြီးကို မြင်ယောင်လိုက်မိ၏။

ဘုရားကယ်တော်မူပါ ...။

ခေါင်းပြတ်တန်းလန်းကြီးနဲ့ နီကြာ့ ကို သူ ဒီနောက်ထိဆွဲပြေးလာခဲ့သည်။ ခြံထဲထိ ဘယ်လိုရောက်လာသည် ဘာညာကိုမတွေးနိုင်တော့တဲ့ နေရာက ခုန်ပေါက်ထကာ လှည်းလမ်းကြမ်းကြီးဘက် တစ်ချက်ကြည့်မိ၏။

နီကြာ လဲကျနေတာမတွေ့ ...။

ဘယ်ရောက်သွားတာလဲ ခေါင်းပြတ်က လဲကျမသွားဘဲ သူသာ အကြောက်ကြီးပြီး သတိလစ်သွားခဲ့သည်။ ခု နောက်ဖေးခြံတံခါးကြီး လဲနေလျက် သူ့အလဲရောက်နေသည်။

ဘယ်သူခြံထဲ ပစ်ထည့်သွားတာလဲ .. နီကြာ ဘယ်ရောက်သွားတာ လဲ ...။

"အရှင် .. သမ္မာသမ္ဗုဒ္ဓေါ .. ဝိဇ္ဇာစရဏ သမ္ပန္နော .. သုဂတော .."

အတွေးတွေ အဆိုတွေက နောက်မှာကျန်ခဲ့လျက် ခတ်တိုင် မိုးခြိမ့် တို့အိမ်ဆီ ပြေးတာ ဖနောင့်နဲ့တင်ပါး တစ်သားတည်း ...။

"ဒေါ်ကြီးညို မိုးခြိမ့် ရောက်ပြီလား .. ဒေါ်လေးထားခင် .."

"ဟဲ့ .. ဘယ်သူတုန်း .."

"ခတ်တိုင် .."



"ဟင် .. မိုး .. မိုးခြိမ့် .."

သူက အိမ်မကြီးပေါ်ပြေးတက်လေမယ့် နောက်ကခေါ်သံတွေကြောင့် ပြန်လှည့်ကြည့်မိ၏။ ဒေါ်ညိုတို့နဲ့ မိုးခြိမ့် က သူ့နောက်မှာ တအံ့တသြ တွေကြည့်လျက် ...။

"ခတ်တိုင် ငါ မင်းကိုလိုက်ရှာနေတာ သုံးနာရီထိုးမှ ပြန်ရောက် တယ် .."

"မိုးခြိမ့် .."

"ဟုတ်တယ် .. ဘာဖြစ်နေတာလဲ ပြူးတူးပြဲတဲနဲ့ မင်းက ဘယ်မှာ သွားပုန်းနေတာလဲ .."

"ငါ ..."

သူ့အကြောင်းကိုပြောဖို့ ပြင်လိုက်စဉ် ...၊

"မင်း ဘာဒဏ်ရာမှ ရမလာဘူးလား .."

မိုးခြိမ့် က ခါးကြားထဲက ခတ်မီးကို လက်ပြန်နှုတ်ယူပြီး သူ့နား တိုးလာ၏။ တစ်ညလုံးထွန်းထားရသည့် ဘက်ထရီမီးရောင်ကလည်း လူမမာနှုတ်ခမ်းလို ဖြစ်နေသဖြင့် သူ့တစ်ကိုယ်လုံးကို မိုးခြိမ့် က ခတ်မီး ထိုးကြည့်ကာ ...၊

"ဟာ .. တံတောင်ဆစ်မှာ သွေးတွေလား ဘာတွေလဲ .."

"အား ..."

ကိုယ့်ကိုယ်ကိုယ်တောင် ဘယ်နေရာမှာ ဘာဖြစ်ခဲ့မှန်းမသိဘဲ မိုးခြိမ့် လာကိုင်လိုက်မှ အသည်းခိုက်အောင်နာသွား၏။

"နေဦး .. မင်း လက်တစ်ချောင်းလုံး ကျောက်ခဲစတွေရော ဖုန်တွေ ရော သွေးစတွေနဲ့ ကပ်နေတာ .."

"ဟုတ်လား .. ခတ်တိုင် နင် တစ်နေရာရာမှာများ ချော်လဲပြီး သတိလစ်နေတာလား .."

သူ ချော်လဲနေတာမဟုတ်ပါ။ ဖုန်ထူထူလှည်းလမ်းချိုင့်ကြီးထဲမှာ

www.burmeseclassic.com

www.burmeseclassic.com



ဒီတိုင်းလဲကျသွားတာမို့ ဘာနဲ့မှ ပွန်းပဲ့စရာမရှိပေ ..။ မျက်လုံးထဲမှာ ခြံတံခါးကြီး ဒီတိုင်းလန်ကျနေတာ မြင်ယောင်လာသည်။

လက်မောင်းတစ်ခြမ်းလုံး မျက်နှာတစ်ခြမ်းလုံးအပြင် တင်ပါးတစ်ခြမ်းလုံးလည်း နာနေ၏။ သူ့ကို ဒီခြံထဲရောက်အောင် ဘယ်သူဒရွတ်တိုက်ဆွဲချလာတာလဲ ..၊

"မိုးခြိမ့် .. ဩော် .. ဒုက္ခပါပဲ .."

"ကြည့်လုပ်ဦးနော် အကြောက်ကြီးပြီး ကြက်သေသေနေတာလား မသိဘူး .."

နောက်ကလိုက်ထွက်လာသည့် တားခင် က ဝင်ပြောလိုက်ပြီး သူတို့နံဘေးကနေ အိမ်ကြီးပေါ်တက်သွားရင်း ..၊

"နီတြာ ကို မိုးခြိမ့် ဆောင့်လိမ့်မယ် .. အစ်မ လာ တစ်ရေးလောက်အိပ်ရအောင် ကျွန်မတော့ အိပ်ချင်တာမရတော့ဘူး .."

"နီတြာ!..."

ဓာတ်တိုင် နှုတ်ဖျားမှ နီတြာ နာမည်ခေါ်လိုက်သံထွက်လာ၏။ မိုးခြိမ့် က ဓာတ်တိုင်မျက်နှာနား သေချာကပ်လာပြီးကြည့်ကာ ..၊

"မင်း ဘာဖြစ်နေတာလဲ ဓာတ်တိုင်၊ နီတြာ နဲ့ မင်း ဘယ်လိုတွေဖြစ်လာကြတာလဲ မေးချင်လွန်းလို့ ငါ တစ်ညလုံးလိုက်ရှာနေတာ .."

"နီ .. နီတြာ က .."

"သူ ဒဏ်ရာကြီးနဲ့ ပြန်ရောက်လာတယ်လေ .. မင်းကို စိတ်ပူတာရော နီတြာ ကို ဘာမှမေးမရတာရော ငါ ဘယ်လိုမှကို နေလို့မရလို့ အမေတို့ တားနေတဲ့ကြားက ကျောက်ဒိုးနဲ့ အပြင်ထွက်ရှာနေတာ၊ ခုထိတစ်မေးမှ မမေးရသေးဘူး .."

"နီတြာ ပြန်ရောက်လာတယ် .. ဟုတ်လား .."

"ဓာတ်တိုင် .. မင်း ဘာဖြစ်နေတာလဲ .."

"နီတြာ က .."



သူပြောမည့်စကားကို အားယူပြင်ဆင်နေတုန်းမှာ ဒေါ်ညို နဲ့ မိုးခြိမ့်နောက်မှာ နီတြာ ကို မြင်လိုက်ရပြီး ..၊

"ဓာတ်တိုင် .. ဟိတ် .."

"ဩော် .. ဒီကောင်လေးကတစ်မျိုး ကဲပါ ပြန်ပါစေတော့ သူ့မှာလည်း ဒဏ်ရာတွေနဲ့ကိုး .."

ဒေါ်ညို သက်ပြင်းချပြီး ပြန်လှည့်ဝင်သွားသည်။ ဓာတ်တိုင် ချက်ချင်းပြန်ပြေးလာခဲ့တာ နှုတ်လည်းမဆက်နိုင် ..။

'နီတြာ က ဘာမှမဖြစ်ဘူး' ဆိုသည့် စကားသံသာ ရင်ထဲမှာ ခူညဲနေခဲ့ပြီး ..၊

♣

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၃)

"ဘာ ..."

အောင်ကြီး မျက်နှာကြီးမည်းညိုသွား၏။

"ဟော့ကောင် မင်း .. မင်း လျှောက်မပြောနဲ့နော် .."

"ငါတို့မောင်နှမချင်း ဒီကောင် တိုက်ပေးနေတာ မိုးခြိမ့် .. ဟိတ်ကောင် မင်း ခုထွက်ခဲ့စမ်း .."

"ဘာလို့ မထွက်ရဲရမှာလဲ .."

"ဟဲ့ .. ဟဲ့ .. နေကြဦး .."

မနက်မိုးလင်းတာနှင့် နေထန်းဖျားတစ်ဖျားမရောက်မီ ရန်ပွဲက ထန်းဟာစ်ဖျားထက် ပိုမိုအရှိန်မြင့်လျက် တစ်ရွာလုံး အုတ်သြဘ်သောင်းနင်း ဖြစ်သွားခဲ့၏။

အောင်ကြီးတို့ ညီအစ်ကိုတွေ တပည့်တပန်းတွေပါ ပါလာကာ ဓားတဝင်းဝင်း တုတ်တရှယ်ရှယ်နှင့် မိုးခြိမ့် တို့ အိမ်ကိုဝိုင်းထားကြသည်။

အထဲနဲ့ အပြင် အပြိုင်အော်နေကြရင်း မိုးခြိမ့် က ဝါးစိမ်းတုတ်ကို ဆွဲပြီး ပြေးထွက်သဖြင့် ဒေါ်ညို နဲ့ ထားခင်တို့ အဓမ္မတကောပြေးလိုက်ကြကာ ...।

"နေကြဦး .. မဖြစ်ရဘူး .. ဒီလိုမဖြေရှင်းရဘူး နင်တို့ ဆွေမျိုးတော် နေကြပြီ ဒေါ်သရေ့မထားကြနဲ့ .."



"ဘယ်သူက ဆွေမျိုးတော်မှာလဲ .. ခင်ဗျားတို့လိုအဆင့်လောက်နဲ့ များ .. ဟား .. ဟား .."

"ဟော့ကောင် .. ချက်ကြီး ငါ့ကိုလည်း မေးစမ်းပါဦး၊ မင်းတို့လို ကောင်တွေကို ယောက်ဖလို့ ခေါ်ချင်ရဲ့လားလို့ .."

"ခွေးမသားက လူပါးဝလို့ .."

"မိုက်ရိုင်းလှချေလား ခင်ဗျား .."

"မိုးခြိမ့် .. မင်း ပြောမရဘူးလား .."

သူ့ရှေ့က ကာဆီးရင်း အမေနဲ့ အဒေါ်ဖြစ်သူ ဆံပင်တွေဘာတွေ ဖရိုဖရဲပြေကျကုန်တာ မြင်လိုက်ရသဖြင့် မိုးခြိမ့် တက်ခေါက်ရင်း နောက် ပြန်ဆုတ်လိုက်ကာ ...।

"ကိုယ့်ညီမကို ဓားနဲ့ ပြန်ခုတ်တဲ့ တိရစ္ဆာန်သာသာတွေကများ တခြား သူတွေကို အဆင့်အတန်းစကားတွေပြောနေသေးတယ်၊ မင်းတို့ ညီအစ်ကို တွေ ကိုယ့်ဖင်ကိုယ်ပြန်စမ်းကြည့်ကြဦး .. အမြီးထွက်ရင် ထွက်နေမှာ .."

"ဟိတ်ကောင် .. မင်း ဘာပြောလိုက်တယ် .."

"ခင်ဗျား ညီမ လည်ပင်းမှာ ဓားဒဏ်ရာကြီးနဲ့ အခု စကားတောင် မပြောနိုင်တော့ဘူး .."

"ဘာ!...."

"ဘာပြောတယ် .. မင်း ဟိတ်ကောင် .."

"မင်း လျှောက်မပြောနဲ့ .. လျှောက်မပြောနဲ့ သူတောင်းစား ငါ - ငါ့ညီမကို ငါ ပြန်မခုတ်ဘူးကွ .."

သူတို့ထဲမှာ ဓားကိုင်ခဲ့သည့် တောင်ကြီး တစ်ယောက်သာ နီတြာ သတင်းကြောင့် ဆောက်တည်ရာမရဖြစ်သွားခဲ့ကာ ...।

"နီတြာ .. ဓားခုတ်ခံရတယ်ဆိုပါလား .."

"သူ့အစ်ကိုတွေက ပြန်ခုတ်တာတဲ့ .."

"စကားမပြောနိုင်တော့ဘူးတဲ့ .. သနားပါတယ် .."

"တော်တော်လူမဆန်တဲ့ကောင်တွေ .."

www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်မှလွဲရော .. ယောက်ဖကို ခုတ်တာမထိဘဲ နှမကိုခုတ်မိတာ ဖြစ်မယ် .."

"အဲဒါပေါ့ ကိုယ့်မကောင်းမှုကံ ကိုယ့်ထံပြန်ဆိုတာ .."

ပတ်ဝန်းကျင်မှာ ဝိုင်းအုံကြည့်နေကြသည့် လူတွေထံမှ ဝေဖန်ကဲ့ရဲ့ သံတွေ ထွက်လာကြ၏။

အောင်ကြီး ခေါင်းငိုက်စိုက်ကျသွားကာ တောင်ကြီး ရင်ဘတ်ကြီး ဖုတ်လိုက်ဖုတ်လိုက်မြင့်မောက် ရှန်းကြွလာခဲ့ပြီး ဘာမှဆက်မပြောနိုင်..။

ချက်ကြီးက အစ်ကိုနှစ်ယောက်ကို တစ်လှည့်စီကြည့်၍ ..၊

"ဟုတ်သလား .. မင်းတို့ ခုတ်ထည့်လိုက်တာလား .. နီတြာ ကို ခုတ်လိုက်တာလား .."

ညီအစ်ကိုချင်း အငြင်းပွားဖွယ်တွေ ဆက်လက်ဖြစ်ပေါ်နေခဲ့လျက် အခြေအနေတွေက ခဏအတွင်းမှာ လုံးဝပြောင်းလဲသွားခဲ့လေသည်။

"ညီမလေး .."

"ငါ့ညီမကို ငါ မခုတ်ဘူး .."

ညီအစ်ကိုတွေ ဒေါ်ညိုအိမ်ထဲကို အတင်းပြေးဝင်ကြ၏။ မိုးခြိမ့်က ကာထားပြီး လုံးဝပေးမဝင်ခဲ့ပေ။ ထိုးမယ် ကြိတ်မယ်တွေဖြစ်သည့် ပြင် မည်းမည်းမြင်ရာ ရန်ရှာနေကြသဖြင့် တစ်ယောက်တစ်ချက်ထိုးမိ ကြသေးသည်။

သို့သော် မိုးခြိမ့်က လုံးဝ အဝင်မခံသဖြင့်ဒူးထောက်မတတ် တောင်းပန် ရသည့်အဖြစ်သို့ ရောက်လျက် ..၊

"သူတို့မှားပါပြီလို့ တောင်းပန်နေပြီပဲကွာ .. ပေးဝင်လိုက်ပါ .."

"ဟုတ်ပါထယ် မိုးခြိမ့် ရယ် .. လူလေးက သူတို့နဲ့ ပြိုင်မမိုက်ပါ နဲ့တော့ .."

"နီတြာ မျက်နှာလည်းရှိတယ်လေ၊ နောက်လည်း သွေးသားဆိုတာ ပြတ်သွားကြမှာမှ မဟုတ်တာ .." အားလုံးဝိုင်းပြောပေးကြ၏။

မိုးခြိမ့် ခွင့်ပြုလိုက်တာနှင့် သူတို့တွေ နီတြာ ဆီ ပြေးသွားကြ၏။



ထိုအခါကျမှ အိမ်နီးချင်းတွေလည်း နီတြာ့ အခြေအနေကို သတင်းမေး ဖို့ ရောက်လာကြပြီး ..၊

"ဟယ် .. ဒဏ်ရာက အကြီးကြီးပါလား .."

"သိပ်မနက်လို့နေမှာပေါ့ .. တော်သေးတာပေါ့ကွယ် .."

လူတွေအများကြီး ဝိုင်းအုံကြည့်နေတာကို နီတြာ က သဘောမကျ သလို မျက်ခုံးနှစ်ဖက်ကို တစ်ဆစ်ချိုးမတတ် ကုတ်ချီထား၏။

အောင်ကြီးက အံကြိတ်ပြီး တိတ်ဆိတ်စွာကြည့်နေရင်း မျက်ရည် တွေ ဝေ့နေသည်။ တောင်ကြီး ကတော့ ငိုသံပါကြီးနှင့် တတွတ်တွတ် တောင်းပန်နေရှာသည်။

"မင်းတို့ကိုက ကိုယ့်ညီမကို ခုတ်မိမှန်းမသိလောက်အောင် ကန်း နေကြတာ .."

ချက်ကြီး က လွှတ်ချထားသည့်ဓားတုတ်ကို ပြန်ကောက်ကိုင်ပြီး အစ်ကို တွေကို လက်ညှိုးထိုးအပြစ်တင်သည်။ ပြီးတော့ ပုဆိုးတမမနှင့် ပြန် ထွက်သွားလေသည်။ ညီအစ်ကိုချင်း အကြီးနဲ့ အငယ်မို့ စိတ်လိုလက်ရ တစ်ခါတလေ ကိုကြီးတွေ ကျွန်တော်တွေနဲ့ ပြောနေတတ်ပေမယ့် စိတ်တို ပြီး အရှိအတိုင်း ဓာတ်ရုပ်ကပေါ်၏။

"အောင်ကြီး မင်းလည်း ပြောဦးလေကွာ .. ငါ့ဓားနဲ့ ထိတာပေမယ့် မင်း .. မင်းလည်း ဒီထဲမှာပါတာပဲကွ .."

"ငါ ဒီထိလာခဲ့တာပဲ .. မင်း လုပ်ခဲ့တဲ့ အပြစ် မင်းဘာသာ ဝန်ခံပေါ့ .."

အောင်ကြီးက နီတြာ့ ရှေ့မှာ ခဏရပ်ပြီး စိုးမိုးကြည့်နေခဲ့၏။ ပြီးတော့မှ တစ်လှမ်းချင်းထွက်ခွာသွားခဲ့ပြီး ..၊

"နီတြာ့ ကို ကျုပ်တို့ဆီမှာ ခေါ်ထားမယ် .."

"ရမလားဗျ .."

"မင်းတို့ကလည်းကွာ .. လူနာမျက်နှာကိုလည်း ကြည့်ပါဦး .."

အိမ်နီးချင်းတစ်ယောက်က ဝင်ပြောမှ အောင်ကြီးတို့ သမင်လည်ပြန် ငဲ့ကြည့်၏။

www.burmeseclassic.com

www.burmeseclassic.com



"မင်းတို့ကို စိတ်နာလို့ ဒီထဲဝင်လာကြတာတောင် မကြိုက်တဲ့ပုံစံပြနေတာ မင်းတို့ အမြင်ပဲ၊ သူ စိတ်ချမ်းသာဟန်နေရာမှာနေပါစေ .."

ဒီစကားကြားတော့ ဒူးထောက်မျက်ရည်ကျနေသည့် တောင်ကြီးက ကမန်းကတန်းထရပ်ကာ ..၊

"ဒါဆို ကျွန်တော်တို့က ဒီကိုလာချင်တိုင်း ဒူးထောက်တောင်းပန်နေရမှာပေါ့ဗျ .."

"ဒါကတော့ မင်းတို့ကိုယ်တိုင် ကိုယ့်စိတ်နဲ့ကိုယ် ညီမအတွက် ပျော့ပျောင်းစိတ်ဖြစ်လာရင် ဘာမှအပန်းမကြီးဘဲ ပြီးသွားမှာပါ .."

"ဟုတ်တယ် .. ကာယကံရှင်ဆွေက ဒီလိုပြောလာရင် မင်းတို့လည်း ခံချင်မှာမဟုတ်ဘူး၊ ငါတို့တွေက ကြားလူတွေပါ၊ မင်းတို့ချင်း ခုဆို သမီးယောက်ဖတွေလည်း ဖြစ်နေကြပြီ မခေါ်ချင်လို့ရမယ် မပေါ်ချင်လို့မရဘူး .."

ဆိုးရွားနေခဲ့သည့် အခြေအနေတစ်ခုက အဖြင်ဖြေပြသလိုရှိသွားခဲ့ပြီး မကြာမီ ..။

"တောင်ကြီး တစ်ယောက် [illegible]ခိုပ်ဘဲ ခြံထဲဆင်းပြီး စကားတွေပြောနေလို့တဲ့ .."

သုံးရက်ပဲကြာသည် သတင်းကြားခဲ့ရ၏၊

"သူတို့ချောင်ချောင်ဖြစ်သွားတယ်ကြားတယ် .."

"ညီမကိုတော့ တော်တော်ချစ်ကြရှာတယ် .. ဒီလိုဆိုတော့လည်း သနားပါတယ် .."

"အောင်ကြီးလည်း တော်တော်ကို ငြိမ်ကုပ်သွားဘာ .."

"ချက်ကြီး လည်း အုပ်စုဖွဲ့ပြီး သောက်လိုက်တာ သိုင်ရာမထဘဲ .."

စသဖြင့် ..၊

♣



အခန်း (၁၄)

"သူ ဘာမှမစားဘူးလား .."

"မစားပါဘူး မအေးရယ် .."

ဒေါ်အေးဆိုင် က လူမမာစားဖို့ယူလာခဲ့သည့် ငါးရံ့ခြောက်ဖုတ်ဆီဆမ်းထားသော ပန်းကန်လေးကို ဘေးက ကလပ်စင်လေးပေါ် သူ့ဘာသာ လှမ်းတင်လိုက်၏။

ပြီးမှ နေရာမှာ ဝင်ထိုင်လိုက်ကာ ..၊

"အမြဲတမ်း ပက်လက်ပဲနေတာလား .."

"ကောင်းတဲ့အခါ ကောင်းပေးပါတယ်၊ နာလို့ထင်တယ် .. ပြီးရင် ပက်လက်ပဲ ပြန်ပြီးသွားတော့ .."

"ဒဏ်ရာက မကောက်သာဘူးလား မိညို .."

နောက်ထပ် ခြေရင်းအိမ်က ဒေါ်ခန်းစန်း ရောက်လာကော့သည်။ တောဝက်သားလေးနှပ်ကုံးကို ပြုတ်ကြော်လေးလုပ်ပြီး ယူလာခဲ့၏။

ဒေါ်ညို့ကို လှမ်းပေးလိုက်တော့ ကလပ်စင်လေးပေါ်က ငါးခြောက်ပန်းကန်ဘေးမှာပဲ တင်ထားလိုက်ကာ ..၊

"ဆိုင်ဦး အစန်း ရေ .. ပန်းကန်တွေတော့ ပြီးမှပဲ လှယ်ပေးတော့

www.burmeseclassic.com

www.burmeseclassic.com



မယ်နော် .. နင်တို့အတွက် လက်ဖက်သုပ်လေးသွားလုပ်လိုက်ဦးမယ်”

“အေး .. အေး ..”

ဒေါ်စန်းစန်း က ဒေါ်အေးဆိုင် ဘေးမှာ ပူးကပ်ထိုင်လိုက်ပြီး ..၊

“ခုထိ စကားမပြောနိုင်ဘူးတဲ့လား ..”

“ဟုတ်မှာပေါ့ .. ငါရောက်တာ နှစ်ခါရှိပြီ တစ်ခါမှ ပြောသံမကြားဘူး ..”

“ကျွန်မ ညနေတိုင်းရောက်ပါတယ် ..”

“မျက်လုံးကတော့ အမြဲတမ်းဖွင့်လျက်သားပဲနော် ..”

“ဟုတ်တယ် .. လူဝင်လာလည်း မသိသလိုပဲ၊ မညို ပြောတာတော့ မိုးခြိမ့် ဝင်လာရင်တော့ လိုက်ကြည့်တယ်တဲ့ ..”

နှစ်ယောက်သား နီတြာ ကို ကြည့်ရင်း သနားလည်းသနား၊ စိတ်လည်း ပျက်မိကြသည်။

“မိုးခြိမ့် လည်း ဝဋ်ကြွေးပဲနော် .. ကြည့်ရတာ နာတာရှည်ဖြစ်သွားမယ်ထင်တယ် ..”

“ဆရာချော ကတော့ သေလောက်တဲ့ဒဏ်ရာကြီးလို့ထင်တာဘဲ၊ ကြည့်လိုက်တော့ အတိမ်အနက် တောင်စမ်းလို့မရဘူးတဲ့ ..”

“ရုပ်ကြည့်ရတာတော့ နာကျင်တဲ့ပုံမရှိဘူးနော် .. အသားအရောင် သိပ်မမှန်တာပဲရှိတယ် ..”

“အေးဟဲ့ .. နီတြာ က ဖြူဖြူရဲရဲလေးပဲနော် .. အခု အသားရောင်က ဝါတာတာပြာတာတာကြီး ..”

နီတြာ ဆံပင်တွေက ခေါင်းအုံးပေါ်မှာ ပြန့်နေ၏။ ရှည်တာမဟုတ်ဘဲ ပြန့်နေတော့ ခေါင်းကိုရေထဲစိမ်ပြီး မျက်နှာဖော်ထားတာနှင့်တူသည်။

ပြီးတော့ မျက်ကြောစင်းစင်းနှင့် တစ်ဝက်လောက်ပဲဖွင့်နေသည့် မျက်လုံးတွေက အနည်းငယ်မျှ မလှုပ်ရှားဘဲ မျက်လုံးဖွင့်ပြီး အိပ်နေသလိုလို မမြင်ရတဲ့လူလိုလို ..။

“ဓားဒဏ်ရာက ဝါးလုံးကို ဓားနဲ့ လက်ပြန်ထစ်ထားသလိုမျိုးကြီး



ရယ် .. သွေးတွေခဲနေတဲ့ပုံစံကလည်း ဒဏ်ရာမသေးဘူးဆိုတာ ပြနေတာပဲ ..”

“ဟုတ်တယ် .. ရောက်လာကာစက သူ့အင်္ကျီမှာသွေးတွေတစ်ထည်လုံး နစ်နေတာ၊ စည်ပိုင်းထဲက ရေတစ်ဝက်ကျိုးအောင် လျှော်ရတယ်တဲ့ ..”

ဒေါ်စန်းစန်း က ထင်ရာကိုပြောချင်ပေမယ့် မကောင်းတတ်သည်မို့ တံတွေးပြန်မျိုသလို မျိုသိပ်ထားနေရ၏။

“နင်က ဘယ်လိုထင်လို့လဲ မစန်း ..”

“ဘယ်လိုပြောရမှန်းတောင် မသိပါဘူးတော် ..”

“ညဘက်ကြီးသွေးသံရဲရဲနဲ့ ပြေးလာလို့ အပမှီလာတယ် ထင်နေတာလား ..”

ဒေါ်အေးဆိုင် မေးလိုက်ကာမှ မျက်နှာချင်းပိုနီးအောင် တိုးလိုက်ရင်း ..၊

“မအေးရော ဘယ်လိုထင်လဲ ..’

“ရှိပြီ မအေးရေ .. ဧရာသီးစိမ်းမရှိတာနဲ့ ခေါင်းရင်းမှာ ဆင်းရူးနေရသေးတယ်၊ ပဲကြော်လေးလည်းရှလို့ ရော့ .. မြည်းကြပါဦး ..”

ဒေါ်ညို လက်ဖက်ပန်းကန်နဲ့ ပြန်ဝင်လာတော့ သူတို့စကားတွေ ပြတ်သွားကြသည်။ ရင်းနှီးနေကြသည့်လူတွေမို့ ဒေါ်အေးဆိုင် က လက်ဖက်သုပ်ပန်းကန်ကို ယူလိုက်ပြီး ပါးစပ်ထဲ တစ်ဖွန်းထည့်၍ ..၊

“ကောင်းသားပဲ .. ရော့ မစန်း ..”

သူတို့ချင်း လက်ဆင့်ကမ်းမြည်းနေကြရင်း ..၊

“လူနာကို ထိုင်မလွယ်ထမလွယ်ဖြစ်အောင် မိညို ရယ် .. ကြမ်းပေါ်မှာပဲ သိပ်လိုက်ပါလား၊ ခုတင်ပေါ်မှာ သူ့အတွက် ပိုအပမ်းကြီးတာဆို့ ..”

ရွာမှာ သစ်တွေဝါးတွေ ပေါနေသဖြင့် နည်းနည်းကြီးသည့်အိမ်တိုင်းမှာ ခုတင်နဲ့အိပ်ကြတာပဲများသည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်ချို့က ဝါးကွပ်ပျစ်ဖြစ်ကာ တစ်ချို့က သစ်ပင်တစ်မျိုးမျိုးဖြင့်..။

"ကိုယ်လည်း ခုတင်နဲ့ပဲ အိပ်တာ မအေးရယ်၊ နောက်ပြီး ကြမ်းပေါ်မှာဆိုရင် လူအတက်အဆင်းလုပ်ကြတိုင်း သူ့အတွက် အနှောင့်အယှက်ဖြစ်မှာ .."

"အင်း .. ဒါလည်း ဟုတ်တာပဲ .."

"မိုးခြိမ့် ရော .."

"သားက ညဘက်စောင့်အိပ်တယ်လေ .. ခုနကမှ ဝင်အိပ်နေတာ"

"ဒါနဲ့ ညညမှာတော့ သူတို့လင်မယားချင်း စကားပြောသံမကြားရဘူးလား .."

ဒေါ်ညို က ပင့်သက်ရှိုက်ရင်း နီတြာ ကို လှမ်းကြည့်ကာ ..၊

"မပြောပါဘူး မအေးရယ် .. သားကိုတော့ မေးရင်ဖြေရင် ခေါင်းညိတ်ခေါင်းခါလုပ်ပြတယ်တဲ့၊ သူ ဘယ်လိုခံစားနေရတယ် ဘာဖြစ်ချင်တယ်ဆိုတာ မသိတော့ ကျွန်မလည်း ဘာလုပ်ရမှန်းမသိတော့ပါဘူး၊ မိုးခြိမ့် ကတော့ မြို့မှာဆေးကုပေးချင်တယ်တဲ့ .."

"ဟဲ့ .. မြို့မှာ စရိတ်စကက နည်းတာမှတ်လို့လား .. ဆရာတော်ကြီး ဆေးသွားကုတာက သံဃာ့ဆေးရုံမှာ ပိုက်ဆံကုန်တာမဟုတ်ဘူး.."

"ဒါပေမယ့် ကျွန်မကတော့ ဖြစ်အောင်လုပ်ပေးချင်တယ်၊ အကယ်၍ သူ့ဆန္ဒကိုက ဆေးကုချင်ရင်ပေါ့ .."

နီတြာ ကို ကြည့်ပြီးပြောတော့ သူတို့တွေကလည်း လှည့်ကြည့်ကာ ...

"တော်ရုံ ခံစားရတာလောက်နဲ့ ဘယ်သူမှ မိသားစုနဲ့ခွဲပြီး ဆေးရုံသွားမတက်ချင်ကြဘူးလေ၊ သူကြည့်ရတာ ခံစားနေရတဲ့ပုံမရှိသလိုပဲ.."

"ဩော် .. မခံစားရစရာလား မအေးရယ် .. သူ့ခမျာ ပတ်လက်ချည်းပဲ နေရရှာတော့ .."

ဒေါ်ညို့ စကားသံကြောင့် ဒေါ်အေးဆိုင် နဲ့ ဒေါ်စန်းစန်း တို့ မျက်လုံးချင်းဆုံသွားကြသည်။ ပြီးတော့ ပြုံးလိုက်ကြပြီး ..၊



"ယောက္ခမကတော့ ခုမှ ရက်ပိုင်းလေးပဲတော်ရသေးတဲ့ ချွေးမကို တော်တော်ချစ်နေပုံပဲနော် .."

"ဟုတ်ပ ..ဒါတောင် လူတပတ ကောင်းကောင်းကန်းကန်းလေး ရောက်မလာလို့၊ နီတြာ ပုံစံလေးအတိုင်းသာရောက်လာရင် အင်း .. ဘယ်လောက်များစိနောက်အောင် ချစ်လိုက်မလဲ .."

သူတို့ပြောပြမှပဲ ဒေါ်ညို ကိုယ့်အဖြစ်ကို မချင့်မရဲဖြစ်သွားမိသည်။ ထို့ကြောင့် မချိုပြုံးပြုံးမိရင်း ..၊

"ကျွန်မမှာ သားလေးတစ်ယောက်ပဲရှိတာဆိုတော့ သူနဲ့ပါလာမယ့် မိန်းကလေးက ကိုယ့်သမီးလေးပါပဲ .."

"အေးပေါ့ .. ဟုတ်ပါတယ်အေ .. ငါတို့ကလည်း အဲ့ဒီလိုလေး မြင်ချင်တာပါ .."

"နီတြာ သာ ကောင်းကောင်းမွန်မွန်လေး ပြန်ဖြစ်သွားရင် သူတို့ချင်းလည်း ချစ်၊ နင်တို့နှစ်ဖက်လူကြီးတွေလည်း အဲ .. သူ့အဖေကိုတွေကလည်း ကျေနပ်သွားကြပြီဆိုတော့ ဘယ်လောက်ပျော်စရာကောင်းမလဲနော် .."

ဒေါ်စန်းစန်း က ပြောနေရင်း နီတြာ မျက်နှာကို လှမ်းကြည့်လိုက်ကာ ..၊

"ဟဲ့ .. ဟိုမှာ နီတြာ .. နီတြာ မျက်ရည်တွေကျနေတယ်ဟဲ့ .."

ဟင်!...

ဒေါ်ညို တအံ့တဩလှည့်ကြည့်မိသည်။

"ဟုတ်တယ် မိညို .. သူ ငိုနေတာ ငါတို့ပြောနေတာတွေကြားလို့ထင်တယ် .."

"ဟုတ်မယ် .."

ဒေါ်ညို က နေရာကထ၍ နီတြာ ဘေးမှာ တင်ပါးလွှဲဝင်ထိုင်လိုက်ကာ ..၊

"နီတြာ .. မငိုနဲ့ သမီး .."

www.burmeseclassic.com

www.burmeseclassic.com



မျက်ဝန်းထောင့်ကနေ စီးကျနေသည့် မျက်ရည်တွေကို ခေါင်းရင်းမှာ တင်ထားသည့် တဘက်လေးနဲ့ သုတ်ပေးလိုက်ရင်း ..၊

"ညည်း နေကောင်းသွားမှာပါ သမီးရယ်၊ ဝမ်းနည်းမနေပါနဲ့ ခုဆို အားလုံးက ဂရုစိုက်နေကြတာပဲ .."

"ဟုတ်ပါတယ်အေ .. ကျန်းမာရေးဆိုတာ ပိုက်ဆံရှိတိုင်းလည်း ဝယ်ယူလို့ရတာ မဟုတ်ဘူးလေ၊ နာကျင်ခံစားနေရတဲ့ ဒီခန္ဓာကိုယ်ကြီးကိုလည်း 'မနာနဲ့ မကျင်နဲ့' လို့ အမိန့်ပေးလို့မှမရတာ ဝဋ်ကြွေးလို့မှတ်ပြီး တရားနဲ့သာဖြေပါအေ .."

"ဒေါ်ကြီးအေးတို့ အဲ့ဒါပဲ .."

မျက်နှာကို တဘက်နဲ့ပွတ်သုတ်ရင်း မိုးခြိမ့် အခန်းထဲဝင်လာသည်။

"သား .. မင်း ဘယ်လောက်မှလည်း မအိပ်ရသေးဘူးမို့လား .."

"အိပ်လို့မှ မပျော်တာ အမေရ .."

"အမေ သွေးဆေးတိုက်ထားတယ်လေ .. အဲဒါတောင် .."

"မပျော်ဘူး .."

"အဲဒါကြောင့် ငါကလည်း အကြံပေးချင်တာ၊ သူတို့လင်မယားကို ဒီထဲမှာပဲ ပေးနေလိုက်ပါလား .. သူ့မိန်းမနားမှာပဲနေရင်း အိပ်ချင်တဲ့အခါအိပ် ပြုစုတဲ့အခါပြုစုပေါ့ .."

"မဆိုးဘူး ဒေါ်ကြီးအေး .. အဲဒီလိုစကားပဲပြောရမှာ၊ ဘယ့်နှယ် လူမမာနားလာပြီး တရားနဲ့ဖြေဖို့လာပြောရတယ်လို့ .."

"ဟဲ့ .. တရားနဲ့မဖြေနိုင်ရင် ဝေဒနာခံစားနေရတာပဲသိပြီး ရူးသွားမှာပေါ့ .."

"မဟုတ်ဘူးလေ .. ဒါ ပျောက်သွားအောင် အကြံလေးဉာဏ်လေးပေးပေါ့၊ ပျောက်သွားမှာပါ၊ ဘာညာလေးပြောပြီး စိတ်ချမ်းသာအောင် အားပေးရမှာလေ .."

"အောင်မယ်လေး မိုးခြိမ့် ရယ် .. အဲဒါမျိုးပြောတာမှ နင်တို့က သဘောကျတာလား၊ မိတ်ဆွေကောင်းဆိုတာ ကိုယ့်မိတ်ဆွေရဲ့ သောက



ကို မျှဝေခံစားပေးရတာပါ .."

"အလို့ .. ကဗျာတွေစာတွေနဲ့ပါလား .."

"ကဗျာသံစာသံတော့ ဘာဖြစ်လဲ .. ငါလည်း စာဖတ်တတ်ပါတယ်"

"ဟုတ်ပါပြီ .."

"သူ့အကြိုက်လိုက်ပြောပြီး သတင်းလေးဘာလေး မေးပြန်ရအောင် ငါတို့က အဲ့လိုစားသောက်ကောင်းရုံ ပေါင်းခဲ့ကြတဲ့လူတွေလား .."

"ဟုတ်ပါတယ် မအေးရယ် .. ဒီကောင်လေး အပြောအဆိုကိုမတတ်တာ၊ မအေး စေတနာကို ကျွန်မသိပါတယ် .."

"အေးပါ .. ငါကလည်း စိတ်ဆိုးလို့မဟုတ်ပါဘူး၊ ဒီမှာ မိုးခြိမ့်ရေ နာမကျန်းဖြစ်နေတဲ့အခါ တရားမမှန့် ဆုံးမလမ်းပြနိုင်တဲ့သူသာ အဆွေခင်ပွန်းကောင်းဟဲ့ .. သေချာမှတ်ထား တစ်ချို့ဆိုရင် ဆရာမနိုင်တော့တဲ့ရောဂါခံစားနေရတာတောင်မှ တရားနှလုံးသွင်းပြီး ဝေဒနာကို စိတ်ကကြည့်နိုင်ရင် ယူပစ်သလို ပျောက်သွားတယ်တဲ့၊ အဲဒါ ယုံတမ်းစကားမထင်နဲ့ .."

မိုးခြိမ့် ကတော့ လူကြီးပြောသည့်စကား နားဝင်သည်မဝင်သည် မသိ .. နီတြာ့ ဘေးမှာသွားထိုင်ပြီး ဆံပင်တွေကိုသပ်တင်ပေး၏။

မိုးခြိမ့် ကိုတော့ လိုက်ကြည့်တတ်သည့်ဆိုသဖြင့် ဒေါ်စန်းစန်းတို့က နီတြာ့ ကို လှမ်းကြည့်ကြသည်။ မျက်တောင်ဖျားတွေ အနည်းငယ် လှုပ်ခတ်သွားခဲ့ပြီး မျက်ဝန်းတွေက လှုပ်ရှားမလိုဖြစ်သွားခဲ့သည်။

ဒါပေမယ့် ဒီတိုင်းပါပဲ ..။

"အားမငယ်နဲ့နော် နီတြာ .. နင် စကားပြောနိုင်ရင် ဘာလုပ်ချင်လဲပြောပြ၊ ဒီဒဏ်ရာကို ငါတို့ မြို့မှာ ဆေးသွားကုလို့ရတယ် .."

နီတြာ့ မျက်ဝန်းမှ မျက်ရည်တွေအဆက်မပြတ် စီးသွယ်ကျလာခဲ့သည်။ ဒေါ်ညို ကြည့်နေရင်း မျက်ရည်ဝဲလာခဲ့၏။ ဒေါ်အေး တို့လည်း မျက်တောင်တွေ ပုတ်ခတ်ပုတ်ခတ်ဖြစ်လာခဲ့လျက် ..၊

"ဝေဒနာဖြစ်လာတာကို ဘာတတ်နိုင်မှာလဲအေ .. ခုလို ကိုယ့်ဘေး

www.burmeseclassic.com

www.burmeseclassic.com



မှာ ပြုစုယုယမယ့်လူတွေ ဝိုင်းဝိုင်းလည်နေတာကပဲ ကံကောင်းလှပါပြီ.."

"ဟုတ်တယ် .. တစ်ချို့ဆို ဆေးနာခံစားနေရတဲ့အပြင် ချေးမနိုင် သေးမနိုင်ဖြစ်နေတော့ ဟိုလူမကြည့် ဒီလူမကြည့်နဲ့ရယ် .."

"အဲ့ဒါမျိုးမဖြစ်ရပါဘူး သမီးရယ် .."

ဒေါ်ညို က ဘေးမှာထိုင်နေကာ နီတြာ့ လက်ဖျားလေးကို ဆုပ်ကိုင်ထားရင်းပြော၏။

"သမီးကို သားကလည်း မြတ်နိုးတယ်၊ အဒေါ်တို့ကလည်း ကိုယ့်သမီးလေးလို မှတ်ပါတယ်၊ နောက်ပြီး အောင်ကြီး တို့လည်း လိမ္မာနေကြပြီလေ .. သမီး နေပြန်ကောင်းတာနဲ့ ရွာမှာ မင်္ဂလာပွဲကြီးခြိမ့်ခြိမ့်သဲ /လုပ်ပေးမှာ .."

ပျော်စရာတွေပြောပြနေလေ နီတြာ့ မျက်ရည်တွေ အားကောင်းလာကြလေ ..။

"ဘာဖြစ်လို့လဲ နီတြာ .. ညည်း အသက်ငယ်ငယ်လေးရှိသေးတာပဲ၊ ခုတ်ရာထစ်ရာဆိုတာ ဆေးတုရင်ပျောက်တဲ့ရောဂါပါကွယ် .."

"ဟုတ်သားပဲအေ .. မိစန်း ပြောသလိုပဲ ဒဏ်ရာဖြစ်တာက အချိန်တန်ရင် ကျက်သွားမှာပေါ့၊ ဘာအားငယ်စရာလိုသလဲ .."

ပြောမယ့်သာပြောနေကြသည် နီတြာ့ မျက်နှာမှာ မျက်ရည်တွေကလွှဲပြီး ဘာလှုပ်ရှားမှုမှ ဖြစ်မလာခဲ့ပေ ..။

ထို့ပြင် ကိုယ့်ယောကျ်ားက တယုတယပွတ်သပ်ချော့မြူနေတာတောင် လက်ကလေးဖြစ်ဖြစ် ပြန်ကိုင်ထားတာမရှိ ..။ ပြောရပါလျှင် ခန္ဓာကိုယ်တစ်ခုလုံး အကြောအချဉ်တွေဆိုင်းပြီး လှုပ်ရှားမရတော့တာမျိုး ..။

ဒေါ်အေးဆိုင် တို့လည်း ဓါကိုစိတ်ထဲက ကိုယ်စီတွေးလိုက်မိကြသည်မို့ သက်ပြင်းချရင်း ပြန်ထွက်ခဲ့ကြ၏။

"ငါတော့ မထင်ပါဘူးအေ .."

"ဘာကိုတုန်း မအေးရဲ့ .."



"ကောင်မလေးက သူ့ကိုယ်သူ သိနေတဲ့ပုံပဲ .."

"ဘာသိတာတုံး .."

"သူ ခံစားနေရတာ သက်သာမယ့်ပုံမရှိဘူးဆိုတာသိရင် ငါတို့က အားပေးနေတာကို ငိုချင်ရက်လက်တို့ဖြစ်နေတာပေါ့ .."

"ဟုတ်တယ်နော် .. ကျုပ် အဲ့ဒါကို အံ့သြနေတာ၊ ဒဏ်ရာက အနာရင်းပြီးယောင်တာရမ်းတာလည်း မတွေ့ပါဘူး .."

"တွေ့မလားအေ့ .. ဒဏ်ရာကို တဘက်နဲ့ဖုံးထားတဲ့ဥစ္စာ .."

"ပေါ်တော့ပေါ်နေတာပဲလေ .. အဲလောက်မြင်နေရရင် အနာရင်းနေလား မရင်းဘူးလား ကြည့်လို့ရတာပဲ .."

ဒေါ်အေးဆိုင် က ဒေါ်ညို ဟင်းလှယ်ပြီး ပြန်ပေးလိုက်သည့် ပန်းကန်လုံးလေးကို ငုံ့ကြည့်ရင်း တစ်ခုခုတွေးနေသလိုရှိကာ ..၊

"လည်ပင်းက ဒဏ်ရာက တော်တော်ကြီးမားနေလို့လား .. ဒါမှမဟုတ် တခြားပဲ့နေရာရာမှာများ ဒဏ်ရာမပေါ်ဘဲ အတွင်းကြေကြေနေတာရှိလို့လား .."

"မဟုတ်လောက်ပါဘူး မအေးရယ် .. ဒီဒဏ်က သူ့အစ်ကိုများနဲ့ မတော်တဆထိခဲ့တာမဟုတ်ဘူးလား .. ဒီတစ်ခုပဲ ထိမိတာဖြစ်မှာပေါ့.."

"ဒေါ်ကြီးအေးဆိုင်တို့ ဒေါ်လေးညိုတို့ အိမ်က ပြန်လာတာလား.."

"အေး .. ဟုတ်တယ် .."

ရွာထဲက မိန်းကလေးတွေ သုံးလေးယောက် စံပယ်ပန်းတွေအခိုင်လိုက်နှင့် တစ်ချို့က ငှက်ပျောသီး၊ တစ်ချို့က ဟင်းချက်တွေနဲ့ ပန်းကန်ကိုင်လျက် ..။

"ကျွန်မတို့က ခုမှသတင်းသွားမေးရမှာ .. နီတြာ နေကောင်းလားဟင် .."

"ဒီတိုင်းပါပဲအေ .. ဒါနဲ့ အဲဒီငှက်ပျောသီးကြီးက လူမမာစာလား"

"ဟုတ်သားပဲ .. လူမမာက ဒဏ်ရာနဲ့နော်၊ ငှက်ပျောသီးက ပြည်တည်စာကြီး .."

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ပါ၊ လူမမာမစားနိုင်လည်း အကြီးညီတို့ စားရတာပေါ့ .."

မိန်းကလေးတွေ ထွက်သွားကြတော့လည်း ဒေါ်အေးဆိုင် တို့ ပြောစရာကျန်ခဲ့ကြကာ ..၊

"ချစ်ချောလေးက သနားစရာနော် .. သူ့ခမျာ ငယ်ငယ်တည်းက မိုးခြိမ့် ကို သံယောဇဉ်ကြီးခဲ့ရှာတာ .."

"ဒါကတော့ ရှာနားကမြက် ရှာနွားမစားကိုးအေ .."

"နီကြာလည်း ရှာသူပါပဲတော် .."

"မတူဘူးလေ .. ချစ်ချော က မိညီတို့ အိမ်မှာလိုလိုချည်းပဲ၊ စားအိမ်သောက်အိမ်လိုဖြစ်နေတဲ့ဥစ္စာ၊ ကျောင်းတက်မယ်ဆိုမှ အဲဒီအိမ်ကခွာတာ၊ ပြန်ရောက်တာနဲ့ အဲဒီကိုပြန်ရောက်သွားတာပဲ ပြီးတော့ နီကြာ့ လောက်လည်း မလှပါဘူး .."

"လှတာ မလှတာက ကြည့်တဲ့သူပေါ်မှာပဲ မူတည်တာပါ မအေးရယ်၊ ဖူးစာကံကိုက နတ်ရေးတဲ့ ကံကြမ္မာတစ်ခုပါ၊ ချစ်တိုင်းလည်း မညား ညားတိုင်းလည်းမချစ်၊ ချစ်ကြညားကြပေမယ့်လည်း အင်း .. မိုးခြိမ့် နဲ့ နီကြာ လိုပေါ့ .."

ဘာကိုပြောချင်တာလည်းတော့ မသိ ..။

♣



## အခန်း (၁၅)

"ခတ်တိုင် ရေ .."

မှောင်ရီဖြိုးစမို့ တောခလေ့အတိုင်း ကစားနေကြတဲ့ ကလေးတွေ ကိုယ့်အိမ်ကိုယ် အသီးသီးပြန်လာကြသလို သိုးကျောင်း နွားကျောင်းသမားတွေလည်း နွားတွေသိမ်းပြီး အိမ်မှာလူစုံကြသည့်အချိန် ..။

မိုးခြိမ့် တို့ ခတ်တိုင်တို့ ခြံရှေ့ရောက်တော့ ခတ်တိုင်ရဲ့ အမေ ဒေါ်သဲ က ခွဲထားသည့်ထင်းစတွေကို နောက်ဖေးပို့နေလျက်နှင့် ..၊

"ခတ်တိုင် အိပ်နေတယ်ဟော့ .. အသက်မှရှိသေးရဲ့လားမသိဘူး၊ သွားတက်ကြည့်ကြဦး .."

မောသံနှင့်ပြောရင်း ..၊

"ဟိုအငယ်ကောင် .. တစ်နေကုန်ဆော့ပြီး အိမ်ပေါ်တန်းတက်တယ်ဟုတ်လား .. ပြန်ဆင်းစမ်း၊ သွား .. ဟိုမှာ ခြေထောက်လက်ထေ့ ဆေး .."

"အမေ့ ကိုကြီးရော .."

"လာပြန်ပြီ ဟိုမှာ အိပ်နေတယ် .. အိပ်နေတယ် ထင်းလေးတစ်ပုံ

www.burmeseclassic.com

www.burmeseclassic.com



ခွဲခိုင်းလိုက်မိတာ တော်တော်ပင်ပန်းသွားရှာတာကိုး ..."

သားနှစ်ယောက်မွေးထားပြီး သေါ်သဲ ပါးစပ်ကပြောတာလည်း တစ်ချက်မှ မနားပေ၊ မိုးခြိမ့် နဲ့ ငြေ တို့ ဝင်လာတော့ အိမ်သဲဝင်မည်ကြံသေးသည်။

"နေဦး .. နေဦး နေဝင်ရီသရောကြွ်းမို့လို့ .."

ပြေးလာပြီး မိုးခြိမ့်တို့ ရှေ့က မြေပြင်ကို ဖနောင့်နဲ့ပေါက်လိုက်ရင်း ...၊

"ဖွက် .. ဖွက် .. ဖတ် .. ဒါ .. ငါ့အိမ် မကောင်းဆိုးဝါ မဝင်ရဘူး.."

အကျင့်ပါနေသည့် ခလေ့တစ်ခုမို့ 'ဖက် .. ဖက်' လုပ်ပြီးမှ ထင်းသွေဆီ ပြန်ရောက်သွား၏။ ထိုဆီမှာ ထိုင်ချလိုက်ပြီးမှ မိုးခြိမ့် တို့ ဝင်သွားတာကို ပြန်လှည့်ကြည့်ကာ ...၊

"အဲဒီမှာဟော့ .. နင် မိန်းမခိုးလာတဲ့ညတည်းက ဓာတ်တိုင် မီးနေသည်ဖြစ်သွားတာလေ၊ ဒါပေမယ့် ဒီမီးနေသည်က ဘုရားစင်အောက်က ဘယ်မှမရွေ့တဲ့ မီးနေသည်ဟဲ့ .."

"အမေကဗျာ .."

အထဲကလူကလည်း မအကြားအောင် အော်သေးသည်။ မိုးခြိမ့်တို့က ရယ်ရင်း ဓာတ်တိုင်နားမှာ ထိုင်လိုက်ကြကာ ...၊

"မင်းကလည်း ငါမိန်းမရတည်းက ပေါ်ကိုမလာတာ ပြောလည်းပြောချင်စရာပဲ .."

"ငါ့ဘာသာ ပေါ်လာချင်မှ လာမှာပေါ့ကွ .. အခု ဘာကိစ္စလဲ .."

"အခုကိစ္စထက် ဘာကြောင့် အိမ်ကို တစ်ခေါက်မှ မလာတော့တာပဲ အရင်ပြော၊ အမေတို့က မင်းကို ပြောနေကြတယ်၊ အဲဒီညက သွေးသံရဲရဲမြင်ပြီး ဓာတ်တိုင် ကြောက်ဖျားဖျားသွားတာတဲ့ .."

ဓာတ်တိုင် ဟုတ်တယ်လို့ ခေါင်းညိတ်လိုက်ချင်မိ၏။ ပြီးတော့ ဇက်ကျိုးလျက်တန်းလန်းကြီးနှင့် သူ ဆွဲခေါ်သည့်နောက်ကို တောက်



လျှောက်ပါလာသည့် နီတြာ မျက်နှာကြီးက အာရုံမှာပေါ်လာခဲ့သည်။

ဒီပုံစံကြီးက ခုထိ မသေဘူးဆိုတာဖြစ်နိုင်မလား၊ ပြီးတော့ နီတြာ အိပ်ရာထဲမှာပဲ ပက်လက်ကြီးနေနေရတယ် ခြေလေးလက်လေးတောင် မလှုပ်နိုင်ဘူးတဲ့ ...။

ဒါဆို သူ ဝင်သွားတဲ့နောက်ကြီးတုန်းက ဒေါ်ကြီးညိုတို့ နောက်မှာ မတ်တပ်ကြီးလာရပ်သေးတာ သူ့မျက်စိနဲ့ တပ်အပ်မြင်ခဲ့တာ ဘာလဲ ...။

တစ်ခုခုတော့ လွဲနေပါပြီ ...။

သူ အဲဒီမနက်ကလည်း နီတြာ ဘယ်လိုဖြစ်လာခဲ့တယ်ဆိုတာ ပြောပြချင်ခဲ့သည်။ ဒါပေမယ့် သူကိုယ်တိုင် နီတြာ အိမ်ထဲဘယ်လိုရောက်သွားပြီး သူ့ကို မိုးခြိမ့် တို့ ခြံဝင်းထဲ ဘယ်သူဆွဲသွင်းသလဲဆိုတာ အဖြေရှာမရခဲ့သဖြင့် ဘာကစပြောရမှန်းလည်း မသိခဲ့ ...။

ဒါကြောင့် ဘာမှမပြောဖြစ်ဘဲ နီတြာ ကို အကောင်းအတိုင်းကြီး မတ်တပ်ရပ်နေတာမြင်တော့ လန့်ဖျန့်ပြေးလာခဲ့တာဖြစ်သည်။

နောက်ထပ်ကြားနေရသည့် သတင်းတွေအရ နီတြာ မသေဘူးဆိုတော့ မိုးခြိမ့်တို့ အိမ်ကို မသွားရဲတော့ပေမယ့် ဆရာချောဆီ ကိုယ်တိုင်သွားမေးကြည့်ခဲ့၏။

"မပြောတတ်ပါဘူးကွာ .. သေလောက်တဲ့ ဒဏ်ရာမဟုတ်လို့လို့ပဲ သတ္တုချရတော့မှာပဲ ငါကိုယ်တိုင်တောင် ဒဏ်ရာကို ကြည့်လို့မသိတာ ဘယ်လိုလုပ်မလဲ .."တဲ့ ...။

ခုချိန်ထိ နီတြာ ဘာဖြစ်ခဲ့တယ်ဆိုတာ သူ ဘယ်သူ့ကိုမှ မပြောရသေးပေ ...။ ဒါက တမင်တကာမျိုသိပ်ထားတာမဟုတ်ပါ။ မိုးခြိမ့် မပြောနဲ့ သူ့စိတ်ထဲမှာတောင် နီတြာ ကို လူတွေဟိုလိုဒီလိုပြောလာကြမှာကို မလိုချင် ...။

ထို့ပြင် နီတြာ သေနေသောက်ပါပြီဆိုသည့်စကားကိုလည်း ဘယ်လိုမှ မပြောရက်ခဲ့ ...။

www.burmeseclassic.com

www.burmeseclassic.com



"တွေ့လား .. ဒီကောင် ရေငုံနှုတ်ပိတ်လုပ်နေတာကိုက မှုမမှန်တာ .."

"ဟုတ်တယ် မိုးခြိမ့် ရေ .. အမြဲတမ်း နင်တို့အိမ်မှာပဲနေလွန်းလို့ ငါ့သား ငါကမွေးပြီး မညီ့သား ဖြစ်သွားပြီလားလို့တောင် ငါ တွေးမိသေးတာ၊ ခုတော့ မိုးခြိမ့်တို့ အိမ်မှာ လူမမာနဲ့ မင်္ဂလာကိစ္စနဲ့ သွားကူပါဦးဟဲ့လို့ ပြောတာ ဘယ်လိုမှ ပြောမရဘူး .."

ဒေါ်သဲ က အိမ်ပေါ်တက်လာပြီး ရေနွေးကြမ်းနဲ့ မြေပဲကြော်ပန်းကန်ယူချလာသည်။

"ဘယ်လိုလဲ .. နင့်မိန်းမ အဲလေ .. ပြောရတာလည်း ထောက်လိုက်တာ၊ နိုးလာကြပြီး မပေါင်းရသေးတော့ .."

"အကြီးသဲ ကလည်းဗျာ .. လင်မယားလို့ပဲပြောစမ်းပါ၊ အိမ်ရောက်နေတာပဲ တစ်ပတ်ပြည့်တော့မယ် .. ဒေါ်ကြီးညို ကလည်း နီတြာ ထူထူထောင်ထောင်ဖြစ်လာတာနဲ့ မင်္ဂလာဆောင်ပေးဖို့ အဆင်သင့်ပြင်နေတာ .."

"ဒါနဲ့ နီတြာ က လုပ်တောင်မလုပ်နိုင်ဘူးဆို စကားလေးဘာလေး မပြောဘူးလား .."

ပြုံးနေသည့် မိုးခြိမ့် မျက်နှာတည်သွားသည်။ ငြိမ် ကပဲဝင်၍ ..၊

"လည်ပင်းထိထားတော့ အသံမထွက်နိုင်သေးတာဖြစ်မှာပါ .."

"အေးလေ .. နေပြန်ကောင်းပါစေပဲ ဆုတောင်းပါတယ်၊ ခုဆို အောင်ကြီးတို့လည်း လိမ္မာနေကြပြီဆိုတော့ နီတြာ ကျန်းမာလာတာနဲ့ စိတ်ချမ်းချမ်းသာသာနေနိုင်ပြီပေါ့ .."

"သိပ်တော့ မလွယ်လောက်ဘူး .."

ဟင်!...

ဓာတ်တိုင် က ဝင်ပြောလိုက်တော့ သူ့ကိုလှည့်ကြည့်ကြ၏။ မိုးခြိမ့်ကတော့ ဂရုတစိုက်ဖြစ်သွားသည့်မျက်နှာနှင့် ..၊



"အဲဒါ ငါ မင်းကိုမေးချင်တာ ဓာတ်တိုင်၊ မင်းနဲ့အတူတူပြေးကြတော့ နီတြာ့ ကိုယ်မှာ တခြားဘာဒဏ်ရာများရခဲ့သေးလဲ .."

"ငါတော့ ..."

"မင်း စဉ်းစားကြည့်ပါဦး ကျောဘက်၊ ရင်ဘက် ဒါမှမဟုတ် အောက်ပိုင်းတစ်နေရာရာမှာ ထိခိုက်မိပြီး သွေးမထွက်ဘဲ အတွင်းဒဏ်ရာတွေ ဘာတွေများ .."

"ငါသိသလောက်တော့ ငါတို့ လွတ်လွတ်ကျွတ်ကျွတ်ပြေးခဲ့ကြတာပဲ .. လည်ပင်းမှာ ဒဏ်ရာဖြစ်လာတာလည်း ငါ လုံးဝမသိဘဲ ဆွဲပြေးလာတာ .."

"ဘယ်လို!...."

"မင်းကလည်း ဒါတော့လွန်တာပေါ့၊ မိန်းကလေးတစ်ယောက်က ဒီလောက်ဒဏ်ရာကြီးနဲ့ သွေးတွေလည်း မနည်းထွက်နေတာ မအော်ဘဲ မညည်းဘဲတော့ နေမှာမဟုတ်ပါဘူး .."

"ငါမကြားတာနေမှာပေါ့ .."

'အော်ချိန်မရလိုက်ဘဲ လည်ပင်းပြတ်သွားတာ' လို့ မပြောရက်ဘဲ သူ တကယ်မသိတာကို ဝန်ခံလိုက်သည်။

"ကဲပါ .."

မိုးခြိမ့် က ဓာတ်တိုင် ကြောက်တတ်တာကိုနားလည်နေသည်မို့ အားပေးသည့်အပြုံးနှင့် ဓာတ်တိုင် လက်မောင်းကို ဖက်ခနဲပုတ်လိုက်ပြီး ..၊

"အဲဒါတွေ ပြောမနေပါနဲ့တော့၊ ငါ မနက်သုံးနာရီလောက် တောလမ်းဖြတ်မှာ .."

"ဘာလုပ်ဖို့လဲ .."

"ဒီ့ဆေးပြေးလမ်းကြီး ပြီးသွားပြီလေ .. ငါတို့ဘက်ကနေ စောင့်စီးလို့ရပြီ .. ငါ မန္တလေးသွားမလို့ .."

www.burmeseclassic.com

www.burmeseclassic.com



"ဘာလုပ်ဖို့လဲ .."

"နီတြာ ဆေးကုဖို့ကိစ္စပါ၊ အောင်ကြီးလည်း ငါတို့ဆီကိုလာတယ်၊ သူ့ညီမအတွက် သူတို့လည်း ကြိုးစားကြည့်ချင်တာ .."

"မင်းတို့ကလည်း ဆရာချော ကို အရင်မေးကြည့်ဦးလေ .."

မြို့တက်ကုရင် ပျောက်မှာသေချာလို့လား ..။

အားလုံးက နီတြာ့ ကျန်းမာရေးအတွက်ပဲ ဆုတောင်းနေကြသဖြင့် ဓာတ်တိုင် သူ မြင်ခဲ့ကဲ့ လည်ပင်းပြတ်ပြဟဟကြီးက မျက်စိမှားခဲ့တာလားလို့ သံသယဖြစ်လာခဲ့သည်။

"ငါပြောတာက ဆရာက လမ်းညွှန်ပေးမှ .."

"မလိုပါဘူးကွာ .. ဆရာချောလည်း သူ တတ်သလောက်တော့ လုပ်ပေးတာပဲ၊ ဒါပေမယ့် သူ ဘာမှလည်း မမှန်းဆနိုင်ဘူး၊ ဝေဒနာခံစားနေရတဲ့လူကို ငါ ဒီတိုင်းထိုင်ကြည့်နေရမှာလား"

"ဟုတ်တယ် .. ဟုတ်တယ် .."

ဒေါ်သဲ ကလည်း ထောက်ခံနေကာ ..။

"နင်တို့နှစ်ဖက်စလုံး သူတို့ကလည်း ချမ်းသာတယ်၊ နင်တို့လည်း ဆင်းရဲတာမှမဟုတ်တာ၊ မြို့မှာ နေရာထိုင်ခင်းရေး တစ်ခေါက်သွားစီစဉ်ပြီး ဆေးကုဖို့လုပ်တာ ကောင်းပါတယ်၊ ဒါနဲ့ ဒေါက်တာ ဒွေးမြို့ကြီး ယောင်ဂုမ်းနီ ရှိနေတာတွေ ဖြစ်သေးလား .."

"ဘာမှ မဖြစ်ဘူး အကြီးသဲ၊ သွေးသွေးဆေးတွေနဲ့ပြီး ပြန်ရောက်လာတော့ ယုံကောင်မယုံနိုင်ဘူးကွဲ၊ သေခု သွေးစက်းကြောင်းကြီးမြင်နေရကာပဲရှိတာ၊ ဆိုးဆိုးရွားရွား သိပ်မဖြစ်ဘူး .."

ကြားနေရတာ ဓာတ်တိုင် လည်း မယုံနိုင်တော့ပါ။ လရောင်ဖွေးဖွေးမှာ သူမြင်ခဲ့တဲ့ နီတြာ့ လည်ပင်းကြီးက အမြင်မှားတာပေါ့။

"အဲဒါကြောင့် မင်း ဒီည ငါတို့ဆီလာအိပ်ကွာ .. မင်းရယ် ငြေရယ် ကြွက်တိုးရယ်ပဲ၊ ဟိုကောင်တွေက မအားကြလို့ .."



"ငါက အခု .."

"မဟုတ်ဘူးလေ .. ညမှလာလည်းရ .."

"ဗိုဆိုးပြီ .. ငါမလာချင်ဘူး ဟောကောင် .."

"ဘာဖြစ်တာလဲကွာ .. မင်းနဲ့ ငါ သက်စွန့်ဆံဖျားရှန်းကန်ပြေးသွားခဲ့ရတာ၊ ကူညီမှတော့ ရေဆုံးခရီးဖျားကူရမှာပေါ့ .."

"မင့်မိန်းမနီးတာ ငါကိုယ်တိုင် အိမ်အရောက်ပို့ပေးပြီးပြီလေ၊ ဒီ့ထက်ရေဆုံးရေဖျားတာ ဘာရှိမှာလဲ .."

"လုပ်ပါကွာ .. မနက်စောစောသွားရမှာဆိုတော့ တစ်ယောက်စီ လိုက်မနိုးနိုင်လို့ပါ၊ ငါ ဟိုမှာတည်းခိုဖို့ နေထိုင်ခင်းစီစဉ်ပြီးတာနဲ့ ပြန်လာမှာ၊ မင်းတို့အတွက် လက်ဆောင်ဝယ်ခဲ့မှာပါ .."

"ဘာလို့ ဝယ်ရမှာတုန်း မဝယ်နဲ့၊ ပျော်ပွဲရွှင်ပွဲသွားတာမှမဟုတ်တာ၊ အရေးအကြောင်းရှိသောခါ ကူညီပေးရမှာပဲ၊ သွား .. ညကျလည်း တစ်ယောက်တည်းသွားလာရတာမဟုတ်ဘူး .. ခုလိုက်သွား .."

ဒေါ်သဲက တစ်ချက်သွက်အမိန့်ထုတ်ရင်း အနွေးထည်နဲ့ ခြုံစောင်ကြီးတစ်ထည်ပါ သွားယူပေး၏။ ဓာတ်တိုင် ရှုရှုပုတ်ပုတ်မျက်နှာကြီးနှင့် ခေါင်းကုတ်၍ ..။

"မိုးခြိမ့် နော် .. မင်း .. ငါ့အတွက် မင်းကတော့ မိုးကြိုးပဲ .."

"ဟား .. ဟား .. ဟား .."

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၆)

လှမမာတစ်ယောက်တည်း အားငယ်မှာစိုးလို့ဟုဆိုကာ နီတြာ ကို အိမ်မကြီးရဲ့အောက်ထပ်မှာ ပြောင်းထားကြသည်။

"မိုးခြိမ့် လည်း ခရီးသွားမှာဆိုတော့ ဒီညနေပဲ ပြောင်းလိုက်ရတာ" တဲ့ ..။

'ငါလာမှပဲ' ဟု တွေးမိရင်း မာတ်ဝိုင်း လှမမြင်အောင် မျက်နှာလွှဲပြီး ရှုံ့မဲ့နေမိသည်။

"ဒီမှာ ချိုးကြော်နဲ့ ငါးပိချဉ် မိုးခြိမ့် .."

"ဟုတ်ကဲ့ မကြီးသိမ့် .. ကျေးဇူးပဲဗျို့ .."

"အံမယ် မတင်ရပါဘူးနော် .. မင်္ဂလာဆောင်ကျရင် ဟိုဘက်ရွာက ငါ့ဆွေမျိုးတွေပါခေါ်ပြီး လာမှာမို့လို့ ခုတည်းက ဖားထားတာ .. ဟိ .."

ခြေ က ဆံပင်ပွရင်းမဲ့၍ ..၊

"စိမ်ကိန်းက သေးသေးမဟုတ်ဘူး .."

"ငါလည်း ဖားတယ်ဟေ့ .. ဒီမှာ မြို့ရောက်ရင် ထမင်းစရိတ် မကုန်အောင်လို့ ချိုးကြော် သိလား .. ချိုးငှက်တော့မဟုတ်ဘူး၊ ဆန်သစ်



လေးချက်ရတော့ ချိုးလေးကလည်း ဖွေးအိနေတာပဲလေ၊ အဲဒါကြောင့် အခြောက်လှန်းထားတာ ေလှာ်ခါနီးမှ ဆားလေးနဲ့ လှော်လိုက်တာလေ ကျွတ်ရှနေတာပဲ .."

"လုပ်ပြီ .. မိုးခြိမ့် မင်း သွားကောင်းရဲ့လား .."

"အေးလေ .. ဒေါ်နု ထမင်းချိုးက နာမည်ကြီးနော် .. နာမည်သာ နုတာ ချိုးမနုဘူး .."

"ဟုတ်တယ် .. သူ့ထမင်းချိုးကြောင့် တောင်ညာဘက်က ကျွန်းခင်း စောင့်တဲ့လူကြီး သွားနှစ်ချောင်းတောင် ကျိုးတာ .."

"ဟယ် .. သူ့ဟာသူ သွားမကောင်းလို့ကျိုးတာပါလို့ သူကိုယ်တိုင် ပြောသွားတာပါဟယ် .. ပြောရက်လိုက်တာ .."

"အဲ့ဒီ 'ဟယ်'လေးကို ဟိုက အားနာပြီး ပြောသွားတာနေမှာပေါ့၊ ဆန်သစ်က ဖြစ်သေး ထမင်းခြောက်ဘဝလည်း ရောက်ရသေး၊ ပြီးတော့ ကြော်တာလည်းခံရ .."

"ကြော်တာမဟုတ်ဘူးဟဲ့ .. လှော်တာ ဆားနဲ့ မီးနဲ့ထိရင် နင့်သွားတွေ ချွတ်လှော်ရင်တောင် ရှုမှုဖြစ်သွားလိမ့်မယ် .. မယုံရင် စမ်းကြည့်လိုက် .."

"နေတော့ ..."

"ဟား .. ဟား .. ဟား .."

"ဟိုမှာ ဒေါ်ဆုံ ဘာလာပေးလဲမသိဘူး .."

"အမဲခြောက်ဟေ့ .. ဆီမရှိလို့ မီးဖုတ်လာခဲ့တာ .."

"ပိုကောင်းတာပေါ့ .."

ညကမှောင်နေပေမယ့် ခြံဝကမီးတိုင်နဲ့ အိမ်ထဲက အလင်းရောင်ကြောင့် သူတို့ပတ်ဝန်းကျင်မှာ လင်းနေသည်။ မနက်ခရီးသွားမှာမှန်း သိသောကြောင့် နှစ်ရက်သုံးရက်စာ စားစရိတ်မကုန်အောင် အိမ်နီးချင်း ရွာသားချင်းတွေက ဝတ္တရားမပျက် ပြေးလာပေးကြ၏။

လှမမာလည်း ရှိနေသဖြင့် အားလုံး၏ ကရုဏာက ပိုတာထက်

www.burmeseclassic.com

www.burmeseclassic.com



ဝိုနေကြလေသည်။ အပြင်မှာ ရယ်မောစုရုံးနေကြသောကြောင့် လောလော ဆယ် နီတြာ့ သေးမှာ ဘယ်သူမှမရှိ ..။

မိုးခြိမ့် ကတော့ သူတိရတ်နှင့် နောက်ထဲ ထဝင်သွားကာ ..၊

"အမေ ကျွန်တော့်ကို ထည့်ပေးထားနော် .."

"အေး .. အေး .. စားစရာတွေ ထပ်ထည့်ရုံပဲ၊ အမေ လုပ်ပေးထား မယ် .."

"ထည့်မထားနဲ့ အစ်မ .. အဝတ်တွေ ဟင်းနံ့ပါလိမ့်မယ်၊ခြင်းထဲ ထည့်ပြီး သပ်သပ်ဆွဲသွားလို့ရအောင် ကျွန်မလုပ်ပေးမယ် .. ပေး .."

ထားစင် က လာပေးသမျှ အကြော်အလှော်တွေကို အပေါ်မယူ တော့ဘဲ အောက်ထပ်က ခေါင်းရင်းခန်းမှာပဲ သွားသိမ်းထားလိုက်သည်။

"ထားစင် ရေ .. ဆွဲခြင်းက ရေစစ်ထားတာ ခြောက်လို့လား .."

"မထည့်သေးပါဘူး အစ်မရဲ့ .. မိုးခြိမ့် သွားမယ့် နှစ်နာရီသုံးနာရီ ဆို အတော်ပါပဲ .."

သူတို့ချင်း စကားပြောနေကြတာကို အားလုံးက လိုက်ကြည့်နား ထောင်နေ၏။ ပြီးမှ ..၊

"ကောင်မလေး ဘယ်လိုနေလဲ မညို .."

ဒေါ်ဆုံ က တိုးတိုးကပ်မေး၏။ ဒေါ်ညို မျက်နှာမကောင်းဖြစ်သွား ကာ ..၊

"မတိုးတက်ပါဘူး မဆုံ ရယ် .. ဆိုးသွားလည်းမဟုတ်ဘူးဆိုတော့ ပိုကောင်းလာမလားလို့ လုပ်ကြည့်ရမှာ .. အောင်ကြီး ကလည်း လာပြော တယ်လေ၊ သူ့ညီမကို ပြန်ခေါ်ထားရမလား ဒါမှမဟုတ် ဆေးသွားကုပေး မလားတဲ့ .."

"အေးလေ .. ကျန်းမာရေးဆိုတာလည်း ငွေရှိတိုင်း ဝယ်ယူလို့မရ တော့ ခက်သားလား .. ငါပေးတဲ့ အမဲခြောက်ဖုတ်တော့ သွားမကျွေး နဲ့နော် ဒဏ်ရာနဲ့ လုံးဝမတည့်ဘူး .."

"မကျွေးပါဘူး မဆုံ ရယ် .. ထမင်းတောင် မစားနိုင်တာကို .."



"ဒါဖြင့် ဘာတွေကျွေးနေတုံး .."

"ပါးစပ်ဟဆို ဟပေးတယ်၊ အရည်လေးပဲ လောင်းထည့်ပေးလို့ရ တာလေ၊ ကလေးတွေကျွေးသလို ဆန်ပြုတ်ပြုတ်ပြီး ဇကာနဲ့ ပြန်တိုက်ချ ရေထပ်စစ်ပြီးပဲ တိုက်ရတာပေါ့ .."

"ဩော် .. ဝဋ်ကြွေးကလည်း ကြီးပါ့ .."

"ဟုတ်ပ .. ဒေါ်ကြီးညို ရယ် .. အသက်လေးငယ်ငယ်လေးနဲ့နော်" သိမ့်သိမ့် က အခန်းထဲကိုလှမ်းကြည့်ပြီးပြောကာ ..၊

"ဒဏ်ရာကလည်း လည်ပင်းမှာမှ ဖြစ်ရတယ်လို့ .."

"လည်ပင်းမှာဖြစ်ပေမယ့် အသက်မသေတာ တော်သေးတာပေါ့ သိမ့်သိမ့်ရယ် .. အဲ့ဒါ အဆိုးထဲက အကောင်းပဲအေ့၊ မမြင်မစမ်းနဲ့ ဒေါ်သ နဲ့ ခုတ်ချလိုက်တဲ့ ဓားချက်က တော်တော်ပြင်းမှာ၊ သူ ကံကောင်းလို့ သေလောက်အောင် မထိခဲ့တာ .."

ဟု ဒေါ်နု က ပြောလျှင် အနားမှာရှိနေသည့် ခတ်တိုင် ရဲ့ မျက်ခုံး တွေ ပင့်တက်သွား၏။

"ဒေါသနဲ့ ခုတ်ချလိုက်တဲ့ ဓားချက် တော်တော်ပြင်းမှာ" ဆိုသည့် စကားက သူ့ရဲ့တွေဝေခြင်းတွေကို ပုတ်နှိုးလိုက်သလိုဖြစ်သွား၏။

ဒါ ဖြစ်နိုင်တာပဲ .. ငါ မြင်ခဲ့တဲ့ဒဏ်ရာက မျက်စိမှားတာမဖြစ်နိုင် ဘူး၊ ဒါပေမယ့် သူ မသေခဲ့လို့ အသက်ရှင်နေတာပေါ့။ စိတ်တို့သည် ဘာမှဆေခွဲမရဘဲ သူ့ကို မတ်တတ်ကြီးရပ်ကြည့်နေခဲ့သော နီတြာ့ မျက်နှာ ကြီးနဲ့ အခု အိပ်ရာထဲမှာ မျက်တောင်ဖျားတွေမှေးစင်းနေသည့် နီတြာ့ တို့သာ အမျိုးမျိုးနှိုင်းယှဉ်ကြည့်နေမိတော့သည်။

သို့သော် ညဥ့်နက်တာနှင့် ခတ်တိုင် အရင်ဆုံးအိပ်ပျော်သွားလေ သည်။

♣

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၇)

ဟင်!…။

သူ့မျက်စိရှေ့မှာ အရိပ်တစ်ရိပ် …။

မျက်လုံးတွေကို သေချာပွတ်သပ်ကြည့်ပေမယ့် ညက မှောင်နေ… သဖြင့်ကြည့်လေ မသဲကွဲလေ …။ သို့သော် …

"ငါက မိုးခြိမ့် ကို မခွဲနိုင်လို့ပါ …"

"ငါက ဒီမှာပဲနေချင်လို့ …"

"နင့်ကို သူတို့ကမှ နေခွင့်မပေးဘဲ …"

"နင်က ပိုဆိုးတယ်လေ၊ ငါ့ကြောင့်မဟုတ်ရင် နင် ခုလိုနေလို့… မလား …"

"ငါ တောင်းပန်ပါတယ်၊ ငါ့ကို မိုးခြိမ့် နဲ့ မခွဲပါနဲ့၊ ငါ သူနဲ့… နေချင်တယ် …"

"ငါပြောတာကို နင်လိုက်လုပ်ပေါ့ …"

"အဲ့လိုလုပ်ရင် ငါ့ကိုသိသွားပြီးမောင်းထုတ်ကြမှာပေါ့ …"

"မောင်းမထုတ်ခင်တော့ နေခွင့်ရမှာပေါ့ ငါလည်း ဒီလောက်…



နေတာ ဝဝစားပြီး ကောင်းကောင်းနေချင်တယ် …"

စကားသံတွေကို ဓာတ်တိုင် ကောင်းကောင်းကြားနေရသည်။ နီတြာ မှ နီတြာပါ၊ တစ်ယောက်တည်း စကားပြောနေတာက တစ်ယောက် ယောက်နဲ့ ပြောနေသလိုလို …။ ညဥ့်နက်သန်းခေါင် နီတြာ အပြင်ထွက် ပြီး ဘယ်သူနဲ့ ပြောနေတာလဲ …။

နေရာက ထဖို့စိတ်ကူးလိုက်တာနှင့် သူ့ရှေ့မှာ အရိပ်နှင့်အတူ ခိမ်းရွှေရွှေဘာနံ့ကြီးမွှန်းမသိ …။

"ဓာတ်တိုင် …"

ဟာ!…

သူ ဖိနပ်ငုံ့ရှာနေရင်း မျက်နှာမော့လိုက်တော့ သူ့ရှေ့မှာ နီတြာ…။

ရင်ဘတ်မှာ ခြင်းလုံးပုံလေးပါသော မိုးခြိမ့် ရဲ့ စပို့ရှပ်အပြာနုရောင် အားဖားကြီးကိုဝတ်ထားသည်။

လည်ပင်းက ဓားဒဏ်ရာကြီးက ရှေ့ထိပတ်လည်နီးပါးဝိုက်ပတ် နေလျက် သွေးစတွေ စိမ့်ထွက်နေ၏။

"နင် မြင်တာကို ဘယ်သူ့မှမပြောနဲ့၊ ပြောလို့ကတော့ နင်သေပြီ မှတ် …"

လက်ညှိုးကြီး ထိုးထည့်လိုက်တာ သူ့မျက်နှာဆီ ပစ်စိုက်တော့မလိုပင်။ လန့်ဖျန့်ပြီး မျက်နှာနောက်ဆုတ်လိုက်မိလျှင် …၊

"အား …"

နောက်က ရေအိုးစင်နဲ့ နောက်စေ့ဆောင့်မိသွားကာ ပူထူသွားသည်။

ဟင်!…၊

သူ့မျက်လုံးတွေ ခုမှ ပွင့်လာတာလား … တကယ်လား …။

နောက်စေ့အုပ်ကိုင်ရင်း မျက်လုံးတွေမှိတ်အော်လိုက်မိတာ ပြန်ဖွင့် …တော့ ညဥ့်နက်နက်အမှောင်ထုနှင့် အိပ်မောကျနေသည့် …အိမ် …ာ တိတ်ဆိတ်လျက် …။

www.burmeseclassic.com

www.burmeseclassic.com



ဒါ အိပ်မက်လား ..၊

ဟိုဒီကြည့်လိုက်တော့လည်း အရိပ်အယောင်အသံဗလံဘာမှ မရှိပေ။ ဒါဆို သူ ဘာဖြစ်လို့ ငုတ်တုတ်ကြီးထိုင်လျက်သား ဖြစ်နေတာလဲ ..။

အိပ်ရာက လမ်းထလျှောက်တတ်တဲ့အကျင့် သူ့မှာမရှိပေ။ ပြီးတော့ နှစ်နှစ်ခြိုက်ခြိုက်အိပ်တတ်တာပဲရှိသည်။ ကယောင်ကတမ်းထအော် ထခုတ်တဲ့အထိ တစ်ခါမှမဖြစ်ခဲ့ဘူး ..။

ခါတိုင်း ငုတ်တုတ်ကနေ ချွေးတွေပြန်လာသည်။ ကျောထဲက နေ စိမ့်တက်လာတာ ချမ်းသလိုလို အေးသလိုလို ..။

အိပ်ရာထဲ ပြန်လှဲမလို့ ကမန်းကတန်းနေရာယူတော့ မျက်လုံးက နီကြာ့ အခန်းဆီ ရောက်သွားလျှင် ..၊

ဟာ!...

နီကြာ ...

နီကြာ က တံခါးဝမှာ မတ်တတ်ကြီးရပ်ပြီး သူ့ကိုကြည့်နေ၏၊ ဒါဆို အိပ်မက်မဖြစ်နိုင် ..။

“မဟုတ်ဘူး .. ငါ မပြောပါဘူး ..”

ခါတိုင်း ခေါင်းခါပြောရင်း သူ့ဘေးမှာ စောင်ခေါင်းမြီးခြုံအိပ်နေသည့် ငြေ ကိုယ်ကြီးကို ဟိုဘက်တွန်းထည့်လိုက်သည်။ ပြီးတော့ အိပ်ရာထဲမှာ ဖြစ်သလို ခွေချလိုက်၏။

ခေါင်းမြီးဆွဲခြုံဖို့ စောင်လိုက်စမ်းသော်လည်း စောင်ကို မစမ်းမိဘဲ ဖြင့် ကြောက်ကြောက်လန့်လန့်နှင့် ပုဆိုးကို ဖြစ်သလိုဆွဲခြုံလိုက်ရ-

“သွားပြီ ..”

အောက်ပိုင်းတစ်ပိုင်းလုံး အေးခနဲစိမ့်တက်သွား၏။ ကြောက်ကြောက် နှင့် ဘယ်လိုဆွဲခြုံလိုက်မှန်းမသိဘဲ ပုဆိုးက ခေါင်မှာလာစွပ်သွားသည်။

သွားပြီ .. သွားပြီ လုပ်ကြပါဦး ..။

“[illegible] ဂစ္ဆာမိ [illegible] ဂစ္ဆာမိ သံဃံသရဏံ ဂစ္ဆာမိ ...



“ဒုတိယမ္ပိ .. ပိ ..”

ဘုရားစာရွတ်နေရင်း ငြေ နိုးသွားအောင် အသားကုန်ကန်နေမိသည်။ ဒါပေမယ့် သူသာလျှင် မြင်းလုံးလုံးဖြစ်ပြီး ဘဝပြောင်းချင်ပြောင်း သွားမည် သူ့ကန်ချက်တွေက အလကား ..။

ငြေ ကိုယ်ကြီး သူနဲ့ တဖြည်းဖြည်းဝေးကွာသွားတာရှိလျက် တုတ်တုတ်မျှမလှုပ်ပေ ..။ ခါတိုင်း အောက်တစ်ပိုင်းလုံး အေးစက်နေခဲ့ပြီး အပေါ်တစ်ပိုင်းလုံးက ချွေးတွေပြန်နေခဲ့၏။

နွေနဲ့ ဆောင်းနဲ့ နှစ်လွန်းပြိုင်ည ..။

♣

www.burmeseclassic.com

www.burmeseclassic.com



အခန်း (၁၈)

"လမ်းမကြီးကိုရောက်တော့လည်း မရသေးဘူးလား .. လျှောက်လိုက်ရတာကွာ .."

"လမ်းဆေးက ကားတားစီးလို့မရဘူးကွ .. လမ်းကအသစ်ကြီး ခရီးသွားကားတွေက ရပ်မပေးဘူး .."

စားသောက်ဆိုင်တွေရှိတဲ့ဆီ ဆက်လျှောက်ရတာပဲ ဘယ်လောက်တောင်လဲမသိပေ ..။ ဆိုင်တွေရှိတဲ့ဆီရောက်သွားတော့ မနက်ငါးနာရီလောက်ရှိနေပြီဖြစ်သည်။

"မိုးခြိမ် .. ငါတော့ ဗိုက်ဆာလာပြီ မင်း မဆာဘူးလား .."

"မဆာပါဘူး .. ရွာကအဝစားလာပြီးသားကို .."

"အဟဲ ..."

"ဟဲ မနေနဲ့ .. မင်းတို့နေပူမှ ပြန်ရင် ပင်ပန်းမယ် ပြန်ကြတော့ .."

ရွာက ထည့်သွားသည့်ရေဘူး ပြန်ထည့်ပေးလိုက်သည်။ နှစ်ရာတန် ပေါင်မုန့်တစ်ထုပ်စီ ဝယ်ပေးလိုက်၏။ အပြန်လမ်းမှာတော့ ဆွဲစရာ ထမ်းစရာမပါသောကြောင့် ရွာကို သက်တောင့်သက်သာပြန်နိုင်ပေမယ့်



"တော်တော်ကပ်စေးနဲတဲ့ကောင်ကွာ .. ငါတို့ကတော့ သူ့ မျိုးတော်မှမယ့် ငါးဗိုငါးခြောက်တွေ လက်ပြုတ်အောင်သယ်ရတယ်၊ မုန့်ဟင်းခါးလေးတစ်ပွဲတောင် ဝယ်ကျွေးဖော်မရဘူး .."

ခတ်တိုင် က ပေါင်မုန့်လည်းမစားဘဲနေတာမဟုတ်၊ ငြေ ကတော့ နေရောင်တက်မလာခင် ရွာပြန်ရောက်အောင် သွက်သွက်လျှောက်နေ ကာ ကြွက်တိုး က အိပ်ငိုက်ချင်နေဆဲပုံနှင့် တိတ်ဆိတ်နေ၏။

"သူက အိမ်ထောင်သည်ဖြစ်နေပြီလေကွာ .. ပြီးတော့ နိုတြာ့ ကျန်းမာရေးအတွက်က ကုန်မှာခမ်းမှာရှိသေးတာကိုး .."

"အဟွတ် .. အဟွတ် .."

နိုတြာ့ နာမည်ပါလာတာနှင့် မုန့်နဲ့ရေတွေလမ်းကြောင်းလွဲကုန်ကာ ..၊

"အဟွတ် .. အဟွတ် .."

"ဖြည်းဖြည်းစားပါကွာ .. ငါ့မုန့်ပါစားပစ်လိုက်တော့ အစတည်းက ငါစားဖို့ကို အစီအစဉ်မရှိဘူး၊ တစ်ယောက်တည်း အလုအယက် သွင်းနေရတယ်လို့ .."

"မဟုတ်ပါဘူး .. အဟွတ် .. အဟမ်း ခွေးကောင်ကတစ်မျိုး၊ ကြွက်တိုး လို တိဟ်တိတ်နေစမ်းပါ .."

"ဟိတ်ကောင် တောလမ်းမှာမဆဲနဲ့ .."

လမ်းက မြုံပုတ်ခြောက်တွေဖြစ်သွားလိုက် ကုန်းနိမ့်ကုန်းမြင့်တွေ ဖြစ်လိုက်နှင့် တောင်တန်းမဟုတ်ဘဲ မြေနိမ့်မြေကျွံတွေက ချောက်လို ဖြစ်နေတာလည်းရှိသည်။

ရွာနားနီးမှသာ တောင်တစ်လုံးကို ခါးကပတ်လျှောက်ရသည်ရှိ ကာ ဆေးက ကမ်းပါးချိုင့်တွေကို ငုံ့ကြည့်၍ ..၊

"ငါတို့ရွာကို ကားလမ်းမပြောနဲ့ နွားလှည်းပေါက်ဖို့တောင် မလွယ် ဘူးနော် .."

"ဟုတ်တယ် .. တို့ကျောင်းက ဘုန်းဘုန်း မြို့ကဆေးရုံကိုရောက်

www.burmeseclassic.com

www.burmeseclassic.com



ဖို့ ဘယ်လိုများကြွနေသလဲမသိဘူး၊ မြို့ကိုသွားတာ သုံးခေါက်ရှိပြီ၊ ငါသာဆို ဆေးရုံရောက်တာနဲ့ ခရီးပန်းတာ အရင်ကုရမလား၊ တစ်ခါတည်းအသက်ပါမလား ..”

“နှစ်ခုစလုံးဖြစ်နိုင်တယ်၊ နောက်ဟာက ပိုသေချာသေးတယ်၊ ကမ္ဘာမြေကြီးက ပျင်းတွေအတွက် ကြာကြာထမ်းမထားဘူးဆိုတော့..”

“အံမာ .. ငါ့ကို ပျင်းတယ်သာပြောနေတာ နေရာတကာ ငါမပါဘဲပြီးသလား .. မိုးခြိမ့် တောင်မှ ဓားပွဲတုတ်ပွဲဖြစ်တဲ့ကြားကို ငါမပါဘဲမသွားရဲဘူး ..”

“ဟား .. ဟား .. ဟား ထားလိုက်ပါတော့ကွာ .. မင်းကို ဂုဏ်ယူဝံ့ကြွားစွာ ပျင်းခွင့်ပေးလိုက်ပါ့မယ်၊ နီတြာ နေကောင်းရင်လည်း မင်းကိုဆုချမှာပါတဲ့ ..”

“ဟော့ကောင် .. ဟော့ကောင် .. မင်း နီတြာ့ကို ထည့်ပြောတာတွေဆင်ခြင် ..”

“ဘာဖြစ်လို့တုန်း ..”

“မသိဘူး .. ဆင်ခြင်ဆို ဆင်ခြင်လိုက် ..”

ပတ်ဝန်းကျင်ကို မလုံမလဲဝေ့ပတ်ကြည့်၍ တားဆီးနေသဖြင့် ငြေက နားမလည်သလို လှည့်ကြည့်သည်။ ဒါပေမယ့် ဘာမှတော့ ထပ်မမေးဖြစ်ပါ။

မိုးမလင်းခင် ရွာကိုပြန်ရောက်သော်လည်း ဒေါ်ညိုတို့ တစ်အိမ်မှလွဲ၍ စိုက်ပျိုးထွန်ယက်ဖို့အတွက် အိမ်တိုင်းလိုလို နိုးထနေကြပြီဖြစ်၏။

“လာလေကွာ .. မိုးမလင်းခင် ငါတို့အေးဆေးနှပ်လို့ရသေးတာကို ..”

“ဟော့အေး .. ငါ အိမ်ပဲပြန်တော့မယ် ..”

“ပြန်စမ်းပါစေကွာ .. ဓာတ်တိုင်ကြောင့် တစ်လမ်းလုံးနားငြီးလာတာ မိုးမလင်းခင် အေးဆေးအိပ်ပါရစေ ..”

ကြွက်တိုးက အအိပ်သမားပီပီ အိပ်ရဖို့နိုးလာမှ အသံထွက်ဖော်ရသည်။ သူ့နာမည်ကိုက ကြွက်တိုး ဖြစ်ကာ အိပ်ပြီဆို ခြင်ထောဖြုတ်တောဘယ်မှာဖြစ်ဖြစ်ရသည်။

ကြွက်တောထဲမှာတောင် သူ့တစ်ကိုယ်လုံး ဘာပေါ်ဖြစ်ဖြစ် ကြွက်တွေဘယ်လိုဖြတ်သန်းနေနေ မနိုးတဲ့သူ၊ ထို့ကြောင့် ကြွက်တိုးဖြစ်ခဲ့လေသည်။

“ဘယ်သူအိပ်အိပ် မအိပ်အိပ် ငါတော့အိပ်ပြီ ..”

ကြွက်တိုး ခြံထဲဝင်သွားတော့ ငြေ က သူ့လက်ကိုဆွဲထားကာ ..

“လာပါဟ .. ဒေါ်ကြီးညို တို့တောင် ညက လူမမာနဲ့ ခရီးသွားမယ့်လူနဲ့ အိပ်ရေးပျက်ကြလို့ ခုထိအိပ်ကြတုံး ..”

“မင်းကလည်း ပြန်အိပ်မှာလား ..”

“ကဲ .. မအိပ်စေချင် မအိပ်ဘူးကွာ ငါတို့ အသွားတုန်းက ဒေါ်ကြီးညိုတို့ လုပ်ကျွေးတဲ့ ဆန်ခေါက်ဆွဲတွေ ကျန်သေးတယ်၊ အဲဒါစားကြမယ်”

“မင်းက သုပ်တတ်လို့လား ..”

“မသုပ်ဘူးလေ .. ပဲဟင်းနဲ့ ဒီတိုင်းနယ်စားမှာပေါ့၊ ကြွက်တိုးအိပ်သွားပြီဆိုရင် တို့နှစ်ယောက်စာ အများကြီးပဲရယ် ..”

ဒါလည်း မဆိုး ..။

ဓာတ်တိုင် က အစားအသောက် မီးလိုတောက်တဲ့သူ ..။

“ဒါပေမယ့် မင်း တာဝန်ယူရမှာနော် .. စောစောစီးစီး ငါ ဘာမှမကိုင်ဘူး ..”

“ဟုတ်ပြီကွာ .. ကဲ ..”

“နောက်တစ်ခုရှိသေးတယ် ..”

“ပြော ...”

“မအိပ်ရဘူး ..”

“မအိပ်ပါဘူးဆိုမှ ခုပဲ မိုးလင်းတော့မယ့်ဟာ ..”

သူတို့တွေအားလုံး ဓာတ်တိုင် ကိုတော့ ရယ်စရာတာသလို့လည်း မြင်သည်။ စိတ်ရင်းဖြူသဘောကောင်းမှန်းလည်းသိကာ၊ အရေးအကြောင်း



www.burmeseclassic.com

www.burmeseclassic.com



ရှိလျှင် ကူညီတတ်တာတွေလည်း သိထားသဖြင့် ခတ်တိုင်ကို ခင်သည့်အပြင် တော်ရုံဆိုသည်းခံနိုင်ကြ၏။

"ငါမပြောဘူးလား .. မင်းတို့ ငါမပါရင် မပြီးပါဘူးဆို .."

"ဟုတ်တယ် .. မင်း စိတ်ချမ်းသာဖို့ပဲလိုတာ .."

"ဟဲ .. ဟဲ .."

ခတ်တိုင် ကျေနပ်သွားသည်။ အရှေ့ဆီမှာ မိုးကုတ်စက်ဝိုင်းကြီးကလည်း နီရဲတက်လာသဖြင့် ကြောက်စိတ်တို့လည်း ဝေးကွာနေခဲ့၏။ သို့သော် ...

"ငါ့ကို ရေနွေးတစ်အိုးတော့ ကျိုပေး .."

"ဘာ ..."

"ဆန်ခေါက်ဆွဲ ငါ သုပ်မှာလေ .."

"ဪ .. ဆန်ခေါက်ဆွဲစားဖို့ ဘာညာပစ္စည်းတွေက ညတုန်းကဒေါ်ကြီးညို ထုတ်ချထားတာ အဆင်သင့်ကိုး .."

"ဘာပဲဖြစ်ဖြစ် ဆန်ပြားညှပ်ရမယ် အစပ်အဟပ်တည့်အောင်ထည့်.."

"ပဲဟင်း ဆမ်းလိုက်ရင်ပြီးပြီ .."

"ဆန်ပြားတွေ နှစ်ယောက်စာညှပ်ရမှာနည်းသလားကွ .. သွားပါကွာ .. မီးဖိုထဲထင်းခြောက်ထည့်ပြီး မီးရှို့လိုက်ရုံပဲကို .."

သူ လှမ်းကြည့်ပြီး ထွက်လိုက်သည်။ မိုးလင်းတော့မည်။ ပတ်ဝန်းကျင်ကလည်း လှုပ်ရှားနေပြီဖြစ်သည်။ ပြီးတော့ နီတြာ ရှိနေသည့်အခန်းရှေ့မှာ ငြေ တို့ ရှိနေကြလိမ့်မည်။

မီးဖိုချောင်က ဟိုဘက်မှာ သပ်သပ်မို့ စိတ်ပူစရာမရှိ ...။

"ပြီးရော .. မြန်မြန်လုပ် .."

ခတ်တိုင် မီးဖိုချောင်ဝင်ဖို့ အလွယ်တကူသဘောတူလိုက်၏။ မီးဖိုချောင်က တံခါးရှိပေမယ့် အကျယ်ကြီးပဲဖြစ်သည်။ မီးဖိုချောင်ထဲယူသွင်းထားသည့် ထင်းခြောက်တွေကပဲ မနည်းမနော ...။

သူ မီးဖိုးမှာမထိုင်ခင်ထိ ငြေ တို့ကို လှမ်းကြည့်မိတုန်း ...၊



ထိုစဉ် ဆစ်(ဂ်)စ်ဗို့ဘက်ထရီမီးလေးက မှိတ်တုတ်မှိတ်တုတ်ဖြစ်လာသည်။ အပြင်မှာလည်း အရုဏ်အလင်းရောင်က မှုန်ပျပျတက်လာပြီမို့ ဘက်ထရီကလစ်ကို လှုပ်ကြည့်ပေမယ့် မရတော့ ဒီတိုင်းပဲထားလိုက်သည်။

မီးဖိုမီးအားကောင်းတော့ ဘက်ထရီလုံးဝမှိတ်ကျသွားလျှင် နောက်က ခြေသံကြားလိုက်ရကာ ...၊

"ခတ်တိုင် .."

"ဟေ ..."

လှည့်ခနဲထူးပြီးမှ ခတ်တိုင် မျက်လုံးပြူးသွားသည်။ ငြေတို့အသံမဟုတ်တာသိလိုက်သည်နှင့်တစ်ပြိုင်နက် အိပ်မက်လိုလို သူငုတ်တုတ်ထိုင်ကြည့်နေခဲ့သော နီတြာ နဲ့ စကားပြောနေသည့် ယောကျ်ားသံကြီးဆိုတာ တွေးမိလိုက်၏။

သူ လှည့်မကြည့်ရဲဘဲ ကတုန်ကယင်ဖြစ်လာပေမယ့် သူက ခတ်တိုင်ဘေးမှာ လာထိုင်လိုက်၏။

နီတြာ ...

ထိုင်လိုက်တော့ နီတြာ ပဲဖြစ်နေကာ ဒဏ်ရာကြီးကလွဲပြီး ဘာမှမဖြစ်ခဲ့တဲ့အတိုင်း ...။

"မင်း ငါ့စကားကို နားထောင်ရမယ် ခတ်တိုင် .."

"နီ .. နီတြာ .. နင် .."

"နီတြာ မဟုတ်ဘူး .."

မျက်နှာ ဆတ်ခနဲမော့လာတော့ ခတ်တိုင် တုန်တက်သွား၏။ နီတြာ့ မျက်နှာက အိပ်ရာထဲမှာလဲနေတာထက် ဖြူဆုတ်ပြာနှမ်းနေတော့ မျက်လုံးကြီးက အသားကုန်အသားခမ်းပြူးဝိုင်းနေ၏။

ဟုတ်သည် ဒါ .. နီတြာ မဟုတ် ...။

ထိုမျက်နှာကြီးကို သူ့ဘက်ကို ပြူးပြဲကပ်ပြကာ ...၊

"ငါက ပေါက်ကျိုင်း .."

www.burmeseclassic.com

www.burmeseclassic.com



ပေါက်ကျိုင်း ဆိုတာ ရာဇဝင်ထဲက နဂါးနိုင်မင်းကိုပဲသိသည်။ ရွာမှာ သေသွားကြသည့် လူဟောင်းတွေ သရဲဖြစ်နေကြသည်ဆိုပေမယ့် သိပ်ဟောင်းခဲ့သည့်လူတွေဆို သူ မသိပေ ..။

"ပေါက်ကျိုင်း ငါက ဒီရွာသားတွေ ရေတံခွန်ထဲကရေကို ခပ်သုံးလို့ရအောင် လမ်းလုပ်ပေးခဲ့တာ .."

ခတ်တိုင် တစ်ကိုယ်လုံးတုန်နေကာ သူ့မျက်နှာတိုးလာတိုင်း နောက်ဆုတ်နေရင်း ဖင်ထိုင်ခုံပြားလေးပေါ်ကနေ ပက်လက်ကြီးလန်ကျသွား၏။

"ဒီမှာ ဟိတ်ကောင် .."

"နီ .. နီ .. ပေါက် .."

"တိတ်စမ်း .."

"ဟိ ..."

သူ့ကိုယ်ပေါ်မှာ လေးဘက်ထောက် အုပ်စီးထားလိုက်ကာ မျက်နှာပေါ်မှာ မျက်နှာမိုး၍ ပြူးတူးပြဲတဲကြည့်နေ၏။

"နီ .. ပေါက် .. ပေါက်ကျိုင်း .. ငါ .. ငါကြောက်ပါပြီ၊ ကြောက်ပါပြီ .."

"ဟိတ်ကောင် .. ငါ မင်းထက်ကြီးတယ် .."

"ကြောက်ပါပြီ .. ငါ .. ငါ့ကိုလွှတ်ပါ .."

"အေး လွှတ်စေချင်ရင် နင် .. နင် ငါပြောတာကိုနားထောင် .."

မျက်လုံးမှိတ်ထားလိုက်ပြီး ခေါင်းတွင်တွင် ညိတ်နေမိသည်။ ထိုစဉ် နီကြာ့ ပါးစပ်ထဲက အရည်တွေ ထွက်ကျလာသည်မသိ ..။

ခတ်တိုင် လည်ပင်းကြားထဲ အေးစက်စက်စေးသောအရည်တွေ ဆက်တိုက်ကျလာ၏။

"မျက်လုံးဖွင့်လိုက်စမ်း .."

"ငါ့ .. ကျ .. ကျွန်တော့်ပေါ်က ဖယ်ပေးပါဗျာ .. ရှိကြီးခိုးပါတယ်၊ ခင်ဗျားက နီကြာ့ ကိုယ်ထဲ .."



"နီကြာ က သေပြီ .."

ခတ်တိုင် တစ်ကိုယ်လုံးတုန်ယင်လာ၏။ နီကြာ့ ကိုယ်ထဲကို ဘယ်သတ္တဝါဝင်နေမှန်းမသိသော်လည်း အသံနက်ကြီးမှလွဲ၍ နီကြာ့ ကိုပဲ မြင်နေရသဖြင့် သူ အားတင်းလိုက်ကာ ..၊

"ခင်ဗျားက ဘာလုပ်ဖို့ .. ခု .. ခုလို .."

"ငါ စားချင်တယ် .."

ဘုရား .. ဘုရား ..။

စကားသံကြီးက လျှာအပြားလိုက်မလှုပ်ဘဲ ပြောနေသည့်နှယ် ..။

"ငါ စားချင်တယ်၊ စားချင်နေတာကြာပြီ .. ငါ ဘာမှမစားရတာ ကြာပြီကွ .."

စားချင်တာ လူလား ထမင်းလား .. သူ့ကိုလား ..။

ခတ်တိုင် အော်ဖို့ပြင်ပေမယ့် အသံမထွက်နိုင်၊ ရုန်းကန်ပစ်လိုက်ဖို့လည်း လက်ချောင်းလေးတွေတောင် အင်အားမရှိတော့ပေ ..။ ကြောက်လို့ တုန်ခါနေခြင်းသည် အပေါ်အရေပြားတွေပါ ရေမျက်နှာပြင်လို လှိုင်းထနေသလားမသိ ..။

"နင်တို့ နီကြာ့ လည်ပင်းပြတ်လာတဲ့အကြောင်း ပြန်ပြောရင် နင့်ကို ငါ ဂုတ်ချိုးသတ်မယ် .. ငါ အကုန်လုပ်နိုင်တယ်၊ ငါ့မှာအစွမ်းရှိတယ်.."

"ကြောက် .. ပါပြီ .. ကြောက် .."

အတန်းလိုက်ကျနေသည့် အရည်တွေ လည်ပင်းကို ပတ်ခွေသွားသည်။ တစ်ခုခုလှုပ်ရှားသွားသလို စိမ်းရွှေရွှေအနံ့ကြီးပါ ပျောက်သွား၏။

ခတ်တိုင် လက်နှစ်ဖက်ဆုပ်ထားရင်း မျက်လုံးလည်းမဖွင့်ရဲဘဲ အကြာကြီး မျက်လုံးမှိတ်နေမိ၏။ သို့သော် အတန်ကြာတဲ့အထိ တိတ်ဆိတ်နေသဖြင့် မရဲတရဲဖွင့်ကြည့်လိုက်လျှင် ..၊

"ခတ်တိုင် .."

"အောင်မယ်လေး .."

"ဟိတ်ကောင် .."

www.burmeseclassic.com

www.burmeseclassic.com



သူ့မျက်နှာပေါ်မှာ မျက်နှာကြီးတစ်ခု စီးမိုးကြည့်နေသဖြင့် လန့်ဖျန့်အော်လိုက်မိ၏။ သို့သော် ငြေ ဖြစ်နေခဲ့ပြီး ...၊

"ခတ်တိုင် မင်းဘာဖြစ်နေတာလဲ .."

"နီ .. နီ .."

"နီတြာ လား .. ဘာဖြစ်လို့လဲ .."

"မင်းက ဘာဖြစ်လို့ ဒီရောက်လာတာလဲ .."

ခတ်တိုင် ကတုန်ကယင်နှင့် ငေါက်ခနဲထထိုင်ပုံကိုကြည့်ကာ တစ်ခုခုကို ထိတ်လန့်နေပြီမှန်း ငြေ က သိ၏။ ထို့ကြောင့် ရယ်ရင်း ခေါ်ဖီးခါလိုက်ရင်း ...၊

"မင်းကတော့ ခတ်တိုင် ရာ .."

"ဘာလဲ .. ငါ .. ငါ .."

မပြောလိုက်နဲ့ ခတ်တိုင် မပြောနဲ့ ...၊

"ကဲ .. ဖယ် .. ဖယ် ဟိုမှာ ငါ အားလုံးလုပ်ပြီးပြီ၊ ရေနွေးလည်း ငါပဲ ထည့်လာခဲ့မယ်၊ ထင်းတကျနေပြီ မီးမထိုးဘဲ ဘာလုပ်နေတာလဲ"

"စောစောစီးစီးတည်းက မင်း ကိုယ့်ဘာသာလာတည်ပါလား .."

ခတ်တိုင် က အပြစ်တင်ရင်း ငြေ နဲ့ ကျောချင်းကပ်ထိုင်၏။

"ဟော့ကောင် .. ဘယ့်နှာတုန်း .. ငါ မီးဖိုထဲ လေးဘက်ထောက်ကျတော့မယ် .. ဖယ်ပေး .."

ငြေ က ကျောနဲ့ ပြန်တွန်းလိုက်တော့ သူပဲ လေးဘက်ထောက်ပြန်လဲကျကာ သူ့ရှေ့မှာ ထမီအနားစနှင့် ခြေထောက်တစ်စုံလာရပ်နေတာ မြင်လိုက်ရလျှင် ...၊

"နီတြာလား မနှောက်ပါနဲ့ ငါ မပြောပါဘူး၊ ရှိကြီးခိုးပါရဲ့ .. မလုပ်ပါနဲ့တော့ တောင်းပန်ပါတယ် .."

"ဟဲ့ .. ခတ်တိုင် ငါလေ .. ထားခင် .."

ဟင်!...

ခတ်တိုင်ကို တော်တော်ပဲ လှုပ်ခါသတိပေးလိုက်ရသည်။



"ဒေါ် .. ဒေါ်လေး..."

မျက်လုံးအပြူးသားနှင့် ကြည့်နေရင်း သရဲမြင်တဲ့လူလို ...။

"ဒေါ်လေးနော် .."

"ဟုတ်တယ် .. ဟုတ်တယ် .. အောင်မယ်လေးဟယ် .. နီတြာကျန်းမာရေးမကောင်းပါဘူးဆိုမှ နင်ပြောတာတွေသာ မိုးခြိမ့် ကြားလို့ကတော့ နင် မလွယ်ဘူး .."

"ဟုတ်ပါတယ် ဒေါ်လေးရာ .. ဒီကောင် ဘာကောင်မှန်းကိုမသိပါဘူး .."

ဒီကောင်က ပေါက်ကျိုင်း ...။

ခတ်တိုင် တိုးတိတ်စွာရွတ်ရင်း သွားချင်းရိုက်နေတဲ့ ကိုယ့်ပါးစပ်ကို အတင်းအံကြိတ်ပိတ်ထားရသည်။ မပြောနဲ့ ဂုတ်ချိုးခံရလိမ့်မယ် လုံးဝ မပြောနဲ့ ...။

ဒီသရဲက ပေါက်ကျိုင်းသရဲဆိုတာ ...။

♣

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၉)

"ဘယ့်နှယ်လဲ မညို ရ .. ဆေးရုံတက်ဖို့သွားစီစဉ်နေတဲ့သူက ပြန်မရောက်သေးဘူး၊ နီတြာ ပြန်ကောင်းနေပြီပေါ့ .."

"ဟင်!..."

"ကျွန်မဖြင့် ညက လှမ်းမြင်လိုက်တော့ ဝမ်းသာလိုက်တာမှ .."

"မစန်း .."

"ရှော .. ရှော ညနေက ကလေးတွေ အိုင်ပတ်လာကြတာ ငါးပေါက်လေးတွေရလာတာနဲ့ အိုးကပ်လေးချက်လာခဲ့တာ .."

ဒေါ်ညို နဲ့ ထားခင် ကန်စွန်းရွက်တွေဆိတ်ချနေရင်း တစ်ယောက်ကိုတစ်ယောက်ကြည့်မိကြ၏။

ဒေါ်စန်းစန်း ဘာတွေပြောနေမှန်းမသိ ..။

"ဘယ့်နှယ် လူမမာအိပ်နေပြီလား .."

"မ ာန်း ဘယ်တုန်းက မြင်လိုက်လို့လဲ .."

"ည .. အဲ .. ဟုတ်ပါတယ် ညဘယ်အချိန်လဲတောင်မသိလိုက်ဘူး၊ ည၌တော့နက်ပြီထင်တယ် .. ခေါင်းရင်းအိမ်က မွေးကင်းစကလေး



လေး လေနာပါတယ်နဲ့တူပါတယ် .. တအားငိုလွန်းလို့ ကျွန်မ နိုးလာတာ .."

ဒေါ်ညိုတို့ မျက်လုံးချင်းဆုံ၍ မေးခွန်းတွေဖြစ်နေကြသည်။ ဒေါ်စန်းက သူမဘာသာပြောနေရင်း ညီအစ်မနှစ်ယောက် အိုးတိုးအတ ဖြစ်နေကြသည်ကို သတိထားမိသွား၏။

"ဘာဖြစ်လို့တုန်း .."

"ကျွန်မတို့ အံ့သြနေတာ .."

"ဟုတ်တယ် မစန်း ရဲ့ နီတြာ က ဒီတိုင်းပါပဲ၊ ခုနကတင် သူ့ထမီလဲပေးခဲ့ရတာ .."

"ဟဲ့ .. ဟုတ်ရဲ့လား .."

ဒေါ်စန်းစန်း ဇဝေဇဝါပုံစံဖြစ်သွားမှ ဒေါ်ညိုတို့ ရယ်နိုင်မောနိုင်ဖြစ်သွားကာ ..၊

"မစန်း တစ်ရေးနိုးအိပ်ချင်မူးတူးနဲ့မို့ လူမှားတာနေမှာပါ .."

"မဟုတ်လောက်ပါဘူး .."

"မဟုတ်စရာမှမရှိတာ မစန်း ရယ် .. နီတြာ့ ရောဂါအခြေအနေကို ခုပဲပြောနေကြသေးတာ မြို့တက်ဆေးမကုရင် အောင်ကြီးတို့က ပြန်ခေါ်သွားမယ်လုပ်နေလို့ ပြီးတော့ မိုးခြိမ့် ကလည်း နီတြာ့ ဘေးက ဘယ်မှမခွာဘူးလေ၊ ဒါကြောင့် ဆေးကုဖို့ စီစဉ်ရတာ တကယ်ဆို အားမရှိဘူး .."

ဟင်!...၊

ဒေါ်စန်းစန်း ခုချိန်ထိလက်မခံနိုင်သေ ..။ သူမ သေချာမြင်လိုက်တာ နီတြာမှ နီတြာ ပါ။

လူမှားရအောင် မြင်နေကျလူလို ဖျတ်ခနဲလှမ်းကြည့်ပြီး မျက်နှာလွှဲခဲ့တာလည်း မဟုတ် ..။ နီတြာ့ ကို မြင်လိုက်တာနဲ့ အံ့သြပြီး သေချာကြည့်နေခဲ့သေးသည်။ အိမ်မကြီးအောက်မှာပဲ ခြေလှမ်းရေပြီးသွားနေသလို ခပ်တုံ့တုံ့ခပ်တောင့်တောင့် ..။

www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့် တစ်ယောက်တည်း ခြေထောက်သန်အောင် လမ်းလျှောက်ကြည့်နေတာလို့တောင် သူမ ထင်ခဲ့မိ၏။ သို့သော် ...။

"အေးပေါ့ .. မညို တို့က အတူနေတဲ့လူတွေဥစ္စာ ကျွန်မ မျက်စိမှားတာနေမှာပါ .."

"စားသောက်ပြီးကြပြီလားဟေ့ .. ဒီမှာ လူမမာအတွက် ရှဉ့်ခြောက်လေး ဖုတ်ထားတာ .."

"ဟော .. ဒေါ်လေးငို လာပါ .. လာပါ .. ဘာဖြစ်လို့ ကိုယ်တိုင်လာပေးတာတုန်း၊ တစ်ယောက်ယောက်နဲ့ လှူကြုံမှာလိုက်ရင် ကျွန်မတို့ လာယူမှာပေါ့ .."

ဒေါ်ငို က အသက်ခုနစ်ဆယ်ရှိနေပြီဖြစ်ကာ ခါးကုန်းနေတာပဲရှိသည်။ ကျန်းမာရေးကတော့ ဒေါင်ဒေါင်မြည်ပါ။ သူ့မှာလည်း မုဆိုးဖိုသားတစ်ယောက်ရှိကာ မြေးလေးတစ်ယောက်ရှိပေမယ့် ဆုံးသွားပြီဖြစ်သည်။

ထို့ကြောင့် ဒေါ်ငို က ကလေးချစ်တတ်သလောက် ရပ်ရေးရွာရေးဆိုလည်း ပါဝင်ကူညီတတ်၏။

"ပေးကမ်းတယ်ဆိုတာလည်း ကိုယ်တိုင်ကိုယ်ကျပေးရမှ သဒ္ဓါလေးဝ ပြည့်စုံတာအေ့ .. ငါပေးတာပဲဆိုပြီး 'လာယူလှဲ့'လို့ မပြောနိုင်ပေါင်တော် .. ဒီရွာလေးထဲမှာ လမ်းလျှောက်ရတာ ဘာခဲယဉ်းတာကျလို့ .."

"ဟုတ်ကဲ့ပါ .. ဒေါ်လေးငိုရော နေကောင်းလား .."

"ကောင်းပါ့ .. ဒါနဲ့ မိန်းကလေးရော .."

"ရှိတယ် ဒေါ်လေး .. သူကတော့ ဒီတိုင်းပါပဲ .."

လူကြီးတစ်ယောက်ရောက်လာတာမို့ သူမတို့အားလုံး လူမမာရှိတဲ့ထဲကို ဝင်လိုက်သွားကြပြီး ..။

"အိပ်နေတာလား .."

"မအိပ်ဘူး ဒေါ်လေးငို .. နီတြာ ရေ .. ဒီမှာ အဘွားငို လာတယ်ကွယ် .."



ခပ်စိုက်စိုက် ငြိမ်သက်နေသည့် နီတြာ့ မျက်ဝန်းတွေက လူတွေဝင်လာတဲ့ဘက်ကို ရောက်မလာပေ ..။ ဒေါ်ငို က နီတြာ့ မျက်နှာကို စူးစိုက်ကြည့်နေခဲ့လျက် ..။

"အသားအရောင်မမှန်ပါလား .."

"ရှင်!..."

"ဆီးတွေဘာတွေမသွားဘူးလား .."

"သွားပါတယ် ဒေါ်လေး .. ဝမ်းတော့ ..."

"ဝမ်းမသက်ဘူးလား .."

"အဲဒါ ဘယ်လိုပြောရမလဲမသိဘူး .."

"ငါ ဘာနံ့ရနေတာလဲ .."

"အဲ့ဒါ .. အဲ့ဒါ ဒေါ်လေးငို .. ဝမ်းသွားတာလည်းမဟုတ်ဘူး၊ ဆီးသွားတာမျိုးတစ်ဖြောကြီးစိုရွှဲနေတာလည်း မရှိဘူး .."

"အဲ့ဒီတော့ ဘာတွေထွက်တုန်း .."

"ဟိုလေ .. ဒေါ်လေးငို ကို မရှိမသေကန်တော့ပါရဲ့ ခပ်ပုပ်ပုပ်ပျစ်ပျစ်တွေတော့ အမြဲတမ်းစိုရွှဲနေတာပဲ .."

"ဟော!..."

ဒေါ်ငို မျက်မှောင်ကြီးကုတ်သွားသည်။ ဆေးဆရာမဟုတ်ပေမယ့် ဒေါ်ငို ကလည်း ဗဟုသုတနှံ့စပ်သူဖြစ်သည်။ အသက်ကြီးတဲ့လူမို့ အတွေ့အကြုံလည်းများသူဖြစ်ကာ ..။

"ဒီလောက် အနံ့အစော်သက်သာအောင် နင်တို့ ဒိုင်ခံလျှော်ဖွပ်နေရတာလား .."

ဒေါ်ညို နဲ့ ထားခင်တို့ အားနည်းသောအပြုံးတို့နှင့် ..။

"အဟွန်း .. ဘယ်တတ်နိုင်မလဲ ဒေါ်လေးငို ရယ် .. မင်္ဂလာမဆောင်ဆောင်နိုင်သေးပေမယ့် ကိုယ့်သားက နိုးလာတော့ ကိုယ့်ချွေးမပဲလေ .."

"အင်း ..."

"သူ့ခမျာလည်း ကိုယ့်သားနောက်လိုက်ဖို့ စွန့်စားရင်း ဒီလိုဖြစ်ခဲ့

www.burmeseclassic.com

www.burmeseclassic.com



ရှာတာမို့လား .."

"ဒါပေါ့ .. ဒါပေါ့ စေတနာမေတ္တာဆိုတာ အင်မတန်အေးမြပါဘိ ကွယ် .. ဒါပေမယ့် .."

ပြောရင်း နီတြာ ခေါင်းရင်းဘက်မှာထိုင်လိုက်ပြီး မျက်နှာကိုသေချာ ကြည့်သည်။ ပြီးတော့ လက်ကောက်ဝတ်လေးကို ကိုင်ကြည့်မိလျှင် ..၊

"ဟင်းနော် ....."

"အနိစ္စ !..."

ဒေါ်ငို လန့်ဖျန့်လက်ရုတ်လိုက်ရင်း ကိုယ်ပါနောက်တွန့်သွားသည်။

"ဘာလဲဟင် .. ဒေါ်လေးငို ဘာဖြစ်သွားလို့လဲ .."

"ဘာသံကြီးတုန်း .."

"ဘယ်ကလဲ .."

"ဒေါ်လေး ဘာသံကြားလို့လဲ .."

"မသိလိုက်ဘူး .."

လို့ ပြောပြီး ဘေးဘီကိုလိုက်ကြည့်သေးသည်။ ပြီးမှ ...

"ငါ့ကို တစ်ခုခုပြောလိုက်တာလားပဲ .."

"ဟယ် .. ဟုတ်လား .. နီတြာ ပြောတာလား ဒေါ်လေး .."

"ဟုတ်လား .. နီတြာ စကားပြောနိုင်ပြီ .."

ဒေါ်ညိုတို့ ဝမ်းသာအားရမေးကြသော်လည်း ဒေါ်ငို က မျက်မှောင် ကုတ်နှင့် ကြည့်နေဆဲရှိကာ ..၊

"မဟုတ်ဘူးအေ့ .. မိန်းကလေးအသံမဟုတ်ဘူး .."

"ဟင် !..."

"တစ်နေရာကအသံထင်တယ် .. ဒါပေမယ့် .."

ဒေါ်ငို ထင်လည်းထင်သည်။ ယုံလည်းမယုံနိုင်ဘဲ ...။

"ငါ သေချာကြားလိုက်တာပဲ .."

နီတြာ ကို ကြည့်တော့လည်း မျက်ဝန်းတွေက ငြိမ်သက်နေကာ အသက်ရှိနေမှန်းသိရသည်က မျက်တောင်ဖျားတို့ တလှုပ်လှုပ်ဖြစ်နေ



ခြင်းသာ ...။

"ဒေါ်လေးငို .. ဘာ .. ဘာဖြစ်လို့လဲဟင်၊ သူ့ကျန်းမာရေးတစ်ခုခု မကောင်းတာတွေ့လို့လား .."

ဒေါ်ငို က စိုးရိမ်တကြီးဖြစ်နေသော ဒေါ်ညိုတို့ မျက်နှာတွေကို မော့ကြည့်သည်။ ပြီးတော့ ဘာမှမပြောဘဲ ထိုင်ရာမှ ခပ်ဖြည်းဖြည်းထရပ် လိုက်ကာ ..၊

"ကျန်းမာရေးတော့ ငါ ဘယ်ပြောနိုင်မလဲအေ .. ငါက ဆေးဆရာ မှ မဟုတ်တာ .."

"ဆေးဆရာတွေလည်း မပြောနိုင်ကြပါဘူး ဒေါ်လေးရယ် .."

"ဟုတ်တယ် ဒေါ်လေးငို .. ကျွန်မတို့ ဆရာပင့်တာသုံးယောက် ရှိပြီ .. ဆေးအပ်ကိုင်တဲ့ဆရာတောင် 'ဒလိမ့်တုံး' ရွာထိ သွားပင့်ပြီး ပြခဲ့တာ သူတို့လည်း မပြောတတ်ဘူး .."

"ဒဏ်ရာကိုမကြည့်ကြဘူးလား .."

ဒေါ်ငို က မေးခွန်းမေးနေပေမယ့် အပြင်ကိုလှုထွက်သွားသဖြင့် ဒေါ်ညို တို့ပါ လိုက်သွားကြကာ ..၊

"ဒေါ်လေး တစ်ခုခုများ .."

"ဘာလဲ .. နင်တို့မေးနေတဲ့တစ်ခုခုက .."

"မသိဘူး .. ဒေါ်လေး အရိပ်အကဲကြည့်ရတာ .."

"အေး .. ငါ့ကိုယ်ငါတောင် ဘာပြောရမှန်းမသိဘူး၊ တစ်ခုတော့ ငါထင်တယ် .. နင်တို့ သူ့ကို ဆေးရုံခေါ်သွားကြမှာဆို .."

"ဟုတ်တယ်လေ မိုးခြိမ့် အဲ့ဒီကိစ္စနဲ့ မန္တလေးသွားတာ .."

"မလွယ်လောက်ဘူး .."

"ရှင် ..."

"နီတြာ က အသားရောင်တွေတောင် ပြောင်းနေပြီ၊ ပြီးတော့ သူ့ဟာသူတောင် လှုပ်ရှားဖို့မကြိုးစားတာ၊ မလှုပ်နိုင်အောင် နာကျင်နေ လို့လား .. လှုပ်နိုင်ချေမရှိတော့တာလား .."

www.burmeseclassic.com

www.burmeseclassic.com



ပြောနေရင်း ဒေါ်ညို တို့ဘက်ကို အကဲခတ်လိုက်ပြီး ..၊

"ကဲ .. ငါလည်း သူများအိမ်လာပြီး စိတ်ဆင်းရဲစရာတွေ မပြောချင်ပါဘူးအေ .."

"မဟုတ်တာ ဒေါ်လေးရယ် .. ဒေါ်လေးက တမင်ပြောနေတာမှ မဟုတ်တာ၊ ကျွန်မတို့လည်း တွေးမိပါတယ် .. ဒါပေမယ့် သူ့ဒဏ်ရာက ကြီးသာကြီးတာ ရင်းတာယောင်တာမရှိဘူး .."

"အရေပြားပေါ်က ဒဏ်ရာကိုပဲကြည့်လို့တော့ မရဘူးအေ့ .. လူတစ်ကိုယ်လုံး အရေသုံးလွှာကုန်အောင် ဆုတ်ထားရင်တောင် သေတာမှ မဟုတ်တာ၊ ခြစ်ရာရှရာတစ်ချက်မှ မထင်ဘဲ အတွင်းမှာတစ်ခုခုဖြစ်ပြီး သေသွားကြတာတွေရှိတယ်၊ ငါက မစာနာလို့မဟုတ်ပါဘူး .."

"ဟုတ်ကဲ့ပါ .."

"အေးလေ .. မြို့မှာလို ဘာဖြစ်သလဲ ဘာရောဂါဆိုတာ စမ်းသပ်လို့မှမရဘဲ မိုးခြိမ့် အနေနဲ့ သွားကုပေးချင်မှာပေါ့၊ ငါက နင်တို့ ဘယ်သူမှ အကျိုးမရှိမှာစိုးလို့ပါ၊ လူမမာကလည်း မပြောနိုင်လို့သာ သူသွားချင်သလား မသွားချင်ဘူးလားဆိုတာလည်း မသိနိုင်တော့ခက်တယ်၊ ခရီးသွားတယ်ဆိုတာ လူကောင်းတွေတောင် တအားပင်ပန်းတာ .."

"အကြီးရေ .. အကြီးထားခင် .."

"ဟေး ..."

မီးဖိုချောင်ဘက်က အိမ်မှာဝိုင်းကူချက်ပြုတ်နေသည့် မိဖြူ ခေါ်သံကြောင့် ထားခင် ထူးသံပေးရင်း ခပ်သုတ်သုတ်ထွက်သွားသည်။ ပြီးတော့ မျက်နှာမကောင်းစွာ ပြန်ရောက်လာလျှင် ..၊

"ဘာဖြစ်လို့လဲ ထားခင် .."

"ဟင် .. သြော် .. ဘာမှမဟုတ်ပါဘူး .. ဟို .. င .. ငရုတ်သီးကြော်ရမလားလို့မေးတာ .."

"ဘယ့်နှယ် .. အနာနဲ့လူရှိနေတာကို ငရုတ်သီးကြော်လို့ရမလား"

ဒေါ်ငို့ ကို ခြံဝထိလိုက်ပို့ပြီး ဒေါ်ညို လှည့်ဝင်လာမှ ထားခင် က



အနားကပ်ကာ ..၊

"မနေ့ညနေကမှ ဟိုဘက်ရွာက မြို့ကပြန်လာတဲ့ ကိုလှထောင်ကြီး ပေးသွားတဲ့ ငါးသေတ္တာဘူးသုံးဘူးလေ .."

"အေး .. ဘာဖြစ်လို့လဲ .."

"အခု .. အခွံတွေပဲရှိတော့တယ် .."

"ဟင် .. ဘယ်သူစားလိုက်လို့တုန်း မဟုတ်ပါဘူး အိမ်မှာတို့ပဲရှိတဲ့ဥစ္စာ .. မိဖြူ ထုတ်ချက်လိုက်လို့လား .."

"မချက်ပါဘူး အစ်မရယ် .. ဘူးတွေက အလွယ်တကူဖောက်လို့ရတာလည်း မဟုတ်ပါဘူး .."

"အေးလေ .. လူမမာနဲ့လည်းမတည့်လို့ မိုးခြိမ့် ကြိုက်တာ သူလာမှပဲ ချက်ကျွေးမလို့ထားလိုက်တဲ့ဟာ .."

"လာ .. လိုက်ကြည့် .."

ထားခင် က ဒေါ်ညို့ လက်ကို ဆွဲခေါ်သွားကာ ..၊

"ဒီမှာ ..."

"ဟော့တော် .."

ငါးသေတ္တာဘူးခွံတွေက တစ်ဘူးလုံး သံချောင်းနဲ့ ဆွထားသလား၊ သွားကိုက်ရာတွေလား မသိ ..။ ရှုံ့တွပိန်လိန်နေကာ အနည်းငယ်ဟထားသည့် နေရာကနေ မရမက နှိုက်ထုတ်ထားတာမျိုး ..။

"ဒါ .. ဒါတွေက .."

"ကျွန်မတို့ မီးဖိုချောင်ကို တစ်ယောက်ယောက်တော့ အချိန်မှန် လာခိုးစားနေပြီ .."

"ဘယ်သူတုံး .."

"ဘယ်လိုလုပ်သိမှာတုန်း အစ်မရဲ့ .. ဒါပေမယ့် အနံ့မထွက်တဲ့ ဘူးတွေကို ခွေးက စားစရာမှန်းသိမလား .. ဒါ ကြွက်သွားရာတွေလည်း မဟုတ်ဘူး .."

"အဲဒါ .. သမီးသိတယ် အကြီး .."

www.burmeseclassic.com

www.burmeseclassic.com



"ဟင် .. ဘာသိတာလဲ .."

မိဖြူ က သူမဘာသာ စုကောက်ပြီး တင်ထားသည့်ဘူးခွံတွေကို သေချာကောက်ကြည့်အနံ့ခံကာ ..၊

"ဒါ .. စားချင်လို့ စားထားတာပဲ .."

"ဩော် .. အေး .. ရှင်းသွားတာပဲ ညည်းပြောမှ .."

"မဟုတ်လို့လား... အကြီးညို့ ပဲ စဉ်းစားကြည့်လေ ကြောင်အိမ်ထဲ သေချာထည့်ပိတ်ထားတာကို စားချင်လို့တမင်လာဖွင့်ယူတာပေါ့ .."

"ခက်တော့နေပြီ .."

"မခက်ပါဘူး အကြီးညိုရာ .. သွားရာတွေအရပြောရရင် အဲဒါကိုက်ဖောက်ထားတာပဲ .."

"လာပြန်ပြီ ဒီကလေးမတော့ .."

"အစ်မ .. ကျွန်မတို့ကို လူမမာအတွက်ဆိုပြီး စားစရာဓာတ်စာတွေ ဟင်းချက်တွေလာလာပေးကြတာ မနည်းဘူးနော် .. သေချာစဉ်းစား ကြည့်ဦး .."

"စဉ်းစားစရာလား ထားခင် ရယ် .. တို့ရွာသားတွေတင်မကဘူး ဟိုဘက်ရွာကလူတွေပါ ပါသေးတဲ့ဥစ္စာ .. နောက်ပြီး အောင်ကြီး ဆေးကု သွားစေချင်တဲ့ကိစ္စ လာပြောတုန်းကလည်း ဆတ်သားခြောက်မြှောင်း တွေ ပေးသွားတာ နည်းသလား .."

အဲဒါတွေပေးသွားတုန်းကလည်း သူတို့တွေ ချက်ချင်းကုန်မှာ မဟုတ်တာသိလို့ ဝါးညှပ်နှစ်ခုနဲ့ သေချာညှပ်တုပ်ပြီး တစ်နေကုန် လှန်းထားခဲ့သည်။ ညကျသိမ်းတော့လည်း နောက်နေ့ပြန်လှန်းဦးမှာမို့ ညှပ်လျက်သားအတိုင်း ကြက်နီးစင်ပေါ်မှာ တင်ထားလိုက်မိ၏။

နောက်နေ့ လှန်းဖို့ကြည့်တော့ တစ်ဝက်နီးပါးလောက် လျော့နေခဲ့၏။ အိမ်မှာ နီတြာ ပြဿနာနဲ့ လူဝင်လူထွက်တွေလည်း ရှုပ်နေသည်။ မီးဖိုချောင်ဝင်ဖို့ကိုလည်း ရောက်လာသည့်မိန်းကလေးတွေပဲ တစ် ယောက်တစ်လက်ဝင်ကူပြီး ချက်ပြုတ်ပေးသွားတာဖြစ်၏။



လူမမာရဲ့ ဝေယျာဝစ္စလုပ်ပေးကြရင်း ပစ္စည်းပိုင်းသိမ်း မီးဖိုထဲမှာ ဝိုင်းကူ ဒါက ရွာရဲ့ စည်းလုံးသော စေတနာခလေ့တစ်ခုဖြစ်သည်။

ဒီအချိန်မှာ ကိုယ်က ဘာပျောက်တယ် ညာပျောက်တယ်ပြော လို့မဖြစ်သောကြောင့် ဒေါ်ညိုတို့ ဘယ်သူမှမသိအောင် ဖုံးဖိထားခဲ့တာ ဖြစ်၏။

ထို့ပြင် တစ်ယောက်ယောက်စားချင်လို့ ယူသွားတာပဲလို့တွေး လိုက်တော့လည်း ဒေါသမဖြစ်မိပေ။ နီတြာ နဲ့ မိုးခြိမ့် ပြဿနာမှာ တစ်ရွာလုံးက ကရုဏာသက်ကြသည်။

အရေးအကြောင်းဆို ပြေးလာကြရှာ၏။ ထို့ကြောင့် ဝိုင်းလုပ်ဝိုင်းစား သဘောထားလိုက်နိုင်သည်။ ခုတော့ ဒီထက် ဆိုးလာပါပြီ။

"ဟင်းတွေထားတိုင်းလည်း စားမယ့်သူမရှိဘဲ ပျောက်ပျောက်ကုန် တာများပြီ .. ဒါ တစ်ယောက်တစ်လက် မျက်စိအောက်မှာမြင်လို့ ယူစား သွားတာ မဟုတ်တော့ဘူး .."

"ဟုတ်တယ် .. ဒါ တစ်ယောက်တည်းဖြစ်လိမ့်မယ်၊ ဒါမှမဟုတ် ဒီလိုမျိုး စားကျင့်ရှိကြတဲ့ နှစ်ယောက်သုံးယောက်တစ်စုတည်းကပဲ .."

ဒေါ်ညို တီးတိုးရေရွတ်ရင်း ငါးသေတ္တာဘူးခွံတွေကို ကြည့်နေမိ သည်။ မိဖြူ ကတော့ လူငယ်ပီပီ ဒီစကားထဲမှာ မပါတော့ဘဲ ရေချိုင့်လေး ဆွဲပြီး အပြင်ထွက်သွား၏။

"မနေ့က ငြေ နဲ့ ခတ်တိုင်တို့ မီးဖိုချောင်ထဲမှာ မိုးမလင်းခင် ရေနွေးတည်နေကြသေးတယ် .."

"အိုအေ .. ငြေတို့ ခတ်တိုင်တို့ ငါတို့အိမ်မှာ တစ်သက်လုံး ဝင်ထွက်စားသောက်လာတာ ဒီလောက်ထိ စည်းကမ်းမနည်းပါဘူး၊ စားချင်ရင်တောင် မပြောဘဲစားမှာမဟုတ်ဘူး၊ စားလိုက်ပြော့လို့ပြောရင် လည်း သုံးဘူးစလုံးစားပါ့မလား .. စားတော့လည်းကြည့်ဦး သေချာလူလို ဖောက်စားတာမဟုတ်ဘူး .."

"ဟုတ်ပ့ါ အစ်မရယ် .. ကိုက်ဖဲ့ထားလိုက်တာ လူစားမစားဘူး"

www.burmeseclassic.com

www.burmeseclassic.com



"လူဆိုရင် မသိအောင်စားမယ့်ဟာ ခိုးယူသွားမှာပေါ့အေ .. ဒီဘူးတွေကို သွားနဲ့ကိုက်ဖောက်ဖို့ ကြိုးစားပါ့မလား .."

"ဒါပေမယ့် သွားရာကတော့ သေချာတယ်လေ .. ဒီမှာကြည့်ပါလား .."

ထားခင် က ဘူးတွေကို ကောက်ယူပြီးသေချာလှည့်ပတ်ကိုင်ပြသည်။

"အပေါ်သွားအောက်သွား နေရာတကျပဲ .."

"ဟဲ့ .. ဒီလောက်အရာကြီးတွေက သွားရာဖြစ်နိုင်ပါ့မလား .. ဟုတ်ရင်တောင် လူသွားတော့မဖြစ်နိုင်ပါဘူး .."

"ခွေးက ကြောင်အိမ်ထဲကနေယူနိုင်မလား အစ်မရဲ့ .. ဘာကောင်ဖြစ်ဖြစ် ငါးသေတ္တာဘူးကိုတော့ စားစရာမှန်း သိမှာမဟုတ်ဘူး၊ ဘာနံ့မှ မရှိတဲ့ဟာ .."

"ဒါဖြင့် သရဲလား .."

ထားခင် အသံတိတ်သွားသည်။ ဖြစ်တော့ ဖြစ်နိုင်သော်လည်း ..။

♣



## အခန်း (၂၀)

"ဟင်!..."

နားထဲမှာ ရှိုက်ငိုနေသည့်အသံက တဖြည်းဖြည်းပီပြင်လာသည်။ ငိုသံလို့သိလိုက်တာနှင့် သူ့မျက်လုံးတွေပါပွင့်သွားခဲ့၏။

"နီတြာ ..."

နီတြာ က သူ့ကိုကျောခိုင်းထိုင်နေသည်။ ငိုပြီဆို ကလေးတုန်းက အတိုင်း ပခုံးရောခေါင်းရောပါအောင် ငိုတတ်တာ၊ သူ ငိုနေတာကို သွားကြည့်ရင်လည်း မကြိုက် ..။

မိုးခြိမ့် နေရာကထသွားပြီးမှ ခြေလှမ်းတုံ့သွားသည်။ သို့သော် ပတ်ဝန်းကျင်မှာ ဘယ်သူမှလည်းမရှိ သစ်တောလား အိမ်ထဲမှာလား မှောင်တော့မှောင်နေ၏။

သူ နီတြာ နားကို တဖြည်းဖြည်းတိုးသွားမိကာ အနားရောက်တော့ ...

"နီတြာ နင် ဘာဖြစ်လို့ ငိုနေတာလဲ .."

"..... ..... ....."

"နီတြာ ..."

www.burmeseclassic.com

www.burmeseclassic.com



နီတြာ က မျက်ရည်သုတ်နေရင်း ဖျတ်ခနဲမော့ကြည့်လိုက်၏။

"ဟာ ..."

မိုးခြိမ့် လန့်ဖျန့်ပြီး နောက်ဆုတ်လိုက်မိ၏။ သို့သော် သူ မတ်တတ်ရပ်နေတာမဟုတ်ပေ အိပ်ရာက လန့်နိုးသွားတာဖြစ်ကာ သူ့ခြေထောက်တစ်ဖက်က တန်းလျားပေါ်က ပြုတ်ကျနေ၏။

အိပ်မက်ထဲမှာ လန့်သွားသဖြင့် အိပ်နေရင်း ခြေထောက်ကို ယောင်ရမ်းလွှဲလိုက်မိတာထင်သည်။ ဒီခြေထောက်မဟုတ်ရင်လည်း သူ့တစ်ကိုယ်လုံး ပြုတ်ကျသွားမည်သာ ..။

သူ ဘာဖြစ်လို့ ဒီလောက်တောင် လန့်ဖျန့်သွားတာလဲ ..။

နီတြာ ..၊

"ဘယ်လိုဖြစ်တာလဲ မိုးခြိမ့် .."

"ဘုရား .."

ဆရာတော် အနားရောက်လာသဖြင့် ကမန်းကတန်းဆင်းထိုင်ပြီး ဝတ်ပြုလိုက်သည်။ ဆရာတော်က လက်မှာစိပ်ပုတီးပတ်ထားလိုက်ပြီး..၊

"မင်းကို ဦးပဠင်း ပြောသားပဲ .. ကျောင်းပေါ်မှာပဲ အိပ်ပါလို့၊ ဒီတန်းလျားလေးတွေက ကျောတစ်ပြားသာသာပဲရှိတာ .."

"တန်းလျားကျဉ်းလို့မဟုတ်ပါဘူး ဘုရား .. တပည့်တော်က ငယ်ငယ်တည်းက အမေဆူမှာကြောက်ရင် အိမ်ထုတ်တန်းပေါ် တက်ပုန်းနေကျပါ"

ဦးပဠင်းက ပြုံးလိုက်မှ ..၊

"ထုတ်တန်းခွကြားမှာ ကြာကြာပုန်းရင်း အိပ်ချင်လာရင် အိပ်ပစ်လိုက်တာပဲ ဘုရား .."

"တစ်ခါမှ ပြုတ်မကျခဲ့ဘူးလား .."

"ကျမလိုဖြစ်လိုက်ရင် လန့်ပြီး ပြန်ခွဖက်ထားလိုက်နဲ့ ပြုတ်ကျတဲ့အထိတော့ အိပ်မပျော်ခဲ့ပါဘူး .."

"အိမ်း ဒါပေသည့် အခုက မြို့ထဲမြို့ဖီသွားလာစုံစမ်းရင်း ပင်ပန်းနေပြီလေ .. ထ .. ထ .. ကျောင်းပေါ်မှာသွားအိပ် .."



"တင့်ပါဘုရား .."

ဦးပဠင်း ပြန်ကြွသွားတာနှင့် သူ့အိပ်မက်ကိုသတိရလိုက်ကာ ..၊

"ဦးပဠင်းဘုရား .."

လှမ်းခေါ်မိရင်း ကပျာကယာထလိုက်သွားမိကာ ..၊

"ဦးပဠင်းကို တပည့်လျှောက်တင်စရာရှိလို့ပါဘုရား .."

"အိမ်း .. လျှောက်လေ .."

ဘုန်းကြီးကျောင်းဝင်းကြီးတစ်ခုလုံး လျှပ်စစ်မီးရောင်တွေနဲ့ လင်းထိန်နေကာ အပေါ်ထပ်စာသင်ဆောင်မှာ ကိုရင်လေးတွေ စာကျက်နေသံကိုကြားနေရသည်။

အောက်ထပ် ကျောင်းဝင်းထဲမှာလည်း သစ်ပင်ပန်းမန်တွေကို ကျောင်းသားတွေ ရေလောင်းရင်း ဆော့နေကြ၏။ တချို့ကျောင်းသားတွေက ညစာစားသောက်ပြီးသည့် ပန်းကန်ခွက်ယောက်တွေကို ဆေးကြောနေကြတုန်း ..။

အားလုံးကိုလိုက်ကြည့်ရင်း ဒီအချိန်မှာ အိပ်မက်မက်နေတဲ့အထိ သူ အိပ်ပျော်သွားခဲ့တာကို မယုံနိုင်သလို ပြန်တွေးနေမိသည်။ သို့သော်..၊

"တပည့်တော် အိပ်မက်မက်တယ်ပဲထင်ပါတယ်ဘုရား .. ဒါပေမယ့်"

"ကိုယ့်ကိုယ်ကိုယ် အိပ်မပျော်သေးဘူးလို့ပဲ ထင်နေတာလား .."

ဦးပဠင်းက နားလည်နေသလိုမေး၍ သူနဲ့ မျက်နှာချင်းဆိုင်လှည့်ရပ်သည်။ မိုးခြိမ့် လက်အုပ်ချီထားလျက် ခေါင်းညိတ်မိကာ ..၊

"တင့်ပါဘုရား .. တပည့်တော်က အိပ်မက်မက်ခဲ့တဲ့သူပါ၊ ခုလည်း မိုးချုပ်စမို့ အိပ်ချိန်လည်းမဟုတ်ဘူးဆိုပြီး ကျောင်းနောက်မှာ ထင်းရုံထဲက ခွဲခြမ်းကြီးတွေကို စီထည့်ပေးနေတာပါ၊ အဲ့ဒါ ခဏနားဖို့လှဲလိုက်တုန်း .."

"မင်းက တစ်နေကုန်သွားလာနေတော့ ပင်ပန်းမောတ်ခံလည်းရှိကယ်၊ ထပ်ပြီး ပင်ပန်းနေတော့ ခေါင်းချလိုက်တာနဲ့ အိပ်ပျော်သွားတာပေါ့၊ ဒါနဲ့ ဘာတွေမက်လို့တုန်း ဦးပဠင်းကို ပြောပါဦး .."

www.burmeseclassic.com

www.burmeseclassic.com



မိုးခြိမ့် က အိပ်မက်လိုလို သူမြင်လိုက်ရတာကို လျှောက်တင်ပြီး မျက်နှာမသာမယာနှင့် ..၊

"နီတြာ က အစသန်တယ် ခေါင်းမာတယ်၊ ဒါပေမယ့် အငိုမသန်ပါဘူး .. ငိုလေရန်တွေ့လေ တပည့်တော်နဲ့လည်း ဟိုအရင်ကတော့ ရန်ဖြစ်နေကြတာပဲများပါတယ် .."

ဦးပဥ္စင်းက နီတြာ ကို ပေါက်စလေးတုန်းကပဲ သိသလိုလိုရှိခဲ့ပေမယ့် ခုချိန်မှာတော့ ဘယ်အရွယ်ဘယ်ပုံစံဆိုတာ မှန်းကြည့်လို့တောင် ရမည်မထင်ပေ ..။

အဘယ့်ကြောင့်ဆိုသော် ဦးပဥ္စင်းအသက်က အမေ့ထက်အနည်းဆုံး ဆယ်နှစ်လောက်ပိုကြီးမှာဖြစ်ကာ ရွာကထွက်သွားတာလည်း ကြာပြီဖြစ်၏။

"အိမ်း .. ဦးပဥ္စင်းတောင် ရွာကိုပုံဖော်ကြည့်ရတော့မလိုဖြစ်နေပြီကိုး .. နောက်ပေါက်လူငယ်တွေကို ဘယ်သိတော့မလဲ .. မင်းကိုသိနေတာကတော့ မင်းကို ဒကာမကြီး မီးဖွားတဲ့အချိန်မှာ ရွာမှာ မိုးခေါင်ပြီး ဒုက္ခတွေရောက်နေကြတာလေ၊ မင်းကိုစပြီး ဗိုက်နာတော့ မိုးသံလေသံတွေ တခြိမ်းခြိမ်းကြားလာရတယ်၊ ပြီးတော့ မင်းက မိုးနဲ့အတူ လူ့လောကထဲ ရောက်လာတာပဲ .."

ဦးပဥ္စင်းထံမှ ရှေးဟောင်းနှောင်းဖြစ်တစ်ချို့ကိုကြားခဲ့ရသည်။ ဒါတွေ အမေတို့ပြောပြဖူးသော်လည်း ဦးပဥ္စင်းနဲ့ ပတ်သက်တာကိုတော့ ခုမှသာ ..။

"အဲဒီတုန်းက ဦးပဥ္စင်းက အိမ်မှာရေလုံလောက်အောင်ရဖို့ မှန်းတည့်ပူပူလောင်လောင်ကြီးမှာ ရေထမ်းနေရတာလ၊ မိုးခေါင်လို့ ရေတံခွန်က ရေလည်း မကျတော့ဘူး၊ ရေကျတဲ့နေရာထိ လူတွေမဆင်းနိုင်ကြလို့ ပေါက်ကျိုင်းရယ် ဦးပဥ္စင်းရယ် ရေထမ်းနိုင်အောင် လမ်းထွင်ကြရတယ်"

ဘယ်လောက်ထိ ပူလောင်နေခဲ့သလဲဆိုလျှင် လမ်းထွင်နေဆဲမှာ ပေါက်ကျိုင်းက အပူရုပ်ပြီး သေဆုံးသွားခဲ့သည်။ တိုက်ဆိုင်တာလို့လည်း



ဆိုနိုင်ပေမယ့် ရှေးရှားသည့်အချိန်မှာ ဖြစ်သွားခဲ့တာမို့ လူတိုင်းစိတ်မကောင်းဖြစ်ခဲ့ကြ၏။

ပိုဆိုးတာက ပေါက်ကျိုင်းက မိဘမဲ့လေးဖြစ်သည့်ပြင် ရွာထဲမှာ သက်ကြီးရွယ်အိုတွေကို ကူညီတတ်သလို သဘောကောင်းသူလည်းဖြစ်သည်။

"အဲ့ဒီလိုအဖြစ်တွေရှိနေတုန်းမှာ မင်းက မိုးခေါ်လာတဲ့ကလေးဆိုတော့ မင်းကို ဦးပဥ္စင်း သိနေတာပေါ့၊ မင်းရဲ့ မယ်တော် .. အိမ်း .. ဒကာမကြီးဆိုရင် ရွာထဲကပေးကြတဲ့ လက်ဆောင်တွေ မနည်းရတဲ့အပြင် မိုးခြိမ့် လို့ နာမည်ပေးခဲ့တဲ့ မင်းကို တစ်ရွာလုံးက ချစ်ကြတယ်၊ ဦးပဥ္စင်းကိုယ်တိုင် မင်းကို ချီပိုးထိန်းရင်း သင်ပုန်းကြီးဖတ်စာတွေသင်ပေးခဲ့တာပေါ့ .."

"မှတ်မိပါပြီဘုရား .. အမေတို့ပြောနေတဲ့ ဖိုးလပြည့်ဆိုတာ ဦးပဥ္စင်းပဲမို့လား ဘုရား .."

'ဖိုးလပြည့် က စာသင်တတ်တယ်၊ သူ့ကြောင့် မိုးခြိမ့် က ကျောင်းမထားရသေးခင်တည်းက သင်ပုန်းကြီးကျေနေတာ" လို့ ပြောပြခဲ့တာတွေပါ သူ ပြန်ပြောမိကာ ..၊

"အဲဒါ ဦးပဥ္စင်းမှန်း တပည့်တော်မသိခဲ့ဘူး .."

"ဦးပဥ္စင်းက ကသစ်ကနေ ကိုရင်ဝတ်လာပြီး ရွာကိုခဏပဲပြန်တာ၊ မယ်တော်ကြီးက သားအမိနှစ်ယောက်ပဲရှိတာဆိုတော့ ဒုလ္လဘရဟန်းပြုဖို့ပဲ ခွင့်ပြုခဲ့တာလေ .."

ဦးပဥ္စင်းက ပြောနေရင်း မီးချောင်းအောက်က တန်းလျားမှာ ပြန်ထိုင်လိုက်ပြီး ..၊

"မယ်တော့်နားမှာ ကြာကြာနေရင် လူဝတ်ကြောင်ပြန်လဲရမှာစိုးလို့ ကျောင်းမှာပဲနေလိုက်တော့တာ၊ မယ်တော်ကြီးဆုံးသွားမှ ခွင့်ပြုပေးခဲ့တဲ့အတိုင်း ရာသက်ပန်ရဟန်းပြုဖို့ မြို့ရောက်လာခဲ့တာဆိုပါတော့ .."

ဟိုတုန်းက အကြောင်းကိစ္စတွေကို တောက်လျှောက်ပြောသွားပြီး



www.burmeseclassic.com

www.burmeseclassic.com



မှ မိုးခြိမ့် မျက်နှာကို ပြန်ငဲ့ကြည့်ကာ ..၊

"မင်းရဲ့ အိမ်သူကိုတော့ ဦးပဍင်း မသိတော့ဘူး၊ ပြောပါဦး ခုန အိပ်မက်မက်တဲ့အကြောင်း .."

အိပ်မက်ကို ပြန်စလိုက်တာနှင့် မိုးခြိမ့် ရဲ့ ဖြူတ်ခနဲ ပြောင်းလဲသွားသည့် မျက်နှာမှာ သောကရိပ်တွေဖြစ်နေခဲ့လျက် ..၊

"တပည့်တော် သူ့ကို တွေ့လိုက်တယ်ဘုရား .."

"မင်းရဲ့ အိမ်သူကိုလား .."

"တင့်ပါဘုရား .."

"ဘယ်လိုတွေ့လိုက်တာတုန်း .."

"သူ ငိုနေတယ်၊ အပြင်မှာ သူ့ရဲ့စိတ်နဲ့ နေထိုင်ပုံက အဲ့ဒီလိုမဟုတ်ဘူး ဘုရား .. နီတြာ က မာကြောတယ်၊ ကလေးဆန်ပေမယ့် တွေးတောတတ်တယ် .. ဒါပေမယ့် သူ ငိုပြီး တပည့်တော်ကိုမော့ကြည့်လိုက်တော့.."

မိုးခြိမ့် အသံတိမ်သွားသည်။ ဒါကို ဘယ်လိုလျှောက်တင်ရမည်ဆိုတာ မသိသလို သူ ဘာကြောင့် ရင်ထဲမှာ နာကျင်ကျန်ခဲ့သည်ဆိုတာလည်း ပြောမပြတတ်ပေ ..။

"သူ့ကိုမြင်လိုက်ရတာ တပည့်တော်ရင်ထဲ ဘယ်လိုကြီးဖြစ်သွားမှန်းမသိဘူး ဘုရား .. သူ ဘာမှမပြောပေမယ့် မျက်ရည်တွေနဲ့ မော့ကြည့်တဲ့ပုံစံက ဘယ်လို .."

"မောင်မိုးခြိမ့် ရယ် .. သူ မမာမကျန်းဖြစ်နေတာကြောင့် စိတ်တမ်းနေခဲ့တာလည်း ပါပါလိမ့်မယ် .."

"မှန်ပါတယ်ဘုရား ဒါပေမယ့် တပည့်တော်ကို သူ တစ်ခုခုပြောချင်နေတယ်ဘုရား၊ သူ့ပုံစံက တပည့်တော်နဲ့ ဘယ်လိုမှ မပေါင်းစည်းနိုင်တော့သလို ယူကျုံးမရငိုနေတာမျိုးလား .. အဲ့ဒါဘာမှန်း တပည့်တော် မသိဘူး .. ဒါပေမယ့် .."

ဒါပေမယ့် ဘာဆက်ပြောရမှန်းလည်းမသိတော့ပေ .. ဦးပဍင်းကလည်း ဘာမှမမေးဘဲ အတန်ကြာတိတ်ဆိတ်နေခဲ့၏။ ခဏကြာမှ...



"သူ့ကို ဘယ်မှာမြင်လိုက်တာတုံး .."

"အဲဒါလည်း သေချာမသိဘူး ဦးပဍင်း၊ စိတ်ထင်တော့ တပည့်တော်တို့ အရင်တွေ့နေကျ သရက်တောအစပ်မှာပဲ .. ဒါပေမယ့် သူ့ဘေးပတ်ဝန်းကျင်က မှောင်မည်းနေတယ် .."

"သူ မင်းကို ခေါ်နေတာလား .."

"ကျောခိုင်းပြီး ငိုနေတာ ဘုရား၊ သူ့နားကို တပည့်တော်ရောက်သွားတော့ သူ မော့ကြည့်လိုက်တာ မျက်နှာက .. သူ့မျက်နှာက တစ်မျိုးဖြစ်နေတယ် .."

"မျက်နှာကြွမ်းနေတာလား .. မြင်နေတာထက် ပိုလှနေတာလား"

"ဘယ်လိုပြောရမလဲ .. တပည့်တော် ပြောလို့တောင်မထွက်ဘူး ဦးပဍင်းရယ် .. သူက သူမဟုတ်သလိုကြီးပဲ၊ ပြီးတော့ သူ့ဆံပင်တွေမရှိတော့ဘူး .."

"ခေါင်းတုံး (ကတုံး) ပေါ့ .."

"ဟုတ်တယ်ဘုရား .. ခေါင်းတုံးအပြင် သူ့ခေါင်းက ညီညာမနေဘူး၊ အဲဒါ ဘယ်လိုဖြစ်ရတာလဲ ဘုရား၊ တပည့်တော် အတိတ်နိမိတ်တွေကို ဘယ်တုန်းကမှ စိတ်မဝင်စားခဲ့ပါဘူး၊ ဒါပေမယ့် ခုတော့ သိချင်နေမိတယ် .."

"ဒါပေါ့ ကိုယ်ချစ်တဲ့သူနဲ့ ပတ်သက်လာရင် လူတွေက ချောက်ချားလာကြတာပဲ၊ သူများတွေ ချစ်လို့ချောက်ချားနေတာမြင်ရင် ကဲ့ရဲ့ယယ်၊ ရယ်မောမယ် .. မဆိုင်သလိုလည်းနေနိုင်တယ်၊ ဒါပေမယ့် ကိုယ်ကိုင်ခံစားရပြီဆိုရင်တော့ ကိုယ့်ရဲ့ ရှုးသွပ်ချောက်ချားမှုကို ကယ်ပါယူပါ အော်ချင်လာတယ်၊ လူတွေက စာနာမှုမရှိလိုက်ကြတာလို့ထင်တယ်၊ အဲဒီ အပူမျိုးကလည်း ကိုယ့်လက်ပူမှ ပူမှန်းသိတာမျိုး .."

'ကိုယ့်လက်ပူမှ ပူမှန်းသိတယ်' ဆိုတာမှာ ဘယ်လိုအပူမျိုးကိုဆိုတာမှန်း သူ ခုပဲသိတော့သည်။

"ဆိုလိုတာကတော့ လူတိုင်းချစ်နေကြတာပဲလေ၊ ဒါပေမယ့် ဆုံးရှုံး

www.burmeseclassic.com

www.burmeseclassic.com



မခံနိုင်အောင်ချစ်တတ်တဲ့လူကတော့ နည်းလိမ့်မယ်၊ ဦးပဋ္ဌင်းပြောတာ တစ်ထောင့်ငါးရာကိုလေသာမီးတစ်ခုတည်း မဟုတ်ဘူးနော် ... လူ သတ္တဝါ ပစ္စည်းဥစ္စာ ဘယ်အပေါ်မှာဖြစ်ဖြစ် တဏှာဥပါဒ်ဒါန်ဖြစ်လာရင် မိမိ ကိုယ်ကိုယ် အဆိပ်သင့်စေတာပဲ ..."

ဦးပဋ္ဌင်းက သက်ပြင်းချလိုက်ရင်း ...၊

"မင်းလည်း မေတ္တာစိတ်ကြောင့် ဥပါဒ်ဒါန်သင့်တာပဲ မိုးခြိမ့် ..."

"တပည့်တော် သူ့အခြေအနေကို စိုးရိမ်နေမိလို့ပါဘုရား .. ဒီအိပ်မက်က .."

"ကောင်းတဲ့နိမိတ်လား .. ဆိုးတဲ့နိမိတ်လားဆိုတာ မင်း သိချင်နေတယ်မို့လား .."

"တင့်ပါဘုရား .."

"ဦးပဋ္ဌင်းတို့လည်း ပုထုဇဉ်သံဃာတော်တွေပါပဲ၊ ဒါပေမယ့် သံဃာ့ကျင့်ဝတ်အရ သူတစ်ပါးကို ထိခိုက်ရာရောက်စေတဲ့ မိန့်ဆိုခြင်းအမှုကို မပြုအပ်ဘူး၊ ပုထုဇဉ်ဆိုတာ မမြင်နိုင်တဲ့လောက သဘာဝတွေကို ဘယ်လို လုပ် အပ်ချမတ်ချပြောနိုင်မှာလဲ၊ ကိုယ်စိတ်ထင်သလို ပြောလိုက်လို့ တစ်ဖက်သားမှာ ထိခိုက်မှုဖြစ်သွားသလား .. ပျော်ရွှင်သွားသလားဆိုတာ လည်း မသိနိုင်ဘူး .."

"တပည့်တော်က .."

"အများကြီးမမေးပါနဲ့ကွယ် အသက်တစ်ချောင်းရှင်သန်လာတာ ဟာ သေဖို့ပါ၊ ဒီခန္ဓာကိုယ်ကိုရပြီဆိုရင် ခန္ဓာ့ဒုက္ခတွေခံကြရမယ် မအိုချင် လို့လည်းမရ၊ မနာချင်လို့လည်းမရ သေခြင်းတရားဆိုတာကတော့ တို့ ဘုရားရှင်တောင် လွန်ဆန်ခဲ့တာမဟုတ်ဘူးလေ .."

ဦးပဋ္ဌင်း ဒီ့ထက်ပိုပြောမှာမဟုတ်မှန်း မိုးခြိမ့် နားလည်သွားသည်။ ထို့ပြင် ...၊

"အကယ်၍ မင်းချစ်တဲ့သူက ဒီခန္ဓာကိုယ်ကြီးနှိပ်စက်နေတဲ့ဒဏ် ကို အလူးအလိမ့်ခံစားနေရင်း သေရမယ့်ရက်ကို စောင့်နေရတာဖြစ်ခဲ့



ရင် မင်း သူ့ကို မြင်နေချင်တာဟာ ချစ်ရာကျပါ့မလား .."

မိုးခြိမ့် မျက်နှာ ကွက်ခနဲပျက်သွားသည်။ နီတြာ မျက်ဝန်းက မျက်ရည် တွေကိုမြင်ယောင်ကာ ဦးပဋ္ဌင်းရဲ့ စကားကြောင့် ခြေဖျားလက်ဖျားတွေပါ ခွန်အားမဲ့သလိုဖြစ်သွားခဲ့၏။

ထိုမျက်နှာကို မကြည့်ရက်သလို ဦးပဋ္ဌင်းက မျက်ဝန်းတို့ကို လွှဲဖယ် ခဲ့ရင်း ...၊

"သက်ရှိထင်ရှားနဲ့ သူ ပျော်ရွှင်နေတဲ့အချိန်မှာ စိတ်ဒုက္ခမပေးပါ နဲ့၊ သူ ဒုက္ခဆင်းရဲဖြစ်နေခဲ့ရင် ချမ်းသာရာရအောင် ကူညီပါ၊ ဒါမှသာ ဘဝရဲ့ အဖော်မွန်ကောင်းလို့ဆိုထိုက်တာ .."

"တပည့် .. တပည့်တော်က သူရောဂါခံစားနေရတာကို ဆေးကု ပေးဖို့ကြိုးစားတာပါ ဘုရား .."

"အိမ်း .. မင်းရဲ့စေတနာနဲ့ သူ့ရဲ့ ကံတရား ညီညွတ်ပါစေလို့ ဦးပဋ္ဌင်း ဆန္ဒပြုပါတယ်ကွယ် .."

ဦးပဋ္ဌင်းဘာကိုပြောချင်တာလဲ၊ သူ့ရဲ့ အိပ်မက်က အတိတ်ဆိုး နိမိတ်ဆိုးလို့ ပြောတာလား ...။

နီတြာ က ဒီခန္ဓာကိုယ်ကြီး နှိပ်စက်နေလို့ ဝဋ်ဆင်းရဲခံစားနေရ တာလား ...။

သူ ထင်တာက နီတြာ နေမြန်မြန်ကောင်းချင်လို့ သူ ပြန်လာခေါ် မှာကိုစောင့်ပြီ ဟု ...။

♣

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၁)

"လာ .. နီတြာ .. လာလေ မြန်မြန်တက် .."

"ဆွဲ ဆရာရေ .."

"ဟာ .. နီတြာ .."

လူတွေကျပ်ပိတ်သိပ်နေသဖြင့် သူ အမိအရဆုပ်ကိုင်လိုက်သည့် နီတြာ့ လက်က ပြုတ်ထွက်သွားသည်။ နီတြာ လွယ်အိတ်လေးပိတ်လျက် ကားနောက်ပြေးလိုက်လာတာ လှမ်းမြင်နေရကာ ..၊

"ဟော့လူ ရပ်ဦးဗျ .. ကျုပ်မိန်းမ ကျန်ခဲ့ပြီ .."

"မရဘူးလေ .. ဒီနေရာမှာ ရပ်လိုက်ရင် ကျုပ်တို့ ကွိသွားမှာပေါ့.."

"ဒါဆို ကျုပ်ပြန်ဆင်းမယ်ဗျာ .."

"ဟာ .. ဘယ်ရမလဲ ကားရပ်လို့ကိုမရတာ .."

"မရရင် ခုန်ဆင်းမယ်ဗျာ .."

"ဟော့လူ .. ဒီမှာ .."

"ဟင် .. ဗျာ .."

သူ့ရင်တွေ တလှပ်လှပ်ခုန်နေသည်။ ရှန်းကန်ထားရသလို လူက လည်းမောနေကာ သူ့ဘေးက ကပ်လျက်ထိုင်သည့်ခရီးသည်က တအံ့



တသြကြီးကြည့်နေ၏။

ထို့ပြင် ဟိုဘက်ခုံတန်းတွေက လူတွေ ..။

"ကိုယ့်ဆရာ စောစောစီးစီးဗျာ .. အပွန်း .."

ကားစပယ်ယာက သူ့နားဘယ်လိုရောက်သည်မသိဘဲ ပြုံးစိစိ မျက်နှာနှင့် ပြန်လှည့်သွား၏။

"ခင်ဗျားကလည်း အလန့်တကြားဗျာ .."

အချိန်က နေဝင်ရီသရောပဲရှိသေးသည်။ သူ အိပ်ပျော်သွားပြီး မြို့ ထဲမှာ ကားတိုးစီးနေသည့်အတိုင်း အိပ်မက်မက်နေခဲ့၏။ သူ့ဘေးခုံက သူနဲ့ မတိမ်းမယိမ်းအရွယ်လူငယ်က ရယ်သည့်မျက်နှာနှင့် စိတ်ပျက် သလို ခေါင်းလည်းခါနေသေးသည်။

"ဆွဲနေတဲ့ကြားက အတင်းရှန်းထတာ အပွန်း .. ပွန်း ယောင်တတ် တဲ့လူ ဒီတစ်ခါပဲ တွေ့ဖူးသေးတယ် .."

"ငါ တောင်းပန်ပါတယ်ကွာ .."

သူ တောင်းပန်လိုက်တော့ ပြန်လှည့်ကြည့်၏။ ပြီးတော့ တစ်ရှူးစ တစ်စထုတ်ပေးကာ အပေါ်ကို ထိုးပြပြီး ..၊

"ကားက အဲရ်ကွန်းသိပ်မကောင်းဘူးထင်တယ် .. ခင်ဗျား ချွေးပြန် နေတယ် ရော့ .."

မိုးခြိမ့် တစ်ရှူးစကိုကြည့်ပြီးမှမယူဘဲ ခေါင်းခါလိုက်သည်။

"ရတယ် .."

အိတ်ထဲမှာ တစ်ဖက်စဖော်ပြီး ထည့်ထားသည့် မျက်နှာသုတ်ပဝါ ကိုဆွဲထုတ်၍ မျက်နှာနဲ့ လည်ပင်းကို ပွတ်သုတ်ပစ်ကာ ..၊

"ငါလည်း ယောင်တတ်တဲ့အကျင့် မရှိခဲ့ပါဘူး .."

လို့ ပြောလိုက်တော့ လူရွယ်က တစ်ရှူးစကိုင်ထားလျက်နှင့် စိုက် ကြည့်နေသည်။ ပြီးမှ ခေါင်းညိတ်၍ ..၊

"ခုလို စကားပြောလိုက်တော့လည်း ခင်ဗျားပုံစံက ခုနကရူးမဟုတ် သလိုပါပဲ .."

www.burmeseclassic.com

www.burmeseclassic.com



"ယောင်တတ်တဲ့လူတွေက ဘယ်လိုပုံပေါက်နေလို့လဲ .."

"အဟွန်း .. ခင်ဗျားက ကိုယ့်ကိုယ်ကိုယ် ပြန်မေးနေသလိုပဲ၊ ဒါပေမယ့် ခင်ဗျားပြောတာ ကျွန်တော် ယုံပါတယ်၊ ဒါနဲ့ စကားမစပ် ခင်ဗျား တစ်ခုခုကို စိုးရိမ်ထိတ်လန့်နေတာများလား အဖိုးတန်ပစ္စည်းတစ်ခုခု သူများလုသွားတာမျိုး .."

သူ့အိပ်မက်ကို သတိရလိုက်ကာ မိုးခြိမ့် ခဏတော့ငိုင်သွားမိသည်။

"ထင်လို့မေးကြည့်တာပါ .. မဖြေနိုင်ရင် မဖြေပါနဲ့၊ ခင်ဗျားက ကားပေါ်က အတင်းခုန်ဆင်းမလို့ ဝရုန်းသုန်းကား ရုန်းထနေတာ .."

"ငါ့ဇနီးက အသက်အန္တရာယ်စိုးရိမ်ရတဲ့အခြေအနေရောက်နေလို့ .."

"ဟင်!..."

ပျက်ချော်ချော်ပြုံးရယ်နေသည့် လူရွယ့်မျက်နှာမှာ အားနာဟန်တွေ ဖြစ်သွားသည်။ ပြီးတော့ ...၊

"ဆောရီး .."

လို့ ပြောပြီး မျက်နှာလွှဲသွား၏။ သူ ဘာမှဆက်မပြောဖြစ်ခဲ့ပါ။ စိတ်နဲ့လူက မကပ်ချင်သလိုဖြစ်နေခဲ့ပြီး နီတြာ ဘာဖြစ်လို့ သူ့ဆီရောက် ရောက်လာလဲဆိုသည့်အတွေးများနဲ့သာ နစ်မွန်းနေခဲ့သည်။

အိပ်ငိုက်တတ်သည့်အကျင့်မရှိခဲ့ဘဲ ရွာကထွက်လာတည်းက သူ့စိတ် တွေ လေးလံနေခဲ့သည်။ ခေါင်းချလိုက်တိုင်း အိပ်ပျော်သလို သတိလစ် သွားတတ်ပြီး နီတြာ တစ်ခုခုပြောဖို့ကြိုးစားလာ၏။

သူမေးတော့လည်း စကားမပြောဘဲ ငိုနေခဲ့သည်။ ထွက်လာတော့ လည်း တကောက်ကောက်လိုက်နေခဲ့၏။ ဒါပေမယ့် နီတြာ သူ့ရင်ခွင် ထဲလည်း ရောက်မလာခဲ့ပေ။

မင်း ဘာဖြစ်နေပြီလဲ နီတြာ ...။

မင်း ဆေးကုဖို့အတွက် ငါ ထွက်လာခဲ့တာ၊ မင်းဆီ အမြန်ဆုံး ပြန်လာဖို့အတွက် ငါ နေ့ချင်းညချင်းပြီးအောင်ကြိုးစားပြေးလွှားခဲ့တယ်။



ခုပဲ မင်းဆီကို ငါပြန်လာနေပါပြီ။

ဒါပေမယ့် ဘာလိုသေးလို့လဲ၊ မင်း ဘာဖြစ်ချင်သေးတာလဲ ...။

ကျိစနဲ့ အံကြိတ်မိရင်း လည်ချောင်းတွေနာလာသည်။ နာခေါင်းထဲ မှာ စပ်ဖျင်းပူရှိန်းလာတော့ သူ့မျက်ဝန်းမှာ မျက်ရည်တွေနေရာယူဖို့ ကြိုးစားနေပြီမှန်းသိလိုက်၏။

လက်ဖဝါးနှစ်ဖက်ထဲ မျက်နှာမှောက်ချလိုက်မိစဉ် သူ့လက်ကို တစ်စုံတစ်ရာက လာထိကာ ...၊

"ဒီမှာ .."

"ဒီမှာ ဟော့ကောင် .."

မိုးခြိမ့် မျက်နှာဆတ်ခနဲမော့လာပြီး သူ့အတိုင်းပြန်ခေါ်တော့ လူရွယ်တွန့်ခနဲပြန်ဆုတ်သွားသည်။

"ကျွန်တော်က .."

"မင်း ဘာဖြစ်ဖြစ် ငါ မသိချင်ဘူး .."

မျက်ရည်စတို့နှင့် မျက်ဝန်းတွေက နီနေကာ ...၊

"ငါ ဘာဖြစ်နေသလဲ မင်းသိရင် စပ်စပ်စုစုတွေလာမလုပ်ပါနဲ့.."

"ခင်ဗျားဗျာ .."

လူရွယ်က ဖုန်းကိုင်ထားရင်းခေါ်သနှင့် ပြန်ကြည့်သည်။ မိုးခြိမ့် မျက်နှာလွှဲလိုက်တော့လည်း တစ်ဖက်ခုံကလူတွေလည်း ဒီတိုင်းပဲကြည့် နေကြတာနှင့် တိုး၏။

သူက လူတွေအတွက် အံ့အားသင့်စရာ ထူးဆန်းသတ္တဝါလား ...။

အဝေးပြေးကားကြီး ဘယ်လောက်ထိ အမြန်ပြေးနေသလဲ မသိပေ မယ့် သူ ဒီကားကြီးကို နွားလှည်းလောက်တောင်ပြေးနေသည်မထင်...။

ကားပေါ်ကဆင်းပြီး တစ်နေရာမှာ အားပါးတရထိုင်ငိုချင် သည်။ ဒါမှမဟုတ် သူ စိတ်ရှိလက်ရှိ ငိုပစ်မိမှာလား ...။ ရွာမှာ ချစ်သူနဲ့ တွေ့ဖို့ကြိုးစားလိုက်၊ သူငယ်ချင်းတွေနဲ့ သွားသွားလာလာ စားသောက် ပျော်ရွှင်ရင်း အချိန်တွေကုန်လိုက် ...။

www.burmeseclassic.com

www.burmeseclassic.com



ခုတော့ ရွာကနေ သူ ထွက်လာခဲ့တာ မှားခဲ့တာလား၊ မှားယွင်းတာတွေတွေးနေရင်း သူ့စိတ်နဲ့သူ သောကမီးလောင်နေခဲ့တာလား ဘာလဲ..။

အကယ်၍ နီကြာ သာ တစ်ခုခုဖြစ်သွားခဲ့ရင် သူ ဘယ်လိုဖြေရမလဲ..။

"နီကြာ ခုလို ဒဏ်ရာကြီးဖြစ်လာရတာ ငါ့ကြောင့် ငါသွားခိုးခဲ့လို့ .."

သူ ဒီလိုယူကျုံးမရ ညည်းညူခဲ့ဖူးသည်။ အားလုံးက ခေါင်းခါကြလျက် ..။

"သူ့အစ်ကိုတွေ ရမ်းကားလို့ဖြစ်ရတာ၊ မင်းနဲ့ ဘာဆိုင်သလဲ .." တဲ့ ..။

သူကတော့ ဒီလိုမတွေးပါ။ နီကြာ က အေးဆေးမှ လက်ထပ်ကြဖို့ ပြောနေခဲ့တာကို မစောင့်ပါဘူးလို့ တတွတ်တွတ်ပူဆာနေခဲ့တာက သူပဲဖြစ်သည်။

တစ်ခါချိန်းတွေ့ပြီးပြန်လာခဲ့ရတိုင်း နောက်တစ်ခါတွေ့ခွင့်ရဖို့က မျှော်လင့်ချက်မဲ့နေသလိုကြီး ဖြစ်နေတတ်တာကို မခံစားနိုင် ..။

ထို့ပြင် သူ့အစ်ကိုတွေ တယ်လောက်ပဲသဘောမတူနေနေ ဂရုစိုက်ဖို့မလို ချစ်တာအပြစ်မရှိဟု ယုံကြည်မျှော်လင့်ခဲ့၏။ ခုတော့ သူ့အလိုလိုက်ပြီး ရုန်းထွက်ဖို့ကြိုးစားခဲ့သည့် နီကြာ့ ခမျာ ..။

"ပွမ် .. ပွမ် .."

ကျယ်လောင်သော ကားဟွန်းသံကြီးကြောင့် သူ့အတွေးတွေ ဖြတ်ခနဲ ပြတ်တောက်သွားခဲ့၏။

"တောက် .. အမြန်လမ်းကိုဘာများမှတ်နေလဲမသိဘူး .. မောင်းလာပုံက .."

"အဲဒါကြောင့် မဟုတ်တရုတ်တွေဖြစ်ကုန်တာပေါ့ကွာ .. ကြီးကြပ်မှုတွေဘယ်လောက်လုပ်ပေးပေး လူတွေစည်းကမ်းမဲ့နေလို့ကတော့ ဘာမှပြောင်းလဲလာမှာမဟုတ်ဘူး .."

ကားချင်းကျော်တက်သွားသည့်အချိန်မှာ ခရီးသည်တွေ ဘယ်လို



သည်းကုန်အူတုန်ဖြစ်ကုန်ကြတာ မိုးခြိမ့် မသိလိုက်ပေ။ သူတို့ပြောကြသည့် စကားတွေကြားကာမှ နောက်ကားအကြမ်းပတမ်းကျော်တက်သွားသည့်အဖြစ်ကို သိသည်။

သို့သော် သူတွေးဖြစ်တာက ကားနဲ့ဖြစ်လာမယ့် အန္တရာယ်မဟုတ်ပေ ..။ ဒီကားဟွန်းသံသာမနှောင့်ယှက်ခဲ့ရင် သူ ဒီအတွေးတွေနဲ့ပဲ အိပ်ငိုက်သွားဦးမလားတွေးမိတာဖြစ်သည်။

နီကြာနဲ့ သူမ နိုးစပ်နိုင်သောအခြေအနေပြသည့်ပုံရိပ်တွေကို မမြင်ချင်၊ နီကြာ့ မျက်ရည်တွေကိုလည်း မကြည့်ချင်တော့ပေ ..။

ရွာကိုပြန်ရောက်ရင်တော့ နီကြာ့ ကို သူ့စိတ်ကူးတွေ သူ ဘယ်လိုရည်ရွယ်ထားတာတွေကို သေချာပြောပြမည်။ သူမ ဘယ်တော့မှ မငိုစေရအောင် ကတိတွေထားမည်။ သူမ စိတ်ချမ်းသာစေမည့်စကားတွေကိုပဲ အချိန်ကုန်အောင် ပြောနေပါမည်။

"ကဲ .. ကျန်းမာရေး အပေါ့အပါး သယ့်ငါးမိနစ်နားပါမယ်ခင်ဗျာ"

ကားကြီးက တိုက်လုံးခပ်သေးသေးလေးနဲ့ ဈေးဆိုင်လေး နှစ်ဆိုင်သုံးဆိုင်ရှိသော လမ်းဘေးမှာ ထိုးရပ်သွားသည်။ ခရီးသည်တွေက ထသူထ ထိုင်သူထိုင်နှင့် တစ်ယောက်စ နှစ်ယောက်စသာ ဆင်းသွားကြပြီး မဆင်းကြဘဲရှိရာ ..။

"ဒီကားတွေက ကားခသိပ်မပေးရသလောက် လုံခြုံမှုလည်း သိပ်ဂရုမစိုက်ဘူးနော် .. ကားနားရင် လူတွေအကုန်လုံးဆင်းခိုင်းပြီး တံခါးပိတ်ရမှာကို .."

ခရီးသည်တစ်ချို့အသံထွက်လာ၏။

"ဒါက ထမင်းစားနားတာမှမဟုတ်တာ၊ လာပါကွယ် .. မဆင်းတဲ့လူတွေအများကြီးဥစ္စာ ညည်းပစ္စည်း ဘယ်သူမှမယူပါဘူး .."

စကားသံတွေကြောင့် မိုးခြိမ့် မော့ကြည့်လိုက်တော့ သူ့ရဲ့ မျက်စောင်းထိုးခုံက ထရပ်လိုက်သည့် အမျိုးသမီးကြီးနှစ်ယောက်ရဲ့ မျက်လုံးတွေက သူ့ကို သူခိုးလိုလို ဂျပိုးလိုလို ..။

www.burmeseclassic.com

www.burmeseclassic.com



"နောက်များ ဈေးသက်သာတဲ့ကားတွေ မစီးတော့ဘူး .."

"ခုတော့ သိပြီမှတ်လား .. ဒီလိုကားကိုစီးရင် ဒီလိုကားမျိုးပဲ စီးနိုင်တဲ့ အတန်းအစားတွေပဲရှိမှာကို မှတ်ထား၊ နောက်ကို ပေါချောင်ကောင်း မလိုက်နဲ့ .."

"ဒီမှာ ..."

မိုးခြိမ့် ကိုယ်နဲ့မဆိုင်သလို မျက်နှာလွှဲလိုက်ပေမယ့် သူ့ဘေးက လူက မာဆတ်ဆတ်ခေါ်၍ ..၊

"လူတွေကိုမယုံရင် ခင်ဗျားပါးစပ်ပိတ်ပြီး ကိုယ့်အထုပ်ကိုယ်ပိုက်ဆင်း .."

"အံမာ မင်းက .."

"ပါးစပ်တစ်ပေါက်ရှိတိုင်း ပြောချင်သလို ပြောလို့မရဘူးဆိုတာ ခင်ဗျား ဒီအရွယ်ရှိပြီး နားမလည်ဘူးလား .."

"ဟဲ့ .. နင် မိုက်ရိုင်းလှချေလား .. ယောက်ျားဖြစ်ပြီး နှုတ်သီးကောင်း လျှာပါးနဲ့ .."

"ခင်ဗျားတို့ ဟုတ်လည်းဟုတ်တာပဲ .."

အသက်ငါးဆယ်အရွယ် လူဝကြီးတစ်ယောက်ကလည်း ခပ်မဲ့မဲ့ မျက်နှာနှင့် ဝင်ပြောလျှင် ကျန်သည့်လူတွေပါ ဟိုတစ်ခွန်းဒီတစ်ခွန်း ပြောကြကာ ..၊

"တောင်းပန်ပါတယ်ဗျာ .. ခရီးသည်ချင်းစကားမများကြပါနဲ့"

စပယ်ယာလူရွယ်နဲ့ မိန်းကလေးတစ်ယောက်ရောက်လာပြီး ဖျန်ဖြေ တောင်းပန်ကြ၍။ ထိုလူတွေကြားထဲမှာ မိုးခြိမ့် ကတော့ မဆိုင်သလို ငေးချင်ရာငေးလျက် ..။

♣



## အခန်း (၂၂)

"ဟိုကောင် .. အိမ်ထဲဝင်စမ်း၊ ဘာငေးနေတာလဲ .."

တောင်ကြီး က အောင်ကြီး စကားကို လှည့်မကြည့်ဘဲ လက်နောက် ပြန်ခါပြကာ ..၊

"ငါ ငေးနေတာမဟုတ်ဘူး .. စကားပြောနေတာ .."

"တောက် ..."

ဒေါသက လိုတာထက် ပိုချင်နေတာ အစတည်းက ..၊

တောင်ကြီး ရူးကြောင်မူးကြောင်နဲ့ သွားချင်ရာသွား၊ ထင်သလိုနေခဲ့သည်။ ဘယ်လိုနေနေ သူ့ကို လိုက်ထိန်းဖို့ ကိုယ့်မှာ ခိုင်းစရာလူတွေ အများကြီး ..။

သည်းမခံနိုင်တာက ထင်သလိုပြောနေခြင်းကိုဖြစ်၏။ ညနေစောင်းဆို သရက်တောစပ်မှာ အပင်ပေါ်တက်ခွထိုင်ရင်းပြောသည်။ ငုတ်တုတ် ထိုင်နေရင်းပြောသည်။

"နီတြာ .. လာလေ .."

"နင် ဘာမှမပြောတော့ငါက ဘာလုပ်ပေးရမှာလဲ .."

www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ ငါ့ကိုမကျေနပ်လို့မို့လား .."

"အောင်ကြီးနဲ့ ကိုင်ပြောမလို့လား .. တိုင်ပေါ့ ဒီကောင့်ကိုများ မကြောက်သေးဘူး .."

"ဟာ .. ဝင်လာပါဆိုမှ .."

"နင့်ကို မိုးခြိမ့် ရိုက်လိုက်တာလား .. ဘာလို့ငိုနေတာလဲ .."

စသဖြင့်သော စကားတွေက လူမမာဖြစ်နေသည့် နီကြာ ကပဲ သရဲဖြစ်နေတာလိုလို ..။

"ဟိတ်ကောင် .."

"ဟား .. လန့်လိုက်တာကွာ .."

ဒေါသဖြစ်ဖွယ်တွေပြန်တွေးမိကာ နောက်ကနေ လက်မောင်းကို ဖျန်းခနဲရိုက်ထည့်လိုက်ပြီး ..၊

"မင်းကို အိမ်ထဲဝင်ဖို့ပြောနေတာ် နားမပါဘူးလား .."

"ငါက ပါတယ်၊ မပါတာက မင်း .. မင်းမှာ မျက်လုံးလည်းမပါဘူး၊ နားလည်းမပါဘူး၊ ကိုယ့်ညီမတစ်ယောက်လုံး ဒီလောက်လာရပ်ပြီးငိုကြွေးနေတာ မင်း ကန်းနေလို့မမြင်တာ .."

"ငါ .. တယ် .."

"ကိုကြီး .. ဟေ့ကောင် .."

ချက်ကြီး ပြေးထွက်လာပြီး အောင်ကြီး ရွယ်လိုက်သည့်လက်ကို ပုတ်ချပစ်လိုက်သည်။ ခေါ်တော့ ကိုကြီးပေမယ့် စကားပြောပြီဆို ယဉ်ကျေးမှု တစ်စိုးတစ်စိမျှမပါ။

"မင်းဘာလုပ်တာလဲကွ .."

"ဒီကောင်ပြောနေတာ မင်းမကြားဘူးလား .. နီကြာ ငုတ်တုတ်ကြီးရှိသေးတယ်၊ သရဲဖြစ်နေသလိုလိုပြောနေတာ အဲဒီ ပါးစပ်ကိုသွားတွေ အခွေလိုက်ကျွတ်ထွက်လာအောင် ရိုက်ပစ်မှပိတ်မှာ .."

"အပ်နဲ့ ချုပ်ပစ်တာတောင် ဒီကောင်ပိတ်မှာမဟုတ်ဘူး၊ သူက ရူးနေတာ စိတ်ထဲရှိသလိုပြောနေမှာပဲ .."



ချက်ကြီးကလည်း တောင်ကြီးကို ကာကွယ်ချင်လို့တော့ မဟုတ်ပေ။ ဒါပေမယ့် အိမ်မှာ နီကြာ မရှိတော့တည်းက ခြောက်သွေ့တိတ်ဆိတ်သွားခဲ့ခြင်းကို သူ မခံစားနိုင် ..။

နောက်ထပ်တစ်ယောက် ထပ်ပွဲသွားဖို့အခြေအနေတွေ ဖန်တီးနေတာနှင့်ပတ်သက်၍ ..၊

"ဒီ သောက်ရူးကတစ်မျိုး .."

ဟု ပြောပြီး တောင်ကြီးရဲ့ ကျောပြင်ကြီးကို ဆောင့်တွန်းပစ်လိုက်၍ ..၊

"မင်းတို့ တော်ကြတော့၊ ကိုယ့်ညီမကို လည်လှီးသတ်တယ်ဆိုပြီး ဟိုဘက်ရွာကတောင် ငါတို့ကို တံတွေးလှည့်မထွေးချင်ကြတော့ဘူး.."

"ထွေးထွေး မထွေးထွေးကွာ .."

တွန်းချခံလိုက်ရသဖြင့် သစ်ငုတ်ပေါ်က လေးဘက်ထောက်ကျသွားခဲ့သည့် တောင်ကြီးက ဖုတ်ဖုတ်ခါထလာပြီး ဒေါသတကြီးနှင့် ..၊

"တံတွေးမထွေးရဲတာ ငါတို့ကိုကြောက်လို့ပေါ့၊ မင်းတို့ကို မဟုတ်ဘူးနော် ငါ့ကိုကြောက်တာ ငါပဲ လည်ပင်းကို ဓားနဲ့ခုတ်ရဲတဲ့ကောင်.."

"ဟာ .. ဒီခွေးသူတောင်းစား .."

"ဗိုး .. ဗိုး .."

အောင်ကြီးက ခါးမှာသိုင်းပတ်ထားသည့် နန်ဂျက်ကူကို ဆွဲဖြုတ်ပြီး လွှဲရမ်းလိုက်လျှင် ..၊

"အဘစံရေ .. ကယ်ပါဦးဗျို့ .."

"ဟေ့ .. ဟေ့ .. မလုပ်ကြနဲ့ .. မလုပ်ကြနဲ့ အောင်ကြီးတို့ လူလေးတို့"

အစက ဗွတ်ရွတ်အော်တာပေမယ့် ဦးစံကွန့် ရဲ့ အသံကြားတော့ တောင်ကြီးက ဦးစံကွန့် ဆီ ဦးတည်ပြေး၏။

အောင်ကြီး စိတ်ဓာတ်ကျဆင်းစွာဖြင့် နေရာမှာ ခြေစုံရပ်လိုက်ရင်း..၊

"တောက် ..."

သူ့မျက်ဝန်းမှာ မျက်ရည်တွေဝေ့လာခဲ့သည်။ နီကြာ့ကို သူတို့တွေ

www.burmeseclassic.com

www.burmeseclassic.com



ဒီလောက်တောင်ချစ်ခဲ့ကြမှန်း သူတို့ကိုယ်တိုင် မသိခဲ့ကြတာကို ရင်နာမိသည်။

သူမလေးကို ဆုံးရှုံးလိုက်ရရင်ဆိုသည့် အတွေးနဲ့တင် လူမိုက်ကြီးတွေ မျက်ရည်ကျခဲ့ကြတာကို ဘယ်သူသိနိုင်မလဲ ...။

ကိုယ်ချစ်တဲ့သူကို ဆုံးရှုံးရမှာကြောက်လာပါမှ သူတို့ချစ်သူချင်း ဆုံးရှုံးမခံနိုင်လို့ စွန့်စားခဲ့ကြတာပါလားလို့ စာနာစိတ်ဝင်ခဲ့၏။ ဒါပေမယ့် နောက်ကျခဲ့ပါပြီ ...။

"ဘယ်သွားဦးမလို့လဲ ကိုကြီး .."

"နီတြာ ဆီ .."

"ငါလည်းလိုက်မယ် .."

ချက်ကြီး လိုက်လာတာကို မကြိုက်သေမယ့် ညီအစ်ကိုချင်းပြဿနာ တက်ကြဖို့ ဒေါသမောဟတွေ ရင်ထဲမှာ ပျောက်ဆုံးနေခဲ့၏။

ဒါဟာ ငြိမ်းချမ်းစွာအေးမြခြင်းတော့မဟုတ်သေး။ ခရိုန်ဖြစ်နေသည့် ခံစားချက်အရာရာဟာ နီတြာ နဲ့ ပတ်သက်နေတာတွေပဲမို့ ..၊

"ဟိုကောင် ပြန်မရောက်သေးဘူးတဲ့လား .. အဲဒါကြောင့် ငါလိုက်သွားမယ်လို့ပြောတာပေါ့ .."

ချက်ကြီး က ပါလာပြီး တဗျစ်တောက်တောက်နှင့် ..၊

"လုပ်မနေနဲ့ကွာ .. အခု ငါ့ညီမကို ငါ ပြန်ထမ်းလာခဲ့မယ် .."

"နီတြာ ကိုယ်တိုင်က ငါတို့ကိုမြင်လိုက်ရင် မျက်လုံးက မီးဝင်းဝင်း တောက်နေတာ၊ သူ့ကိုထပ်ပြီး စိတ်ဒုက္ခပေးသလိုဖြစ်မှာပေါ့ကွ .. ထင်ရာ လုပ်ချင်တာတွေ လျှော့စမ်းပါ .."

"ငါတို့က ချစ်လို့ပြန်ခေါ်တာပဲကွ .. ဟိုကောင်က ဟိုမှာဆေးရုံ တက်ဖို့လုပ်နေတာလား၊ ကောင်မအသစ်တစ်ယောက်နဲ့ ဘဝင်ခွေ့နေပြီ လား ဘယ်သူသိမှာလဲ .."

ဒါကတော့ ယုံရတဲ့ကိစ္စမဟုတ် ..။

အောင်ကြီး အသံမထွက်တော့ဘဲ ခြေလှမ်းပါတဲ့ဆိုင်းသွားသည်။



မိုးခြိမ့် က အသားလတ်လတ်ဖြူဖြူတောင့်တောင့်မို့ ရုပ်ချောသည့် ယောကျာ်းတစ်ယောက်ဆိုတာတော့ မငြင်းနိုင် ..။

ယောကျာ်းဆိုတာလည်း လေ့ကားသုံးထစ်ဆင်းရင် လူပျိုဖြစ်သွား တာပဲမို့ ..။ ဒီကောင် ဒီလိုမလုပ်ရဲလောက်ပါဘူး ..။

ကိုယ့်စိတ်ကို ပြန်ဖြေသိမ့်သလို ပြောလိုက်မိသည်။ သို့သော် ..၊

"လုပ်ရဲလို့ပဲ ငါတို့သုံးယောက်ရှေ့တင် ငါတို့ညီမကို ခေါ်ထုတ် သွားတာပေါ့ကွ .. ငါတို့ကိုဆို တစ်ရွာလုံး ဖိနှိပ်တုန်ပြီးသား .. ဒီကောင် တစ်ကောင်ပဲ .."

"ငါတို့နဲ့ဆွေမျိုးတော်ရမယ့်ကောင်မို့လို့ ဖြစ်မှာပေါ့ .."

"ကိုကြီး .."

"ဘာတုံး .."

"မင်းက တကယ်သဘောတူလိုက်တာလား .."

"သဘောမတူဘဲနဲ့ သူတို့အိမ်ကိုပေးထားရအောင် နီတြာ က အရုပ် တစ်ရုပ်လားကွ .."

"ငါကတော့ မတူဘူးကွာ .. လုံးဝမတူဘူး၊ နီတြာသာ ပြန်ကောင်း လာလို့ကတော့ .."

"ငါတို့အိမ်ကို အရင်ဆုံးရောက်လာပြီး မီးပုံရှို့သွားနိုင်တယ် .."

အောင်ကြီးက ခံစားမိတဲ့အတိုင်း ပြောရင်း ..၊

"သူ ငါတို့ကို တော်တော်နာကြည်းသွားတာ၊ ညီမတစ်ယောက် လုံးကိုတောင် .."

"ငါတို့မှ မသိတာကွ .. မှောင်မှောင်မည်းမည်းနဲ့ကို .."

"ဘာပဲဖြစ်ဖြစ် ငါတို့မှားခဲ့တယ် ချက်ချင်း တစ်ရွာလုံးက လူကြီး သူမတွေကိုလည်း တောင်းပန်ပြီးပြီ၊ မင်း ပြဿနာထပ်မရှာနဲ့ .."

"တောက် ..."

ချက်ကြီးက ကြိတ်နိုင်ခဲမရ တက်ခေါက်၍ ..၊

"ငါတို့ခုတ်တဲ့ ဓားချက်လို့ သေချာကြီးပေါ်လွင်သွားတာ အဲဒါ



www.burmeseclassic.com

www.burmeseclassic.com



ဟိုကောင် ခတ်တိုင်ကြောင့်.."

"ဘာဆိုင်လို့လဲ .."

လမ်းလျှောက်သွားရင်း အောင်ကြီးက ငုံ့ကြည့်သည်။

"ဒီကောင် ဘာအရည်အချင်းမှရှိတာမဟုတ်ဘူး၊ အလကား ကြောင်"

"အဲ့ဒီငကြောက်တွေ ကြောင်တွေပဲ အိမ်ဦးချေးတက်ပန်းကြတာ နီတြာ က သူနဲ့သပ်သပ်ရှိနေတော့ တောင်ကြီး မားချက်မိသွားတာ ဘွားဘွားကြီး ပေါ်သွားတယ်လေ၊ သူတို့သုံးယောက်အတူတူရှိနေရင်.."

"မင်းက ပုံမှားရိုက်ချင်နေသေးတယ်၊ မိုးခြိမ့် က ဘာလက်နက်မှ ပါလာတာမဟုတ်ဘူး .."

"ဒါလည်း ငါတို့ပါးစပ်ထဲမှာပဲရှိတယ် ကိုကြီး၊ တရားခံဖြစ်သွားတာကို ဂရုစိုက်လို့မဟုတ်ဘူး၊ မိုးခြိမ့် ခုတ်မိတာဆိုရင် နီတြာကို ငါတို့အေးဆေးပြန်သယ်လာရုံပဲ၊ ဘယ်ကောင်မှ ဝင်တားရဲမှာမဟုတ်ဘူး .."

"ခုလည်း တားဆီးနေကြတာတွေကို ငါ ဂရုစိုက်ပါဘူး၊ နီတြာကိုယ်တိုင် မှန်းနေလို့ပါ၊ မင်းတော်တော့ ချက်ကြီး ငါ ဒေါသပြန်ထွက်လာရင် အခြေအနေတွေ ပိုဆိုးကုန်လိမ့်မယ် .."

"မတော်ဘူးကွာ .. ခတ်တိုင် ဆိုတဲ့ကောင်တွေ့မယ် .. သင်း.."

♣



## အခန်း (၂၃)

"ဘယ်ကလာတာလဲ .. သချာရှာစမ်း .."

"ရှာနေတာပဲ အကြီးရဲ့ .."

"အပြင်ထွက်တော့လည်းမဟုတ်ဘူး၊ အခန်းထဲကကို နံနေတာ.."

မိဖြူ နဲ့ ထားခင်တို့ ခတ်မီးကိုယ်စီကိုင်လျက် ထုတ်တန်းတွေ စားပွဲနဲ့ စင်တွေပေါ် လျှောက်ရှာရင်း မိဖြူ က ခွေးခြေခုံခုစ္ဆတက်ကြည့်တာရှိသည်။ ဒါပေမယ့် မတွေ့ ..။

"ဟဲ့ .. အမှိုက်တိုအမှိုက်စတွေဆွဲမထုတ်နဲ့လေ .. နီတြာ ဆီ လွှင့်ဦးမယ် .."

ဒေါ်ညိုု က ပခုံးပေါ်က တဘက်လေးနဲ့ နီတြာ မျက်နှာပေါ်ကနေ လွှဲယမ်းခါပေးနေ၏။

"ဒေါ်ညို .."

"ဟ .. ဘယ်သူမှမရှိကြဘူးလား .."

ခြံထဲဝင်လာတည်းက အော်လာကြသည်။ အသံအရ အောင်ကြီးတို့ ခုနှင်း သိလိုက်ပေမယ့် လူကြီးအိမ်ကို လာတာနဲ့မတူ၊ လူကြီးက လူငယ်

www.burmeseclassic.com

www.burmeseclassic.com



တွေ အမြင်မတော်တာ ဘာလုပ်နေသလဲ လာရောက်စစ်ဆေးတာလိုလို..။

"ဒေါ်ညို .."

"ဟဲ့ .. ငါတို့ရှိတယ် .. ဒီမှာ .."

ဒေါ်ညို က အသံပေးရုံပေးသော်လည်း ..၊

"ဒေါ်ညို နဲ့ ပြောစရာရှိတာလား .. လူမမာလာကြည့်တာလား .."

ထားခင်က တံခါးထိထွက်ပြောသည်။ ညဘက်မို့ မှောင်နေပေမယ့် နီတြာ အခန်းထဲမှာရော အိမ်မကြီးမှာပါ မီးတွေထွန်းထားသဖြင့် မှောင်မိုက်လွန်းသည့်နေရာဆိုတာ မရှိ ..။

ထားခင် မျက်နှာ ဖြူဖြူဝင်းဝင်းက အိမ်မကြီးဆီက မီးရောင်နဲ့ ပို၍ဝင်းထိန်နေကာ အောင်ကြီးတို့ ကတော့ အလင်းရောင်ကို ကျောပေးထားသလိုဖြစ်နေခဲ့၏။

ထို့ကြောင့် အောင်ကြီး စူးစိုက်ကြည့်နေတာကို ထားခင် က သေချာမမြင်ဘဲ ခါးလေးတစ်ဖက်ထောက်၍ ..၊

"ဘာမှပြန်ဖြေပုံမပေါ်တော့ အစ်မကိုပဲထင်တယ် .. အစ်မရေ ထွက်ခဲ့ခဲ့လိုက်ဦး .."

"အံမာ ကျုပ်တို့ကဘာဖြစ်လို့ ဒေါ်ညို့ဆီကို ဘာလုပ်ဖို့တုန်း .. ဖယ်ပေး ရှေ့က .."

"ငါ ဖယ်ချင်မှ ဖယ်မှာပေါ့ .. ဒါ ငါ့အိမ် အထဲမှာ လူမမာရှိတယ်"

ချက်ကြီးက သူ မချေမငံအပြောခံနေရတာကို ကိုအောင်ကြီး ဘာမှ ဝင်မပြောသဖြင့် လှည့်တော့ကြည့်သည်။ ဒါပေမယ့် ..၊

"အထဲက လူမမာက ကျုပ်ညီမ .."

"ဟဲ့ .. ဖယ်ပေးလိုက်စမ်း ထားခင် .. ညမိုးချုပ်မှ ကြားလို့မကောင်း"

"ကြားလို့မကောင်းမှာစိုးတိုင်း သည်းခံမနေနိုင်ဘူး အစ်မ၊ ညသည်က အိမ်ရှင်လက်ခံချင်အောင်နေပေါ့ .."

"ဟွန့် .."

အောင်ကြီးက ခပ်မဲ့မဲ့နှင့် ခါးထောက်၍ ..၊



"မင်းခံခံ မခံခံ ငါတို့လာတာ မင်းဆီကိုမဟုတ်ဘူး .."

"လာပါကွယ် .. ငါတို့ကလည်း .."

"ခင်ဗျားဆီကိုလည်း မဟုတ်ဘူး ဒေါ်ညို .."

အောင်ကြီးက စကားနည်းပေမယ့် မိုက်ရိုင်းတဲ့နေရာမှာ ပိုသည်။

"နီတြာ ခင်ဗျားတို့လက်ထဲမှာဆိုပြီး ပိုင်စိုးပိုင်နင်းပြောဖို့မကြိုးစားနဲ့၊ ကျုပ်တို့ ညီမကို ခင်ဗျားသား ခိုးယူသွားတာ၊ မင်္ဂလာဆောင်ရသေးတာလည်းမဟုတ်ဘူး၊ အဲ့ဒီတော့ အခြေအနေတွေ ကပြောင်းကပြန်ဖြစ်ဘုန်ကြတာနားလည်ရင် စကားပြောတာ ဆင်ခြင်ကြပါ .."

"သြော် .. သြော် .. မင်းတို့ညီအစ်ကိုတွေက ပုံစံပြောင်းကုန်ပြီမှတ်တာ ဒီပုံတွေပါပဲလား .."

"ဘယ်လိုလုပ် ပြောင်းမှာလဲ .. ခွေးမြီးကောက် ကျည်တောက်စွပ်"

"မထားခင် ..."

အောင်ကြီး အသံက မာဆတ်ဆတ်နှင့် ..၊

"ခင်ဗျားစကားပြောတာလည်း ပုံစံပြောင်းသင့်နေပြီဆိုတာ တွေးမိလား .."

ရှေ့ကိုတိုးကပ်လာတော့ ထားခင် က နောက်ပြန်ဆုတ်၏။ 'မမကို ချစ်တယ်' လို့ တကြော်ကြော်အော်ပြီး ထားခင် နောက် တကောက်ကောက် လိုက်ပိုးခဲ့ဖူးတာ အောင်ကြီး ပဲ ဖြစ်သည်။

တစ်ခါတလေ လူရှင်းသည့်နေရာမှာဆို အတင်းဆွဲလွဲပြီး ရည်းစားစကားပြောခဲ့သူ ..။

ထားခင် ကလည်း ကံမကောင်း အကြောင်းမလှ၍ အိမ်ထောင်ကျပြီးမှ ကွဲကွာခဲ့ရပေမယ့် အောင်ကြီးတို့ ညီအစ်ကိုတွေကိုတော့ နားကြောက စိမ့်နေသူဖြစ်၏။

သူမ တစ်ခုလပ်ဖြစ်သွားတဲ့အထိ အောင်ကြီး က ဂျစ်တီးဂျစ်ကန် စိုက်ရှိနေတုန်း ..၊

"ဟီး .. ဟီး .. မှတ်ပြီလား .. မိန်းမစွာမကြီး၊ ခင်ဗျားကြီးအစတည်း

www.burmeseclassic.com

www.burmeseclassic.com



က ချိုချိုသာသာ ပြောတတ်ခဲ့ရင် ကျုပ်အစ်ကိုက ..”

“တော်စမ်း ..”

“ဟား .. ဟား .. ဟား ..”

ချက်ကြီး အားပါးတရရယ်လိုက်ပြီးမှ အသားကုန်ပြဲဟနေသည့် ပါးစပ်ကြီး ချက်ချင်းပြန်ပိတ်သွားသည်။

လက်ဖဝါးတစ်ဖက်မှာ နှာခေါင်းပေါ် ဖတ်ခနဲပိတ်အုပ်လိုက်ပြီး...၊

“ဘာနံ့ကြီးလဲ ..”

မေးလိုက်ရင်း ခေါ်ညို ကိုင်ထားသည့် ဒန်ခွက်ထဲက ကော်ဖီရောင် အရည်တွေနဲ့ သပြေခက်ကိုကြည့်ကာ ..၊

“ခင်ဗျား ကျုပ်ညီမအခန်းထဲကို မကောင်းတဲ့အနံ့အသက်တွေ လိုက်ဖျန်းနေတယ် ဟုတ်လား ..”

“ဘယ်လိုကွယ် ..”

“သေချာ နှာခေါင်းရှေ့ကပ်ပေးလိုက် အစ်မ .. မကောင်းတဲ့အနံ့ မကောင်းသောအမြင်တွေနဲ့ နေလာတာကြာတော့ နှာခေါင်းက မကောင်းတဲ့အနံ့တွေပဲစွဲနေတာဖြစ်မှာပေါ့ ..”

ခေါ်ညို စိတ်တိုသွားတာကိုတော့ တော်တော်ထိန်းလိုက်ရကာ...

“မကောင်းတဲ့ အနံ့အသက်တကယ်ရှိနေလို့ ငါ မပြောတော့ပါဘူး၊ ဒါပေမယ့် နံ့သာရည်အဆင်းနဲ့ သပြေခက်ကို မင်းမြင်သားနဲ့ ဒီလိုမေးတာတော့ မလွန်ဘူးလား ချက်ကြီး ..”

“ဩော် .. နံ့သာရည်ဘယ်လိုအရောင်ဆိုတာမှ မမြင်ဘူးတဲ့ဟာ ခေါ်သထွက်နေပြန်ပြီ အစ်မရယ်၊ ဟုတ်တယ် .. ဒီအခန်းထဲမှာ ပုပ်ဆော်နံ့ နေလို့ နံ့သာရည်ဖျန်းပေးနေတာ အဲ့ဒါ နံ့သာဖြူနဲ့ ကရမက်တွေရောသွေး ထားတဲ့အရည် နံ့သာရည် ..”

ထားခင် က ဝင်ပြောလိုက်ပြီး ..၊

“အခု ဘယ်အမွှေးနဲ့မှ နိုင်မှာမဟုတ်တော့ဘူး အစ်မ အပြင်ထွက် ခဲ့တော့၊ မကောင်းတဲ့အနံ့အသက်တွေ အားကောင်းနေပြီ ..”



“ကြည့် .. ဒါ .. ဒါ ငါတို့ကို ..”

“ပြောမနေနဲ့တော့ ..”

အောင်ကြီးက အခန်းကိုလှည့်ပတ်ငေးကြည့်ပြီး အထဲဝင်သည်၊ အထဲကို ခြေနှစ်လှမ်းသုံးလှမ်းဝင်လိုက်တာနှင့် ညှီစို့စို့ပုပ်အဲ့အဲ့အနံ့က အလုံးလိုက်ဝင်၏။

“မထားခင် .. ဒီမှာ မထားခင် ..”

“နင်တို့အသံပြဲနဲ့ အော်မနေကြနဲ့လေ .. ဘာလဲ နင် ငါ့နာမည်ကို တစ်လုံးတစ်ဝခေါ်စရာမလိုဘူး ..”

“ဟုတ်တယ် ကိုကြီး အဖျားစွတ်ခေါ်လိုက် ထားရေ .. ခင်ရေ လာပါဦးကွာ ..”

ချက်ကြီးက ရုပ်ကြမ်းကြီးနဲ့နွဲ့ပြီး မင်းသားကိုဝင်းဦးလို ပခုံးတွေ ပါအောင် လှုပ်ပြနေသည်။

“တောက် ...”

“အ ...”

“ဟဲ့ .. ဟဲ့ ..”

ထားခင် က စိတ်တိုပြီး ချက်ကြီးကို တိုးတိုက်ဝင်သွားလိုက်လျှင် ချက်ကြီး ဒယိမ်းဒယိုင်ကျန်ရစ်၏။

“ဘာတုံး .. ဘာတုံး ..”

“နီတြာ ကို ဒီထဲမှာ မထားချင်ဘူး ..”

“ဘာ!...”

ထားခင် ကတော့ အောင်ကြီးတို့ ညီအစ်ကိုအပေါ် ပြောရဲဆိုရဲရှိနေ ခဲ့လျက် ..၊

“ငါတို့ကတော့ ထားချင်လို့ထားနေတာလား .. လူမမာကို သေချာ ကြည့်ဦး ..”

ကြည့်ဆိုတော့လည်း ကြည့်ကြတာပင် ..။

နီတြာ က မျက်နှာတွေပြာနေကာ မျက်လုံးတွေတစ်ဝက်နှင့်ဖွင့်၍

www.burmeseclassic.com

www.burmeseclassic.com



တစ်ချက်တစ်ချက် မျက်တောင်တွေလှုပ်နေပေမယ့် မျက်တောင်ခတ်လိုက်တာမျိုးလည်းမဟုတ် ...။

အောင်ကြီးက အနားမှာထိုင်လိုက်ပြီး လည်ပင်းက တဘက်ပါးလေးကို ဆွဲဖယ်လိုက်သည်။ ထိုအခါ မားခုတ်ရာရှိနေသော ဘေးနားတဝိုက်အသားတွေကပါ ပြာမှိုင်းမှိုင်းဖြစ်နေကာ ပြည်တည်တာလိုလို အနာစေးတက်တာလိုလို ...။

"နံတယ်ကိုကြီးရာ ပိတ်ထားလိုက်စမ်းပါ .."

"ဟိတ်ကောင် .."

"ဟင် .. ငါပြောတာက ဟို .. မဟုတ်ဘူးလေ အဲ့ဒါကို .."

လက်ညှိုးက နီတြာ ကို ထိုးလိုက်ပြီးမှ ဟိုရောက်ဒီရောက် ဦးတည်ရာမဲ့သွားပြီး ...၊

"ငါ အဲ့ဒါကိုပြောတာမှမဟုတ်တာ .."

"တော်တော့ .."

အောင်ကြီး ဒေါသထွက်သွားသည်။ မျက်နှာတစ်ပြင်လုံးပါ နီမြန်းနေလျက် ...။

"နံရင်အပြင်ထွက်နေ ပြောပုံက .."

နီတြာ ကလဲ အပုပ်နံ့ထွက်နေသလိုလို ...။

ချက်ကြီးရဲ့ စကားကြောင့် ဒေါ်ညို ပါ အထဲပြန်ဝင်လာကာ ...၊

"ဟင် .. တွေ့ပြီလား .. ဘယ်ကနံနေတာလဲ .."

"ဘယ်ကမှမတွေ့ပါဘူး အစ်မရယ် .. သူ့အစ်ကိုက .."

"မထားခင် .. ခင်ဗျားစကားတွေတော်တော့နော် .."

အောင်ကြီးက နေရာမှထရပ်လိုက်ပြီး ...၊

"နီတြာကို ထိခိုက်ပြီးပြောရင် ကျုပ်သည်းခံမှာမဟုတ်ဘူး .."

"ဒါဆို နင့်ညီကို နင်ဆုံးမလိုက်လေ၊ ငါတို့က အခန်းထဲမှာ ဘယ်နေရာမှာ ဘာအကောင်သေသလဲလို့ ချောင်ကြိုချောင်ကြား ဖြရှာနေကြတာ၊ နင့်ညီကမှ .."



"တော်တော့ဗျာ .."

အောင်ကြီး ရှုံးရှုံးရှားရှားထဖြစ်ကာ နဂိုတည်းက မရှည်သည့်ပုဆိုးကို နောက်ထပ်ပြင်ဝတ်လိုက်တော့ ဒူးလောက်ထိ တက်သွားလျက် ...။

"စကားတွေရှည်မနေချင်ဘူး၊ အခု နီတြာ ကို ပြောင်းပေးမှာလား.. ကျုပ်တို့ ပြန်သယ်သွားရမလား .."

"ဟဲ့ .. သယ်စရာလား ပြောင်းပေးရအောင် နင့်ညီမက ကိုင်တာနဲ့ အသံထွက်လာတာ .."

"ဟုတ်လား .. ဘာသံထွက်လာတုန်း ဒါနဲ့ စကားမပြောဘူးဆို .."

ချက်ချင်းပြူးတူးပြဲတဲဝင်မေးတော့ ထားခင် ဘာပြောရမှန်းမသိဖြစ်သွားသည်။ ဆရာချော နောက်ဆုံးတစ်ခေါက်လာကြည့်တုန်းက တစ်ခါ ...။

ဒေါ်ငို ရောက်လာတုန်းကတစ်ခါ ...။

မနက်ကပဲ အနံ့မကောင်းလို့ လျှောက်ရှာရင်း သူမအိပ်ရာခင်းတွေ မြှုထားသည့်စောင်တွေကို ဟိုလှန်ဒီလှောလုပ်တော့လည်း အော်သေးသည်။

ဘယ်လိုအော်သည်ဆိုတာ ပြောပြလို့မရလောက်အောင် ဘယ်လိုအသံကြီးမှန်းမသိသောကြောင့် ...။

"ပြောလေဗျာ ..."

"သြော် .. သူ့ကို ကိုင်တာမကြိုက်လို့ အော်ပါတယ်ဆိုမှ .."

"ဒဏ်ရာရှိနေပါတယ်ဆို ခင်ဗျားတို့က မညှာမတာကိုင်တာလားမှ မသိဘဲ .."

"ဒါဆိုလည်း သွားကိုင်ကြည့်လိုက်လေ .."

ချက်ကြီးက တကယ်ခြေလှမ်းပြင်သည်။ ဒါပေမယ့် နှာခေါင်းရှုံ့ပွပွနှင့် တုံ့ခနဲရပ်သွားကာ ...၊

"နေပေ့စေ ကိုကြီး .. ငါတို့မနက်မှတစ်ခါတည်း လာသယ်ကြမယ် .. ပြန်မယ် .."

"ဘယ့်နှယ် ပြန်သယ်မယ်ချည်းပြောနေပါလား .."

www.burmeseclassic.com

www.burmeseclassic.com



"သယ်မှာပဲ .."

ချက်ကြီးက အနံ့မခံနိုင်သဖြင့် ရှေ့ကဦးအောင်ထွက်သည်။ အောင်ကြီးကတော့ အနံ့တွေရှူးလာလေ ညီမကို စိတ်မချလေဖြစ်ကာ ..၊

"မနက်ဖြန် ဘာလုပ်လုပ် အဲ့ဒါ မနက်မှရှင်းရမှာ ..၊ ဒီတစ်ညလုံး နံစော်နေတဲ့အခန်းထဲမှာ နီတြာ ဘယ်လိုလုပ်နေမလဲ .."

ပြောပြီး အခန်းထဲကထွက်သွားကာ အောက်ထပ်တစ်ထပ်လုံးကို လှည့်ပတ်ကြည့်သည်။ ပြီးတော့ အပေါ်ကိုမော့ကြည့်လိုက်တော့ လှေခါးခုနစ်ထစ်က နည်းနည်းကျဲနေပြီး လှေကားပုံစံက မတ်နေသည်မို့ ..။

"အောက်ထပ်မှာပဲ အဝင်ဝက အခန်းမှာဆိုကောင်းမယ် .."

ပြောနေပုံက သူ့အိမ်သူ့ရာလိုလို နေရာစီမံချထားခွင့်ရှိသူလိုလို ..။

"အဲ့ဒီမှာ ခုတင်ရှိသလား .."

"အောင်ကြီး နင့်မျက်လုံးကောင်းရဲ့လား .."

"ကောင်းတယ်လေ .. ဘာဖြစ်လို့လဲ .."

သူတို့တွေ ထိုအခန်းဆီကိုရောက်သွားကြကာ ..၊

"ထရံကနှစ်ဖက်ပဲရှိတယ် အခန်းဆိုတာ လုံခြုံမှ တံခါးရှိမှ ပြီးတော့ ခေါင်းတွင်းကြီး .."

"အေးတာက စောင်ခြုံပေးထားလို့ရတာပဲ၊ လေဝင်လေထွက်ရှိတော့ အနံ့အသက်ကောင်းတယ်၊ ဟိုအခန်းထဲမှာက .."

အောင်ကြီး လှည့်ကြည့်ပြီး လက်ညှိုးထိုးလိုက်ဇဉ် ..။

"မီးပျက်သွားပြီ .."

"ဩော် .. ဘာဏ္ဍထရီအားကုန်သွားတာဖြစ်မယ် .."

ဒေါ်ညို က ပြောပြီး လှည့်ထွက်လိုက်လျှင် ..၊

"အစ်မက ဘာလုပ်မလို့လဲ .. နောက်ဖေးမှာ ငြေနဲ့ ဓာတ်တိုင်ရှိတယ်လေ .."

"ဟုတ်သား .. ငြေရေ .."

ဒေါ်ညို့ ခေါ်သံကို ငြေတို့ ကြားသည်။



"ခေါ်ပြီကွ .. ငါ မပြောဘူးလား ဘက်ထရီအားကုန်သွားတာပါလို့ .. ဗျို့ .. လာပြီ ဒေါ်ကြီးညို .."

"နေဦး .. ဒါပြီးမှ အတူတူသွားမယ် .."

ဓာတ်တိုင် မနေရဲမှန်းသိသောကြောင့် ငြေ့ က ဓာတ်မီးထိုးပြထားရင်း ..၊

"မြန်မြန်လုပ်ပါဟ .. ရေနံဆွတ်ပြီး မီးမွှေးတာတောင် မင့်မှာ .."

"ရေနံက ခွက်ထဲမှာ ချိုးတွေတောင်ခြေက်နေပြီဟ .. မင်း အမှိုက်တွေကလည်း နှင်းတွေစိုနေတာရွဲလို့ .."

သစ်ခေါင်းထဲမှာ အမှိုက်တွေထည့်ပြီး မီးမွှေးနေရတာဖြစ်သည်။ ခြင်မလာရေးနှင့် ထည့်ထားသည့် သစ်မွှေးကြောင့် အနံ့အသက်သက်သာသွားရန် ရည်ရွယ်၍ ..၊

"မီးခိုးအူနေရင်ရပြီမို့လား .. ငြေ .."

"ရတော့ရတယ်လေ .. ပြန်သေသွားရင် ဘယ်လိုလုပ်မတုန်း .."

ထိုစဉ် သူတို့ရှိနေသည့် မှောင်ရိပ်ထဲကို လျှောက်လာသံကြားလိုက်သဖြင့် နှစ်ယောက်စလုံး လှည့်ကြည့်လိုက်မိကာ ..၊

"ဒေါ်လေး လိုက်လာပြီ .. အဲ့ဒါကြောင့် မြန်မြန်လုပ်ပါဆိုနေ .."

"ဒေါ်လေး လာပြီဆိုလည်း မင်း ဘက်ထရီသွားလဲပေးလိုက်တော့ကွာ .. ငါ ရပြီ .."

"ဩော် ဩော် .. သတ္တိကောင်းသွားပြီပေါ့ .."

ဓာတ်မီးထိုးပြနေရင်း နှာခေါင်းထဲမှာ ပုပ်အဲ့အဲ့အနံ့ အနီးကပ်ရလိုက်သဖြင့် ငြေ လှည့်ကြည့်လိုက်မိသည်။ ဒေါ်လေးက သူ့ဆီးရောက်နေပြီမို့ မော့ကြည့်ကာ ..၊

"ကျွန်တော် ခုပဲလာ .. ဟင် .."

သူ ဘယ်လိုမှ မယုံနိုင် ..။

သူတို့နားကိုရောက်နေတာ ဒေါ်လေးမဟုတ် ..။

"နီ .. နီတြာ .."

www.burmeseclassic.com

www.burmeseclassic.com



"နီကြာ ဘာဖြစ်လဲ .. ဆက်ပြော .."

ဓာတ်တိုင် က မီးထည့်နေရင်းမော့မကြည့် ..။

"နီကြာ အပြင်ထွက်လာတာ .."

"ညောင်းလို့နေမှာပေါ့ .."

"မဟုတ်ဘူး .. သူ .. သူ တစ်ခါမှ ထတောင်မထိုင်ဘူးဘဲနဲ့ .."

"ရှူး .. ရှူးပေါက်ဖို့ထ .. ဟင်!..."

မီးကုန်းမှုတ်နေသည့် ဓာတ်တိုင် ပါးစပ်ကြီး ဝလုံးပုံအတိုင်း အကြောသေသွားသည်။ မီးခိုးတွေကြားက ရလိုက်တာ အပုပ်နံ့ ..။

"နီကြာ .. နင် လမ်းလျှောက်နိုင်ပြီ ဟုတ်လား .."

ငပြဲ တအံ့တသြကြီးကနေ ဝမ်းသာအားရ ထရပ်လိုက်လျှင် ..၊

"မဟုတ်ဘူး .. အဲဒါမဟုတ်ဘူး ဟှေ့ကောင် .."

ဓာတ်တိုင် ငေါက်ခနဲခုန်ထလိုက်တာ နောက်ကို သုံးပေလောက် ဆုတ်ပြီးသားဖြစ်သွားသည်။

"နီကြာ .. အဲဒါ နီကြာ မဟုတ်ဘူး .."

"နီကြာ ပါကွ .."

နီကြာ က ဝတ်ရချွတ်ရလွယ်အောင် ထားခင် သေချာချုပ်ပေးထားသည့် နောက်ကျောကွဲနှင့် မွေးကင်းစကလေးအင်္ကျီပုံ ဂါဝန်ဖားဖားကြီးကို ဝတ်ထားသည်။

လှဲနေရင်တော့ ကျောအောက်ရောက်ချင်မှ ရောက်မှာပေမယ့် မတ်တတ်ရပ်လိုက်တော့ နောက်ကျောကွဲကို မမြင်ရအောင် အင်္ကျီက ပွပွဖားဖားကြီးဖြစ်နေ၏။

ပြီးတော့ အညိုရောင်က မှောင်ရိပ်ထဲမှာ မှုန်ပျပျဖြူဖတ်ဖတ်ဖြစ်နေသည်။ မျက်နှာက ပြာနှမ်းနှမ်းအရောင်သည် အင်္ကျီနှင့်ရောထွေးနေကာ မျက်ဝန်းနက်လေးတွေရှိ၍ ချစ်စရာကောင်းခဲ့သော နီကြာ မှိန်မှေး၍ ကြည့်ရဆိုးသော မျက်လုံးတွေနှင့် ..။

"အဲဒါ .. အဲ့ဒါ နီကြာ မဟုတ်ဘူး ဖုတ်ဝင်နေတာ .."



"ဘယ်ကောင်လဲကွ .. ငါ့နှမကို ဖုတ်ဝင်နေတယ်ဆိုတာ .."

အသံနှင့်အတူ အောင်ကြီးတို့နဲ့ ဒေါ်ညိုတို့ အပြေးတစ်ပိုင်းရောက်လာကြသည်။ လူနာကိုရွှေ့ပြောင်းဖို့စီစဉ်နေတုန်း မီးပျက်သွားလို့ အောင်ကြီးက ကိုယ်တိုင်ပြန်ဝင်လာတာဖြစ်သည်။

ကြည့်လိုက်တော့ နီကြာ က ခုတင်ပေါ်မှာ မရှိသောကြောင့် လိုက်ရှာကြရင်း ..၊

"ကဲ .. ပြောစမ်းပါဦး၊ ကျုပ် နှမ တစ်ခါမှ ထမထိုင်ဖူးဘူး၊ လှုပ်တောင်မလှုပ်နိုင်ဘူးဆိုတာတွေ .."

ချက်ကြီး က ခါးနှစ်ဖက်ထောက်ပြီး ညီအစ်မနှစ်ယောက်ကို တရားခံမေးသလိုမေးလာ၏။

ဒေါ်ညို ရော ထားခင်ပါ ကိုယ့်ဘာသာအံ့သြမကုန်အောင်ဖြစ်နေကြကာ ချက်ကြီး ကို ဖြေရှင်းဖို့လည်း သတိမရ၊ ဒေါသထွက်ဖို့လည်း မေ့နေခဲ့၏။

"ငါမပြောဘူးလား ကိုကြီး .. ငါ မသက်သာပါဘူးလို့၊ လည်ပင်းကို နည်းနည်းခြစ်မိတာလေးနဲ့ တစ်ကိုယ်လုံး အကြောသေသလိုဖြစ်သွားတယ်ဆိုတာ အလကား ငါတို့အပြစ်ကြီးအောင် ပုံကြီးချဲ့တာ .."

"မဟုတ်ဘူး .. အဲဒါ နီကြာ မဟုတ်ဘူး .."

ဓာတ်တိုင် က အားလုံးထက်ပိုဝေးဝေးကနေ လက်ညှိုးထိုး၍အော်နေ၏။

"ဟိုကောင် မင်းက ဘာတုန်း .. ငါ့ညီမကိုမင်းက .."

"နီကြာ မရှိတော့ဘူး .. အဲဒါ ဖုတ်ပူးနေတာ .."

"ဟာ .. ဒီခွေးသူခိုးတော့ .. ကဲကွာ .."

"ခွပ် .."

"ဟဲ့ .. ဟဲ့ .. နေကြပါဦး .."

"ဟုတ်တယ် ဒေါ်ကြီးညို .. နီကြာက သေ .."

"ခွပ် .. ဘုန်း .."

www.burmeseclassic.com

www.burmeseclassic.com



"ကဲကွာ .. ပြောဦး .."

"ကိုအောင်ကြီးနော် .. ခင်ဗျား .."

"ခွပ် ..."

"အား ..."

"သေကုန်တော့မှာပဲ .. ငြေ ဝင်ဆွဲစမ်း .."

ချက်ကြီး က အရင်ပြေးထိုးကာ အောင်ကြီးပါ ထပ်ပါတော့ ခတ်တိုင် ဖင်ထိုင်လဲကျသွားပြီး ပြန်မထနိုင်တော့ပေ ။

ဒေါ်ညို နဲ့ ထားခင် တို့လည်း မနေနိုင်တော့ဘဲ ငြေ နဲ့ပေါင်းကာ အောင်ကြီး တို့ကို အနားခံပြီး ဝင်ဆွဲကြရ၏။

"ဟော့ .. ဘာတွေဖြစ်ကြတာတုန်း .."

"အောင်ကြီးတို့ ညီအစ်ကို ဒီမှာလား .."

"ဝင်သွားတုန်းက အသံကြားလိုက်ပါတယ်၊ သူတို့ဖြစ်နေကြတာပါ"

"ဒုက္ခပါပဲ .. ကြားထဲက လူမမာ ဘယ်လိုနေရှာမလဲမတွေးကြဘူး .."

ခတ်မီးတွေနဲ့ အိမ်နီးချင်းတွေ ပြေးလွှားဝင်လာကြတော့ ခတ်တိုင် မျက်လုံးတစ်ဖက်မှာ ဖူးယောင်နေလျက် လက်နှစ်ဖက်နဲ့ ခေါင်းကိုဖက်ထားပြီး အော်နေ၏။

"ဒေါ်ကြီးညို ကျွန်တော် ညာပြောတာမဟုတ်ဘူးဗျ .. အဲဒါ .."

"ဟုတ်ပြီ .. တော်တော့ ခတ်တိုင်၊ ဒီကောင်တွေက နင်သေတာတောင် လက်လျှော့မှာမဟုတ်ဘူး .."

"ဟုတ်တယ်ကွ .. မင်း တိတ်လိုက်တော့ .."

ခတ်တိုင် ကို ပြောပြီး ငြေ က မောသွားသလို ပုဆိုးတိုတိုပြင်ဝတ်၍ ချက်ကြီး အနားကပ်လာတော့ ရင်ဆိုင်ရပ်လိုက်သည်။

"မင်း ..."

ချက်ကြီး ကလည်း သူ့မျက်နှာကို လက်သီးဆုပ်ကြီးနဲ့ရွယ်ကာ..၊

"မင်းက ငါ့ကိုဝင်ထိုးရဲတယ်ဟုတ်လား .."



"ဘာလို့မထိုးရဲရမှာလဲ .. မင်းတို့သာ ဘာမှပြန်မလုပ်တဲ့လူကို ဝိုင်းအနိုင်ကျင့်ကြတာ .."

"အံမာ .. မင့် ..."

"ဟော့ .. တော်ကြတော့ကွာ .."

ရွာလူကြီးကိုတောင် ဂရုမစိုက်သည့် ညီအစ်ကိုတွေမို့ အိမ်နီးချင်း လူကြီးတွေလည်း သိပ်တော့မပြောရဲဘဲ လူစုလူဝေးနဲ့ ဝင်ဆွဲကြရသည်။

"ဘာတွေဖြစ်ကြတာတုန်းဗျာ .. ခင်ဗျားတို့ချင်း ပြောဆိုအဆင်ပြေပြီးပြီ မဟုတ်ဘူးလား .."

"မင်းတို့ကလည်းကွာ .. လူမမာက မင်းတို့ ညီမလေးပါ၊ နည်းနည်းပါးပါး ဆင်ခြင်မှပေါ့၊ မနက်ဆို မိုးခြိမ့် လည်း ပြန်ရောက်တော့မယ့်ဥစ္စာ .."

"ခင်ဗျားတို့က ဘာသိလို့ ကျုပ်တို့ကိုပဲ အပြစ်တင်နေကြတာလဲ .."

"ဘာမှသိသိ မသိသိ လူမမာက ပက်လက်နဲ့ မင်းတို့ ခုလိုလာပြီး.."

"ဘယ်မှာ ပက်လက်လဲ ကျုပ်နှမက ဘာမှမဖြစ် .."

လှည့်ကြည့်လိုက်တော့ နီတြာ မရှိတော့ပေ။ ဒေါ်ညို တို့လည်း ခုမှ ပြန်လှည့်ကြည့်မိကြသည်။ နီတြာ မရှိတော့ပေ။

အခြေအနေတွေ ဘယ်လိုရှုပ်ထွေးကုန်သလဲဆိုတာ ဘာမှစဉ်းစားခွဲချိန်မရလိုက်ဘဲ အောင်ကြီးတို့ ပြဿနာရှာနေတာကို ထားခင် ဒေါသအလုံးအရင်းနှင့် ..၊

"အဲ့ဒီ လူမမာ ဘာဖြစ်နေသလဲ ဘယ်လိုခံစားနေရသလဲဆိုတာ ငါတို့ကရော ဘယ်လောက်တောင်သိနေလို့လဲ အောင်ကြီး၊ ငါတို့ သူ့ကို ပြုစုလာတာ တစ်ပတ်ရှိပြီ၊ အဝတ်လဲပေးဖို့ စောင်းပါကြွပါဆိုရင်တောင် ကြွပေးနိုင်တာမဟုတ်ဘူး၊ ခုမှ ဘယ်လို လမ်းထလျှောက်လာသလဲ ငါတို့ ကိုယ်တိုင်လည်း မသိဘူး .."

"ဘယ်လို .. နီတြာ က လမ်းလျှောက်လာတယ် .."

"ဟဲ့ .. ဟုတ်လို့လား .."

www.burmeseclassic.com

www.burmeseclassic.com



ပြဿနာက ကြီးထွားသွားပြန်သည်။ အားလုံးအံ့ဩကုန်ကြပြီး နီတြာကို ပြေးကြည့်ကြတော့ နေမြဲအတိုင်း ပက်လက်လေး ...။

"မဟုတ်ဘူး .. အဲဒါ သူတို့ကိုကြောက်ပြီး ဟန်ဆောင်နေပြနေတာ.."

ချက်ကြီး က ဒေါ်ညို တို့ကိုပဲ လက်ညှိုးထိုးနေ၏။

"နီတြာ က ကျုပ်တို့ကို စိတ်နာပြီး သူတို့ခိုင်းတဲ့အတိုင်း ဟန်ဆောင်နေရတာ၊ ကျုပ်တို့ကို အပြစ်ပုံချပြီး မဖြစ်မနေသဘောတူအောင် ကြံတာ"

"ချက်ကြီး နင် စကားကို ဆင်ခြင်ပြောနော် .."

"မဟုတ်ရင်လည်း ကျုပ်တို့ပေးမယ့် ဆေးကုစရိတ်တွေကို လိုချင်လို့ပဲ .."

"အံမာ .. လူပါးဝလို့ နင် ခုချက်ချင်း ငါ့ခြံထဲကထွက် .."

ထားခင် ထမီနွမ်းဖက်မ ကာ ကမူးရှူးထိုးပြေးထွက်သွား၏။ ပြီးတော့ ဝါးလုံးတိုတစ်ချောင်းကို လက်နှစ်ဖက်နဲ့ မရမကကိုင်မြှောက်ပြီး အတင်းသိမ်းရိုက်၏။

"ခင်ဗျားကြီးနော် .."

"ခင်ဗျား မိန်းမဖြစ်နေလို့ သက်သာတယ်မှတ် .."

"လုပ်ကြည့်လေ .. လုပ်ကြည့်စမ်းပါ ဟွန်း .. အပိုတွေပြောမနေနဲ့၊ သွား .. ခု ထမ်းခေါ်သွားကြ၊ နင်တို့နှမ နေပြန်ကောင်းလာလည်း အပျိုပြန်မဖြစ်ဘူး၊ ယောကျ်ားလေးအိမ်မှာ ခြောက်ရက်တစ်ပတ်နေခဲ့ပြီးသားကို ဘာဖြစ်ချင်သေးလို့လဲ .."

"ဟဲ့ .. မိထားခင် နင်တော်တော့လေ .."

"ခံနေရင် ဖိတွယ်သွားမှာပေါ့၊ ဘာလို့ခံရမှာလဲ .. ဟော့ ဒီမှာ ငါတို့က ချေးသေးကအစ သန့်ရှင်းပေးရ ခွံ့ကျွေးပေးရနဲ့ အဲ့ဒါ မိန်းမသားချင်းကိုယ်ချင်းစာနာစိတ်နဲ့ သိရဲ့လား .. ငါ့တူက နီတြာလို မိန်းမတွေ တန်းစီနေအောင် ယူလို့ရတယ် .."

"ဩော် .. တော်ပါတော့ဆိုမှ .."

နပျိုနေသော ညက ရန်ပွဲကြောင့် ဝက်ဝက်ကွဲလေသည်။ ထို့ပြင်



ဘျောက်ဒိုး တို့ ကြွက်တိုးတို့ လူစုတွေပါ ပြေးလာကြပြီး အောင်ကြီးတို့ ညီအစ်ကိုကို တုတ်ဆွဲ ခဲ(ဂဲ)ဆွဲနှင့် ဝိုင်းထားလိုက်ကြတော့ လူကြီးသူငယ်တွေအားလုံး မျက်လုံးပြူးကုန်ကြ၏။

"ခက်တာပဲနော် .. မိုးခြိမ့် ပျောက်လာရင် မတွေးရဲစရာပဲ .."

"မိုးခြိမ့် က ရက်တွေတွက်သွားတဲ့အတိုင်းဆို ဒီမနက်ရောက်လာမှာ .."

"ဟုတ်ပ .. မိုးခြိမ့် က သူတို့ကို ဟိုတုန်းတည်းက ဂရုစိုက်ခဲ့တာ မဟုတ်ဘူး၊ ဒီလိုသာဖြစ်လို့ကတော့ ထိန်းလို့ကိုရမှာမဟုတ်တော့ဘူး.."

ရွာသားတွေ အသံနားထောင်ရင်း ဒေါ်ညို သက်ပြင်းမချနိုင်ဖြစ်နေမိသည်။ အောင်ကြီးတို့ အပြောမတတ်ပုံ လေသံထွက်ဆိုးပုံနဲ့ မိန်းမသားဖြစ်တဲ့ မိထားခင် တစ်ယောက်ကိုတောင် ဆွဲလို့မနိုင်တာ ...။

မိုးခြိမ့် ရှိနေရင် ဘယ်လိုလုပ်ရမလဲ ...။

ပြီးတော့ ရေခဲရိုက်ထားသည့်မျက်နှာမျိုးနှင့် လမ်းထလျှောက်နေသည့် နီတြာ ကို မြင်ယောင်မိပြန်သည်။ ကိုယ့်မျက်စိရှေ့မှာ မတ်တတ်ကြီးမြင်လိုက်ရလို့သာ ...။

မဟုတ်ရင် ဘယ်လိုမှ ယုံချင်စရာမရှိ ...၊ စကားလည်းမပြော အပြုံးအရယ်အမူအရာဘာမှမရှိဘဲ ပြီးတော့ ပြန်ပျောက်သွားပြီး အိပ်ရာထဲ ပြန်ရောက်နေတာ သူမ မဟုတ်ခဲ့သလို ...။

ဘယ်လိုထင်ရမှာလဲ မသိတော့ပါ ...။

♣



www.burmeseclassic.com

www.burmeseclassic.com



အခန်း (၂၄)

ထမင်းစားနားပြီးတာနှင့် ကားက ပြန်မနိုးတော့သဖြင့် ခရီးသည်တွေ အလျှိုအလျှိုပြန်ဆင်းကုန်ကြသည်။ ဘာမှ မစားသောက်ဘဲ လမ်းဘေးအုတ်ခုံမှာ ဒီတိုင်းထိုင်နေသည့် မိုးခြိမ့် က ကိုယ့်လွယ်အိတ်ကိုပိုက်၍ ကားနဲ့ အတော်လှမ်းလှမ်းမှာတစ်ယောက်တည်း ..။

သူ့အနီး မလှမ်းမကမ်းထိ တစ်ယောက်စနှစ်ယောက်စ လျှောက်လာကြပေမယ့် သူ့ပုံစံက ခရီးသွားဖော်ချင်း ပြောဆိုချင်ပုံလည်း မတွေ့သဖြင့် ဘယ်သူကမှ စကားလာမပြောခဲ့ပေ .. သို့သော် ..၊

"ကားကတော့ နားသွားပြီ .."

တစ်ဖက်လှည့်နေမိတုန်း စကားသံက ဆားရောက်လာသဖြင့် လှည့်ကြည့်လိုက်မိသည်။ သူနဲ့အတူ ထိုင်သည့်လူ ..။

"ကျွန်တော်က နှင်းမောင်မောင် .. ခင်ဗျားကရော .."

"ငါက တောသားပဲ .."

"ကျွန်တော်ကိုယ်ကျွန်တော် မြို့သားပါလို့ ပြောလိုက်မိလို့လား .."

မိုးခြိမ့် က ခြေထောက်နားက ကျောက်ခဲတစ်လုံးကို ကောက်ကိုင်



ပြီး လက်ထဲမှာ ဖိဆုပ်ဖျစ်ကြည့်နေရင်း ..၊

"မင်းကို ငါ စိတ်မဝင်စားဘူး၊ အဲဒါကြောင့် ဘာမှလည်းမလိုဘူး၊ အခုလောလောဆယ် ငါ့ကို တစ်ယောက်ယောက်က စကားလာပြောတာကို မလိုချင်ဆုံးပဲ .."

"ကျွန်တော်လည်း ကမ္ဘာ့အရိုင်းဆုံးလူနဲ့မှ အတူထိုင်မိတာပဲ၊ ဟွန်း .. ဒါပေမယ့် ကျွန်တော်က အဲ့ဒါကိုစိတ်ဝင်စားတယ်၊ လောကမှာ လူဆော်တော်များက နိမ့်နေရင် မြင့်ချင်ကြတယ်၊ မြင့်နေရင် ပြန်မဆင်းချင်ဘူး၊ မြို့ကလူတွေက လွတ်လပ်မှုအပေါ်မှာ အပြည့်အဝခံစားကြသလို တောကလူတွေကတော့ မြို့သူမြို့သားတွေ ဘယ်လိုဝတ်စားနေထိုင်ကြသလဲဆိုတာပဲ လိုက်ကြည့်ကြတယ် .."

မိုးခြိမ့် စိတ်မဝင်စားပေမယ့် ဘာမှမပြောဘဲနေလိုက်သည်။

"မြို့သူမြို့သားတိုင်း ကိုယ့်ထက်အဆင့်အတန်းမြင့်ကြတယ်လို့ သတ်မှတ်ပြီး ပြောတဲ့စကားကအစ အဆင့်အတန်းရှိတဲ့စကားမျိုးပြောတတ်ချင်ကြတယ် .."

"ငါကတော့ လူဖြစ်ဖြစ် စကားလုံးဖြစ်ဖြစ် ဘယ်ကလာတဲ့ အဆင့်အတန်းကိုမှ စိတ်မဝင်စားဘူး၊ အခု .. ပြောနေတဲ့ မင်းနဲ့ မင်းရဲ့ စကားတွေအပါအဝင် .."

"ကျွန်တော်ကလည်း ခင်ဗျား စိတ်ဝင်စားရဲ့လားလို့ မေးနေတာမှမဟုတ်ဘဲ၊ ဒါပေမယ့် လူမှုဆက်ဆံရေးဆိုတာကို ခင်ဗျားသိတယ်ဆိုတာ ခင်ဗျားရဲ့ မျက်လုံးတွေ အပြုအမူတွေက ဖော်ပြနေတယ်၊ ဒါပေမယ့် ခင်ဗျား တော်တော်ရိုင်းနေတယ် .."

"အဲ့ဒီတော့ .."

"ဂရုမစိုက်တတ်တဲ့ အကျင့်ရှိတာကို ကျွန်တော်က စိတ်ဝင်စားတာလို့ ပြောပြီးပြီပဲ .."

မိုးခြိမ့် နှင်းမောင်မောင် ကို တစ်ချက်ကြည့်ပြီး ထိုင်ရာမှထရပ်

www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။ နှင်းမောင်မောင် ကလည်း ထရပ်လိုက်ကာ ...၊

"ခင်ဗျား နာမည် မိုးခြိမ့် ဆိုတာ ကျွန်တော်သိပါတယ် .."

မိုးခြိမ့် က အလင်းရောင်တစ်ခြမ်းနှင့် နှင်းမောင်မောင် မျက်နှာကို ပြန်ငုံ့ကြည့်၍ ...၊

"အဲ့ဒါလည်း စိတ်ဝင်စားဖို့မကောင်းသေးဘူး .."

"ခင်ဗျားမိန်းမ နေကောင်းသွားမှာပါလို့ မပြောနိုင်တော့လည်း ခင်ဗျား ဘယ်လိုလုပ် .."

"ဒီမှာ ဟေ့ .."

မိုးခြိမ့် ပုံစံကချက်ချင်း ဂျစ်ကန်ကန်လူငယ်ပုံပေါက်သွားခဲ့လျက်...၊

"မင်း ..."

နှင်းမောင်မောင် လက်မောင်းတစ်ဖက်ကို ခပ်ဆတ်ဆတ် တွန်းပစ်လိုက်ကာ ...၊

"မင်း မသိသေးတာ ထပ်ပြောမယ်၊ ငါ့ရဲ့ ဂရုမစိုက်တတ်တာတွေထဲမှာ စိတ်မထင်ရင် အဲ့ဒီလူမျက်ခွက်စုတ်သွားအောင် ထိုးပစ်တတ်တာလည်းပါတယ် .."

"ဒါဆို ထိုးလေ.ခင်ဗျား ဒါတော့ ဂရုစိုက်ပါတယ်၊ ဟုတ်တယ်မလား လူတိုင်းက ခင်ဗျားဂရုမစိုက်တတ်တာကို ခွင့်လွှတ်မှာမဟုတ်ဘူးဆိုတာ ခင်ဗျား သိတယ် .."

မျက်ဝန်းတွေ ဆုံသွားကြပြီး စကားသံတွေပါ တိတ်ဆိတ်သွားသည်။

"နှင်းမောင်မောင် .."

"ဟွန်း .."

သူ ခေါ်လိုက်တော့ နှင်းမောင်မောင်က ပြုံးကာ ...၊

"အိုခေ ..."

ဆိုပြီး လက်တစ်ဖက်ဆန့်ထုတ်လိုက်ရင်း ...၊



"My name is Hninn Mg Mg .."

ပြောပြီးမှ ရယ်ကာ ...၊

"အဟွန်း .. နောက်တာပါ ခင်ဗျား မီးစိမ်းပြတာလားလို့ .."

မိုးခြိမ့် က နှင်းမောင်မောင် ကမ်းပေးထားသည့် လက်ကို လက်ချင်းတိုက်ဖယ်လိုက်ကာ ...၊

"မင်းက ရိုင်းတာလား .. ငါက ရိုင်းတာလားတော့မသိဘူး၊ ငါ မင်းနဲ့ မိတ်ဆွေဖြစ်ဖို့ အစကနေ ခုထိ လုံးဝစိတ်ကူးမရှိသေးဘူး .."

"မရှိသေးဘူးဆိုတာက ခုကစပြီးရှိသွားနိုင်တဲ့သဘောပေါ့၊ ဒါပေမယ့် ခင်ဗျားပြောတာမှန်ပါတယ်၊ လူတစ်ယောက်ကို တစ်ကြိမ်ထက်မက ဆန္ဒတောင်းခံလာရင် တောင်းခံတဲ့လူက ရိုင်းတာပေါ့ .."

မိုးခြိမ့် က ခေါင်းညိတ်လိုက်ပြီး ရှောင်ထွက်လိုက်သည်။

"နေပါဦးဗျ .."

နှင်းမောင်မောင် က သူ့ကိုတားပေမယ့် မိုးခြိမ့် က မရပ်သဖြင့် ဒီတိုင်းလျှောက်လိုက်လာရင်း ...၊

"ခင်ဗျားကို ကျွန်တော်ကခင်ချင်တယ်ဆိုရင်ရော .."

"မလိုတော့ဘူး .. ငါက ခုပဲပြန်တော့မှာ .."

"ဟင် .. ဘယ်လို .."

မိုးခြိမ့် က ကားနားရောက်သည်နှင့် စပယ်ယာလို့ သူသိထားသော ယာဉ်မောင်းတစ်ယောက်ကိုပြောကာ သူ့ခရီးဆောင်အိတ် ထုတ်ခိုင်းလိုက်၏။

"ညီလေးက ကားပြောင်းစီးမလို့လား .."

ဒရိုင်ဘာတစ်ယောက်က အနားလာမေးကာ ...၊

"ခရီးက ခုမှ တစ်ဝက်သာသာရှိသေးတာ၊ ငါ့ညီ ကားခ တစ်ကုန်မှာပေါ့ကွ .. တို့ကားလည်း ပြီးတော့မှာပါ .."

"ကျွန်တော် ကားမစီးတော့ပါဘူး လမ်းလျှောက်ပြန်မှာ .."

www.burmeseclassic.com

www.burmeseclassic.com



"ဟင်!..."

"ဟုတ်လား .. နီးနေလို့လား .."

သိပ်မနီးပေမယ့် သူ ငုတ်တုတ်ထိုင်စောင့်မနေချင် ..။ ထို့ကြောင့် ခေါင်းလည်းမညိတ်ဘဲ ထုတ်ပေးသည့်အိတ်ကို ပခုံးတစ်ဖက်မှာ ထပ်ချိတ်လိုက်သည်။

"ဒီလူ ဒီတိုင်းလျှောက်သွားမှာထင်တယ် .."

တစ်ချို့က အံ့သြတာလား စိတ်မကောင်းတာလားမသိ၊ တစ်ချို့ကျတော့ ..။

"ဓွတ်ကြီးဖောက်ပြန်ဖို့လုပ်တာ မရိုးသားဘူးနော် .. ကိုယ့်အိတ်တွေကို ကိုယ်ပြန်စစ်ကြဦး .."

"ဟုတ်တယ် .. အမြန်လမ်းမကြီးမှာ ကားတွေတောင် နေရာတကာရပ်ရဲတာမဟုတ်ဘူး၊ သူ့မှာ မနိုင်မနင်းကြီးနဲ့ .."

ထိုစကားသံတွေကြောင့် မိုးခြိမ့် ခြေလှမ်းတုံ့ခနဲဖြစ်သွားသည်။ ပြန်ကြည့်လိုက်တော့ စိတ်ဝင်တစားလှမ်းကြည့်နေသူတစ်ချို့ကို မြင်လိုက်ရကာ ..၊

"ကျွန်တော် မပြန်တော့ဘူး .."

"ဟင် .. မပြန်တော့ဘူးလား .."

ယာဉ်မောင်းလူငယ်ကတော့ အိတ်ကိုပျာပျာသလဲပြန်သိမ်းယူ၏။ ဒရိုင်ဘာကလည်း ရိုးသားစွာရယ်ပြကာ ..၊

"ဒါပေါ့ကွ .. အေးဆေးစောင့်စမ်းပါ ပြီးတော့မှာပါ .."

အခြေအနေကို နှင်းမောင်မောင် က အစအဆုံးကြည့်နေခဲ့ပြီး မိသားစုနှစ်စု နီးကပ်စွာစုဝေးနေကြသည့်အုပ်စုဆီကိုကြည့်၍ ..၊

"ဒီလိုပဲဗျ .. ကိုယ်ခိုးတတ်ရင် သူများကို ငြိုးတတ်တယ်၊ ဒီလိုအခြေအနေတွေကို ကိုယ်တိုင် ဖန်လာခဲ့ဖူးတော့လည်း အကွက်တွေကြိုသိနေမှာပေါ့ .."



"ဟေ့ .. ဟေ့ .. မင်း ဘယ်သူ့ကိုပြောတာလဲ .."

ထိုအုပ်စုထဲက လူကြီးတစ်ယောက် ဒေါနဲ့မောနဲ့ လျှောက်ထွက်လာ၏။

"ဘယ်သူ့ကို ပြောတယ်ထင်လို့လဲ .."

နှင်းမောင်မောင်က မတွန့်မရှ ပြန်မေးကာ ..၊

"လူတွေအများကြီးရှိနေတာကို ဘယ်သူမှမမေးဘူး၊ ခင်ဗျားက ထမေးတော့ ဧကန္တ ခင်ဗျားပဲ .."

"ဟိတ်ကောင် .."

"တော်ကြပါတော့ဗျာ .. အန်ကယ်လေးကိုလည်း တောင်းပန်ပါတယ်၊ ဒီက ညီလေးရောပဲနော် .. လာပါ .. ခရီးသွားချင်း ရန်မများကြပါနဲ့ .."

ဒရိုင်ဘာတစ်ယောက်က သူတို့အတူထိုင်ကြတာမို့ နှင်းမောင်မောင်ကို မိုးခြိမ့် ထွက်သွားသည့်ဘက်ကို ဆွဲခေါ်လာခဲ့လျက် ..။

"လုပ်ပါ .. အေးဆေးပေါ့ အဖွန်း .."

ပြောပြီး ပခုံးကိုလည်း တရင်းတနှီးပုတ်၍ ..၊

"ငါ့ညီက တော်တော်စိတ်ဆတ်တာပဲကွ .. လူတွေက ဒီလိုပဲ ကိုယ်နဲ့ဆိုင်ဆိုင်မဆိုင်ဆိုင် လူတတ်ကြီးလုပ်ပြီး ပြောရတာကိုကြိုက်ကြတယ်၊ လွှတ်ထားလိုက်စမ်းပါ .."

လွှတ်ထားလိုက်ပါပြောပြီး အဲ့ဒီမီးစကိုတော့ ဒီဘက်ဆွဲပို့ရသလား..။

မိုးခြိမ့် ရပ်နေရင်း ခါးထောက်၍ မျက်နှာလွှဲမိသည်။

"ခင်ဗျားလည်း တော်တော်ကို ခန္တီပါရမီပြည့်ဝတာပဲနော် .."

မိုးခြိမ့် ချာခနဲပြန်လှည့်လာကာ ..၊

"ငါသာ မပြည့်ဝရင် မင်းမျက်နှာကြီးတစ်ခြမ်းတော့ ယောင်နေလောက်ပြီ .."

"လုပ်ကြည့်လေ .. ခင်ဗျားမှာပဲ လက်ပါတာမို့လို့လား .."

www.burmeseclassic.com

www.burmeseclassic.com



"ယောကျ်ားဖြစ်ပြီး ပေါက်ပေါက်ဖောက်သလို စကားများတာလည်း မင်းပဲရှိတာပါ၊ ဘယ်ကောင်မှာမှ မရှိပဲဘာ မင်းမှာပဲရှိတယ် .."

"တောက် ..."

ဒီတစ်ခါ ဒေါသတွေဘာတွေကန်လို့ပါလား ..။

ဒီကောင် အခြောက်များလားလို့ တွေးလိုက်မိရင်း မျက်နှာကိုတောင် သေချာပြန်ကြည့်လိုက်မိသည်။ သူ့လောက်အရပ်အမြင့်နှင့် စီးထားသည့် ဖိနပ်ကလည်း အမျိုးအစားမသိပေမယ့် အကောင်းစားပဲဖြစ်လိမ့်မည်။

ရှပ်အင်္ကျီအနက်ကွက်နှင့် ဂျာကင်အနက်ကို ထပ်ဝတ်ထားသည့် ကိုယ်လုံးကလည်း ကြံ့ခိုင်တောင့်တင်းမှုရှိသည်။ မြို့ပေါ်မှာ ဟိုရောက်ဒီရောက် ရောက်သွားရင်း အမှတ်တမဲ့ကြည့်မိခဲ့သည့် နိုင်ငံခြားဇာတ်လမ်းတွေထဲက မင်းသားတွေ အရပ်အမောင်းစတိုင်လ်မျိုး ..။

သူ့ပုံစံနဲ့တော့ အကွာကြီးပါ။ ဒါနဲ့တောင် ဘာဖြစ်လို့ ကိုယ့်လိုလူကို အောက်ကျခံပြီး မိတ်ဆွေဖွဲ့နေတာလဲမသိ..။

နာရီကိုကြည့်တော့ ညဥ့်သန်းခေါင်နီးနေပါပြီ။ ဒီကားက ထွက်လာတုန်းကလည်း နောက်ကျသည်။ အဆာပြေဆိုပြီး ကျန်းမာရေးနားရင်း အချိန်ပိုကြတာလည်းရှိ၏။

ထို့ကြောင့် ထမင်းစားနားတော့ပဲ ဆယ့်တစ်နာရီထိုးလုနေပြီဖြစ်သည်။ အချိန်တွက်ရင်း ကောင်းကင်ပြင်ကိုမော့ကြည့်ရင်း ဆံပင်တွေထဲ လက်ရောက်မိသည်။

ပြီးတော့ ခပ်လှုပ်လှုပ်လျှောက်ထွက်ခဲ့ရင်း ခုနနေရာမှာပဲ ပြန်ထိုင်လိုက်ကာ ..၊

"ဘာလဲ ငါ့ကို ထိုးချင်လို့ လိုက်လာတာလား .."

"ဟုတ်တယ် .."

သူကလည်း မကြည့်ဘဲ မေးလိုက်သလို နှင်းမောင်မောင်ကလည်း ဟုတ်တယ်ဆိုပြီး မလှမ်းမကမ်းမှာ ထိုင်လိုက်၏။



"ဒါပေမယ့် တစ်ယောက်ချင်းဆိုတော့ တစ်ယောက်ယောက် ဒါမှ မဟုတ် နှစ်ယောက်စလုံးလဲမှ အရှုံးအနိုင်ပေါ်မှာ၊ ခင်ဗျားကို ကျုပ်က ထိုးလိုက်ရတဲ့အလှည့်မှာ ကားဆရာတွေက အချိန်မီဝိုင်းဆွဲကြရင်တော့ တစ်မျိုးပေါ့ .."

သူ့စကားကြောင့် မိုးခြိမ့် ပြုံးလိုက်မိသည်။ နှုတ်ခမ်းဖျားက စိတ်မပါတပါမဟုတ်ဘဲ တကယ်ရယ်ချင်စိတ်ဖြစ်သွားတာမို့ ရုတ်တရက် ရင်ထဲမှာပေါ့ပါးသွားခဲ့၏။

ထို့ကြောင့် လှမ်းကြည့်လိုက်မိရင်း ..၊

"မင်းက ဘယ်သွားမလို့လဲ .."

"ဘာရယ်မဟုတ်ပါဘူး .."

"ဟွန်း .."

"ဘာရယ်တာလဲ .."

"ရယ်တာနဲ့ တူသွားလို့လား .."

"ခင်ဗျား ဘယ်သူ့ကိုမှ စိတ်မဝင်စားဘူးဆိုရင် ကျွန်တော့်ကိုလည်း မေးမနေပါနဲ့၊ ကျွန်တော်က မိဘကချမ်းသာပြီး သိပ်လည်းလက်ကြော မတင်း မိဘကိုလည်း ကောင်းကျိုးမပေးဘဲ အခါအခွင့်သင့်သင့်မသင့်သင့် မိသားစုကို စိတ်ဆင်းရဲအောင်လည်းလုပ်နေသေးတယ် .."

"မင်း အဲ့ဒီလိုလူဆိုတာ ကိုယ့်ကိုယ်ကိုယ်သိနေရင်လည်း ပြင်ပေါ့ကွ .."

"ခင်ဗျားကရော .."

"ငါက ဘာလဲ .."

"ခင်ဗျားလည်း ချစ်တဲ့စိတ်တစ်ခုတည်းနဲ့ ထင်သလိုနေနေတာပဲ၊ မစားနာတမ်းပြောရရင် အနီစွသဘောကို အနီစွသဘောလို့ မေ့ထားနိုင်ဘဲ ဘဝကြီးတစ်ခုလုံး ဖယောင်းလုံး မီးထဲကျသလို .."

"မင်းက ဘာသိလို့ ငါ့ကိုဝေဖန်နေတာလဲ .."

www.burmeseclassic.com

www.burmeseclassic.com



"ဒီကားပေါ်မှာပါလာကြတဲ့လူတွေကရော ကိုယ့်အကြောင်းကိုယ် ပြောပြ မိတ်ဆက်ပြီးမှ တက်လာကြတာမို့လို့လား .. ဒါပေမယ့် ခုန ဒရိုင်ဘာ ကျွန်တော့်အကြောင်း ဘာလို့သိသွားတာလဲ .."

မိုးခြိမ့် က ဘာမှမပြောဘဲ ရှေ့ပြန်လှည့်သွားသည်။

"ဆောရီးပါ .. ကျွန်တော်က ခင်ဗျား အဲ့လောက်ခံစားနေရတာကို မမြင်ချင်လို့ .."

သူ ဘာမှမပြောချင်တော့အောင် ဖြစ်သွားမိသည်။ သို့သော် ..၊

"ငါလည်း အဲ့ဒီလိုနေတတ်ခဲ့တာမဟုတ်ဘူး .. ဒါပေမယ့် .."

"သူက ဘာဖြစ်တာတုံး .."

သူ ပြန်မဖြေချင် .. ဖြစ်ခဲ့ကြတာတွေက ဘယ်သူ့ကြောင့်မှန်းမသိ တ် ပြောပြဖို့မလွယ်သော ..။

"ကလေးဘယ်နှစ်ယောက်ရှိလဲ .."

"ငါတို့က ခိုးပြေးကြတာ .."

ခိုးပြေးကြတာဆိုတော့ ခိုးပြေးကာစဆိုတဲ့ ကာလလောက်တောင် ပိုင်ဆိုင်မှုမရှိသေးတဲ့သဘောလား၊ နှင်းမောင်မောင် အတွက် တွေးစရာ ဖြစ်သွားကာ ..။

"သူ့မိဘက ပြန်သိမ်းသွားပြီး သူက ခင်ဗျားနဲ့ မပေါင်းရလို့ သူ့ကိုယ်သူ တစ်ခုခုလုပ်လိုက်တာမျိုးလား .."

မိုးခြိမ့် က စိုက်ကြည့်ပြီး မဖြေတော့ နှင်းမောင်မောင်က လက်ကာ၍ ...

"ဆောရီးပါ .. ခင်ဗျားပြောတာနည်းနည်းတွေးစရာဖြစ်သွားလို့.."

"ဟုတ်တယ် .."

"ဘာလဲ သူ့ကိုယ်သူ ဘာလုပ်လိုက်တာလဲ .."

"ဟုတ်တယ်ဆိုတာ မင်းအတွက် တွေးစရာဖြစ်သွားနိုင်တယ်ဆိုတာ မှန်တယ်လို့ပြောတာ၊ ဒါပေမယ့် အဲ့လိုမဟုတ်ဘူး .."



စကားပြောဖြစ်တော့လည်း ရင်ထဲမှာ နင့်နေတာတွေကို အကုန်ရင် ဖွင့်ပြောလိုက်မိသည်။

"မင်းပြောသလိုသာဖြစ်ခဲ့ရင် ငါ သူ့ကို 'နင်မိုက်တာကိုး' လို့တပ် ပြီး အပြစ်တင်မိမှာပဲ၊ ဘာဖြစ်လို့လဲဆိုတော့ ငါနဲ့ သူက ကွဲကွာစရာ အကြောင်းမရှိတဲ့ ငယ်ပေါင်းချစ်သူတွေ .."

'ငယ်ပေါင်းပဲဖြစ်ဖြစ် ကြီးမှပဲပေါင်းပေါင်း အနေနီးတိုင်း ချစ်ကြ တာမဟုတ်ပါဘူး' လို့ နှင်းမောင်မောင် စိတ်ထဲကပြောမိရင်း မသိစိတ် က အားနာသွားမိသည်။

ဒါပေမယ့် အချစ်ကို သူ နားလည်ခဲ့တာက မိုးခြိမ့် လို မဟုတ် ...

ခပ်ပါးပါးဆံပင်တွေကို နှစ်ခါသုံးခါသပ်၍ တစ်ဖက်လှည့်မိရင်း...၊

"ချစ်တိုင်းညားပါတယ်လို့ရော ဘယ်သူပြောနိုင်သလဲ .." အသံ တိတ်စကားတွေဆိုရင်း မိုးခြိမ့် ရဲ့ သေချာခြင်းတွေကို မသေချာခြင်းတွေ နဲ့ ကြက်ခြေခတ်နေမိသည်။

"'ချစ်တိုင်းမညား ညားတိုင်းမချစ်' ဆိုတာတွေ ခင်ဗျားမကြားဖူးဘူး ထင်တယ်" လို့ မေးလိုက်ချင်သေးသည်။ သို့သော် ...

"သူကလည်း အဲ့ဒီလို မိုက်မဲမယ့် မိန်းကလေးမျိုးမဟုတ်ဘူး .."

မိုးခြိမ့် က အဆက်အစပ်မဲ့သွားပြီးမှ စကားကို ပြန်ဆက်၍ ...

"နီတြာ က အသက်ငယ်ပေမယ့် အတွေးအခေါ်ကောင်းတယ်၊ သူ့အစ်ကိုတွေ ကြမ်းတမ်းသလောက် သူ့သွေးကလည်းနီတယ်၊ ဒါပေမယ့် မမိုက်ဘူး၊ အဲဒါတွေဖြစ်ခဲ့ရတာ ငါ့ကြောင့် .."

"ခင်ဗျားပုံစံကြည့်ရတာ အယူသည်းတဲ့အစွဲမျိုးတွေရှိတဲ့ပုံလည်း မပေါ်ပါဘူး .."

"ဟ .. ကိုယ့်ချစ်သူကို ချစ်လို့လွမ်းတာ အယူသည်းတာဖြစ်စရာ လား .."

"မဟုတ်ဘူးလေ .. ခင်ဗျား သူ့ကို ဟိုမြင်ဒီမြင်တွေဖြစ်လာလို့

www.burmeseclassic.com

www.burmeseclassic.com



စိတ်တွေချောက်ချားလာတာမဟုတ်ဘူးလား .. ထွက်လာတုန်းက သူ့ရောဂါကို ကုပေးဖို့တက်ကြွနေတယ်၊ ပြန်လာကာမှ ငါကယ်နိုင်ပါ့မလားလို့ တွေးမိလာတယ်၊ အဲဒါ အတိတ်တွေနိမိတ်တွေ ခင်ဗျားခေါင်းထဲမှာ အကြီးကြီးရောက်နေတာ၊ အဲဒါကို အစွဲလို့ခေါ်တာပဲ .."

"မဟုတ်ဘူး .."

"ဝန်မခံချင်ရင် ခေါင်းခါလို့ရပါတယ်၊ ဒါပေမယ့် ခင်ဗျားရဲ့ယုံကြည်မှုက အသက်တစ်ချောင်းအတွက် အရေးကြီးသလို ခင်ဗျားကိုယ်ခင်ဗျား ဒုက္ခပေးနေတာလည်း ယုံကြည်မှုပဲ .."

"မင်း တော်တော် စကားလုံးကြီးပါလား .."

"ခင်ဗျားထက်တော့ ငယ်ပါတယ် .."

"ငါသူများကို အဲ့လောက်မဝေဖန်ဖူးဘူး .."

"အဲဒါက စမှားတာပဲ .. ကျွန်တော်က ခင်ဗျားကို ဝေဖန်နေတာ မဟုတ်ပါဘူး၊ သူများမျက်နှာကို ကြည့်နေတဲ့သူက ဘယ်တော့မှ ကိုယ့်မျက်ချေးကိုယ်မမြင်ဘူး၊ ခင်ဗျား ဘာပုံစံပေါက်နေသလဲ ခင်ဗျားကိုယ်ခင်ဗျားမှ မမြင်နိုင်တာ၊ ကဲပါဗျာ .. ခင်ဗျားဘာမှမစားရသေးဘူးမို့လားလာ .. တစ်ခုခုသွားစားရအောင် .."

"ငါ ပိုက်ဆံမရှိလို့ မစားတာလို့ထင်နေတာလား .."

"မထင်ပါဘူး .. ပိုက်ဆံ တကယ်မပါတဲ့သူက ခင်ဗျားလိုချောင်းကပ်ထိုင်နေမှာမဟုတ်ဘူး .."

"ဒီကောင်ပြောလိုက်ရင် ထူးခြားတာတစ်ခုခုနဲ့ပါလား .."

"စောစောက ကျွန်တော်ပြောခဲ့သားပဲ .. နိမ့်တဲ့လူကမြင့်ချင်တယ်ဆိုတာ မရှိနေရင် ရှိသယောင်နေပြကြတာပဲ .."

"ဒါဆို မင်းမှားပြန်ပြီ၊ ငါ့မှာလည်း ပိုက်ဆံမပါဘူး .."

"အဲ့တော့လည်း ခင်ဗျားက မရှိတာကို မရှိတဲ့အတိုင်းနေရဲတဲ့လူပေါ့၊ လာပါဗျာ .. ကျွန်တော်ကျွေးပါ့မယ် .."



မိုးခြိမ့် ကို နှင်းမောင်မောင် ဘယ်လိုမှခေါ်လို့မရသဖြင့် ဂျာကင်အိတ်ထဲက ချော့ကလက်နှစ်တောင့်နဲ့ ပီကေတွေ ကွတ်ကီးထုပ်တွေ ထုတ်၍ ..၊

"ရော့ .. ဒါတော့စားလို့ရတယ် .."

လက်ထဲအတင်းထည့်ပေးလိုက်တော့ လွှမ်းချင်နေတဲ့လူကို လက်ထဲ မယ်ဒလင်ထည့်ပေးလိုက်မိသလိုမျိုး ..၊

"ဒါ .. ဘာလဲ .."

"ချော့ကလက်လေ ကြိုက်လား .."

"ငါမစားဖူးပါဘူး .. ဒါပေမယ့် ငယ်ငယ်က စားဖူးတဲ့ ချော့ကလက် ဝေဖာလေးတွေဆို နီတြာ က သိပ်ကြိုက်တာ .."

ပြဿနာပါလား ..။

စားစရာထည့်ပေးလိုက်ကာမှ အဆွေးဓာတ်ထုတ်ခင်းဖို့ဖြစ်ခဲ့ပြီ..။

မိုးခြိမ့် က ချော့ကလက်ဆိုသည့် အလွန်မွှေးပျံ့သော ခပ်ပြားပြား အချောင်းရှည်လေးတွေကို သေချာကြည့်နေရင်း

ဒါတွေ ငါစားမယ်ဆိုရင် နင်ပြောဦးမှာပဲ နီတြာ ..။

"ဘုန်းဘုန်းကို မြို့က ဒကာတွေက လှူလိုက်တာဆို ဘုန်းဘုန်းပဲ ဘုဥ်းပေးစေ့ပေါ့ .. နင်မစားနဲ့ .."

"ဘာမှမဖြစ်ဘူး .. ငါမစားရလို့ .."

"ဟုတ်တယ် စိတ်ပုပ်တော့ဘာဖြစ်လဲ .. ငါမစားဘူးတဲ့ဟာ နင်လည်းမစားရပါဘူး .."

"ဟော့အေး .. တစ်ဝက်စီလည်းမစားဘူး၊ ထားလိုက်စမ်းပါဟာ.. မစားဘူးတာစားပြီး ပါးစပ်အကျင့်ပျက်အောင်မလုပ်စမ်းပါနဲ့ .." တဲ့..။

ဒီလောက်တောင်မကောင်းသေးတဲ့ ချော့ကလက်ပါ။ ဒါပေမယ့် နီတြာ နဲ့ သူ စားရေးမစားရေးနှင့် ချော့ကလက်လုရင်း ရန်ဖြစ်ခဲ့ကြသည်။

ကလေးအရွယ်တွေလည်းမဟုတ်၊ မုန်းကြတာလည်းမဟုတ်ဘဲ

www.burmeseclassic.com

www.burmeseclassic.com



ချောကလက်က နှစ်ယောက်ကြားကနေ မြေစိုင်ပက်ကြားအက်ထဲကျသွားခဲ့သည်မို့ အကြီးအကျယ် ရန်ဖြစ်ခဲ့ကြသည်။

"တော်တော်စိတ်ပုပ် .."

"ဟုတ်တယ် .. ဟုတ်တယ် .."

"ခုတော့ ဘယ်သူမှမစားရဘဲနဲ့ .."

"အဲ့ဒီလိုဖြစ်သွားအောင် တမင်လုပ်တာလေ .."

ဘုန်းကြီးကျောင်းမှာ ကုဋီဆောက်ဖို့အတွက် လုပ်အားပေးသွားကြရင်း ဘုန်းဘုန်းက မုန့်ဝေတော့ တစ်ယောက်တစ်မျိုးရကြသည်။ ဒီထဲမှာ မိုးခြိမ့် က ချောကလက်အတောင့်ကြီးရလာခြင်းဖြစ်သည်။

ပြဿနာက ဒီမှာတင်မပြီးခဲ့ပေ ..။ တစ်ယောက်ကို တစ်ယောက်ကြိမ်းဝါးပြီး ဒုက္ခပေးဖို့ အကွက်ကောင်းကို ချောင်းကြရင်း ..၊

"သြော် .. မြေကြီးတွေအပြည့်ကြီးမထည့်ပါနဲ့ဆိုမှ နီတြာ ရယ် .."

"ဟာ .. အသေးမတို့က လူကသာသေးတာ လုပ်အားပေးတာတော့ အင်တိုက်အားတိုက်ပဲဟေ့ .. လုပ်ထား လုပ်ထား လူကြီးအိမ်က ပဲကောက်ညှင်းပေါင်းလုပ်နေတယ် .."

တောင်ကြားလူသွားလမ်းက ချော်နေသဖြင့် ဘေးကကုန်းလျှောထဲကျမှာစိုးသောကြောင့် ရွာနှစ်ရွာစုပေါင်းပြီး လမ်းလုပ်အားပေးနေကြခြင်းဖြစ်သည်။

နီလာ ထည့်ပေးထားသည့် မြေစိုင်ခဲတွေကို ပြန်ဆွဲချမလို့ပြင်နေသော အသေးမခရျာ ဦးမာ ရဲ့ ချီးကျူးထောပနာသံကြောင့် ပြန်ထုတ်ရခက် သယ်ရခက်ဖြစ်သွားသည်။ နီတြာ က မိုးခြိမ့် လာနေတာကို လှမ်းမြင်လိုက်ပြီးဖြစ်ကာ ..၊

"ကဲပါ .. ဒါပဲသယ်လိုက်ပါတော့၊ ဦးလေးမာ က ဟိုဘက်ကဆီးကြိုပြီးချပေးမှာ တော်ကြာ ဟန်ပြသယ်နေတာလားလို့ လူတွေကြားထဲမှာ မေးနေဦးမယ် .."



"ကဲ .. ကဲ .. ငါ့ခေါင်းပေါ်ပင့်ပေး .."

"မရတော့ဘူး .. ကျူပ်လည်း လက်ကနာနေပြီ၊ ဟိုမှာ .. မိုးခြိမ့်လာနေပြီ .. ခေါ်ပင့်ခိုင်းလိုက် .."

"မိုးခြိမ့် ရေ .. လာပါဦး ငါ့ကိုလုပ်ဦး .."

အသေးမက မိုးခြိမ့် ကို လှမ်းခေါ်ပြီး တောင်းကိုပုတ်ပြသည်။ လုပ်အားပေးတဲ့နေရာကို နောက်ကျမှရောက်လာသည့် မိုးခြိမ့် က ပုဆိုးခြေဖျားခတ်လေးတမမနှင့် ..။

"အဲ့ဒီနားကလူက ဘာလုပ်နေလို့တုန်း .."

နီတြာ က မျက်စောင်းထိုးပြီး ငုတ်တုတ်ကနေ မျက်နှာလွှဲလိုက်သည်။ သို့သော် တောင်းကို အသေးမနဲ့ မိုးခြိမ့် အတူတူ 'မ'ပြီး ခေါင်းပေါ်ပင့်လိုက်သည်နှင့် နီတြာ့ လက်က ဆတ်ခနဲ ..။

"ဟ ..."

"အောင်မယ်လေး .. သေနာမိုးခြိမ့် .. မြွေပွေးကိုက်.."

"ဟား .. ဟား .. ဟား .."

"ဟေး .. မိုးခြိမ့် မင်း ဘာလုပ်တာတုန်းကွ .."

"ဝါး .. ဟား .. ဟား .."

"ဟိတ်ကောင် မင်း ရည်ရွယ်ချက်ကြီးလှချေလားဟ .."

ပုဆိုးကို လက်နှစ်ဖက်နဲ့ ဘယ်လိုကောက်ယူပြီး ဘယ်ခြေထောက်နဲ့ ပြန်ပြေးခဲ့မိမှန်းတောင် မသိလိုက်ဘဲ အိမ်အရောက်အိပ်ရာထဲ ဒိုင်ဗင်ထိုးဝင်ပြီးမှ ..၊

"ငနာမလေးတွေ့မယ် နင် .."

♣

www.burmeseclassic.com

www.burmeseclassic.com



အခန်း (၂၅)

"ဟား .. ဟား .. ဟား .."

သူများတွေကားပျက်တာပြင်မပြီးနိုင်လို့ အုပ်စုလိုက် ညည်းညူနေကြချိန်မှာ သူတို့ရယ်သံတွေကြောင့် အားလုံးက လှမ်းကြည့်ကြ၏။

နှင်းမောင်မောင် နဲ့ မိုးခြိမ့် တို့ကတော့ အတိတ်က ပန်းနုရောင်လွင်ပြင်မှာ ရင်ခုန်ဖွယ်မပါသော်ငြား ..။

"အဲဒါနဲ့ ခင်ဗျားက ဘာပြန်လုပ်လိုက်လဲ ပြောပါဦး .."

"ငါနဲ့ သူ ဒေါ်လေးမင်္ဂလာဆောင်မှာတွေ့ကြပြန်ရော .."

"ဒေါ်လေးဆိုတာက .."

"ငါ့အဒေါ်နာမည်က ဒေါ်ထားခင် တဲ့၊ အဲဒီတုန်းက သူနဲ့ ငါ မြီးမပေါက်အရွယ်မကျတကျ .."

အပျိုလူပျိုမဟုတ်သေးပေမယ့် 'နင်တို့ကိုယ်နင်တို့ ကလေးတွေမှတ်နေကြသလား' လို့တော့ လူကြီးတွေက ဆူနေကြပါပြီ။

ထားခင် ရဲ့ မင်္ဂလာဆောင်မှာ နီတြာ က သူ့အစ်ကိုကြီးရဲ့လက်ကို



တ်ထားပြီး ပြုံးပြုံးလေးပါလာသည်။ သူတို့ ညီအစ်ကိုကို မပတ်သက်င်ကြပေမယ့် ရပ်ရေးရွာရေးသာရေးနာရေး ဘာဖြစ်ဖြစ် မပါမပြီး ဖိတ်တော့ ဖိတ်ခဲ့ကြသည်သာ ..။

အောင်ကြီး ကလည်း ဘယ်နေရာမဆို ရောက်အောင်တော့လာသည်။ ဒါပေမယ့် တင်းမာမှုန်ကုတ်၍ ဘယ်သူမှ စေ့စေ့မကြည့်ရဲလောက်သည့်မျက်နှာနှင့် ..၊

ဇာအင်္ကျီအဖြူ ထမိအဖြူလေးကျပ်ကျပ်နှင့် အပျိုကြီးစတိုင်လ် လှုပ်လီလှုပ်လဲ့လေး လျှောက်ပါလာသည့် နီတြာ ကိုယ်မှာ လက်ကောက်ဆွဲကြိုးတွေကလည်း ခပ်ကြွားကြွား ..။

အကြံနှင့် စောင့်နေသည့် မိုးခြိမ့် က နီတြာ လှနေတာကို ငေးပြီးတော့ ခပ်တွန့်တွန့်ဖြစ်သွားသေးသည်။

"ဟော့ကောင် .. မထိုင်ခင်လုပ်ကွ .. ဟောမှာ ဘီလူးတစ်ကောင်ပါလာတယ်နော် .."

"ဒီလောက် မင်းကိုလုပ်ထားတာ သနားမသွားနဲ့ .. ပြန်လုပ် .."

ငြေ တို့က တွန်းတွန်းထိုးထိုး မစနေကြသည့်နောက် ..။

"လာပါခင်ဗျာ .. ကြွပါ .."

ကြိုမည့်လူကြီးတွေကြားထဲက မိုးခြိမ့် ကို မြင်လိုက်တည်းက နီတြာ သတိတော့ထားနေရှာသည်။

"ကိုအောင်ကြီး ဒီမှာလာပါ .. ထိုင်ပါ .."

ကိုမောင်လေးတို့ လူစုက အောင်ကြီးကို ဖြတ်ခေါ်ပြီး နေရာချပေးလိုက်လျှင် ..၊

"ဟ .. အဲ့လိုမဟုတ်ဘူးလေ .."

မိုးခြိမ့် ဗျာများသွားကာ ..၊

"အဲဒီတန်းလျားတွေက ကလေးပါတဲ့လူတွေအတွက်ပါ၊ လာပါ..



www.burmeseclassic.com

www.burmeseclassic.com



လူကြီးမင်းတို့က ထိပ်မှာတစ်ယောက်ထိုင်တွေသီးသန့်နဲ့ ထိုင်ရမှာပါ..”

ဒီထိ အဆင်ပြေနေသည်။ အောင်ကြီးက ကိုယ့်ကိုယ်ကိုယ် ရွာရဲ့ အကြီးအကဲတစ်ယောက်လို ဂိုက်ဖမ်းနေတာမို့ မိုးခြိမ့် နှစ်ခါမခေါ်လိုက်ရ ..။

ရွာထဲက အိမ်ပေါက်စေ့ကနေ ယူသုံးထားရသည့် တန်းလျားတွေ ခုံရှည်တွေကို ကျော်လွှား၍ ထိုင်ခုံဆီရောက်လာကြသည်။ မိုးခြိမ့် သဒ္ဓါ ပိုမိုနေတာကို နီတြာ ရဲ့ သံသယတွေလည်း များပြားလာခဲ့၏။ သို့သော်...

“ထိုင်ပါ ကိုအောင်ကြီး ..”

သူ ချရွှေ့ပေးသည့် ပလပ်စတစ်ထိုင်ခုံကိုမြင်လျှင် ငြေ က သူ့နား ကမန်းကတန်းပြေးကပ်လာကာ ..။

“မှားနေပြီဟ .. သူ့ကိုပေးရမှာ ဟိုဘက်က ကျွန်းကုလားထိုင်..” ဟင် ...။

“အဲ့ .. ခဏလေး ..”

ဘာမှပြင်ဆင်ချိန်မရလိုက်သဖြင့် ထိုင်ခုံမှာ သူပဲဖျတ်ခနဲထိုင်ချလိုက် ကာ ဆားကခုံကိုဆွဲ၍ ကမန်းကတန်းပွတ်တိုက်ခါပေးရင်း ..၊

“ခုမှ ပြောရလားဟ .. တောင်းပန်ပါတယ် ကိုအောင်ကြီးရာ၊ တော်ကြာ ထိုင်လိုက်ကာမှ ခြေနဲ့နေတဲ့ ခုံနဲ့ တိုးမှာစိုးလို့ ..”

“ဟုတ်ပါတယ် .. ဒီမှာထိုင်ပါ ..”

ငြေ တို့ ကျောက်ဒိုး တို့ပါ ဝိုင်းဝန်းဖာထေး၍ လုပ်ကြံမှုကို အောင်မြင်စွာ ပြီးဆုံးနိုင်ခဲ့သော်လည်း ..၊

“အ ...”

လက်ဖက်ရည်အချိုနဲ့ ဘီစကစ်မုန့်ကို အကြိုက်စားနေရင်း နီတြာ လှုပ်လှုပ်ရှရှဖြစ်လာ၏။ စားကောင်းကောင်းနှင့် မျိုချနေရင်း လည်နင် လာသည်။

ထိုင်ခုံမှာ ဖင်ရွှေ့ရင်း ပွတ်နေရင်း ကိုယ့်အခြေအနေဆိုးလာတာ



ကို သိလိုက်ပြီး ..၊

မိုးခြိမ့် .. သူတောင်းစား ..။

ဒေါသနဲ့ အကြည့်က တန်းခနဲရောက်သွားသည်။ မိုးခြိမ့် က စပ်ဖြဲဖြဲ နှင့် ခွေးလေးယားသီးစာမိပြီဆိုတာ သိလိုက်သည့်အချိန်မှာ ဖင်တစ်ပြင် လုံးက ပုရွက်ဆိတ်တစ်အုံလုံး ဝိုင်းခဲနေကြသကဲ့သို့ ..။

“ကိုကြီး နီတြာ ပြန်နှင့်မယ် ..”

“ငါလည်း လိုက်မယ်လေ ..”

ပြောရင်း လက်ဖက်ရည်လက်ကျန်ကို ငုံ့သောက်လိုက်စဉ် နီတြာ က ဘမီကို လက်နှစ်ဖက်နဲ့ စုံကိုင်'မ'ပြီး တလွှားလွှားပြေးထွက်သွားလေသည်။

“ဟာ .. ညီမလေး .. နီတြာ ..”

အောင်ကြီး ဘာမှန်းညာမှန်းမေးချိန်မရလိုက်ဘဲ နောက်ကခေါ်ရင်း ပြေးလွှားပါသွားလျှင် ..၊

“ဟား .. ဟား .. ဟား .. ကျွန်တော်က နည်းနည်းလေးပဲ ညာပေး .. အ..”

ရယ်နေရင်း ဖင်ကြွ၍ ဟိုရွှေ့ .. ဒီရွှေ့ ..။

“ဟီး .. ဟီး .. ဟီး သူ ကျွန်တော့်ကိုလုပ်ခဲ့တာလေ .. အဲ့ဒါကြောင့် ဟား .. ဟား .. အ .. သေပြီ ..”

မိုးခြိမ့် ဖျတ်ခနဲထရပ်ကာ လက်နှစ်ဖက်နှင့် ဖင်ကိုစုံကုတ်နေ နေရင်း..၊

“မင်း ဘာလို့ ထိုင်ချလိုက်တုန်း ..”

“ငါမထိုင်ရင် အောင်ကြီးက ထိုင်တော့မှာလေ၊ နီတြာ ကို မထိဘဲ အဲဒီကောင်ကိုထိရင် ဝက်ဝက်ကွဲသွားမှာပေါ့ ..”

မိုးခြိမ့် ရှေ့ကပြေးနေရင်း ငြေ တို့က နောက်ကပြေးလိုက်နေကြ ဘာ ..၊

“ဟိတ်ကောင် .. အကုန်လုံးချွတ်ပစ်နေတာလား ..”

www.burmeseclassic.com

www.burmeseclassic.com



"ကောက်ခဲ့စမ်းပါ .. မရတော့ဘူး .."

တိုက်ပုံအင်္ကျီကစပြီး အတွင်းခံတွေထိ ပြေ ငြို့ထံ လွှင့်ပျံနေခဲ့သည့် အဆုံး ..။

"ငါ မရတော့ဘူး မင်းတို့ ဘယ်သူမှ လျှောက်မပြောနဲ့ .."

"ဟိတ်ကောင် ဖြည်းဖြည်းဆင်း ပြုတ်ကျမယ် .."

"ဝုန်း .."

ရေတံခွန်လေးအောက်မှာ ချိုင့်ခွက်ရေအိုင်တွေရှိပေမယ့် ကမ်းပါး စောက်ထဲ တစ်နေရာသာ ရေနက်သည်မို့ ထိုဆီကို တစ်ခါတည်း ဒိုင်ဗင် ထိုးဆင်းပစ်လိုက်သည်။ သို့သော် ..။

သူ့ထက် အရင်ရောက်နေသော ..။

"မိုးခြိမ့် .."

ပုဇွန်ဆိတ်လို ပြူးထွက်နေသော မျက်လုံးနှစ်လုံးနှင့် နီတြာ့ ခေါင်း လေးက ရေပေါ်မှာ ဘောလုံးလေးလိုပေါ်နေကာ ..။

"နီတြာ .."

"ဘာနီတြာ လဲ .. သေနာကျ .."

"နင်မဆဲနဲ့နော် .."

"ဆဲရုံတင်မကဘူး .. နင့်ကို ပါးရိုက်ချင်တာ ကောင်စုတ် .."

"အံမာ .."

"အံမာ .. လာစမ်း .."

ဒေါသတွေနှင့် ရေထဲက ကိုယ်လုံးတွေ ဝုန်းခနဲ ဝုန်းခနဲ ရေပေါ် ပေါ်လာကြလျှင် ..။

"အား ..."

"အား ..."

ကိုယ့်ကိုယ်ကိုယ် ပြန်ငုံ့ကြည့်မိကြပြီး တဝုန်းဝုန်းပြန်ထိုင်ချလိုက်



ကြပြီး ..။

"လူယုတ်မာ နှာဘူး .. နင် ဟိုဘက်လှည့်နေနော် .."

"လှည့်နေတယ် .. နင်သာ ငါ့နောက်ကိုကြည့်မနေနဲ့ .. ရေက ကြည်နေတာ .."

"မိုးခြိမ့် .. နင့် .."

"ဟာ .. မလှည့်နဲ့လေ .. ငါ့ကို နှာဘူးလို့ဆဲနေပြီး အခု ဘူးနေတာ ဘယ်သူလဲ .."

"မိုးခြိမ့် .. အဟင့် .. ဟင့် .. မိုးခြိမ့် ဟီး .. ဟီး သေနာကောင် နှာဘူး .. ဟီး .. ဟီး .. ဒီအနာမပျောက်ဘဲ နူနာစွဲပါစေ .."

ကျိန်ဆဲမပြတ် ချုံးပွဲချငိုပစ်လိုက်ရင်း ..။

"ခြေတွေလက်တွေရော ရှိသမျှအကုန်တိုပါစေ၊ လေတိုက်တိုင်း ခုနှံ့ပဲရပါစေ .. ဟီး .. ဟီး .. သွားလေသမျှ သရဲပြူးပြီးဝိုင်းထိုးခံရပါစေ.."

"ကျိန် .. ကျိန် .. ငါကလည်း ဒီလောက်ကျိန်စာတိုက်ခံရတာ ကျေနပ်မယ်မထင်နဲ့၊ လှည့်ကြည့်ရဲရင်ကြည့် .."

သူ ဝုန်းခနဲထရပ်လိုက်တော့ ကျောခိုင်းထားရင်း နီတြာ အသံလေး တိတ်ကျသွားသည်။ ပြီးမှ ..။

"မိုးခြိမ့် .."

"..... ..... ....."

"မိုးခြိမ့် .."

ဘာသံမှမကြားလေ စိုးရိမ်လေဖြစ်လာကာ နီတြာ လှည့်ကြည့်ဖို့ ဆုံးဖြတ်လိုက်သည်။

ဟင် ...။

"ဟား .. ဟား ... ဟား .."

"မိုး .. မိုးခြိမ့် နော် .."

www.burmeseclassic.com

www.burmeseclassic.com



မိုးခြိမ့် က နီတြာ့ အဝတ်တွေကို မြှောက်၍ တလှုပ်လှုပ်လုပ်ပြပြီး အော်ရယ်ကာ ..၊

"နီတြာရဲ့ အချောအလှလေး ရေကြာကြာစိမ်နိုင်ပါစေဗျာ .. ဟား- ဟား .. ဟား .."

"မိုးခြိမ့် .."

နီတြာ့ အသံလေး ငိုသံနှင့် သနားစဖွယ်ဖြစ်နေရှာသည်။ ဒါပေမယ့် ရယ်ချင်လွန်းလို့ သနားဖို့တောင်မေ့နေခဲ့၏။

"နိုင်ပြီ .. နိုင်ပြီ .. မိုးခြိမ့် နိုင်ပြီ .."

"ဒါမှ ငါတို့မိုးခြိမ့် .."

သူငယ်ချင်းတွေနဲ့ ရှာပြင်မှာ ပတ်ပြေး၍ အားပါးတရ ရယ်မောအောင်ပွဲခဲ့ကြပြီး ..၊

♣



## အခန်း (၂၆)

ကြယ်တွေကို မော့ငေးရင်း ရယ်နေမိသည်။ ပြီးတော့ နီတြာ့ မျက်လုံးလေးတွေ ပုစွန်ဆိတ်လိုပြူးထွက်နေတာကို မြင်ယောင်နေမိ၏။ ပြီးတော့ ဒဏ်ရာကြီးအစင်းလိုက်နှင့် မျက်တောင်ဖျားတွေစင်းကျငြိမ်သက်နေခဲ့သည့် လူသေနဲ့မခြားတော့သော မနေ့တစ်နေ့ကပုံစံကို သတိရလာသည်။

နီတြာ့ ဘဝ ဘာဖြစ်လို့ ဒီလောက်တောင်ပြောင်းလဲသွားရတာလဲ၊ နီတြာ့ရဲ့ ပြောင်းလဲမှုက သူ့ဘဝပဲလား ..။ ဒါမှမဟုတ် နီတြာနဲ့ သူ ထူထောင်မယ့်ဘဝက ဘယ်လိုပြောင်းလဲသွားချင်တာလဲ ..။

"ပြောဦးလေ .. ဒီလောက်နဲ့တော့ လိုရင်းမရောက်သေးပါဘူး .."

သူပြောမလားလို့ အကြာကြီးစောင့်နေပြီးမှ နှင်းမောင်မောင် က ပြန်စမေးသည်။ လက်နှစ်ဖက်နောက်ပစ်ထောက်ထားရင်း လမ်းပေါ်မှာ ခြေတစ်ဖက်ဆင်းထိုင်နေသည့် မိုးခြိမ့် က လက်ပြန်ရုတ်၍ တင်ပလ္လင်ခွေ ခပ်လျော့လျော့ပြန်ထိုင်လိုက်ကာ ..။

"ဒါပါပဲ .. နီတြာ နဲ့ ငါ့ရဲ့ သံယောဇဉ်က အဖြူရောင်ဆိုရင်လည်း အဖြူရင့်ရင့် ပန်းရောင်ဖြစ်ခဲ့တယ်ဆိုရင်လည်း ခပ်ရဲရဲပန်းရင့်ရောင်ပဲ .."

"ဟား .. တော်လ်ကီလန်းတယ်ဗျာ .."

"ဘာလဲ .."

သူပြောတဲ့ အဓိပ္ပာယ်ကို မိုးခြိမ့် က နားမလည်သလိုပြန်မေးသည်။

www.burmeseclassic.com

www.burmeseclassic.com



နှင်းမောင်မောင် က ရယ်ရင်း ..၊

"ခင်ဗျားပြောတဲ့ စကားကိုကြိုက်တယ်၊ ကျွန်တော်သိပါတယ်၊ ခင်ဗျား အဲ့လောက်တုံးတိတဲ့ကောင်မှသားမဟုတ်ပါဘူး .."

"မသိဘူး .. မင်းပြောနေတာတွေ ငါ နားမလည်တာတော့ သေချာတယ် .."

"အဲ့ဒါ ခင်ဗျား နားရည်ဝမနေတဲ့စကားတွေမို့လို့ပါ၊ တောကလူတွေက တည့်တည့်ပြောကြတယ်၊ သူတို့ကို တည့်တည့်ပြောမှသိတယ်၊ မြို့သားတွေ လူရည်လည်တယ်ဆိုတာကျတော့ သွယ်ဝိုက်ခြင်းများစွာနဲ့ ပြောဆိုဆက်ဆံမှုတွေမှာ ကျွမ်းကျင်ကြတာကိုခေါ်တာ၊ မြန်မာစကား မြန်မာချင်းသိလွယ်အောင် မပြောကြတာမျိုး၊ အဲဒါတွေက ဗန်းစကားဆိုပြီး များများတွင်ကျယ်လာတော့ပြောတဲ့စကားတွေရဲ့ အနှစ်သာရပေါ်လိုက်ပြီး ခေတ်လူငယ်တွေရဲ့ စတိုင်လ်ဆန်းတွေလည်း ကိုယ့်ကားရှားဖိုသီဖက်သီဖြစ်လာတာပေါ့ .."

"မင်းကတော့ ခေတ်လူငယ်မဟုတ်ဘူးလား ."

"ဒီခေတ်ထဲမှာနေတဲ့ သီးသန့်ကမ္ဘာထဲကလူပေါ့ဗျာ .."

"ဘယ်လို ..."

"ကျွန်တော်က ..."

စကားစလိုက်ပြီးမှ သူ့ကို စိုက်ကြည့်နေသည့် မိုးခြိမ့် ကို ပြန်ငဲ့ကြည့်သည်။ ပြီးတော့ မေးဆက်၍ ..၊

"ခင်ဗျားအကြောင်း ပြောပြနေတုန်း ဘာဖြစ်လို့ ကျွန်တော့်အကြောင်းဖြစ်သွားတာလဲ၊ ကျွန်တော်က လူအထင်ကြီးဖွယ်တွေ ပြောတတ်ပေမယ့် တကယ်တမ်းက မိဘအပေါ် ဘာတစ်ခုမှ မသိတတ်ခဲ့တဲ့သူ .."

"မင်း ဒါပဲပြောနေတာ ဘယ်နှစ်ခါရှိပြီးလဲမသိဘူး .. ဟွန့် .."

မိုးခြိမ့် က မဲ့လိုက်ပြီး ကောင်းကင်ကြီးဆီ တစ်ချက်မော့ငေး၏။ ပြီးမှ ...



"အပြစ်တစ်ခုကို ကျူးလွန်ထားမိရင် ဒီအပြစ်ကို ဘယ်လိုလူမျိုးကမှ လူတွေ့တိုင်း လိုက်မပြောဘူး .."

"ကျွန်တော်ကလည်း ခင်ဗျားကိုပဲပြောခဲ့တာ .."

"ထားလိုက်ပါ .. မင်း ဘယ်လိုလူစားမျိုးဖြစ်ဖြစ် ငါတို့က လမ်းခရီးတစ်ခုမှာ ခဏတာတွေ့ဆုံခဲ့ကြတာပဲ .."

"ကားကလည်း ပြီးဦးမယ့်ပုံမပေါ်တော့ ခဏတော့ မကဘူးဗျ၊ ကဲပါ ခင်ဗျားနဲ့ နီကြာ ဘယ်လိုတွေပြောင်းလဲပြီး ချစ်သူတွေဖြစ်သွားခဲ့တာလဲ .. လုပ်စမ်းပါ .."

"ဒါပါပဲကွာ .. ဘာမှဆန်းဆန်းပြားပြားမရှိပါဘူး .."

"ကျွန်တော် ကြားရသမျှတော့ အဆန်းတွေချည်းပါပဲဗျာ .. မြို့မှာဆို ချစ်ကြခင်ကြပြီဆိုတာနဲ့ ဘာဒေးညာဒေးတွေ အမျိုးမျိုးအတွက် လက်ဆောင်တွေပေးကြတာ၊ အဲဒီလက်ဆောင်ပေါ်မှာပဲ ရိုမက်တစ်ဆန်တာ စပရိုက်ဖြစ်စေတာအမျိုးမျိုးတွေးတောကြံဆပြီး ဖန်တီးကြရတယ်၊ ခင်ဗျားတို့မှာ ဘာမှဖန်တီးယူတာမရှိဘဲနဲ့ ပျော်ရွှင်စိတ်လှုပ်ရှားဖွယ်တွေနဲ့"

"ဘာလဲ မင်းမှာ ချစ်သူရှိလို့လား .."

လေးထောင့်မကျတကျ သွယ်မယောင်လည်းရှိသော ဖြူဝင်းနေသည့် မျက်နှာကို မိုးခြိမ့် က သေချာစိုက်ကြည့်သည်။ ပခုံးထောက်သာသာ ခပ်ပါးပါးပျော့ပျော့ဆံပင်က အလယ်ခွဲဖြစ်ကာ မျက်နှာပေါ်မှာ ရှုပ်ရှုပ်ပွေပွေပြန့်ဆင်းနေကြ၏။

မြင့်မားထွားကျိုင်းပုံအရ ယောက်ျားပီသသော်လည်း မြို့သားမှန်းသိသာအောင် ဖြူဝင်းချောမွေ့နေသည်။ ခေတ်လူငယ်စတိုင် စမတ်ကျပြီး ရှင်းသန့်ကြည်လင်နေ၏။

ဒီလူငယ်က ဘာဖြစ်လို့ သူ့ကိုမှ သည်းခံနေခဲ့တာလဲဆိုတာ နောက်ထပ် တွေးမိပြီး ပြုံးမိပြန်သည်။

"ခင်ဗျား ကျွန်တော့်ကိုကြည့်ပြီး ပြုံးလိုက်တာ အပြစ်ရှိတယ်နော်.."

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်လား .."

"ဒါပေမယ့် ဘာကြောင့်ပြုံးတာလဲဆိုတာ မမေးတော့ပါဘူး၊ နီကြာ့အချစ်ကို ဘယ်လိုရအောင်ယူခဲ့သလဲဆိုတာ ပြောပြရင်ပြီးပြီ .."

"နီကြာ နဲ့ ငါနဲ့က ချစ်လို့ရန်ဖြစ်နေကြတာပဲ ချစ်ကြပြီးသား ဘာမှမဆန်းဘူး .."

"ရန်ဖြစ်နေရင်းနဲ့ ချစ်သူတွေဖြစ်သွားကြတာကိုက စိတ်ဝင်စားဖို့ကောင်းနေတာ .."

"ကဲ .. 'တူမောင်နှံ' အဝေးပြေးအမြန်ယာဉ်ကြီးပေါ်က ခရီးသည်များ ကားပေါ်ပြန်တက်ပြီး ကိုယ့်နေရာကိုယ်ယူနိုင်ကြပါပြီခင်ဗျာ .."

ကားပြင်လို့ပြီးသွားကြောင်း ကြေညာလိုက်သဖြင့် ခရီးသည်အားလုံး လှုပ်လှုပ်ရှားရှားဖြစ်လာကြသည်။

"စားသောက်ရင်း အနားယူနေကြတဲ့ 'တူမောင်နှံ' က ခရီးသည်များခင်ဗျား .."

"ပွမ် .. ပွမ် .. ပွမ် .."

စားသောက်ဆိုင်တန်းဘက်ကိုလည်း လှမ်းခေါ်၍ ဆိုင်ထဲကကြော်ငြာပေးနေသံလည်း ထွက်လာခဲ့သည်။ မိုးခြိမ့် နဲ့ နှင်းမောင်မောင်တို့ ကားဆီအတူလာခဲ့ကြရင်း ...၊

"ချစ်တဲ့စိတ်ဆိုတာ ဘယ်လိုကြီးလဲတော့မသိဘူးကွ .. ဒါပေမယ့် နီကြာနဲ့ ငါ ရန်ဖြစ်နေကြရင်းနဲ့ပဲ တစ်ယောက်ကိုတစ်ယောက်က ကာကွယ်ပေးနေခဲ့ကြတာ .."

"ဘယ်လိုမျိုးလဲ .."

အချစ်က ဤသို့ရှိလေသည်။

♣



## အခန်း (၂၇)

"သူလားနှင်နဲ့ ပေးစားမယ်ဆိုတဲ့ သာစည်ရွာက သူဌေးသား .."

"ဟော့ကောင် .. သာစည်ရွာဆိုတာ မင်းတို့လို တောကြိုတောင်ကြားက ဆိုင်ကယ်လ်လမ်းတောင်မပေါက်တဲ့ ဇနပုဒ်နေရာမဟုတ်ဘူးနော်.. အဝေးပြေးကားလမ်းဘေးက ရေမီးအစုံနဲ့ မြို့ငယ်လေးလို .. ဟဲ .. ဟဲ.."

"အံမာ .. ပြောနေလိုက်တာ .."

ရွာလမ်းမရဲ့သိပ်မှာ နီကြာ နဲ့ လှမော် ဆိုသူရယ်၊ မိုးခြိမ့် တို့ သုံးယောက်ရယ် ဆုံမိကြတာဖြစ်ကာ ဆောင့်ကြွားကြွားကောက်ချိတ်ချိတ်နှင့် လှမော့် ကို ငြေ တို့ကလည်း ကြည့်လို့မရကြ ...။

"ဟား .. ဟား .. ဒါကျတော့ နီကြာ တို့ ခံရပြီပေါ့ .."

"ဘာ ..."

"သာစည်ရွာသားက 'ပရွှာ'ရွာကို 'ဇနပုဒ်'လို့ ပြောလိုက်တာလေ .."

"ခံရမှာပေါ့ကွ .. သာစည်ရွာသားကို သူက ယူမှာကိုးကွ .."

"ငြေ နော် .."

www.burmeseclassic.com

www.burmeseclassic.com



နီတြာ က မရှိမဲ့ရှိမဲ့ ဆံပင်တိုနံ့နံ့လေးကို ကျစ်ဆံမြီးကျစ်ထားသဖြင့် ဆံပင်လုံးကျစ်ကျစ်သေးသေးလေးက ပခုံးနှစ်ဖက်အထက်မှာ ငှက်မွှေးလေးတွေလို ဘေးကိုကားထွက်နေကြသည်။

ပြီးတော့ ညနေခင်းမှာ လိမ္မော်ရောင်လေးဝတ်ထားသဖြင့် ဖြူဝင်းနုဖတ်နေ၏။ အပျိုအရွယ်ရောက်ပြီဆိုပေမယ့် မိုးခြိမ့် မျက်လုံးထဲမှာတော့ ဒီဆံပင်ထောင်ထောင် ကျိုးတိုးကျဲတဲလေးတွေလည်း အရင်လိုပါပဲ ..။

ဖွံ့ဖွံ့ဝန်းဖွံ့ထွားလာသည်ဆိုသော ကိုယ်ခန္ဓာအလှကလည်း မြင်နေကျမို့ ဘာမှမထူးခြား ..။ သူမကိုကြည့်လိုက်တိုင်း ချီးဖွဲ့နိမ့်ချဖို့အတွက် ပြောစရာတွေချည်း မြင်နေသလိုရှိကာ..။

"မင်းပြောတာဟုတ်တယ်ကွ .. သူ ခံရမယ့်လူကျတော့ ဘာကြားကြား ကြားလို့ကောင်းနေမှာပေါ့ .."

"မိုးခြိမ့် နင် မမိုက်ရိုင်းနဲ့နော် .."

"နင်မဟုတ်လို့လား .. ငါတို့ဆိုရင် ဘာလေးပြောပြော ကြက်ခေါင်းဆိတ်မခံဘူး .. အခု ပရွှာက နင့်ရွာမဟုတ်လို့လား .."

"နင်တို့နဲ့ရော မဆိုင်ဘူးလား .."

"ဆိုင်တယ်လေ .. ဘာလဲ ပြောတဲ့ပါးစပ်ဆိုပြီး နင့်ကောင်ကို သွားကျိုးအောင်ရိုက်ပေးရမလား .."

"အံမာ .. လုပ်ကြည့်လေ .."

"လုပ်တယ်ဟာ .."

"ခွပ် ..."

"အား ..."

မိုးခြိမ့် က မြန်သည်။ ပြောတည်းက လက်သီးဆုပ်ကြီးပွတ်သပ်ပြောတာမို့ 'လုပ်ကြည့်' ဆိုတာနှင့် ခွပ်ခနဲထိုးပစ်လိုက်၏။ လက်သီးပြပြီး ကြိမ်းဝါးနေသည်ပဲထင်ကာ လူမော် ထိထိမိမိခံလိုက်ရ၏။



ထို့ပြင် အရပ်ရှည်လွန်းသဖြင့် လူကပိန်ခြောက်ခြောက်ဖြစ်လျက် မိုးခြိမ့် ထက်လည်း ပိုမြင့်သယောင်ဖြစ်နေသော်ငြား လက်သီးတစ်ချက်မှာပဲ အသံပြာအောင်အော်၏။

"သေပြီ .. သွေးတွေထွက်လာပြီး .. သွားပြီ .. သွားပြီ .."

"မိုးခြိမ့် နင် ဘာလုပ်လိုက်တာလဲ .. နင် ရမ်းကားလှချေလားဟင် .."

"နင်ပဲ လုပ်ကြည့်လိုက်ဆို .."

"တောက် ..."

နီတြာ တက်ခေါက်မိရင်း လူမော့ လက်မောင်းကို သွားဆွဲခေါ်လာကာ ..၊

"ဒီမှာ သူ့ထက်တောင် ရှင်က ရှည်သေးတယ် .."

"အရပ် ..."

"အရပ် ..."

ငြိ တို့က သံပြိုင်ထွက်၏။

"ဘာဖြစ်လို့ခံရမှာလဲ .. ပြန်ချ .. သူတစ်ချက်ဆို ကိုယ်တစ်ချက်ပေါ့"

အတင်းတွန်းပေးလို့ ရင်ဘတ်ချင်းပြေးကပ်လိုက်မိကာ လူမော် ကမန်းကတန်းခြေကန်ဆုတ်လိုက်ပြီး ..၊

"ငါ ရန်မဖြစ်ချင်ဘူး .."

"ဟား .. ဟား .. ဟား .."

မိုးခြိမ့် တို့ ဝိုင်းရယ်တော့ ဘယ်တော့မှ အရှုံးမပေးခဲ့သည့် နီတြာ မျက်နှာလေးညိုမှောင်သွားသည်။

"ရှင် ယောကျ်ားဖြစ်ပြီးတော့ တစ်ယောက်ချင်းစိန်ခေါ်နေတာတောင် ကြောက်နေရသလား .."

"အမေက သေချာမှာလိုက်တယ်၊ သူများရွာမှာ ကြင်မတဲ့ .."

"ဟား .. ဟား .. ဟား .."

www.burmeseclassic.com

www.burmeseclassic.com



"အမေကို ပြန်အားကိုးသေးတယ် .. ဟား .. ဟား .. ဟား .."

"နီတြာ ရာ .. နင့်အစ်ကိုတွေက သူတို့နိုင်ရမယ့်လူကို သေချာရွေးထားတာပါ၊ ဒီရွာမှာ အောင်ကြီးတို့ ဗိုလ်စွဲလာတာ သူ့ကိုကြောက်တဲ့ လူတွေပေါ်မှာပဲ .."

"နင့်စကားတွေကို ငါ့အစ်ကိုတွေရှေ့မှာ ပြောရဲလား .."

"ရှေ့သွားပြောစရာမလိုပါဘူး .. အခု ငါ ဒီတိုင်းပြောတယ်ဆိုတာ ပြန်ပြောပြလိုက် .."

"မိုးခြိမ့် .."

"အဲဒါတော့ မကောင်းဘူးထင်တယ်နော် .. မင်း .."

ငြေ တို့ ကပ်ပြောပြီး သတိပေးသော်လည်း ..၊

"ပေး .. အဲဒါ .."

"ဟ ..."

"နီတြာ .. ဘာလုပ်တာလဲ .."

နီတြာ က ကျောက်ဒိုး ကိုင်ထားသည့် လောက်လေးခွကိုဆွဲယူလိုက်ပြီး လောက်စာလုံးတွေကိုပါ သူမဘာသာ လွယ်အိတ်ထဲက လာနှိုက်၍ ..၊

"ယူတာလေ .. မမြင်ဘူးလား .."

"ဘာလုပ်မလို့လဲလို့ .."

"ကြည့်နေလိုက် .."

လူမော့် သတ္တိကို သိလိုက်သည်မို့ ကုန်းမြင့်ထိပ်က စိန်ပန်းပင်ပေါ်မှာ နားနေသော ကျီးကန်းကိုပစ်ခိုင်း၏။

"ဟာ .. မပစ်ချင်ပါဘူး အကုသိုလ်အလုပ် .."

လူမော့် မျက်နှာက ပြန်လှည့်ပြေးချင်နေတာ သိသာနေသဖြင့် မိုးခြိမ့် က ချက်ချင်းလက်ခံလိုက်၏။

"လုပ်လေ .. ကျီးကန်းကိုပစ်မလား .. သူ့ခေါင်းထိပ်နားမှာ တွဲလွဲ



ကျနေတဲ့ စိန်ပန်းသီးတွေကို ပစ်မလား ကြိုက်တာရွေး .."

"ငှက်ကိုမပစ်ချင်ပေမယ့် စိန်ပန်းသီးက ပိုမြင့်တယ် ငါ့ဘက်က နာတာပေါ့ .."

လူမော် က ကပ်ပိုးကပ်ဖဲ့လုပ်နေ၏။ ထိုစဉ် ချက်ကြီးတို့ ညီအစ်ကို ရောက်လာကြပြီး အခြေအနေကို ပိုပြီး မြှောက်ထိုးပင့်ကော်လုပ်ပေးကြသဖြင့် ပြိုင်ဖို့က သေချာသွားသည်။

"တစ်ခုတော့ရှိတယ် မိုးခြိမ့် .."

"ငါ့မှာလည်း ရှိတယ် .."

"ဟော့ကောင် .."

"မင်းတစ်ခုခု စကားကြီးစကားကျယ်ပြောမှာမို့လား .. ငါ့မှာလည်း ပြောစရာရှိတယ်လို့ပြောတာ .."

ချက်ကြီး နဲ့ တောင်ကြီး အံ့တကြိတ်ကြိတ်ဖြစ်သွားခဲ့လျက် ..။

"အေး .. ငါပြောတာ အရင်နားထောင် မင်းကို လူမော် နဲ့ ပြိုင်ခွင့်ပေးတာ ပြိုင်ပွဲသက်သက်ပဲနော် .."

"ဘယ်သူကရော ဘာပြောနေလို့လဲ .."

"ဟွန်း .. မပြောပေမယ့် မင်းစိတ်ထဲမှာ လေးတော်တင်ပွဲလို့တွေးပြီး စိတ်ကူးယဉ်နေမှာစိုးလို့ .."

"ဟား .. ဟား .. ဟား .."

မိုးခြိမ့် က လောက်လေးခွသားရေကို ဆွဲတင်းကြည့်နေရင်း ခွက်ထိုးခွက်လန် ရယ်ချလိုက်၏။

"ငါ နိုင်မယ်ဆိုတာ ကြိုသိနေတဲ့ပုံပဲနော် ငြေ .."

"အေး .. မင်း ဂုဏ်ယူလိုက်တော့ .."

ငြေ တို့ကလည်း စကားထောက်တော်ကြ၏။ တောင်ကြီး မျက်နှာ ရဲခနဲဖြစ်သွားလျက် ..။

"ကြံဖန် အမှတ်ယူမနေနဲ့ဟော့ .. စကားတွေရှုပ်လာမှာစိုးလို့

www.burmeseclassic.com

www.burmeseclassic.com



သတိပေးတာ ..”

“ရှုပ်စရာလား ကိုတောင် ရာ .. လောင်းကြေးတောင်းရင်လည်း မအိုခင်တည်းက ဆံပင်ကျိုးတိုးကျဲတဲဖြစ်နေတဲ့၊ ခင်ဗျား ညီမကိုတော့ မတောင်းပါဘူး .. ဟွန့်း .. ဟွန်း .. အဘွားအိုပေါက်စ ..”

“အံမာ ..”

နီတြာ ဒေါသက ကြားနေကျစကားတွေမို့ ‘အံမာ’ တစ်လုံးနှင့် အံကြိတ်လိုက်ရင်းပြီးသွားပေမယ့် ချက်ကြီး ဒေါကန်သွား၏။

“လူပါးဝတဲ့ကောင် .. မင်းကိုပဲ အကြောပေး စမ်းသပ်မယ်၊ လုပ်.. ကျိုးကန်းနဲ့ အသီး ကြိုက်တာရွေး ..”

“ပြီးရောနော် ..”

“ဟီး .. ဟီး ..”

“သနားသေးတယ် ..”

ငြေြ တို့က မိုးခြိမ့် ရဲ့ လက်စွမ်းကိုသိပြီးသား ..။

လူမောင့် မျက်နှာ ဇီးရွက်လောက်ငယ်ကျနေတာကိုလည်း မြင်နေရကာ သွားကြီးတွေအဖြီးသားနှင့် ရယ်သံတွေလည်း ထွက်နေ၏။ ထိုစဉ် အောင်ကြီးက ကုန်းမြင့်ကြောလေးအတိုင်း သူတို့ရှိရာကိုလာနေ၏။

ဘယ်သူမှ မမြင်ပေမယ့် မိုးခြိမ့် က လှမ်းမြင်၏။ ဒီလူရောက်လာရင် သူ့ယောက်ဖလောင်း ဘယ်လိုတန်ဖိုးကြီးတဲ့အကြောင်း ရွှေရည်ငွေရည် သွန်းလောင်းလိမ့်ဦးမည်။

“ဖောက် .. ဖောက် ..”

လေးခွသားရေကြိုးကို ဆွဲကြည့်လိုက်လွှတ်လိုက်နှင့် စမ်းကြည့်နေပြီးမှ ..၊

“သားရေက မာလိုက်တာကွာ .. ဆွဲတိုင်းမပါပါလား ..”

“ဟွန်း ...”

မိုးခြိမ့် ညဏ်များနေပြီဆိုပြီး တောင်ကြီးတို့ ခပ်မဲ့မဲ့ကြည့်နေကြသည်။



မိုးခြိမ့် က ကျီးကန်းဆီ လှမ်းရွယ်လိုက်ပြီး ..၊

“ဟာ!...”

“အာ ... အာ ..”

ကျီးကလည်း ချိန်လိုက်တည်းက ထပျံသွားကာ ..၊

“အောင်မလေးဗျ ..”

“ဟာ!...”

“ဟိုမှာ ကိုကြီး ..”

“ငှါအစ်ကိုကို မင်း .. မင်း တမင်ပစ်တာ ..”

အောင်ကြီး နဖူးကိုအုပ်၍ ကုန်းမြင့်တစ်ဝက်ကနေ ဖင်ထိုင် လျှောကျသွားလေသည်။

“ဟောဗျာ .. ခေါင်းကိုထိတာ ဘယ့်နှယ် ခြေထောက်တွေ ကျိုးရတာတုံး ..”

“ကျိုးတာမဟုတ်လောက်ပါဘူး .. ဒီကိုလာချင်ဇောနဲ့ လျှောတိုက်ဆင်းလာတာကွ ..”

“ဟော့ကောင်တွေ .. မင်းတို့ ..”

ငြေြတို့ တမင်တကာ တစ်ယောက်တစ်ခွန်းလှမ်းအော်နေကြကာ ချက်ကြီး ပိတ်အော်လိုက်မှ အသံတိတ်ကြ၏။ ထိုအခါ မိုးခြိမ့် အလှည့်ဖြစ်သွားလျက် ..။

“မင်း .. ကျီးကန်းကို မပစ်ဘဲနဲ့ ငါ့အစ်ကိုကိုပစ်တာ ..”

“ပစ်စရာလားဗျ .. ကျီးကန်းကအပေါ်မှာ ခင်ဗျားအစ်ကိုက အောက်မှာ ..”

“မဟုတ်ဘူး ကိုတောင်ကြီး ဒီကောင် ကောက်ကျစ်တဲ့အပြုံးပြုံးလိုက်တာ ကျွန်တော်တွေ့တယ်၊ သူ တမင်ပစ်တာ ..”

ကောက်ကျစ်တဲ့အပြုံးဆိုပါလား ..။

ငြေြ တို့ သာမက တောင်ကြီး တို့ပါ လူမော့် ကို ဖျတ်ခနဲပြန်ကြည့်



www.burmeseclassic.com

www.burmeseclassic.com



၏။ လူမော် သူ ဘာပြောမိလို့လဲဆိုသည့်အကြည့်နှင့် ကြောင်တောင်တောင် ဟိုကြည့်ဒီကြည့် ...။

"ကောက်ကျစ်တဲ့အပြုံး မင်း ပြုံးလိုက်သလား မိုးခြိမ့် .."

ငြေ က ပြဿနာရှာဖို့စသည်။ မိုးခြိမ့် က မလိမ်ပိုးမလိမ်မှာရုပ်လေး နှင့် ခေါင်းခါ၍ ...။

"ကောက်ကျစ်တဲ့အပြုံးက ဘယ်လိုဟာမျိုးလဲ .."

"မသိဘူးလေ .. သူပြောတာ .."

ကျောက်ဒိုး ရှေ့တိုး၍ လက်ညှိုးထိုးကာ ...။

"ဟေ့ကောင် .. ကောက်ကျစ်တဲ့အပြုံး မင်း အရင်ပြုံးပြလိုက် .."

"ဘာလို့ ပြုံးရမှာလဲကွ .."

"အဲဒါမျိုး ငါတို့မသိဘူးလေ .. မိုးခြိမ့် မျက်နှာကို ကိုတောင်ကြီး တစ်ချိန်လုံးကြည့်နေတာပဲ၊ အဲဒီအပြုံး ပြုံးသလား မပြုံးဘူးလား မင်း အရင်ပြုံးပြမှ သူ တွက်ကြည့်လို့ရမှာပေါ့ .."

လူမော် အလန့်တကြားပြန်ကြည့်တော့ စာသံပေသံမကြားဘူးကြ သည့်တောင်ကြီးတို့ ညီအစ်ကိုနှစ်ယောက်ကလည်း ရောယောင်ခေါင်း ညိတ်၏။

"မဟုတ်ဘူးလေ .. ကိုတောင် အဲ့လိုအပြုံးမျိုးက .."

"မင်း ပြုံးပြလိုက်ရင်ပြီးတာပဲကွာ .. ဒီကောင်ပြုံးလိုက်သလား မပြုံးဘူးလား ငါ စဉ်းစားကြည့်မယ် .."

"ဟေ့ကောင်တွေ ခုချက်ချင်းတိတ်ကြစမ်း .."

အားလုံး၏ အပြောင်ကြားအခြေအနေက အောင်ကြီးရဲ့ သွေးသံ ရဲရဲ ဒေါသတွေကြားမှာ တိခနဲတိတ်သွားကြလျက် ...။

"ဒီကောင် ငါ့ကိုမြင်လို့ တမင်လွှတ်ထည့်လိုက်တာ .."

"ကိုအောင်ကြီးနော် .. ခင်ဗျားမစွပ်စွဲနဲ့ .."

"ဟိတ်ကောင် .. ကျီးကန်းကိုပစ်တဲ့ လောက်စာလုံးက ငါ့ခေါ



အတောင်ပေါက်ပြီး နိမ့်ဆင်းလာစရာမရှိဘူး၊ သေဖို့သာပြင်ထား .."

"ဟာ .. နန်ဂျက်ကွာဟ .."

"ဗိုး ..."

"ကိုအောင်ကြီး .. ခင်ဗျား .. အ .."

အားလုံး ဖရိုဖရဲတွေပြေးရှောင်ကြရင်း မိုးခြိမ့် က အော်လည်းအော် နိုင်သေးသည်။ ဒီကောင်ကြောက်လို့အော်နေတာမဟုတ်ပေ ..။ နေရာ တကာ လူကိုမလေးမစား အရွတ်ဆန်တတ်တာများတော့ အောင်ကြီး ခံရခက်နေ၏။

ထို့ကြောင့် ကိုယ့်နဖူးက သွေးစိမ်းရှင်ရှင်ကျနေတာကို ဂရုမစိုက် ဘဲ နမ်ဂျက်ကွနဲ့ အတင်းလိုက်ရိုက်နေမိသည်။

"ဘုန်း ..."

"အား ..."

မိုးခြိမ့် ကျော့ကော့သွားသည်နှင့် နီတြာ မျက်လုံးပြူးသွားကာ...

"ကိုကြီးကလည်း ကိုယ့်ဘာသာ အသားနာတိုင်း ပတ်ရမ်းနေတာ ပဲ .. တော်ပါတော့ .."

"နီတြာ ဘာလို့တားတာလဲ .. ဒီကောင်တွေ တမင်ရန်စတာ .."

"ရှင်ကလည်းတစ်မျိုး ကိုယ့်ဘာသာ သတ္တိမရှိလို့ လောက်လေးခွ နဲ့ ခိန်ခေါ်ခဲ့တာ .. အဲဒါ ရှင့်ကြောင့် .."

နီတြာ က ထမီတစ်ဖက် မပြီး ခါးလေးကုန်းနေအောင် အော်သည်။ မိုးခြိမ့် ခါးကိုပဲ နောက်တစ်ချက်ထိသွားသည်နှင့် အောင်ကြီးရဲ့ လက် တွေကိုပါ အတင်းဝင်ဖက်ထားလိုက်ပြီး ...။

"မိုးခြိမ့် .. ပြေး .. ပြေး .."

"ဘာလုပ်တာလဲ နီတြာ လွှတ်စမ်း .."

"ကိုကြီးမှ မတော်တာ၊ မိုးခြိမ့် ပြေးလေ .."

ပြေးကိုပြေးရတော့မှာတောင် မိုးခြိမ့် က ပုဆိုးတိုတိုပြင်ဝတ်ရင်း

www.burmeseclassic.com

www.burmeseclassic.com



လှည့်အော်သွားလေသည်။

"နီတြာ ကို သနားလို့နော် .. နီတြာ ကြောင့် .."

ငြေ တို့ ပြောနေရရင်း နားကြားပြင်းကက်ကာ ..၊

"နီတြာ ကြောင့် မဟုတ်ရင်ခံချမှာလား .."

"စောစောက ပြောမှာပေါ့ကွ .."

"သေနာ ..."

ပြဿနာဖြစ်ပြီဆို မိုးခြိမ့် တို့ ဘယ်တော့မှ အလျှော့ပေးတာမရှိ၊ မနိုင်ရင်လည်း ရှုံးတယ်လို့ ဝန်မခံ ..။

ပြေးရပြီဆိုလည်း ခြေထောက်ကပြေးပေမယ့် လေကတော့ ကောင်းကင်မှာ တက်ချိတ်ပြီးသား ..။

ဘာပဲဖြစ်ဖြစ် ပြဿနာဖြစ်ရတိုင်းမှာ မိုးခြိမ့် နဲ့ နီတြာ သာ ဖြစ်နေခဲ့လျက် ပြဿနာတိုင်းကလည်း မတည့်စရာအကြောင်းတွေသာဖြစ်နေခဲ့သော်ငြား ..။

"မိုးခြိမ့် နဲ့ နီတြာ ဘာဖြစ်နေနေ နောက်ကို ဘယ်သူမှ ကြားမဝင်နဲ့ လွှတ်ထားလိုက်၊ ဝင်တဲ့သူက အရှုံးပဲ .." လို့တောင် ရွာထဲမှာ ပြောစမှတ်တွင်ခဲ့ရသည်။

ကဆုန်လဆောင်ရေသွန်းပွဲမှာလည်း သူတို့ ဒီလိုအဖြစ်မျိုးနဲ့ပဲ ပြဿနာကြုံခဲ့ရ ..၊

"တွေ့လား နီတြာ ဟိုမှာ မိုးခြိမ့် တို့ရဲ့ ခေါင်းရင်းအိမ်မှာ မြို့ကရောက်နေတဲ့ ညွှသည်မိန်းမ .."

နီတြာ လှမ်းကြည့်လိုက်တော့ ဆံပင်နီတာက ကိုယ့်ထက် ဆယ်ဆလောက်ပိုပြီး ရဲတွတ်နေသည်။ ပြီးတော့ ပခုံးအောက်မှာ ဝေ့ဝဲဖြာဆင်းနေတာ ငှက်မွေးလေးတွေလို နုနွဲ့နေ၏။

မျက်နှာမှာ ဝက်ခြံဖုရှိနေသလို ကြမ်းပုံရှိပေမယ့် လှတာကတော့ တော်တော်လှ၏။ ရွာမှာ ညောင်ရေသွန်းပွဲရှိနေသဖြင့် အပျိုလေးတွေ



လမ်းပေါ်အကုန်ရောက်နေကြသလို သူမရဲ့ အလှအောက်မှာ ဘယ်အပျိုမှ တုပြိုင်မမီအောင် သူမက ဝင့်ကြွားလှပနေ၏။

အသားကလည်း ဖြူနုနေသည်။ ကိုယ်လုံးလည်း လှသည်။ ဝတ်ထားလိုက်တာလည်း တောသူတွေမမြင်ဘူးခဲ့သော အသွေးအရောင်ဒီဇိုင်းမျိုးတုံတုံတွဲတွဲကပ်ကပ်ချပ်ချပ် ..။

"လှတယ်နော် .."

"ထင်သားပဲ .. နင် ဒီလောက်ငေးနေတည်းက မှိုင်ကျသွားပြီဆိုတာ .."

"ငါတို့ကြားထားတာရှိသေးတယ် .."

"ဘာလဲ .. ဘာကြားတာလဲ .."

"အဲဒီမိန်းမက ဖြီးလိမ်းထားလို့ရယ် အသက်က သုံးဆယ်နားကပ်နေပြီတဲ့ .."

"ဟယ် .. ဟုတ်လို့လား .."

"ရှိသေးတယ် .. မပြီးသေးဘူး ရွာမှာ ကလေးလာမွေးတာဆိုလား.."

"ဟင်!..."

"မိစွာရယ် .. အဲ့ဒါကြီးက မဟုတ်ဘဲပြောရင် နင် ပါးရိုက်ခံရမှာနော် .."

"ရိုက် .. ပြန်ရိုက်မှာပေါ့ဟဲ့ .. ကလေးကို ဒီမှာ တစ်နှစ် နှစ်နှစ်သားအရွယ်လောက်ထိမွေးထားမှာတဲ့၊ အိမ်ပိုင်းဝယ်ဖို့ လူကြီးအိမ်မှာစုံစမ်းနေတာ .."

"အသေအချာကြီးပဲ .."

မိန်းကလေးတွေ ပန်းတွေနဲ့ ရေအိုးတွေရင်ခွင်မှာပိုက်ထားရင်းပြောနေကြတာ သူမျှားအကြောင်း ..။ သူမတို့တွေရှေ့မှာ မိုးခြိမ့် တို့ရဲ့ မြို့သူအချောအလှတို့ တွဲလျှောက်လာကြတာပဲမြင်ကာ နောက်ကိုတော့ ဂရုမထားမိကြဘဲ ..၊

www.burmeseclassic.com

www.burmeseclassic.com



"သူတို့က အဲဒီအတိုင်းဖွင့်ပြောပြီး စုံစမ်းနေတာ နင်တို့သာမသိတာ ဒွေးကြွယ် တို့လည်း သိတာပဲ၊ ဒါပေမယ့် ကလေးမွေးမှာကတော့ အဲ့ဒီ မိန်းမလား .. နောက်မှ လိုက်လာမှာလားမသိဘူးတဲ့၊ ယောကျ်ားလေး ဘက်ကို သဘောမတူနိုင်လို့ တမင်ခွဲလာတာတဲ့ .."

"ဖြစ်ရလေနော် .. ကိုယ့်သမီးကဖြင့် ဗိုက်တွက်တော့မယ်၊ ဘာဖြစ် လဲ ပေးစားလိုက်တော့ပေါ့ .."

"ကလေးမွေးတာလည်း ဘာဖြစ်လဲလို့ ထင်လို့ပေါ့ဟယ် .. ခစ် .. ခစ် .."

"အေးနော် .. မြို့ကလူတွေ တော်တော်ကိုလွယ်ကြတဲ့ပုံပဲ .."

"လူတိုင်းမဟုတ်လို့ပဲ လူတိုင်းလာမမွေးတာပေါ့အေရယ် .. ရောသိမ်း ပြီးမပြောပါနဲ့ ဒီလိုမိန်းမတွေကြောင့် မိန်းမဖြစ်ရတာ ရှက်တောင်ရှက်မိ ပါရဲ့ .."

"ကြည့်ပါဦး .. ရွာမှာ **လူချောလှလှ**လေးရှိသမျှ သူတို့ဘေးမှာချည်း ပဲ .."

"သြော်အေ ရုံ့ပိတ်**လွှတ်ချင်လို့** တောကိုလာရှာတာလည်း ဖြစ်နိုင် တာပဲ .."

"ဟော့ .. ဟော့ .."

နောက်က ပခုံးလာတို့မှ ရွှေစာတို့ အသေးမတို့ မျက်လုံးမျက်ဆံ ပြူးကုန်ကြသည်။ ရွှေတွဲလွဲ ငွေတွဲလွဲ အကောင်းစားဝမ်းဆက်တွေနှင့် မြို့သူမြို့သားအရှိန်အဝါကိုက လွှမ်းမိုးထားပြီးဖြစ်ကာ ..၊

"မင်းတို့တွေ ရိုင်းလှချေလား .."

"ဟုတ်ပ .. တောသူတွေပီသပ .."

"ဆရာမနီး ကျောင်းမနီးနဲ့ စာမတတ် ပေမတတ်တွေကိုး မကြီး ရဲ့ .."

ပြဿနာဖြစ်ကြပြီဆိုသည်နှင့် ရွာဦးစေတီကို ဦးတည်နေကြသည့်



ရွာသားတွေနဲ့ ခြေထောက်က နီတြာ တို့ ဆားမှာ တစ်ထပ်ပြီးတစ်ထပ် ပိုင်းပတ်တန်းစီးပြီးဖြစ်ကာ မိုးခြိမ့် တို့က ရှေ့ဆုံးက ..။

"ဘာဖြစ်တာလဲ မာမီ .."

"ဘာဖြစ်ရမှာလဲ .. သမီးတို့ကိုကြည့်ပြီး မိုက်မိုက်ရိုင်းရိုင်းတွေ အတင်းတုပ်နေကြတာလေ .."

"သမီး ထင်ပါတယ် .. လူစုမိတာနဲ့ သမီးဆီမှာပဲ မျက်လုံးကမခွာ ဘူး၊ အဆင့်ကိုမရှိဘူး .."

"အံမာ .. ဘာပြောလိုက်တယ် .."

နီတြာ အသံထွက်လာတာနှင့် မိုးခြိမ့် မျက်နှာရှုံ့မဲ့သွားသည်။

"မိုးခြိမ့် သူက မင်းတို့ပြောတဲ့ နီတြာရဲ ဆိုတာလား .."

သူမက မိုးခြိမ့် ကို ပြန်ငဲ့ကြည့်ပြီးမေးလျှင် မိုးခြိမ့် ဖြေချိန်ရမလိုက်..။

"ဟုတ်တယ် ငါပဲ .. ခုမှ မြင်ဖူးရင် သေသေချာချာကြည့်ထား .."

"မှတ်မိလွယ်တဲ့ ရုပ်ပါပဲ .."

နီတြာ ခေါင်းမှာ ကလစ်လှလှလေးနှစ်ခုက ကျောက်ပွင့်လေးတွေ နဲ့မို့ ဆံပင်နည်းတော့ လှုပ်လီလှုပ်လဲ့ဖြစ်နေကြသည်။ ဒါကို နှာခေါင်းရှုံ့ ကြည့်၍ ခပ်မဲ့မဲ့ရယ်ကာ ..၊

"သေချာကြည့်စရာမလိုပါဘူး .. နော် .. အန်တီစု .."

"ဟုတ်ပ .. ဟုတ်ပ .."

"ဟွန်း .. မြို့သူတွေအတင်းတုပ်တဲ့နည်းက ဒီလိုတွေ .. ဒီလိုတွေ လား .."

နီတြာ က နှုတ်ခမ်းရွဲ့ပြလိုက် မျက်ခုံးပင့်ပြလိုက်နှင့် ရွဲ့ချိတ်နေတာ မိုးခြိမ့် က ရယ်တော့ ထောင်းခနဲ စိတ်တိုသွားသည်။

"နင်တို့က ငါတို့အတင်းတုပ်ပြီးပြီကိုး .. ပြောစမ်းပါ ငါ့အကြောင်း မိန်းမတွေကို ဘာတွေပြောထားလိုက်လဲ .."

"ဘာလဲ .. ငါက ဘာပြောရမှာလဲ .."

www.burmeseclassic.com

www.burmeseclassic.com



"မိုးခြိမ့် ကို မမဲပါနဲ့၊ နင့်အကြောင်း ဘာပြောစရာရှိလို့လဲ ဆံပင်မပေါက်တဲ့မိန်းမ .. ပေမဓိ ဒေါက်မရှိ နူတ်ခမ်းပါး လျှာပါးနဲ့ ဒါတွေပဲပေါ့ .."

"ကြည့်စမ်း .. နီတြာ နင့်ကိုစော်ကားနေတာ .."

နီတြာ ကတော့ သူမပြောသမျှ မိုးခြိမ့် မျက်နှာဆီကိုသာ စူးစူးစိုက်စိုက် ကြည့်နေခဲ့၏။

"ဒါကို အတင်းမခေါ်ပါဘူးကွယ် မယုံနိုင်ရင် ကိုယ့်ပုံကိုယ် မှန်ပြေးကြည့်လိုက်ပေါ့ .."

"လက်တစ်ဝါးစာလောက် မှန်ပဲရှိမှာကို သမီးရဲ့ မျက်စိနှစ်ပေါက်ကလွဲပြီး ဘာမြင်မှာပဲ .. တောကလူတွေ အတွေးအမြင်မရှိတာလည်း မပြောနဲ့ မှန်တင်ခုံတောင်မှ .."

"ကဲဟာ ..."

"အောင်မလေး .."

ကျကျနနမဲ့ရွဲ့ပြောနေသည့် အန်တီဆိုသော အမျိုးသမီးကြီးကို နီတြာက ရေအိုးလေးပိုက်ထားရင်း ဘေးတိုက်တွန်းချလိုက်သည်။

ပြီးတော့ ပန်းတွေနဲ့ ညောင်ရေအိုးကို မိုးခြိမ့် ဆီ လွှဲပေါက်ပစ်၏။

"ဟာ .. ဘာလဲ .. ငါက ဘာလဲ .."

မိုးခြိမ့် အပြေးအလွှားရှောင်လိုက်သဖြင့် အိုးက ဒီတိုင်းကျကွဲသွားလျှင် ...၊

"ဖြန်း ..."

"အား ..."

အနားကပ်လာသည့် မြို့သူ၏ပါးကို ဖျန်းခနဲရိုက်ချလိုက်၏။

"ကောင်မ .."

မြို့သူပေမယ့် အသားနာတော့ ကျားနာတစ်ကောင်လို ခုန်ထ[illegible]သည်။ သူမ နီတြာ့ဆီ ဒေါသနှင့် ပြေးဝင်လျှင် မိုးခြိမ့် နီတြာ့ ရှေ့က[illegible]



ဝင်ကာတားလိုက်ကာ ...၊

"တော်ပြီ .. တော်ကြာတော့ .."

"ဘာလို့တော်ရမှာလဲ .. ငါက ခံလိုက်ရတာ မင်း ဖယ်ပေး .."

"ဖယ်လိုက်စမ်းပါ .. နီတြာတဲ့၊ မြို့ပြန်တဲ့အထိ နင့်ပါးမှာ အမှတ်တရဖြစ်အောင် လုပ်ပေးလိုက်မယ် .. လာစမ်းပါ.."

"တောက် ..."

"ဟာ .. မလုပ်နဲ့တော့လေ .. မယုသန္တာ .. တော်တော့ .."

မြို့သူက အရပ်မြင့်မြင့် ထွားထွားလှလှ ...။

နီတြာ က ပုတိုက်တိုက်သေးသေးလေး ...။

ပြီးတော့ အမေနဲ့ အဒေါ်လုပ်သူက လက်သီးလက်မောင်းတန်းပြီး ကပ်လာကြ၏။

မိုးခြိမ့် နီတြာ့ ကို ကာကွယ်ရင်း ရင်ဘတ်ကြီးတစ်ခုလုံး ဖွင့်ပေးထားရလျက် အတင်းဝင်ရိုက်နေသော ယုသန္တာ ရဲ့ ထုနှက်ချက်တွေက သူ့ကိုယ်ပေါ်မှာချည်းဖြစ်နေခဲ့၏။

အကြောင်းသားကြည့်နေခဲ့ကြသည့် အသေးမ တို့အုပ်စုနှင့် ငြေ တို့လည်း မိုးခြိမ့် နဲ့ နီတြာ့ ဘက်က ကာကွယ်ဝန်းရံလိုက်ကြကာ ...

"တော်ကြပါတော့ ခင်ဗျားတို့ကလည်း ဧည့်သည်တွေမို့လို့ပဲ .."

"နင်တို့က အိမ်ရှင်ဖြစ်ပြီး စရိုက်တာလေ .."

"ခင်ဗျားတို့က ဒီလောက်စော်ကားနေတာ ဖြစ်ပြီပေါ့ဗျ .."

"ကြည့်စမ်းဟယ် .. သူတို့လူကိုထိတော့ ကျီးကန်းတွေကျနေတာပဲ .."

ငြေ တို့ကလည်း ရန့်တွေ့ကောင်းတာ မိန်းကလေးတွေဝင်ရှုပ်ဖို့တောင် မလိုပေ။ စူးစူးရှရှ မိန်းကလေးသံတွေထဲမှာ ငြေ နဲ့ ဖျောက်ဒိုး တို့အသံက အောင်မြင်ခန့်ညားစွာ ...။

"ကျီးကန်းတွေတောင် အမျိုးထိရင် မချိအောင်နာကြတာ လူတွေက

www.burmeseclassic.com

www.burmeseclassic.com



ပိုတာပေါ့ ..”

“ဟုတ်တယ် .. တောသားဆိုပြီး ပေါကြောင်ကြောင်နေတိုင်း လျှော့မတွက်နဲ့ .. မထိသေးရင်း ရတယ် ထိလို့ကတော့ မီးပွင့်မယ်မှတ် ..”

ပြဿနာက လူကြီးအိမ်ထိရောက်သွားခဲ့ပြီး ရွာဦးစေတီအတွက် တန်ဆောင်းဆောက်လုပ်လှူဒါန်းမည့်အလှူငွေကို ယုသန္တာ တို့က ပြန်ရုတ်သိမ်းမလိုလို စကားနာထိုးသည်။

လူကြီးဦးထွေး က စိတ်မသက်သာသော်လည်း ခေါင်းညိတ်ရကာ...

“ဒါက အလှူရှင်ရဲ့ သဒ္ဓါစိတ်နဲ့သာ ဆုံးဖြတ်ရမှာပါ၊ အစ်မကြီးတို့ သဘောပါပဲ ..”

“ကျွန်မတို့က ဒီလူငယ်တွေအားလုံး အခုချက်ချင်း လာတောင်းပန်ကြမယ်ဆိုရင် ကျေနပ်မှာပါ ..”

“သန္တာ့ ကို ရိုက်သွားတဲ့ နီကြာရဲ့ ဆိုတဲ့ ကောင်မလေးကိုတော့ ဒူးထောက်တောင်းပန်ခိုင်းရမှာပဲ ..”

မိုးခြိမ့် ဒေါကန်သွားကာ ...၊

“အဲဒါ ဘာမှမဆိုင်ဘူး .. ‘ပေါက်ပင်ဘာကြောင့်ကိုင်း ဗျိုင်းနားလို့ကိုင်း’ ဒါပဲ ရန်ဖြစ်တာ နီကြာ ချည်းပဲ လွန်တာမဟုတ်ဘူး ..”

နားထောင်နေကြသည့်လူတွေ အံ့ဩကုန်ကြသည်။ ယုသန္တာ တို့သားအမိက မိုးခြိမ့် တို့ အဖွဲ့ကို အရေးထားဆက်ဆံဆုံး ...။

ထိုပြဿနာမှာ အောင်ကြီး တို့ကလည်း ဆိန်ခေါ်သည်။ ပြီးတော့ ရွာဦးစေတီအတွက် တန်ဆောင်းအလှူရှင်အဖြစ် သူတို့မောင်နှမချည်းပဲ တာဝန်ယူလှူဒါန်းဖို့ ကတိပြု၏။

ထိုအခါ ပြေလည်ကြသည့် မိသားစုတွေပါ သူပါမယ် ငါပါမယ် ဖြစ်ကုန်ကြပြီး စည်းလုံးခြင်းဖြင့် သက်သေပြ၏။

ယုသန္တာ တို့တွေ ရွာမှာတောင် မနေရဲတော့ဘဲ ပြန်လစ်သွားကြတာ နောက်လည်းပြန်မလာကြတော့ပေ ...။



“နေစမ်းပါဦး မိုးခြိမ့် ရယ် .. ဒီကောင်မလေး နင့်ကို ရေအိုးနဲ့တောင် ပေါက်သေးတယ်ဆို ဒါနဲ့တောင် ..”

“ပေါက်မှာပေါ့ ဒေါ်လေးရ သူတို့ပိုင်းပြောနေတာ ပေါက်ချင်စရာပဲကို .. အနားမှာသာ ဓားရှိရင် ကျွန်တော်ကိုယ်တိုင် သူ့လက်ထဲကောက်ထည့်ပေးလိုက်မှာ ..”

“ပေးလိုက်ရင် နင့်အရင်ထိုးလိုက်မှာလေ ..”

“နီကြာ ကျွန်တော့်ကို ဘယ်တော့မှ အဲ့လိုမလုပ်ဘူး ..”

သူစိမ်းဖက်၍မရသော မိုးခြိမ့် နဲ့ နီကြာ တို့ရဲ့ ချစ်ခြင်းကို တောင်ကြီးရဲ့ ဓားချက်တစ်ချက်ကသာ စည်းမခြားခဲ့ဘူးဆိုလျှင် ...။

♣

www.burmeseclassic.com

www.burmeseclassic.com



အခန်း (၂၈)

"ခင်ဗျားကလည်း ယောကျ်ားချင်းမာနကိုင်တာကတစ်မျိုး ဆက်ဆံရေးကျဲလိုကျဲ .."

"မင်းကို ငါ ဆက်ဆံရေးကျဲတာမဟုတ်ဘူး .."

"မကျဲရင် ခဏအလည်လိုက်ပါရစေဆိုတာလေးကို ပေါ်တင်ကြီး ခေါင်းခါနေတာ ဘာလဲ .."

"ငါ့အိမ်မှာ လူမမာနဲ့ .."

"လူမမာတော့ ပြုစုမပေးတတ်ဘူးလေ .. ဒါပေမယ့် ခင်ဗျား ထမ်းဆောင်ရမယ့်တာဝန်တစ်ဝက် ကျွန်တော် ထမ်းနိုင်တယ် .."

"မင်းက .."

သူ့ကို ခြေဆုံးခေါင်းဆုံးကြည့်ပြီး ပြန်မေးတော့ နှင်းမောင်မောင်က ပခုံးတွန့်ရယ်ရင်း ...၊

"ကျွန်တော်က ဘာဖြစ်နေလို့လဲ ကိုယ့်ကိုယ်ကိုယ်လည်း ပြန်ကြည့်ပါဦး 'ငါ တော်တော်ယောကျ်ားပီသနေလားဆိုတာ' .."

မိုးခြိမ့် မျက်နှာ ရှက်သလိုကြီးဖြစ်သွားသည်။ အရပ်ချင်းကလည်း အတူတူ၊ ဖြူန်းခနဲကြည့်လျှင် ဂျာကင်တွေ ဘောင်းဘီတွေနှင့် ရှူးဖိနပ်



မီးခိုးရောင်စပ်ကျားကလည်း အတူကြီးဖြစ်ကာ နှင်းမောင်မောင် ထွားကျိုင်းတာက သူ့ထက်တောင် ကြည့်ရှု့ကောင်းနေသေးသည်။

ပြီးတော့ မြို့သားနဲ့ တောသား ကွာခြားမှုတွေ မြောက်များစွာနှင့်မတူတာကတော့ လုံးဝမတူပါ။ တောလမ်းခရီးကို စတင်ခရီးနှင်ရင်း သူ့နောက်ကလိုက်ပါလာသည့် နှင်းမောင်မောင် ကြောင့် မိုးခြိမ့် သက်ပြင်းတွေပဲချမိနေကာ ...။

"ငါ မင်းကို ကျေးဇူးတင်ပါတယ် .."

"ဒါပေမယ့် လိုက်မလာပါနဲ့လို့ ထပ်ပြောမလို့လား .. ကားပေါ်က ဆင်းနေခဲ့ပြီးပြီ၊ ပြန်တက်ဖို့လည်း ပိုက်ဆံအိတ်က ပျောက်ကျန်ခဲ့ပြီ .."

မိုးခြိမ့် ခြေလှမ်းရပ်ရင်း ပြန်ငဲ့ကြည့်မိကာ ...၊

"ဒါလည်း မင်းသေချာမရှာမိသေးတာ မဖြစ်နိုင်ဘူးလား .."

"တည့်တည့်ပြောစမ်းပါ .. ခင်ဗျားနောက်လိုက်ချင်လို့ ညာပြောနေတာလို့ .."

မိုးခြိမ့် က အားနာသည့်အပြုံးနှင့် ရှေ့ဆက်လျှောက်ခဲ့ရင်း ...၊

"ငါ အဲဒီလိုမပြောပါဘူး .."

"မပြောရင်ပြီးတာပဲ .. ကျွန်တော့်ပိုက်ဆံအိတ်ပျောက်သွားပေမယ့် ဘောင်းဘီအိတ်ထဲမှာ ကျန်သင့်သလောက်တော့ ကျန်ပါသေးတယ်၊ ခင်ဗျားပြောသလို ရွာရောက်တာနဲ့ ပြန်ပြေးချင်လောက်အောင် ကျွန်တော် ဖြစ်လာရင် တန်းပြန်လစ်မယ်၊ တစ်လကိုးသီတင်းနေချင်စိတ်ဖြစ်လာရင်လည်း နေ့စဉ်ထမင်းစရိတ်ပေးစားမယ် .. ဒါဆို အဆင်ပြေလား .."

"ဒါကျတော့ ပိုက်ဆံအိတ်မပါဘဲ ဘာနဲ့ပေးမှာလဲ .."

"ဘာလဲ .. ထမင်းစရိတ်မပေးမှာစိုးလို့ မေးတာလား .. ပိုက်ဆံအိတ် ပျောက်မပျောက် နောက်ထပ် အစ်ကြည့်တာလား .."

မိုးခြိမ့် က ပြန်ငဲ့ကြည့်လိုက်ပြီး သူ့နောက်မှာ အမြဲဖြစ်နေတတ်သည့် နှင်းမောင်မောင်ကို ရပ်စောင့်လိုက်သည်။ ပြီးမှ ...

"နောက်ထပ် နှစ်မိုင်လောက်လျှောက်ပြီးရင် ခုတိုနှစ်ယောက်ယှဉ်

www.burmeseclassic.com

www.burmeseclassic.com



သွားလို့ သိပ်မကောင်းတော့ဘူး ..”

“ဘာဖြစ်လို့လဲ .. ခုထိတော့ လွင်တီးခေါင်ခေါင်ပါပဲ ..”

“ဟုတ်တယ် ခြုံပုတ်ကြီးတွေ ထူထပ်နေတာမျိုးရှိတတ်တယ်၊ သစ်ရွက်စိမ်းပင်လေးတွေလည်းရှိတော့ရှိတယ်၊ ဒါပေမယ့် အရိပ်ကောင်းရတဲ့အပင် သိပ်မရှိဘူး၊ ပူရင်တအားပူပြီး ညဘက်ကျပြတော့ အေးနေတာများတယ် ..”

“ဒါဆို ညဘက်ခရီးသွားလို့တော့ ကောင်းတာပေါ့ ..”

“ဒါပေမယ့် ရာသီဥတုဆိုးလွန်းလို့ ငါတို့ဘက်ရွာတွေက အပြင်ထွက်တဲ့အကျင့်တောင်မရှိကြသလောက်ပဲ ..”

“လမ်းမနဲ့ ဘယ်လောက်တောင်ဝေးလို့လဲဗျာ .. ဒီလောက်လည်း မခေါင်သင့်ပါဘူး ..”

“ငါပြောချင်တာက မင်း အခု ငါနဲ့လိုက်လာသလိုပဲ မင်း ပြန်ချင်ပြီဆိုရင်လည်း ငါတို့ ပြန်လိုက်ပို့ရမှာပဲ ..”

“ဓားပြတွေရှိလို့လား ..”

“ရှိရှိ .. မရှိရှိ ဒီလမ်းဒီခရီးကို တစ်ယောက်တည်း ဘယ်သူမှ သွားလာကြတာမရှိဘူးလေ ..”

“အခု ခင်ဗျားတစ်ယောက်တည်း ပြန်လာတာပဲ ..”

“ငါတို့ရွာကထွက်ရင် ည၊ ရွာကိုပြန်ဝင်ရင် နေ့လေ .. ပြီးတော့ မနက်ပိုင်းခုလိုဝင်လာရင် တောင်တစ်လုံးကျော်မှ နေပူထိတာ ..”

“ကျွန်တော်လည်း မိုးလင်းမှ ထွက်မှာပေါ့ဗျာ .. ခင်ဗျားတို့အလုပ်ရှုပ်ခံပြီး ပြန်ပို့မပေးရပါဘူး၊ အိုခေလား ..”

ခုတော့ နေထွက်လုနေပါပြီ ..။ ကားပေါ်ကဆင်းလာတည်းက အရဏ်တက်ခဲ့ပြီမို့ ရွာကိုနေပူမှရောက်ကြတော့မှာ သေချာနေကာ ..။

“မင်း ခုပဲ စိတ်ပျက်ရတော့မှာ ..”

ပြောပြီး အရှေ့မိုးကုတ်စက်ဝိုင်းဆီ လှမ်းကြည့်ကာ ...

“နေမပူခင် မြန်မြန်ရောက်အောင် မသွားနိုင်ရင် မင်းရဲ့ ဖြူသား



စတိုင်လ်လည်းသွားပြီ၊ ကျောကွဲအောင်ပူတဲ့ နေနဲ့ လျှာထွက်ပြီ ..”

“မထွက်ပါဘူး .. ကျွန်တော့်အိတ်ထဲမှာ ရေဘူးနှစ်ဘူးတောင်ပါတယ် ..”

“ဟား .. ဟား .. ဟား ..”

“တကယ်ဆို ခင်ဗျား ကျွန်တော့်ကို ကျေးဇူးတင်သင့်သေးတယ်..”

နှင်းမောင်မောင် သူ့ ခြေလှမ်းကို မီအောင် လိုက်လျှောက်နေရင်း..

“ကျွန်တော့်လို စကားပြောဖော်ကောင်းတစ်ယောက်ရှိနေလို့ ငြင်းလိုက ် တင်းလိုက်နဲ့ ရှေးဟောင်းနှောင်းဖြစ်လေးတွေလည်းပြောရင်း ခင်ဗျားစိတ်တွေ ခံရသက်သာသွားတယ်မို့လား ..”

မိုးခြိမ့် မျက်နှာတည်သွားသည်။

“ကျေးဇူးတင်ဖွယ်တွေဖြစ်ခဲ့ရင်လည်း တင်ရမှာပေါ့ကွာ .. ဒါက..”

“အား ...”

“နှင်းမောင်မောင် ..”

ရှေ့ကိုကျော်သွားကာမှ မိုးခြိမ့် ကမန်းကာတန်းပြန်လှည့်လိုက်ရသည်။ နှင်းမောင်မောင် ခြေခေါက်လဲလျက် လက်ဖဝါးတစ်ဖက်ကို ဖြန့်ကားကြည့်ပြီး မျက်လုံးတွေပြူးနေ၏။

“ဒါ .. ဒါ .. ဘာကောင်တွေလဲ ..”

“အဲဒါ ဆူးကင်းတွေပဲ ရှေ့လျှောက် နှစ်ယောက်တွဲသွားမလို့ သိပ်မကောင်းတော့ဘူးဆိုတာ အဲဒီအပင်တွေချည်း တစ်ပြန့်တစ်ပြောဖြစ်နေမှာမို့လို့ပြောတာ ..”

“အား .. နာလိုက်တာဗျာ .. ဖိနပ်ကချိုင့်ထဲကျလို့ ခြေထောက်ခေါက်သွားတာ ..”

“အဲဒါနဲ့ ဓားကိုလက်ထောက်လိုက်တာမို့လား ..”

“ဟုတ်တယ် .. မြေကြီးပေါ်မှာ တစ်သားတည်းပြန့်ပေါက်နေတာ သတိကိုမထားခဲ့မိဘူး ..”

“ဒါပေမယ့် အရမ်းနာတယ်ကွ .. နေဦး ..”

www.burmeseclassic.com

www.burmeseclassic.com



မိုးခြိမ့် မတ်တတ်ကနေ ငုံ့၍ နှင်းမောင်မောင် လက်ဖဝါးပေါ်က ကြံရည်ရောင်ဖြူဖတ်ဖတ် အချောင်းကလေးတွေကို တစ်ခုချင်းစီ ဝိုင်းကူ နှုတ်ပေးလိုက်သည်။

"အထဲမှာ ကျန်ခဲ့နိုင်လား .."

"မကျန်ပါဘူး .. ဒါပေမယ့် တော်တော်နဲ့ အနာမပျောက်ဘူး .."

ကြည့်လိုက်တော့ မိန်းကလေးတစ်ယောက်ရဲ့ မျက်တောင်ဖျားလေး ကော့နေသလို ပန်းပွင့်လေးတွေအရွယ်က ရေတ်ကောင်းစွေသာသာရယ်..။

ဒါပေမယ့် တစ်ပွင့်ချင်းပုံမဟုတ်တော့ဘဲ ဆူးပန်းပွင့်တွေလို တစ်ခင်းကြီး ပြွတ်သိပ်နေတာဖြစ်သည်။ နှင်းမောင်မောင် တော်တော်လန့်သွားပုံပေါ်ကာ မိုးခြိမ့် က ခေါင်းတစ်ချက်ခါ၍ ..၊

"ကဲ .. ဘယ်လိုလဲ .. မင်း ပြန်လှည့်ချင်လား .."

"မလှည့်ပါဘူး .. ခင်ဗျားလည်း အဲ့လောက်တောင် ဖွတ်ခေါ်မနေ ပါနဲ့ဗျာ၊ နည်းနည်းတော့ စဉ်းစားပါရစေဦး .."

"အဟွန့် .."

ဒီကောင့်ကြောင့် သူ ပြုံးမိရယ်မိတာတွေ အခါခါပါ။ ထို့ပြင် တွေးရင်း မျက်လုံးမှိတ်လိုက်ရင်း မြင်ယောင်လာတတ်သည့် နီကြာ ရဲ့ စိတ်ဆင်းရဲစရာအဖြစ်တွေကိုလည်း မြင်ယောင်ချိန်မရှိခဲ့ပေ ..။

ဒါကိုတော့ ကျေးဇူးတင်သင့်တာသေချာ၏။

"ခင်ဗျားတို့လို မြို့ကိုသွားဖို့ ရထားလမ်း ကားလမ်းနဲ့ ဝေးတဲ့ရွာတွေရှိပါတယ်ဗျာ .. ဒါပေမယ့် လှေကြုံလှည်းကြုံတွေနဲ့ သက်သက်သာသာသွားကြတာပဲ .."

"လှည်းသွားဖို့ မပြောနဲ့ ဆိုင်ကယ်လ်သွားတာတောင် အန္တရာယ်ရှိလို့ ငါတို့ရွာမှာ ဆိုင်ကယ်လ်တွေရှိပြီး လူတိုင်းမစီးကြဘူး .."

"ဘာဖြစ်လို့လဲ .."

"အခု နေရောင်မကျော်နိုင်တဲ့တောင်က သိပ်မမြင့်ဘူး၊ ဒါပေမယ့် တောင်ခြေမှာ ချောက်ကမ်းပါးရှိနေတော့ စနစ်တကျဖောက်တဲ့လမ်း



မဟုတ်တဲ့အတွက် ဆိုင်ကယ်လ်ဖြတ်ရင် အန္တရာယ်ကြီးတယ် .."

"တော်တော်နက်လို့လား .."

"သိပ်အနက်ကြီးမဟုတ်ပါဘူး .. ဒါပေမယ့် .."

"မိုးခြိမ့် ..."

ဟင်!...

သူ့စကားသံရပ်သွားကာ ဖျတ်ခနဲနောက်လှည့်ကြည့်မိ၏။

နီကြာ ခေါ်လိုက်တာပါ။

သူ သေချာကြားလိုက်သည်။ ဒါတော့ အိပ်မက်ထဲမှာ လုံးဝ မဟုတ်ဘူး ..။

"ဘာဖြစ်လို့လဲ!..."

"ငါ့ကိုခေါ်လိုက်တာ .."

"ဘယ်သူကလဲ .. ဘာသံမှမကြားလိုက်ပါဘူး .."

မိုးခြိမ့် မျက်နှာပေါ်ကအပြုံးတွေ ပျောက်ကွယ်ကုန်သည်။ ပြီးတော့ တတ်ဝန်းကျင်ကို လှည့်ပတ်ကြည့်ပြီး အကြာကြီးရပ်နေမိ၏။

"ဘေးမှာ ပုန်းကွယ်နေလို့ရတဲ့ သစ်ပင်အဆောက်အဦးလည်း ဘာမှမရှိဘဲနဲ့၊ ခင်ဗျား သူ့ကို စိတ်ပူနေလို့ နားထဲမှာ စွဲနေတာဖြစ်မှာ ပါ .."

မိုးခြိမ့် အသံတိတ်နေခဲ့ရင်း ခြေလှမ်းတွေ ပိုမြန်သွားသည်။ နီကြာ ကို သူ စိတ်စွဲနေတာကမှန်သည်။ ဒါပေမယ့် နီကြာ ကို မြင်ယောင် မိတ်ရတိုင်း စိတ်မချမ်းမြေ့ဖြစ်နေရခြင်းနှင့် ပတ်သက်ပြီး ဘယ်လိုမှ နားမလည်နိုင်ပေ ..။

ကိုယ်ချစ်တဲ့သူကိုမြင်ယောင်နေမိတာ ဘာမှမဆန်းသလို သူက သူ့ကိုပဲ စိတ်တန်းနေလို့ စိတ်ချင်းဆက်သွယ်နေတယ်ဆိုတာလည်း ဆန်းပါ။

သို့သော် အမြဲတမ်း လှုပ်ရှားပျော်ရွှင်ဖွယ်တွေနဲ့သာ ပြည့်နှက်နေ တဲ့ အတိတ်က သူ့စိတ်အာရုံမှာကျမှ ဘာဖြစ်လို့ မလှမပ ငိုကြွေးသံ

www.burmeseclassic.com

www.burmeseclassic.com



တွေချည်းဖြစ်နေခဲ့တာလဲ ..။

ရောဂါဖြစ်နေသူဟာ ရောဂါကိုကုသနိုင်တော့မည်ဆိုတာ ဝမ်းသာစရာပေမယ့် နီကြာ က ငိုနေသည်။

မိုးခြိမ့် ရဲ့ ခြေလှမ်းတွေက မျက်ရည်တွေကိုသာ မြင်ယောင်နေခဲ့ပြီး မြန်သည်ထက် မြန်လာသည်။ နောက်ထပ် ခေါ်သံကိုမကြားရဲ့ရွာသူ သွားနေသလောက် နှင်းမောင်မောင် လိုက်နေရတာ ဟောဟဲဆိုက်နေသည်။

ဘယ့်နှယ် ဒီလောက်အဝေးကြီးမှာရှိနေတဲ့ လူမမာက မိုးခြိမ့် နောက်တကောက်ကောက်လိုက်နေနိုင်တာလဲ ..။ နေရောင်ခြည်က တောင်ကွယ်မှာသာရှိနေသေးပေမယ့် သူ့တစ်ကိုယ်လုံး ချွေးပြန်နေ၏။

♣



အခန်း (၂၉)

'ရွာရောက်ပြီ' လို့ မိုးခြိမ့် လှည့်ပြောလိုက်တော့ စိမ်းညို့ညို့တောအုပ်ဘုံလိုအရာကို လှမ်းမြင်လိုက်ရသည်။ ထိုဆီကို တော်တော်လေးသွားလိုက်ရာ ပထမဆုံး ရေတွင်းဟောင်းကြီးတစ်တွင်းကို ဖြတ်ကျော်ခဲ့သည်။

ထို့နောက် ဟျဉ်ထောင်အိမ်အကြီးအသေးတွေချည်း ခြံကျယ်တွေနဲ့ ခပ်ကျဲကျဲရှိနေကြတာကို မြင်လာရသည်။

တောင်ကြီးတွေ ကာရံထားတာမဟုတ်သော်လည်း တစ်လမ်းလုံး ကနေ ရွာရောက်တဲ့အထိ အိမ်တွေကိုက အမြင့်ပိုင်းရောက်နေလိုက် ရှိတဲ့အိမ်က နိမ့်နေလိုက်နှင့် ..။

ဒါပေမယ့် မွတ်သားစရာပန်းချီတစ်ချပ်သဖွယ် အိမ်လေးတွေရော ခြံဝင်းထဲက စားပင်သီးနှံတွေကို စနစ်ကျစိုက်ပျိုးထားတဲ့ပုံစံတွေရော အားလုံးက သေသပ်လှပနေကြသည်။

ရွာမရောက်ခင် လမ်းတစ်လျှောက်မှာ မြင်လာခဲ့ရသည့် ကျွန်းပင်မြင်ကွင်းတွေကို မြင်ယောင်မိကာ ကိုယ့်အိမ်ဆောက်ဖို့ ကိုယ့်ဘာသာ စိုက်နေကြတာလားလို့တောင် မြင်ယောင်မိတဲ့အဖြစ် ..။

www.burmeseclassic.com

www.burmeseclassic.com



မြို့နဲ့ အလှမ်းဝေးသော ဆက်သွယ်ရေးလည်းမကောင်းသည့် အရပ်ဒေသလေးတစ်ခုသည် ရောင့်ရဲနိုင်ကြသော စည်းလုံးသောရွာသားတို့ဖြင့် တည်တံ့ရပ်တည်လာခဲ့တာ ခေတ်ဘယ်နှစ်ဆက်လောက်ရှိခဲ့ပြီ မသိ ..

မိုးခြိမ့် ကို ကြည့်ပြီး ပြောသောစကားများအရ ဒီလိုပုံစံနှင့် အရပ်ဒေသတစ်ခုဖြစ်နေမည်လို့ မထင်ခဲ့သဖြင့် နှင်းမောင်မောင် တအံ့တဩ ဖြစ်နေခဲ့မိလျက် ..။

"ဟာ .. မိုးခြိမ့် .."

"မိုးခြိမ့် ပြန်လာပြီဟ .."

"နေမြင့်နေပြီမို့လို့ မင်းမလာတော့ဘူးထင်နေတာ၊ သွားစမ်း .. သွားစမ်း မိုးခြိမ့် ပြန်လာပြီလို့ ပြေးပြောစမ်း .."

"မိုးခြိမ့် မြန်မြန်သွား မင်းတို့အိမ်မှာ ပြဿနာတက်နေတယ် .."

နှစ်ယောက်က မိုးခြိမ့် ကို လှမ်းမြင်ပြီး ခပ်လှမ်းလှမ်းကနေ ပြေးလာပြောသည်။ ပြီးတော့ ခြံတစ်ခြံထဲက ပြေးထွက်လာသည့်နှစ်ယောက်ကို လက်ဆင့်ကမ်းခိုင်းစေလိုက်ရင်း ..၊

"လာ .. လာ .. အဲ့ဒါ မင်းရှင်းမှ ရမှာ .."

မိုးခြိမ့် ရဲ့ အိတ်တွေကို သူတို့က ပြောင်းယူလိုက်ပြီး ပြေးလွှားသွားကြသဖြင့် နှင်းမောင်မောင် ကိုယ့်ကိုခေါ်သူမရှိသော်လည်း ပြေးလိုက်ခဲ့ရလေသည်။

လမ်းဆုံတစ်ခုကို ဖြတ်ကျော်ခဲ့ပြီး လမ်းကြားတစ်ခုထဲဝင်လိုက်လျှင် နှစ်ထပ်ပျဉ်ထောင်အိမ်တစ်လုံးရှေ့မှာ အထဲကနေ ပြေးထွက်လာကြသည့် လူရွယ်တစ်ချို့ကို မြင်လိုက်ရပြီး ..၊

"မိုးခြိမ့် .. အောင်ကြီးတို့ နီတြာ ကို ပြန်သယ်ကြဖို့လုပ်နေကြတယ် .."

"သယ်လို့ရမလား .. တောက် .."

"ဟော .. ဟိုမှာလာပြီ မိုးခြိမ့် ဆိုတဲ့ကောင် .."



တောင်ကြီး က စိတ်ကယောက်ကယက်ဖြစ်နေသူမို့ မိုးခြိမ့် ကို လှမ်းမြင်လိုက်တာနှင့် ပြေးထွက်လာကာ ..၊

"ဟော့ကောင် .. မင်း ငါ့နှမကိုယူထားစမ်းပါကွာ .. ဟိုကောင်တွေက အတင်းပြန်ခေါ်မယ်လုပ်နေကြတယ်၊ တော်တော်မိုက်တဲ့ကောင်တွေ .. ဆောက်ပုဝ်စော်နံနေတာတောင် ရှုလည်းမရှုကြဘူး .."

တောင်ကြီးက စိတ်ထဲရှိသလိုပြော၍ နှာခေါင်းလည်း ပိတ်ထားသေးသည်။

"မိုးခြိမ့် ..."

"မိုးခြိမ့် ရေ အေးဆေးပြော သား .. သူတို့ကလည်း ဆေးကုပေးချင်လို့ ခေါ်နေတာ .."

ခေါ်ညို့ ဒီဘက်မှာ ရန်ဖြစ်နေပေမယ့် ကိုယ့်သားပါလာပြီဆိုတော့ ဘက်တပြက် ခားတပြက်တွေဖြစ်ကုန်မှာစိုးသည်။ ထို့ကြောင့် ကိုယ့်သားသကိုထိန်းသိမ်း၍ သားကိုဆုံးမနေရ၏။

"ဆေးကုပေးမယ်ဆိုတိုင်း ခေါ်လို့ရမလား .. ဘယ်သူကရော ငုတ်တုတ်ထိုင်ကြည့်နေလို့လဲ အဓိပ္ပာယ်ကိုမရှိဘူး .."

"ဟော့ကောင် .. မင်း ဘာသာထိုင်ကြည့်နေနေ မနေနေ ငါတို့ပြောခွင့်ရှိတယ် ခေါ်ခွင့်လည်းရှိတယ် နီတြာ က ငါတို့ညီမ မင်းနိုးသွားပေမယ့် .."

"အဲ့ဒါ ခင်ဗျားတို့ ကိုယ့်လူကိုယ်ခါးနဲ့ ခုတ်သတ်လို့ ခုထိ ကျုပ်တို့ ကျင်းရတာလေ၊ မောင်နှမချင်းမို့လို့ ဒီကိစ္စ ဒီမှာတင်ထားလိုက်တာ .. ပဉ္စက်ကိုယ်ပြန်ဖော်မနေနဲ့ .."

"အံမာ .. မင်းကိုပါ ခုတ်သတ်လိုက်လို့ရတယ် နားလည်လား .. ငါ့ခြံထဲကျူးကျော်ပြီး ငါ့နှမကို လာခိုးတာလေ .."

"ဟုတ်လား .."

မိုးခြိမ့် က ဓားမကြီးတစ်ချောင်းပြေးဆွဲယူလိုက်လျှင် ..၊

www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ .. ဟဲ့ .. လုပ်ကြပါဦး .. လူကြီးကိုသွားခေါ်ကြပါဦး ဆွဲကြ ဦး .."

"မိုးခြိမ့် မလုပ်နဲ့ .."

"မဆွဲနဲ့နော် .. ငါ့တူကို ဝင်ဆွဲတဲ့သူ ငါနောက်ကခုတ်မှာ .. ဆွဲသလိုင် နဲ့ ချုပ်ပေးတာမျိုးလာမလုပ်နဲ့ .."

ထားခင် ကလည်း ဓားမတစ်ချောင်းပြေးဆွဲထားသဖြင့် လူတွေရှဲ ဆုတ်သွားကြကာ ထိုထဲမှာ အောင်ကြီး တို့လည်းပါ၏။

"လုပ်လေ .. နီတြာ ကို ထိကြည့်လိုက် ခင်ဗျား .. ခင်ဗျား သရက် ရှေ့မှာမို့ ပိုင်နက်ကျူးတယ်ဆိုရင် အခု ခင်ဗျား ကျုပ်အိမ်ထဲမှာဆိုတော့ နုပ်နုပ်စင်းပြီး နေခြောက်လှမ်းပစ်လို့တောင်ရတယ် .. အဲ့ဒါ ယုံလား .."

အောင်ကြီး နံဂျက်ကူတာဆဆနှင့် အံကြိတ်နေ၏။ ချက်ကြီး ကလည် ဓားတိုကို ကိုင်လျက် ရပ်နေရာမှ ရှေ့မတိုးပေ ..။ ထို့ပြင် တောင်ကြ ကလည်း သူတို့ဘက်မှာ မရှိ ..။

"အဲ့တာပြောတာပေါ့ ဓားတွေတုတ်တွေ မကိုင်ကြနဲ့ ခုတ်မိလ် မယ်ဆိုတာ ဟိုတစ်ယောက်က ဓားခုတ်ခံရလို့ ပုပ်ပွနေပြီ .."

"ဟော့လူ .."

"ဘာတုံး .. ငါက မင်းဘက်ကလေ နီတြာမ ကို ခေါ်မသွားခိုင် လို့ မင်းကို အကြံကောင်းပေးနေတာ .."

ပြောပြီး ခေါသတကြီးကြည့်နေသည့် ချက်ကြီး နဲ့ အောင်ကြ တို့ကို လှမ်းကြည့်၍ မျက်စိတစ်ဖက်မှိတ်ပြကာ ..၊

"သ: သာနေကြ .. ပုပ်စော်နံလွန်းလို့ ဒီကောင်ခေါ်ထားလိုက်အော ငါညာပြောနေတာ .."

လူတွေကြားထဲမှာ အရှုးက နှစ်ဖက်ခွပေါင်းနေသဖြင့် ရှိနေသ လူတွေ ငိုရခက်ရယ်ရခက် ..။

"ခင်ဗျား ထွက်သွားလိုက်တော့ တောင်ကြီး .. သွားဗျာ .."



ပုပ်စော်နံတယ်ချည်းပြောနေသဖြင့် သည်းမခံနိုင်ဖြစ်လာကာ မိုးခြိမ့် က တောင်ကြီး ရင်ဘတ်ကို ဓားနောင့်နဲ့ ဖိတွန်းပစ်လိုက်၏။ အောင်ကြီး ခေါသထွက်သွားလျက် ..။

"မင်း ဘာလုပ်တာလဲ .. ငါ့ညီကို .."

"ခင်ဗျား မမြင်ဘူးလား .. မြန်မြန်ခေါ်သွားရင်သွား မသွားရင် ဓားသွားနဲ့ တဆုံးခုတ်ချလိုက်မှာ .."

"အေး .. အဲ့ဒီကောင်ကလည်း မင်းထက်မိုက်တဲ့ကောင်ပဲ၊ ဒါတွေ သူ့ကြောင့်ဖြစ်လာတာ ရှူးနေမှန်းသိကာမှ မင်း သတ္တိတွေပြမနေနဲ့ .."

"ဒါဆို မရူးတဲ့ကောင်ထွက်လေ .. သတ္တိဘယ်လောက်ရှိလဲ စမ်း ကြတာပေါ့ .."

"ဟော့ .. ဟော့ .. တော်ကြတော့ .. တော်ကြတော့ .."

ဦးထွေး နဲ့ ဦးမာတို့ လူကြီးသုံးလေးယောက်နဲ့ ပြေးလွှားဝင်လာ ကြသည်။ ပြီးတော့ မိုးခြိမ့် နဲ့ အောင်ကြီးတို့ တစ်ဖက်စီမှာ လူခွဲဝင်ပြီး ထိန်းသိမ်းလိုက်ကြကာ ..၊

"ထစ်ခနဲရှိ မင်းတို့က ဓားတပြတ် တုတ်တပြတ်နဲ့ပါလား .."

ဦးထွေး မျက်လုံးက ထားခင် လက်ထဲက ဓားဆီရောက်သွားလျှင် ထားခင် က ဓားကိုင်သည့်လက်ကို ဆန့်ချလိုက်ပြီး တင်ပါးနောက်မှာ မသိမသာကွယ်၏။

"အခု မင်းတို့မရပ်ဘူးဆိုရင် မြို့တော်ရွာကြီးက ဂတ်တဲကို လူလွှတ် အကြောင်းကြားခိုင်းလိုက်တော့မယ် .."

ရဲစခန်းကို လူကြီးပိုင်းတွေက ခုချိန်ထိ ဂတ်လို့ခေါ်နေကြဆဲဖြစ် ကာ ထိုစကားကြောင့် တောင်ကြီး ရှုံ့မဲ့သွားပြီး ..၊

"ဂတ်တဲရောက်အောင် သွားပြန်နေရင် ဒီမှာ အကုန်လုံး ပုပ်စော် နံလို့သေ .."

သူ့စကားမဆုံးခင် မိုးခြိမ့် က လှည့်ကြည့်လိုက်သဖြင့် ရှေ့ဆက်

www.burmeseclassic.com

www.burmeseclassic.com



မပြောတော့ဘဲ အောင်ကြီးတို့ဘက် ပြေးသွားပြီးမှ ..၊

"ပုပ်စော်နံလို့သေရချေရဲ့ ဦးထွေး ရယ် .."

"ဒီမှာ ကိုထွေး ရယ် .. အခုဖြစ်နေတာက သတ်ချင်ဖြတ်ချင်ကြလို့မဟုတ်ပါဘူး .."

ဒေါ်ညို က ကြားဝင်ရှင်းပြ၍ ...

"မလှုပ်နိုင်မကြွနိုင်တဲ့ လူမမာကို အိမ်ပြန်ခေါ်မယ်ဆိုတော့ .."

"ဒေါ်ညို ခင်ဗျားမလိမ်နဲ့နော် .. နီတြာ မနေ့ညက ကျူပ်တို့ရှေ့မှာတင် လမ်းလျှောက်ထွက်လာတာ .."

ဟင်!...

မိုးခြိမ့် ရဲ့ အကြည့်တွေ ဒေါ်ညို့ ဆီ ရောက်သွားသည်။ ပြီးတော့ ထားခင် ဆီသို့ ...။

"အဲ့ဒါမဟုတ်ဘူး .."

ထားခင် က လက်ကာပြရင်း ခေါင်းလည်းခါသည်။ ဒါပေမယ့် ဘယ်လိုပြောရမှန်းလည်းမသိ ...။

"အမေ ..."

မိုးခြိမ့် ဒေါ်ညို့နား ကပ်၍ ...

"သူတို့ ဘာတွေပြောနေတာလဲ နီတြာ က .."

"သားရယ် အဲ့ဒါကလေ .."

"မိုးခြိမ့် လာ .. ငါတို့ပြောပြမယ် .."

မိုးခြိမ့် ကို ငြေ နဲ့ ကျောက်ဒိုး က လက်ဆွဲခေါ်သွားကြကာ အောင်ကြီးတို့ အနည်းငယ်ဝေးသွားကာမှ လူကြီးတွေက ဖျောင်းဖျခေါ်သွားကြ၏။

ထိုအချိန်မှာ ရွာထဲကလူတွေ ဒေါ်ညို အိမ်မှာ တော်တော်စုဝေးရောက်ရှိလာကြပြီဖြစ်လျက် ...။

"လမ်းထလျှောက်တာ မဖြစ်နိုင်ပါဘူးတော် .."



"ဒေါ်ညို ကိုယ်တိုင် ဟုတ်ပါတယ်လို့ပြောနေတာပဲ .."

"လူမမာကဖြင့် အသားတွေတောင်ပြာနေပြီဥစ္စာ .."

"ပုပ်စော်နံနေတာလည်း လူမမာဆိုကလို့ တောင်ကြီး အော်နေတာမကြားဘူးလား၊ အရူးစကားဆိုပေမယ့် ဒါ ဖြစ်နိုင်တာပဲဟာ .."

"ပုပ်နေမှတော့ အသက်ရှိပါ့မလား .."

"ရှိချင်မှလည်း ရှိမှာပေါ့ .. ကျူပ်ဖြင့် ဒီမိန်းကလေး ဖုတ်ဝင်နေတာပဲထင်ပါတယ် .."

"အေးနော် .. မနေ့ညကလည်း ခတ်တိုင် ပြောတယ်တဲ့၊ နီတြာ က သေပြီ .. အဲဒါ သရဲလို့ .."

ရန်ပွဲက စဲသွားပေမယ့် နှင်းမောင်မောင် က ရွာလူတွေကြားထဲမှာမို့ ပြောသမျှကို ကြားနေရသည်။ သူ့ကို ဘယ်သူကမှလည်းဂရုမစိုက်၊ ထိုင်ပါဝင်ပါလည်းမပြော ...။

ဒါပေမယ့် သူ လူတွေနဲ့ အလှမ်းကွာသည့် ခုံတန်းတစ်ခုမှာ ဝင်ထိုင်နေလိုက်သည်။ မိုးခြိမ့် တို့ ဝင်သွားကြတာ နီတြာ အခန်းဆိုတာ သိပေမယ့် ဒီကပဲစောင့်ဖို့ စိတ်ကူးလိုက်ရင်း ...။

♣

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃၀)

"နှင်းမောင်မောင် .."

"မောင်မောင်လို့ပဲ ခေါ်ပါဗျာ .. ရှည်လို့ .."

မိုးခြိမ့် က ခေါင်းညိတ်လိုက်ပြီး ..၊

"မင်း ထမင်းမစားဘူးဆို .. မစားနိုင်လို့လား .."

"မဟုတ်ပါဘူး .. မဆာသေးလို့ပါ .."

သူဖြေတာကို မိုးခြိမ့် က စိုက်ကြည့်နေသဖြင့် ..၊

"ထမင်းမြိန်တယ်ဆိုတာ ဆန်ကောင်းတာမကောင်းတာ ဟင်းကောင်းတာ မကောင်းတာတွေနဲ့ ဘာမှမဆိုင်ပါဘူးဗျာ .. ကျွန်တော်က ခင်ဗျားရဲ့ မိတ်ဆွေပါ၊ ခင်ဗျားမှာ သောကတွေ ဒီလောက်ဖိစီးနေတာ ကျွန်တော် ဘယ်လိုလုပ် မျိုလို့ကျတော့မှာလဲ .."

"ဒါဆိုရင်တော့ မင်း ငတ်မှာပဲ .. ငါကလည်း ဆွေ့ဝတ်ကျေချင်တာနဲ့တော့ မင်းကိုသွားဖြီးပြနေမှာမဟုတ်ဘူး .."

"ဘယ်လိုပြောလိုက်တာလဲ မိုးခြိမ့် ရယ် .."

ထားခင် က ကြားသွားပြီး အနားရောက်လာကာ ..၊



"ကိုယ့်ညှော်သည်ကို ကိုယ်က ဂရုစိုက်မှ သူနေတတ်မှာပေါ့ .."

"စိုက်စိုက် မစိုက်စိုက် နေတတ်ပါတယ် .."

နှင်းမောင်မောင် က ရွဲ့သလိုလို ငေါ့သလိုဆိုရင်း ထားခင် ကို ရယ်ပြသည်။ ကောင်လေးက မြို့ကသူဌေးသားလေးမှန်းသိသာအောင် ဖြူဝင်းချောသည့်နေကာ ရယ်နေရင် ပိုချောသေးသည်။

ဒီကောင်လေး မိုးခြိမ့် ကို အောက်ကျသည်းခံရှာသည်။ မိုးခြိမ့် ဘာသိဘာသာနေတတ်လွန်းသဖြင့် အမေရော သူမပါ အားနာနေရကာ ငြေ ကတော့ ကပ်ပြောသည်။

"ဒေါ်လေးတူ အဲ့ဒီကောင်ကို ခုတ်နေတာသိလား .."

"ဘာဖြစ်လို့ ခုတ်ရမှာလဲ .."

"နို့တော ပြန်ကောင်းလာရင် ဒီကောင့်ကို ကြိုက်သွားမှာစိုးလို့ပေါ့ .."

"ဟယ် .. မဟုတ်လောက်ပါဘူး၊ ငါ့တူ အဲဒီလိုအူပုပ်တဲ့အကျင့်မရှိဘူး .."

"မပုပ်ရင်ဘာလဲ အလကားနေရင်း ဘုသောက်ချည်းပဲပြောနေတာ ဟိုကောင်က နေစရာမရှိလို့ လိုက်ကပ်စားနေချင်တဲ့ရုပ်မျိုးလည်း မဟုတ်ပါဘူး .." ဆိုလို့ ထားခင် စေ့စေ့စပ်စပ်အကဲခတ်ခဲ့သည်။

လည်ပင်းမှာ အဖြူရောင်လက်နေသည့် ကြိုးလေးတစ်ကုံးနဲ့ လက်မှာလည်း လက်စွပ်ကြီးက လှမှလှ ..။

ဒါပေမယ့် လည်ပင်းကဟာက ပလက်တီနမ်လိုဟာမျိုးလား .. နီကယ်လ်စိမ်စတီးဆိုတာမျိုးလားဆိုတာတော့ သေချာမသိပေ ..။

ကြားတော့ကြားဖူးပေမယ့် ပလက်တီနမ်ဆိုတာရော စိန်ဝတ်မြာ ရတနာပုလဲတွေကိုရော သူမတို့ ဘာမှမြင်ဖူးခဲ့ကြတာမဟုတ် ..။

စကားပြောနေရင်း ဒီကောင်လေးအကြောင်း ငြေပြောခဲ့တာ၊ စဉ်းစားမိကာ သေသေချာချာလည်း ထပ်ကြည့်မိပြီး ..၊

www.burmeseclassic.com

www.burmeseclassic.com



"ငါတူက မိုးခြိမ့် နဲ့ ဘုန်းကြီးကျောင်းမှာ သိလာတာလား .."

"ဗျာ!..."

"ဩော် .. ဟိုလေ .."

"မဟုတ်ပါဘူး အန်တီ .. ကားပေါ်မှာ ခင်လာတာ .. အဲ့ သိကြတာပေါ့၊ နှစ်ယောက်တွဲခုံမှာ အတူထိုင်ခဲ့တာလေ .."

"ဩော် .. ဒါဖြင့် အခု ဒီထိလိုက်ခဲ့တာက အလည်သက်သက်လား .."

"ထားခင် ရယ် ညှော်သည်နေရစက်အောင် ဘာတွေမေးနေတာလဲ၊ ဘာကြောင့်လိုက်လာလာ ကိုယ့်ကလေးနဲ့ ပါလာတာ ကိုယ့်ဧည့်သည်ပေါ့ .."

ဒေါ်ညို က လက်နှီးစုတ်တစ်ခုနဲ့ လက်ကိုပွတ်သုတ်ရင်း နှင်းမောင်မောင် ရှေ့မှာ လာဝင်ထိုင်ပြီး ..၊

"ဘာပြောသွားတာလဲ .. ခုန မိုးခြိမ့် .."

"ဘာမှမဟုတ်ပါဘူး .. ကျွန်တော် ထမင်းမစားရသေးဘူးဆိုလို့ လာမေးတာ .."

"အေး .. အေး .. သားကြီးက စိတ်ရင်းကောင်းပါတယ်၊ သူငယ်ချင်းတွေအပေါ်မှာလည်း အနစ်နာခံစိတ်ရှိတယ်၊ အခုက လူမမာအတွက် စိတ်ပူပြီး ပြဿနာတွေကတစ်ဖက်နဲ့လေ .."

"ဟုတ်ကဲ့ပါ .. ကျွန်တော် ကိုမိုးခြိမ့် ကို နားလည်ပါတယ် .."

"အေးပါကွယ် .. ဒီပြဿနာတွေကို မင်းလည်းသိပြီးပြီထင်ပါတယ်၊ တော်သေးတာပေါ့ .. ဒီမှာ ရှုပ်ထွေးနေတုန်းပြန်ရောက်လာတာ ဒေါ်ကြီးတော်တော်လန့်သွားတာ .."

ဒေါ်ညို ဆိုပေမယ့် အသားဖြူပုံက မိုးခြိမ့် ထက် ပိုသေးသည်။ ထားခင် ဆိုသည့် အဒေါ်ကလည်း ဖြူနုတောင့်တင်းပြီး လုံးကြီးပေါက်လှပုံစံမျိုး ..။



"လူလေး အသားငါးတော့ စားတယ်မို့လား .. အဒေါ် ကြက်သားဟင်းဆီပြန်လေးချက်ထားတယ်၊ ပြီးတော့ မှိုနဲ့ ကင်းမွန်သီးနဲ့ မှျစ်နဲ့ ကြော်ချက်လေးလည်း လုပ်ထားတယ်၊ မင်းပုံစံကြည့်ရတာ ငါးပိ အစပ် အမြှုပ်တွေလည်း ကြိုက်ပုံမရလို့လေ .."

လူကြီးတွေကတော့ သူ့ပုံစံကိုအကဲခတ်ပြီး လိုအပ်ချက်မရှိရအောင် အလုပ်ရှုပ်သည့်ကြားက ဂရုစိုက်လုပ်ကိုင်ပေးကြပေမယ့် မိုးခြိမ့် ကတော့ နောက်ထပ် သူ့နားလည်းရောက်မလာ ဘယ်နားမှာမှလည်း မတွေ့ ..၊

"နှင်းမောင်မောင် .."

"ဟင် ..."

သူ လှည့်ကြည့်လိုက်တော့ ဩြ လို့ ခေါ်နေကြသည့်လူ ..။

"ငါတို့တွေ ရှယ်တူချင်းပဲထင်တယ် .."

"ဟုတ်ပါတယ် .. ကိုခြိမ့်လို မောင်မောင်ပဲခေါ်ပါ .."

"အေး .. ကျေးဇူးပဲ .. မင်း နီတြာ ကို တစ်ချက်လောက်ဝင်ကြည့်ပါလား .."

ဩြ ရောက်လာရခြင်းအကြောင်းက ခုမှပေါ်ကာ ပြုံးပြနေသည့် မျက်နှာက ချက်ချင်းပျက်သွားခဲ့ပြီး ..။

"မိုးခြိမ့် အဲ့ဒီနားက မထဘူးဖြစ်နေလို့ .."

"သူ့ချစ်သူကို သူကြည့် .."

"မဟုတ်ဘူး .. သူ ကြည့်နေချင်တာ ငါတို့သိတယ်၊ ဒါပေမယ့် နီတြာ ကို ဆေးရုံခေါ်မယ်ပဲလုပ်နေလို့ အဲဒါ မင်း နည်းနည်းဝိုင်းပြောပေးစမ်းပါ၊ ငါတို့ကိုတော့ သူ ဘယ်တုန်းကမှ ဂရုစိုက်ခဲ့တာမဟုတ်ဘူးလေ .. မင်း ပြောကြည့်ပေးစမ်းပါ .."

နှင်းမောင်မောင် ရယ်ချင်သွားသည်။

သူတို့ကို ဘယ်တုန်းကမှ ဂရုမစိုက်ခဲ့တဲ့လူက ကိုယ့်ကို မခေါ်ချင်ဘဲ ခေါ်လာခဲ့ရတာများပြောလိုက်ရလျှင် ..၊

www.burmeseclassic.com

www.burmeseclassic.com



"ငါတို့ထင်နေတာက .."

ဩြေ က ဘောဘီကိုလှည့်ပတ်ကြည့်ပြီးမှ အသံကို နှိမ့်ချလိုက်ကာ ..၊

"နီကြာ အခြေအနေ သိပ်မကောင်းဘူးကွ .."

"ဟုတ်တယ် .."

သူတို့ပြောနေကြပုံကို အကဲခတ်မိပြီး ကျောက်ဒိုး ကပါ ရောက်လာကာ ..၊

"နီကြာ့ ရောဂါက ပြစရာလည်းမရှိဘူး၊ မရိုးသားဘူးဆိုတာလည်း သိသာတယ်၊ ဒါပေမယ့် ပြောဖို့လည်းခက်တယ်ကွ .."

သူတို့က နှင်းမောင်မောင် ဘာသိဘာသာနေတတ်တာကို သိသာသဖြင့် တည်တံ့မယ့်လူတစ်ယောက်လို့လည်း ယုံကြည်ကာ မနေ့ညက နီကြာ ဘာလုပ်ခဲ့တာတွေပါ ပြောပြလိုက်ကြ၏။

"အဲဒါတွေ မင်းတွေးကြည့်လေ .. ဒီအိမ်က အားလုံးမြင်လိုက်ကြတယ်၊ ဒါပေမယ့် မိုးလင်းတော့ ဘာမှမဟုတ်ခဲ့သလို ပြန်ဖြစ်နေတာ ဘယ်လိုပြောရမလဲ .."

"ဒဏ်ရာကြောင့် မေးနိုင်ပိုးတွေ ဘာတွေဝင်ပြီး တစ်ခုခုထဖြစ်မှာစိုးလို့ ဒေါ်ကြီးညို က ဆေးဆရာကို အိမ်မှာ ညလုံးပေါက်ပင့်ထားပြီး စောင့်ကြည့်ခဲ့ဖူးတယ်၊ ဒါပေမယ့် ဒဏ်ရာက ရင်းတာယောင်တာတွေလည်းမဖြစ်၊ ကိုယ်ပူတွေဘာတွေလည်း ဘာမှမဖြစ်တဲ့အပြင် တစ်ကိုယ်လုံး အေးစက်နေသေးတယ် .."

ကြားရသမျှကို နားထောင်ရင်း နေ့လယ်စာစားပြီးကြတော့ ဩြေတို့နဲ့အတူ နှင်းမောင်မောင် နီကြာ့ အခန်းထဲ လိုက်ဝင်ခဲ့မိသည်။

အခန်းထဲ မဝင်ခင်တည်းက ညှီစို့စို့အနံ့သည် အထဲရောက်တော့ ပုပ်စော်နံနေတာသိသာလာ၏။

မိုးခြိမ့် ကတော့ နီကြာ့ ခုတင်ဘေးမှာ ငုတ်တုတ်ထိုင်နေတာ



တုတ်တုတ်မှမလှုပ် ..။

"ဘာလဲ .. နောက်တစ်ယောက်လာပြီး နီကြာ့ ကို ဆေးရုံခေါ်မသွားဖို့ လာပြောတာလား .."

လှည့်မကြည့်ဘဲ ဆောင့်ဆိုလိုက်တာနှင့် ဩြေတို့ ခြေလှမ်းတုံ့သွားကြသည်။ နှင်းမောင်မောင် ကတော့ ဆက်ဝင်သွားပြီး မိုးခြိမ့် ဘေးမှာ ရပ်လိုက်သည်။

"ကျွန်တော်က ဧည့်သည်တစ်ယောက်အနေနဲ့ လူနာသတင်းမေးတာပါ .."

"မင်းမေးလည်း ဖြေမယ့်လူမရှိဘူး .. ကြည့်ပြီးရင် ထွက်တော့ .."

"မကြည့်ရသေးပါဘူး .."

ပြောပြီး ခုတင်နား ထပ်ကပ်လိုက်သည်။ မိုးခြိမ့် က စူးစူးရဲရဲမော့ကြည့်လာလျှင် ..၊

"ကြည့်လို့တော့ ရတယ်မို့လား .."

"အေး .. ပေါက်ကရတွေပြောရင်တော့ ဧည့်သည်လည်း ငါသည်းခံမှာမဟုတ်ဘူး .."

ဩြေ တို့ ခေါင်းတွေကုတ်ကြရင်း ပြန်ထွက်တော့ဖို့ လက်ပြနေကြသည်။ နှင်းမောင်မောင် က မမြင်သလိုနေကာ လူနာကို ငုံ့ကြည့်၏။

မျက်နှာပဲပေါ်နေပေမယ့် သူ အကြာကြီးစိုက်ကြည့်နေခဲ့ပြီးမှ တစ်ဝက်ဖွင့်ထားသည့်မျက်ခွံကို အပေါ်ဆွဲပင့်ကြည့်လိုက်သည်။ နီကြာ က အနည်းငယ်မျှမလှုပ်ဘဲ ဟိုဘက်မျက်လုံးကလည်း ငြိမ်သက်နေ၏။

ပြီးတော့ လည်ပင်းကဒဏ်ရာကိုဖွင့်ကြည့်ဖို့ လှွားတင်ထားသည့်တဘက်ကို ကိုင်လိုက်လျှင် ..၊

"မလိုဘူး မောင်မောင် .. မင်းကိုယ်မင်း ဆရာဝန်တစ်ယောက်လို လူနာကို ကိုင်တွယ်နေဖို့မလိုဘူး .."

"ကျွန်တော်က ဆရာဝန်ဆိုရင်ရော .."

www.burmeseclassic.com

www.burmeseclassic.com



ဟင်!...

နောက်နားမှာ ရပ်ကြည့်နေကြသည့် ငြေ တို့ မျက်ခုံးတွေ မြင့်တက်ကုန်ကြသည်။ ဒါကြောင့်မို့ ရပ်ရည်ရူပကာက လှတ်သန့်နေတာလား ..။

မိုးခြိမ့် က အံ့ဩသွားသည့်ပုံ ခဏတစ်ဖြုတ်ဖြစ်သွားသော်လည်း မျက်ဝန်းတွေ ပြန်သိမ်းသွားသည်။ မတားဆီးတော့မှန်းသိကာမှ နှင်းမောင်မောင် က ဒဏ်ရာကိုဖွင့်ကြည့်၏။

ငြေတို့ ဝမ်းသာတက်ကြွစွာရှေ့တိုးလာကြပြီး နှင်းမောင်မောင် ဘာပြောမည်ကို စောင့်နေမိကြသည်။

သူတို့ ပိုပြီးအံ့ဩတာက အနည်းငယ်စိုစိစိဖြစ်ကာ နံစော်နေသည့် ဒဏ်ရာကိုငုံ့ကြည့်နေပေမယ့် နှင်းမောင်မောင် မျက်နှာက ရှုံ့မဲ့ရှုံ့ရှာသွားသောမျိုးမဖြစ်ခဲ့ပေ ..။ ဒါလည်း ဆရာဝန်မို့လို့ပဲလားမသိ ..။

ထိုစဉ် အခန်းရှေ့မှာ မယောင်မလည်လာလုပ်သည့် စောတ်တိုင် က သူတို့ပြောနေကြတာကို ကြားလိုက်သဖြင့် ကြွက်တိုး တို့ကို လက်ယပ်ခေါ်ပြီး ထပ်ဝင်လာကြသည်။

မိုးခြိမ့် မကြိုက်တော့ပေ ..။ လူတွေတဖြည်းဖြည်းများလာတာကို လှည့်ကြည့်ပြီးနေရာမှ ထရပ်လိုက်လျှင် ..၊

"ခဏလေး .."

သူ တစ်ခုခုတားဆီးလိုက်မှာစိုးကာ နှင်းမောင်မောင် က နီတြာ့ လက်ကောက်ဝတ်ကို ဆွဲလှန်ကြည့်လိုက်ပြီး ..၊

"ကျွန်တော်က ဆရာဝန်ဆိုတော့ လူနာအခြေအနေကိုပြောလို့ရတယ်မို့လား .."

မိုးခြိမ့် က မျက်နှာချင်းဆိုင်ရပ်နေသည့် နှင်းမောင်မောင် မျက်နှာကို စူးစိုက်ကြည့်နေပြီး တစ်စုံတစ်ခုကို ဆုံးဖြတ်ဖို့ ခက်နေတာလိုလို မယုံကြည်သလိုလို သူ့ကိုယ်သူ ဘာမှန်းမသိသေးမီ ..။



"ကျွန်တော်ဘာပြောမယ်ဆိုတာ ခင်ဗျား သိနေတယ် ကိုခြိမ့်၊ ဒါပေမယ့် ခင်ဗျားလက်မခံချင်ဘူး၊ အဲဒါကြောင့် မပြောစေချင်ဘူး၊ အဆုံးသတ်ကတော့ မကြားရဲလို့ပဲ .."

အားလုံး အံ့ဩတိတ်ကျကုန်၏။ မိုးခြိမ့် မျက်နှာတင်းမာသွားပြီး ဒါးစပ်ပြင်လိုက်သည်နှင့် ..၊

"သူ့မှာ အသက်မရှိတော့ဘူး .."

မိုးခြိမ့် ကျိခနဲအံကြိတ်လိုက်တာ အနီးကလူတွေကြားလိုက်ကြသည်။ နှင်းမောင်မောင် ကတော့ ဂရုမစိုက် ..။

"ကျွန်တော်သိတဲ့အတိုင်းပြောရရင် သူ ဆုံးခဲ့တာ လွန်ခဲ့တဲ့ .."

"ဟိတ်ကောင် .."

မိုးခြိမ့် နှင်းမောင်မောင်ရဲ့ အင်္ကျီရင်ဘတ်ကို ဆောင့်ခနဲဆုပ်ဆွဲလိုက်ပြီး ..၊

"မင်း သိပ်သိတယ်ဟုတ်လား .. သိဦးကွာ .."

"မိုးခြိမ့် .."

"မိုးခြိမ့် မလုပ်နဲ့ .."

နှင်းမောင်မောင် က မျက်နှာငှဲ့ရှောင်ပြီး သူ့လက်ကို ပုတ်ထုတ်ပစ်လိုက်၏။ ထိုလက်ကို ငြေ တို့က ဝင်ဆွဲထားလိုက်ကြကာ ..၊

"မင်းကလည်းကွာ .. ကိုယ့်ညွှေသည်ကို .."

"အေးလေကွာ .. သူက ဆရာဝန်ဆိုတော့ .."

"မင်းတို့ ငါ့ကိုဘာမှမပြောကြနဲ့၊ မင်းတို့ အတူတူပဲ ဒါတွေမင်းတို့ပဲ ဖန်တီးနေတာ .."

"ဟား .."

"လုပ်ပြီ ဒီကောင်တော့ .."

မိုးခြိမ့် ကမူးရှူးထိုးထအော်ကာ နီတြာ့ ခုတင်ဘေးမှာ ဒေါ်ပျာခိုင်းဒိတ်ရပ်လိုက်ကာ ..၊

www.burmeseclassic.com

www.burmeseclassic.com



"ထွက်သွားကြ .. သွား .. ဆရာဝန်လည်းမလိုဘူး၊ သိကြားမင်းဆင်းပြောရင်တောင် ငါ လက်မခံဘူး .. နီတြာ မသေးဘူး၊ သူ ငါ့ကြောင့် ဒီလိုဖြစ်ရတာ ငါ့ကြောင့် ဒီဘဝနဲ့ မချိမဆန့်ခံစားနေရတာ ဘာလုပ်သင့်လဲဆိုတာ ငါ ဆုံးဖြတ်မယ်၊ သူ့အတွက် တာဝန်ရှိတဲ့ကောင်က ငါပဲ၊ ဘယ်ကောင်မှ မလိုဘူး.."

ထိုအချိန်မှာ ဒေါ်ညိုတို့ လည်း ရောက်ကြကာ အခြေအနေကို သိသွားကြပြီး တအံ့တသြနှင့် ..၊

"လာ .. လူလေး .. လာ .."

နှင်းမောင်မောင် ကို တောင်းပန်ရင်း ဆွဲခေါ်သွားကြသည်။ မိုးခြိမ့်အားလုံးကို နှင်ထုတ်ပစ်ကာ မျက်ရည်တွေဝေ့တက်လာခဲ့ပြီး ခုတင်ဘေးမှာ ဒူးထောက်ထိုင်ကျသွားခဲ့၏။

ပြီးတော့ နီတြာ့ လက်လေးတစ်ဖက်ကို ဆွဲယူကိုင်ထားလိုက်ရင်း တကျိုကျိုအံကြိတ်နေသည့်ကြားက မျက်ရည်တွေတလိမ့်လိမ့်ဆင်းကျလာခဲ့လျက် ..။

"တစ်ခုခုပြောစမ်းပါ နီတြာ ရယ် .. နင် ငါ့ကို ဘာပြောချင်တာလဲ .. ငါ ခရီးသွားနေတုန်းက နင် တကောက်ကောက်လိုက်နေတာ ဘာပြောချင်လို့လဲ .. အခု ပြောစမ်းပါ၊ နင် ဘာမှမဖြစ်ဘူးဆိုတာ ငါ ပြန်ပြောနိုင်အောင် ငါ့ကို တစ်ခုခုအချက်ပြတာဖြစ်ဖြစ် လုပ်လိုက်ပါ .."

နီတြာ့ မျက်ဝန်းတွေက ပိတ်လည်းမသွား လှုပ်ရှားလာခြင်းလည်း မရှိ ..။

ပြီးတော့ တတွတ်တွတ်စကားများရန်ဖြစ်ခဲ့သော နှုတ်ခမ်းသားတို့က ပြာနှမ်းလျက် လုံးဝစေ့ပိတ်နေခဲ့၏။

ဒီနှုတ်ခမ်းပါးလေးတွေက ရန်တွေ့ပြီဆို စကားတွေရေပက်မဝင်အောင် ပြောတတ်ခဲ့သည်။ သူ့ကိုချစ်တဲ့အကြောင်းတွေလည်း ..၊

"ငါတို့ ရန်ဖြစ်နေကြတုန်းက တစ်ယောက်နဲ့တစ်ယောက် အနိုင်



လုပြောခဲ့ကြတဲ့စကားတွေကို နင် မေ့လို့မရတာမျိုးရှိခဲ့လားဟင် .."

"ဘယ်ရမလဲ .. အားလုံးအမှတ်တရတွေချည်းပဲ .."

"ဟင် .. ဒါဆို နင်က ငါ့ကို အငြိုးအတေးတွေနဲ့ ဟန်ဆောင်ချစ်ပြနေတာပေါ့ .."

"လျှောက်ပြောနေပြန်ပြီ .. ငြိုးနေတဲ့လူကိုချစ်လို့ရပါ့မလား .."

"မညာနဲ့ ခုန ဝန်ခံပြီးပြီ .."

"ဟုတ်တယ်လေ .. ရန်ဖြစ်ရလွန်းလို့ ငါတို့ချင်းမေ့လို့မရကြတာမဟုတ်ဘူးလား .. တစ်နေ့တစ်နေ့ ဘယ်သူက ဘယ်အကွက်နဲ့ အနိုင်ယူသွားမလဲ တွေးနေရတာ .."

"ငါလည်း နင် အဲ့ဒီလိုဦးစားမပေးတတ်တဲ့ အကျင့်ရှိတာကိုကြိုက်တာ .."

"မိန်းကလေးတွေက ဦးစားပေးခံရတာကို သဘောကျတာဆို .."

"ငါ အဲ့လိုမဟုတ်လို့ နင့်လိုလူကို ချစ်ခဲ့တာပေါ့ .."

"ဂုဏ်ယူစရာပဲ .."

"ငါ တကယ်ပြောနေတာ .. နင်နဲ့ ငါ အရမ်းချစ်ကြမယ်၊ ဒါပေမယ့် ဝဋ္ဋရားအရ ရန်လည်းဆက်ဖြစ်ရမယ်၊ ဒါဆို ငါတို့ဘယ်တော့မှ မမုန်းတော့ဘူး .."

"ဘယ်လို ..."

"ချစ်လွန်းလို့ မုန်းရတယ်တဲ့ .. ငါတို့က ရန်ဖြစ်လိုက် ချစ်လိုက်နဲ့လေ .."

"စိတ်ချ ရန်ဖြစ်ဖို့ လုံးဝတာဝန်ယူမယ် .."

နားထဲမှာ ကြားယောင်နေဆဲပါ။ ကိုယ်ပြောခဲ့တာကိုလည်း မှတ်မိနေသည်။ သူမစကားတွေကိုလည်း သတိရနေခဲ့သည်။ မိုးခြိမ့် နီတြာ့လက်လေးကိုလွှတ်၍ ခုတင်စွန်းကို ဖိဆုပ်ထားလိုက်မိသည်။

ပျော့ညံ့သည့် ယောကျ်ားတွေကိုမကြိုက်သည့် သူမရှေ့မှာ မငိုချင်

www.burmeseclassic.com

www.burmeseclassic.com



သော်လည်း မျက်ရည်က ထိန်းလို့မရ …။

"နီတြာ ငါတို့ရန်ဖြစ်ကြအောင်လေ … နင် ဒီလိုပါးစပ်ပိတ်နေရင် ငါတို့ဆေးရလိမ့်မယ်၊ နင် ခုမှ ဘာလို့ ငါပြောသမျှ နားထောင်နေရတာလဲ … နင် ဘာဖြစ်လို့ ပြောင်းလဲသွားတာလဲ … ကွာ … တောက် …"

"မိုးခြိမ့် …"

သူ့ပခုံးကိုလာကိုင်သည့် လက်က ကိုလှကျော် မှန်း သိလိုက်သည်၊

"မင်း ဒီလောက်ခံစားမနေပါနဲ့ကွာ … အားလုံးက နီတြာ့ အတွက် ပြောနေကြတာပါ၊ သူ အသက်ရှင်နေသေးတယ်လို့ မင်း ယုံကြည်နေရင်လည်း ငါတို့ ဆရာ‌ငန့်ပြီး ထပ်ပြကြည့်တာပေါ့ …"

ကိုလှကျော် က သူ့ဘေးမှာ ဒူးတစ်ဖက်ထောက်ထိုင်လိုက်ပြီး နံဆော်နေသည့် အနံ့အသက်တွေကြောင့် မျက်နှာလည်း အနည်းငယ်မဲ့နေခဲ့လျက် …။

"လောလောဆယ် နီတြာ့ ကို ဆေးရုံတင်ဖို့တွေ ဘာတွေတွေးပြီး ရွှေ့ပြောင်းဖို့တော့ မင်း မလုပ်စေချင်ဘူး၊ သူ့ဒဏ်ရာနဲ့ သူ့ရဲ့ နာကျင်မှု ဘယ်လိုဆိုးရွားသလဲဆိုတာ သူလည်း ပြောမပြနိုင်ဘူး၊ ဘယ်သူမှလည်း မသိဘူးလေ … ငါတို့ တစ်ခုခု ထူးခြားလာတဲ့အထိ စောင့်ကြည့်ကြတာပေါ့ …"

♣



## အခန်း (၃၁)

"လွမ်းနေလို့ မစားနိုင်တာမဟုတ်ဘူး … အနံ့ဆိုးတွေကြောင့် ခန္ဓာကိုယ်အဆိပ်သင့်နေတာ …"

မိုးခြိမ့် ခြေလှမ်းတုံ့သွားသည်။ ထမင်းစားနည်းလှချေလား အမေပြောလို့ မစားနိုင်တော့ဘူးလို့ သူ ပြောလိုက်တာ အသံတစ်ခုက ကောက်ခနဲဝင်လာသည်။

နှင်းမောင်မောင် မှန်း သိလိုက်သောကြောင့် ထိုင်နေသည့်ဘက်ကို လှည့်ထွက်လာခဲ့ရင်း …။

"မင်း ငါ့ကိုပြောလိုက်တာလား …"

နှင်းမောင်မောင် တန်းလျားမှာထိုင်နေရင်း အနက်ရောင်သားရေဖုံးနှင့် စာအုပ်လေးမှာ ဘာတွေရေးနေမှန်းမသိ …။

သူ့ဘက်ကို ငဲ့ကြည့်ပေမယ့် မျက်နှာထိမော့မကြည့်ဘဲ ပြန်လှည့်သွားကာ …၊

"အားလုံးစားပြီးမှ ထမင်းစားခန်းထဲဝင်လာတာ ခင်ဗျားအပြင် ဘယ်သူရှိလို့လဲ …"

"မင်းက ကျောပေးထိုင်နေပေမယ့် မြင်နိုင်ကြားနိုင်သားပဲ၊ စပ်စု

www.burmeseclassic.com

www.burmeseclassic.com



နိုင်လွန်းတဲ့ပါရမီတွေထင်တယ် ..”

စာရွက်လှန်နေရင်း နှင်းမောင်မောင် က မဲ့လိုက်ကာ ..၊

“မျက်နှာပြောင်လွန်းတဲ့ ပါရမီပါတယ်လို့ရော မထင်ဘူးလား ..”

ပြောပြီး မျက်နှာကိုမော့ကြည့်လာရင်း ..၊

“ပြောတာမကြိုက်မှန်းသိရက်နဲ့ ဒီပါးစပ်က ပြောပဲပြောနေလို့လေ ..”

“မင်းကို ငါ တောင်းပန်ပါတယ် ..”

မိုးခြိမ့် က တောင်းပန်စကားပြောရင်း နှင်းမောင်မောင် ရဲ့ သားမှာဝင်ထိုင်လိုက်သည်။ ညမိုးချုပ်နေပြီမို့ မီးစက်သံတွေ ဟိုမှဒီမှ ခပ်သဲ့သဲ့ကြားနေရကာ ..၊

“ထမင်းစားမယ့်လူကုန်သွားပြီ မိထားခင် ရေ .. မီးပြောင်းပြီးထားခဲ့လိုက်တော့ ..”

“ပြောင်းမယ် အစ်မ .. မိဖြူ အမဲခြောက်တွေ ကြပ်တိုက်ထားတာသိပ်မခြောက်သေးဘူး၊ ပြီးမှပဲ မီးပြောင်းခဲ့မယ် ..”

ဒေါ်ညို နဲ့ ထားခင် တို့ရဲ့ စကားသံတွေကြောင့် နှင်းမောင်မောင်နောက်ပြန်လှည့်ကြည့်လိုက်မိရင်း ..၊

“မီးပြောင်းတယ်ဆိုတာ ဘာလုပ်တာလဲ ..”

“မီးဖိုမီးပါပဲ စားသောက်ပြီးကြရင် မီးချောင်းပိတ်ပြီး မီးလုံးအပြာလေးပြောင်းထွန်းတာလေ၊ အဲဒါလေးက မီးအားလုံးပိတ်မှ ပိတ်တာ ..”

“မီးစက်တွေက တစ်ညလုံးလား ..”

“ဘယ်ဟုတ်မလဲ .. ညဦးပိုင်း မီးလင်းရုံ ဘက်ထရီအားသွင်းရုံပေါ့၊ အိမ်တိုင်းမှာ ဘက်ထရီတွေအများကြီးရှိကြတယ်၊ မီးစက်ရယ် ဘက်ထရီရယ်ပဲ သုံးရတာလေ ..”

သူ့ဟာနဲ့သူတော့ ပြီးပြည့်စုံပြီထင်နေကြတာပင် ..။

“ဆိုလာပြားတွေသုံးလိုက်ရင် ပြီးတာပဲဗျာ ..”



“အဲဒါတွေထားစမ်းပါ .. မင်းက ငါတောင်းပန်တာကို အသိအမှတ်ပြုချင်လို့ စကားတွေ လွှဲနေတာလား ..”

မေးရင်း စာအုပ်ကိုကြည့်လိုက်တော့ နှင်းမောင်မောင် က ပိတ်ထားလိုက်ပြီး သူ့မျက်နှာကိုငုံ့ကြည့်သည်။ ပြီးမှ ...

“ခင်ဗျားက မမေးရင်တော့ အဲ့ဒါ ဘာမှမဟုတ်ဘူးပဲ၊ အခု မေးလိုက်တော့ ဟုတ်သွားတယ်ထင်တယ်၊ စော်ကားခံရတယ်ဆိုတာလည်း လစ်မစ်ရှိတယ် ..”

“ငါကတော့ မင်းကိုစော်ကားခဲ့တယ်မထင်ပါဘူး ..”

“ဘယ်လို!...”

“ဟုတ်တယ် .. ငါ မင်းနဲ့ ဖြစ်ရတဲ့ပြဿနာအတွက် တောင်းပန်တာမဟုတ်ဘူး၊ မင်းနဲ့ ဒီလိုဖြစ်ခဲ့တာကိုပဲ တောင်းပန်တာ ..”

နှင်းမောင်မောင် မျက်မှောင်ကုတ်သွားသည်။

“ဒါဆို ခင်ဗျားက ခုထိ ကျွန်တော့်ကို တတ်ယောင်ကားပြောတယ်လို့ ထင်နေတုန်းပေါ့ ..”

“မင်း ဘယ်လိုလူလဲဆိုတာ ငါ စိတ်မဝင်စားဘူး၊ ငါ ယုံကြည်နေတာကို မဝေဖန်ဖို့ပဲ ပြောချင်တာ ..”

“ကျွန်တော်က ဆရာဝန် ..”

“အဲဒီတော့ ..”

“တစ်ရွာလုံးအဖြေမသိတဲ့ ပြဿနာကို ကျွန်တော့်ပညာအရ တတ်ကျွမ်းတဲ့အတိုင်းပြောပြတာ ..”

“ငါက မေးမိလို့လား ..”

“ကိုခြိမ့် .. ခင်ဗျား ခွကျလှချေလား ..”

“အဲ့ဒီခွကျတဲ့ကောင်ကို မင်းပေါင်းဖို့ ကြိုးစားနေတာ မင်း...ဖို့လိုတယ်၊ ငါတို့အားလုံးထက် မင်းက ပညာတတ်တယ်၊ ...အတွက်ပညာရှိတို့ထုံး နှလုံးမူပြီး မတီးဘဲမမြည်ပါနဲ့ ..”

www.burmeseclassic.com

www.burmeseclassic.com



နှင်းမောင်မောင် မျက်နှာက ခေါင်းပေါ်တည့်တည့်က မီးအလင်းရောင်အောက်မှာ ပန်းရင့်ရောင်ဖျန်းခနဲတက်သွားသည်။ သို့သော် သူဘာမှမပြောတော့ဘဲ ခပ်လွှန့်လွှန့်မဲ့လိုက်ရင်း ..၊

"နောက်ထပ် ပြောစရာကျန်သေးလား .."

"ငါတို့က မိတ်ဆွေတွေမဟုတ်ပေမယ့် ရန်သူလည်းမဟုတ်ဘူး၊ မင်းတစ်ယောက်တည်းအတွက် ဒီအိမ်မှာလည်း ဘာမှအပန်းမကြီးပါဘူး၊ မင်းပျော်သလောက်နေ .. ကိုယ့်ရပ်ရွာလိုသဘောထား၊ အဲ့ဒီတစ်ခုပဲ မင်းဘက်က စောင့်ထိန်းဖို့ .."

"သတိပေးတာတော့ကျေးဇူးပဲ .. ဒါပေမယ့် ကျွန်တော်မစောင့်ထိန်းတတ်တိုင်း ခင်ဗျားလည်း ဇော်ကားခွင့်ရှိပါတယ်၊ ကျွန်တော်ကလည်း ပါရမီနဲ့ မျက်နှာပြောင်တဲ့ကောင်ကိုး .."

မိုးခြိမ့် က နှင်းမောင်မောင် ကို တစ်ချက်စိုက်ကြည့်ကာ ...

"ငါထင်ပါတယ် .. မင်း ဒီတိုင်းပြန်ပြောမှာပဲဆိုတာ .."

"အထင်နဲ့အမြင်လွဲသွားရင် ခင်ဗျား ပိုခံစားသွားရမှာစိုးလို့ပါ.."

စကားပြောရင်း မျက်လုံးချင်းဆုံမိကြလျက် ..။

"ခင်ဗျားကိုယ်က အနံ့အသက်တွေ ကျွန်တော်ရနေတယ် .."

မိုးခြိမ့် သူ့ကိုယ်သူ ငုံ့ကြည့်လိုက်သည်။ ပြီးတော့ နေရာမှထရပ်၏။ နှင်းမောင်မောင် က မျက်နှာပြန်လွှဲလိုက်ပြီး ..၊

"ဖြစ်နေတာတွေက သူနဲ့ မသက်ဆိုင်ဘူးလို့ ခင်ဗျား ယုံကြည်နေရင် ဘာဖြစ်လို့ အခန်းမပြောင်းသေးတာလဲ၊ အခန်းက နံနေတာဆိုရင် ပြောင်းလိုက်ရင် ပြီးသွားမှာပဲ .."

မိုးခြိမ့် ဘယ်လိုပဲတုံ့ပြန်ပါစေ ပြောစရာရှိတဲ့အတိုင်း ပြောမြဲပြောနေသည့် နှင်းမောင်မောင် ကြောင့် ဒေါ်ညိုတို့ ငြေတို့ သူတို့နဲ့ မလှမ်းမကမ်းကနေ အမြဲသတိထားကြည့်နေကြရသည်။

မိုးခြိမ့် ထရပ်လိုက်တာမြင်တော့ ပိုလန့်သွားကြ၏။ သို့သော် သူတို့



ထင်သလို ဖြစ်မလာဘဲ မိုးခြိမ့် က ဗျာခနဲ လှည့်ထွက်သွားမှ ..။

"ဟင် ..."

ဒေါ်ညို သက်ပြင်းရှည်ကြီးချနိုင်ခဲ့၏။ ထားခင် က ဒေါ်ညို့ လက်ကို ဆွဲခေါ်ခဲ့ရင်း ..၊

"အစ်မ .. သူတို့ပြောတာတွေ ကြားရလား .."

"နည်းနည်းတော့ ကြားပါတယ်၊ မောင်မောင်ကလည်း သူ့ပညာကို သူ ယုံကြည်တဲ့ ဆရာဝန်ပဲ၊ မိုးခြိမ့် တော်တော်မိုက်မဲတဲ့ကောင်လေးပါအေ .. မြို့ကိုသွားကုမယ့်အစား ဆရာဝန်အိမ်ပါလာတာတောင် ကြည့်ရှုစမ်းသပ်ခိုင်းလိုက်ရင် ပြီးပြီကို .."

"စမ်းသပ်တာပဲလေ .. အစ်မသားကိုက မောင်မောင့်ကို အတိုက်အခံလုပ်နေတာ၊ ဒီကောင်မလေး တကယ်သေနေပြီထင်ပါတယ် အစ်မရယ်၊ ကျုပ်တော့ တကယ်စိတ်ညစ်ပါတယ် .."

ဒေါ်ညို လည်း မျက်နှာမကောင်းတော့ပေ ..။ တစ်အိမ်လုံး အနံ့ထွက်နေတဲ့အပြင် အိမ်နီးချင်းတွေလည်း မလာကြတော့ပေ။ နံလှချေရဲ့လို့ မပြောပေမယ့် ဒီလူမမာ ပုပ်ပွနေပြီလို့လည်း ဘယ်သူမှ မပြောနိုင်ကြသော်လည်း ..။

လူမမာလာကြည့်တဲ့လူတွေ ဒီအနံ့အကြောင်း အပြင်မှာ လူပြောများလာသည်။ ဂူမမာစာ ဓာတ်စာတွေလည်း ခါတိုင်းလိုတစ်နိုင်တစ်ပိုင်ပေးချင်ပေမယ့် ကိုယ်တိုင်မလာဘဲ လူကြုံပါးကြသည်။ လာပေးကြတာတောင် ရပ်မေးလှည့်ပြန်နဲ့ပဲ အိမ်မှာ ထိုင်မည့်သူတောင်မရှိတော့ ..။

"အသက်မရှိတော့ဘူးဆိုရင် မျက်လုံးကတော့ မျက်တောင်တွေလှုပ်လိုက် သူငယ်အိမ်လှုပ်လိုက်နဲ့ ဘာဖြစ်လို့ အသက်ရှိကြောင်းပြနေတာလဲ .. ဓာတ်တိုင် ပြောသလို ဖုတ်များလား .."

"တိုးတိုးပြောစမ်းပါအေ .. မိုးခြိမ့် ကြားသွားမှဖြင့် .."

"ကျုပ်တို့ တစ်ခုခုလုပ်မှဖြစ်မှာ အစ်မ .. သူက မသေပေမယ့်

www.burmeseclassic.com

www.burmeseclassic.com



ပုပ်စော်နံနေတာ ကြာလာရင် ..”

“မသေတဲ့လူက ပုပ်မလားအေ့ ..”

“ဒါဖြင့် ဒီအနံ့ဘယ်ကလာသလဲသိရအောင် .. မနက်ဖြန် နိုတြော့ကို ရှေ့မယ်၊ လူကိုကိုင်မရရင် ခုတင်ပါရွှေ့မှာပေါ့ ..”

“မိုးခြိမ့် နဲ့ မတည့်ရာမတည့်ကြောင်းတွေ ညည်းကြံပြန်ပြီ၊ ဘယ်လိုလုပ်ဖြစ်မှာလဲအေ့ ..”

“ကျုပ်ကလည်း မိုးခြိမ့် သိသွားအောင်ပြ ...”

“ကဲ .. မိထားခင်ရေ ..”

ဒေါ်ညို စိတ်မရှည်သံနှင့် တားဆီးကာ ထဘီတဖက်‘မ’၍ ထွက်သွားလေ့သည်။

ညက ချမ်းအေးခြင်းများနှင့် ခရီးနှင်လျက် လူတွေကတော့ ..။

♣



## အခန်း (၃၂)

ညဦးမနက်ခင်တည်းက ငြေ တို့က ဒီနေ့ အိမ်ပြန်အိပ်လိုက်ဦးမယ်လို့ ပြောပြီး ပြန်သွားကြသည်။

“ပြန်ပေါ့ .. ငါ့မိန်းမ ဘာမှမဖြစ်သေးပါဘူး၊ ညလာစောင့်အိပ်ဖို့လည်း မလိုဘူး ..”

မိုးခြိမ့် ကလည်း ကောင်းကောင်းကြီးနှင်လွှတ်ခဲ့၏။ ဟိုရက်တွေတုန်းကတော့ ဒီသူငယ်ချင်းတွေ မစုမိကြတဲ့နေ့ဆိုတာမရှိ ..။ နေ့နဲ့ ညတစ်ချိန်ချိန်မှာ တစ်နေရာရာမှာ စုဝေးမနေရရင် တစ်ယောက်ကိုတစ်ယောက် ပတ်ရှာနေခဲ့ကြသည်။

အိမ်အလုပ်မအားသေးတဲ့သူက ထွက်မလာနိုင်ဘူးဆိုရင်တောင် အဲဒီအိမ်မှာ အလုပ်ပြီးအောင် အားလုံးသွားဝိုင်းလုပ်ပြီး ခေါ်ထုတ်လာတတ်ကြ၏။

ခုချိန်မှာတော့ မိုးခြိမ့် ပုံစံက အားလုံးထဲကနေ ခွဲထွက်ပြေးလဲနေပြီဖြစ်သည်။ ငြေတို့ လူစုနဲ့ နှင်းမောင်မောင် ခင်ခင်မင်မင် ပြောဆိုဆက်ဆံနေကြတာမြင်တည်းက ငြေ တို့ကတစ်ဖက် သူကတစ်ဖက်လိုခပ်ကွာကွာနေခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com



မနက်ပိုင်းပြန်ရောက်တည်းက ဩ တို့ ဘာပြောပြော အကောင်းပြန်မပြောဘဲ ပြောချင်မှလည်းပြောသည်။ ထမင်းစားဖို့ အကြိမ်ကြိမ်ခေါ်ထုတ်မှ တို့ကာပင့်ကာစားပြီး ဒီထဲပဲပြန်ဝင်သည်။

ပြီးတော့ နီကြာ ကိုယ်ကို ထူမဖို့ ကြိုးစားနေတာလည်းမြင်ကာ...

"တောက် ..."

မချင့်မရဲတက်ခေါက်ရင်း သူမကို ထူ'မ'ဖို့ ကြိုးစားခဲ့သည့် ကိုယ့်လက်တွေကို ပြန်ငုံ့ကြည့်လိုက် ဖိဆုပ်ပစ်လိုက် ...။

"မိုးခြိမ့် ..."

ထားခင် အဝင်ဝကနေရပ်ကြည့်နေရင်း ကိုယ့်တူလေးအတွက် မျက်ရည်စတွေ ဝေ့သီလာခဲ့ရင်း ...၊

"ခဏလောက်သွားအိပ်လိုက်ပါ သားရယ် .. ဒေါ်လေး တလဲ စောင့်ပါ့မယ် .."

"ကျွန်တော် မအိပ်ဘူး .."

"မအိပ်ဘဲနေလည်း ဘာမှမထူးဘူး မိုးခြိမ့် .. သူ ဒီတိုင်းပဲနေတာ မင်းကိုလည်း ဘာမှထပြောမှာမဟုတ်ဘူး .."

"အဲဒါကြောင့် ဒေါ်လေးတို့ သူ့ကိုပစ်ထားလိုက်ကြတာလား .."

"ဘာ ..."

မိုးခြိမ့် စကားက အားလုံးအပင်ပန်းခံစောင့်ရှောက်ခဲ့သမျှကို နင်းချေစော်ကားလိုက်ခြင်းဖြစ်သည်။ ထားခင် ဒေါသထွက်သွားပြီးမှ ပြန်၍ထိန်းချုပ်ကာ ...၊

"မင်း မစော်ကားပါနဲ့ မိုးခြိမ့် ရယ် .. ငါတို့တင်မကဘူး ဩ တို့ ဓာတ်တိုင်တို့ တခြားမင်းရဲ့ သူငယ်ချင်းတွေရော နေ့နေ့ညည ဒီမှာလာပြီး လိုအပ်သမျှ အကုန်လုပ်ပေးနေကြတာ သူတို့ရဲ့ မိဘတွေကလည်း လူမမာရှိတဲ့အိမ်မှာ သွားကူညီလိုက်ကြဆိုပြီး .."

"ကျွန်တော်ပြောနေတာ အဲ့ဒါမဟုတ်ဘူး ဒေါ်လေး .."

"မင်း ဒါပဲပြောနေတာ မိုးခြိမ့် .. အဝတ်စားတွေကိုတောင် မနေ့ည



ကမှစပြီး လဲမပေးနိုင်တော့တာ၊ အဲ့ဒါကလည်း သူ့ကိုယ်ကို'မ'ရ 'ကြွ'ရတာ အရမ်းခက်ခဲလာလို့ ကိုင်လိုက်ရင်လည်း အသံနက်ကြီးနဲ့ ထထအော်တာ .."

"တော်ပါတော့ဗျာ ..."

မိုးခြိမ့် ခုတင်ဘေးမှာထိုင်နေရင်းကနေ အပြင်ကိုထထွက်သွားတော့ ထားခင် လည်း လိုက်ပါသွားကာ ...၊

"သားရယ် .. မင်းက သူ့အခြေအနေကို အရှိအတိုင်းပြောပြတာမှ လက်မခံနိုင်ဘဲ .."

သူ့ရှေ့က ပိတ်ရပ်ထားလိုက်ပြီး ထားခင် က လက်မောင်းနှစ်ဖက်ကို ချော့မော့သလိုကိုင်ထားရင်း ...၊

"သူ့ကို ပယောဂဆရာနဲ့ ပြကြည့်ရတော့မယ် သား .."

"ဟာ .. ဘာကိစ္စပြရမှာလဲ .. အဓိပ္ပာယ်မရှိ .."

"မင်းကလွဲရင် ဒါလုပ်သင့်တယ်လို့ အားလုံးက ထောက်ခံကြတယ် .. နောက်ပြီး .."

သူတို့ပြောနေကြတုန်း နှင်းမောင်မောင် က အိမ်မကြီးပေါ်ကဆင်းလာတာနှင့် တိုးကာ ...၊

"နောက်ဖေးသွားမလို့လား မောင်မောင် .."

"ဟုတ်ကဲ့ ..."

"နောက်ဖေးမှာ မီးတော့ရှိတယ် .. ဒါပေမယ့် အဲ့ဒီတန်းပေါ်မော့ကြည့်လိုက်လို့လေး ဓာတ်မီးယူသွား .."

ထားခင် ပြောနေတုန်း မိုးခြိမ့် က အိမ်အောက်က စားပွဲရှည်ကြီးဘေးမှာသွားထိုင်၏။ ထားခင် ကလည်း ကမန်းကတန်းထိုင်လိုက်ပြီး...၊

"ဒေါ်လေး မင်းအမေကိုတောင် မပြောရသေးတာရှိတယ် .."

တိုးတိုးလေးကပ်ပြောလိုက်တော့ မိုးခြိမ့် က လှည့်ကြည့်လာ၏။

"နီကြာ ကို ထားတဲ့ ခုတင်က အစတုန်းက တခြားနေရာတွေလိုပဲ အမြင့်ရှိတယ်လေ၊ အဲ့ဒါ သား သိလား .."

www.burmeseclassic.com

www.burmeseclassic.com



နီကြာ့ ကို ထားဖို့ပြင်ကာမှ နိမ့်သွားအောင် ခြေလေးချောင်းကို တိုင်းပြီး သေချာဂရုတ်ချုပစ်လိုက်တာဖြစ်သည်။ ထို့ကြောင့် ခုတင်အောက်မှာ ကြက်မတစ်ဝပ်စာတောင် မရှိတော့ဘဲ နိမ့်ကျသွားခဲ့၏။

"မနေ့ညက ရုတ်ရုတ်သဲသဲတွေထဖြစ်တော့ အားလုံး သတိမထားတာကို ဒေါ်လေး ရှာတွေ့ခဲ့တယ်၊ အဲဒါက ခုတင်အောက်မှာ အပုပ်ရည်တွေ .."

မိုးခြိမ့် အသံမထွက်ဘဲ နှုတ်ခမ်းတွေဖွင့်ဟသွားခဲ့သည်။ ထားခင်လည်းဆက်မပြောနိုင်ဘဲ ရပ်တန့်သွားခဲ့လျက် ခဏကြာတဲ့အထိ တိတ်ကျသွားလေသည်။

အချိန်လွန်တဲ့အထိ မပိတ်ရသေးသော မီးစက်သံကတော့ ဖြောင်းဖြောင်းညံနေဆဲ ..။



## အခန်း (၃၃)

"အစ်ကိုလေး .. အစ်ကိုလေး .."

အသံတိုးတိုး ခြေသံဖွဖွနှင့် သူ့ရှေ့ကပိတ်ရပ်ထားလိုက်သဖြင့် ကြည့်လိုက်တော့ မိဖြူ ဆိုသည့် ကောင်မလေး ..။

"အစ်ကိုလေး .. ခဏ .."

သူမသည် အသံတွေတုန်နေရုံမကဘဲ သူ့လက်ကိုလာကိုင်သည့် လက်ဖျားတွေပါ အေးစက်တုန်ယင်နေလျက် ..။

"လာပါ .. လိုက်ကြည့်စမ်းပါ .. အထဲမှာ .."

သူ့လက်ကိုဆွဲခေါ်နေသည်က မီးဖိုချောင်အဆောက်အဦးလေးဆီ ..။

မိုးခြိမ့် နဲ့ ထားခင်တို့ အိမ်ကြီးအောက်က မီးရောင်မှာ စကားပြောနေကြတာကိုလည်း လှမ်းမြင်နေရ၏။ သူတို့ကတော့ မှောင်ရိပ်ထဲမှာဖြစ်နေခဲ့ပြီး မီးဖိုဆောင်လေးထဲမှာလည်း အပြာရောင်မီးလေးက ခပ်မှုန်မှုန် ..။

"သွား .. သွားကြည့်ပေးပါ .."

မိဖြူက တံခါးမမှာ ခြေစုံရပ်လိုက်ပြီး သူ့ကိုတော့ အထဲကိုတွန်းထိုးလွှတ်နေ၏။ သူမ အသံမထွက်ဘဲပြောနေသောကြောင့် သူလည်း ဘာမှ

www.burmeseclassic.com

www.burmeseclassic.com



မမေးဖြစ်တော့ဘဲ အထဲကို ဝင်လာခဲ့မိသည်။

မီးဖိုချောင်က ကျယ်ကျယ်ဝန်းဝန်းပဲဖြစ်ကာ အုတ်တွေစီထား၏။ ချက်ပြုတ်သည့် မီးဖိုကြီးနဲ့ ရေစည်တွေ ရေခွက်တွေကအစ သန့်ရှင်းသပ်ယပ်နေ၏။

သူ ဘာကိုမှ မမြင်ဘဲ မိဖြူ ဘာဖြစ်လို့ ကတုန်ကယင်တွေဖြစ်နေသည်ကို တွေးမိစဉ် ...၊

"ဂလုတ် ..."

သူ အသံကြားတဲ့ဆီ ဖျတ်ခနဲလှည့်၍ မီးထိုးကြည့်လိုက်၏။

ဟာ!....

နှင်းမောင်မောင် ဟာခနဲကြက်သေသေသွားသည်။ မီးဖိုချောင်ရဲ့ ခြေရင်းထောင့်မှာ နီတြာ က အမဲသားတွေလားဘာလား မသိသော အသားချောင်တွေကို ပါးစပ်ထဲ ထိုးသိပ်ထည့်နေ၏။

သူ့မီးရောင်ကြောင့် လက်ထဲမှာကိုင်လျက် ပါးစပ်ထဲမှာတိုးလိုးတစ်လစ်နှင့် ဖျတ်ခနဲထရပ်လိုက်၏။ မျက်လုံးတွေက ရကွင်းလောက်ပြူးပြောင်နေကာ နဂိုကခပ်ကျဲကျဲဆံပင်တွေက ဦးရေပြားပါမြင်ရအောင် ထိုးထောင်မွရှုနေကြ၏။

"ဟူး .. ဝူး ..."

အသက်ရှူတွေပြင်းလာသလောက် မျက်လုံးတွေပြူးထွက်လာ၏။ လူကိုခုန်အုပ်တော့မလိုဖြစ်လာမှ ကြောင်တောင်တောင်ဖြစ်သွားသည့်စိတ်က အန္တရာယ်ကိုသတိရ၏။

သူမကို ဓာတ်မီးနဲ့ ထိုးထားရင်း လက်နက်လှည့်ရှာလိုက်မိစဉ် ...၊

"နင့်ကို ငါသတ်မယ် .. နင့်ကိုသတ်မယ် .."

"ဝုန်း ..."

"အား ..."

"ကယ်ကြပါဦး .. အကြီးညို .. ညို .."



"ဝုန်း .. ဒုန်း .."

မီးဖိုချောင်ကအသံတွေကြားသည်နှင့် မိုးခြိမ့် နဲ့ ထားခင်တို့ ပြေးလွှားရောက်လာကြ၏။

"ဘာတွေဖြစ်ကြ .. ဟင်!.."

"နီတြာ ..."

နှစ်ယောက်စလုံး တံခါးဝမှာ ကျောက်ရုပ်တွေလိုဖြစ်သွားခဲ့ကြ၏။ နှင်းမောင်မောင် က ကြောင်အိမ်အနီမှ်လေးရှေ့မှာ ဖင်ထိုင်လျက်ပြိုလဲနေကာ နီတြာ က သူတို့ဘက်ကိုလှည့်လိုက်လျှင် ...၊

"အမလေး ..."

ခေါင်းသည် လည်ပင်းပေါ်မှာမရှိတော့သလို ပခုံးတစ်ဖက်ပေါ်လှဲအိပ်နေကာ လည်ပင်းကနေ သွေးပုပ်တွေလို စိမ့်ထွက်နေသည့် အရည်များကြောင့် ...။

"မိုးခြိမ့် ..."

နီတြာ့ အသံလေးသဲ့သဲ့ထွက်လာပြီး ဘုန်းခနဲလဲကျသွား၏။

"နီတြာ ..."

"မိုးခြိမ့် မဟုတ်ဘူး .. အဲဒါ မသွားနဲ့ .."

ထားခင် လိုက်ဆွဲရင်း အထဲဝင်သွားမိကာ ...၊

"သား .. အဲ့ဒါကိုမထိနဲ့ .."

"ဒီမှာလည်ပင်းပြတ်နေပြီဗျ .."

မိုးခြိမ့် အသံက မိုးကြိုးပစ်တာထက် ကျယ်လောင်အက်ကွဲနေ၏။ ပြီးတော့ နီတြာ့ ကို ချထားလိုက်ကာ ...၊

"နှင်းမောင်မောင် .. မင်း .."

နှင်းမောင်မောင် လက်ထဲမှာ ဓားနဲ့ဖြစ်ကာ မိုးခြိမ့် က ရင်ဘတ်ဆီကို ဆောင့်ဆွဲယူလိုက်တော့ ဓားလွတ်ကျခဲ့ပြီး သူ့လက်ထဲမှာပါသွား၏။

"မင်း .. နီတြာ့ ကို ခုတ်ထည့်လိုက်တယ် .. မင်း သတ်လိုက်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျား .. မမြင်ဘူးလား .. အဲဒါ ခုမှ ခုတ်တဲ့ဒဏ်ရာလား .."

"ကဲကွာ ..."

"ခွပ် ..."

"မိုးခြိမ် .."

လူတွေပြေးလွှားရောက်လာကာ နောက်ထပ်ရွယ်လိုက်သည့် လက်သီးကို ဝိုင်းဆွဲထားလိုက်ကြ၏။ နှင်းမောင်မောင် ကတော့ လက်သီးတစ်ချက်မှာတင် သတိလစ်မတတ်ရှိနေပြီဖြစ်ကာ ..၊

"တောက် ..."

မိုး·ခြိမ် ရဲ့ ဒေါသက ဆွဲမနိုင်အောင်ဖြစ်နေဆဲ ..။

"မင်း လုပ်ရပ်တယ် .. ဟောကောင် မင်း ထွက်သွားစမ်းပါ မင်းကိုငါ မမြင်ချင်ဘူး .. သွား .."

"ခေါ်သွားလိုက် မညို .. ဆရာဝန်ကောင်လေးကို ခေါ်သွား .."

ခြေရင်း ခေါင်းရင်းအိမ်တွေ ပြေးလာကြကာ အဆိုးရွားဆုံး အခြေအနေတစ်ခုကို ထိန်းသိမ်းဖို့ ကြိုးစားကြရင်း ..၊

♣



## အခန်း (၃၄)

နီတြာ ကို ခုတင်ပေါ်ပြန်တင်လိုက်ချိန် ဗိုက်က နေ့ဈေးလဈေးကိုယ်ဝန်လို အဆမတန်ဖောင်းပွတက်လာခဲ့လျက် လည်ပင်းပြတ်ကိုလည်း ဘယ်လိုမှ ပြန်ဆက်လို့မရတော့ပေ ..။

တစ်အိမ်လုံး အပုပ်ရည်တွေကြောင့် အော့အန်ကြ မူးလဲကြတွေဖြစ်ကုန်ကြ၏။ ပိုဆိုးသည်က အစကအရောင်ပြောင်းရုံရှိခဲ့သောမျက်နှာမှာ နှုတ်ခမ်းတွေထူ နှာခေါင်းတွေတိုသွားလျက် ပုပ်ပွနေသော အလောင်းတစ်ကောင်၏ ပုံသဏ္ဌာန်အတိုင်းပေါ်လာခဲ့၏။ ထို့ကြောင့် ..၊

မိုးလင်းအောင် မနည်းစောင့်ဆိုင်းခဲ့ရကာ လင်းတာနှင့် အလောင်းကို သဂြိုဟ်လိုက်ရသည်။

"နီတြာ ကို သရဲကပ်ပြီး အိမ်မှာစားသောက်နေတာ .."

"ဟုတ်တယ် ဖုတ်သက်နဲ့ အလောင်းကို စီးထားပြီး လူတွေအပ်မှ ထ,ထ စားနေတာပဲ .."

"အခု အလောင်းသဂြိုဟ်လိုက်တော့ ပြီးသွားပြီပေါ့ .."

"မပြီးလောက်ဘူးနော် .. ဆရာက မလာနိုင်သေးပေမယ့် ငါတို့ကို

www.burmeseclassic.com

www.burmeseclassic.com



မေးတယ်၊ ဖုတ်ခွာသွားတာခြံပြင်မှာလား အထဲမှာလားတဲ့ ..”

လူတွေ အိမ်မှာ ပိုင်းဝန်းသန့်ရှင်းပေးကြရင်း အသုဘကိစ္စဆက်လက်ကူညီရင်း ဒီအကြောင်းပဲ ပြောနေကြသည်။ မိုးခြိမ့် ကတော့ နှုတ်ခမ်းတင်းတင်းစေ့လျက် ဆိတ်ဖလူးပင်ကြီးအောက်မှာ သွားထိုင်နေခဲ့ပြီး ဘယ်သူလာတာမှလည်း မကြိုက် ..။

“ထားလိုက်ဦး အစ်မ .. သူ ခံစားနေရတာ ဒီလောက်တော့ရှိမှာပေါ့ .. ကျွန်မတို့လုပ်စရာရှိတာတွေလုပ်ရဦးမှာ၊ သူ ထဖောက်မလာအောင် ဆုတောင်းရဦးမှာ ..”

“အေးပါအေ .. ငါလည်းမကြုံဘူးတာတွေကြုံရလို့ ရူးတောင်ရူးချင်လာပါပြီ၊ ငါ့မျက်စိထဲမှာ မျက်လုံးတစ်ဝက်ပွင့်နေတဲ့ နီတြာ့ မျက်နှာကြီးကိုပဲ မြင်နေတယ် ..”

“ကျုပ်လည်း ဒီတိုင်းပဲ အကျီလဲပေးတိုင်း အော်တဲ့အသံကြီးကိုပဲ ကြားနေတာ အဲ့ဒီသရဲ နီတြာ့ ကိုယ်ကြီးပုပ်နေတာကို လူသိမခံချင်တာသိလား ..”

ညနေပိုင်းရောက်မှ မယောဂဆရာကြီးဦးလမ်း ရောက်လာခဲ့၏။ ခြံထဲဝင်လာတာနှင့် စူးရှသောအကြည့်တွေက အာရုံခံကိရိယာလို ထိရောက်နေခဲ့လျက် ..၊

“ခြံဝင်းထဲမှာရှိနေသေးတယ် ..”

ဘုရား .. ဘုရား ..။

အကုန်လုံး ထိတ်လန့်ကုန်ကြသည်။

“ကျွန်မတို့ရွာမှာ အဲဒီလို ဖုတ်သရဲ ဒုက္ခပေးတာမျိုး မကြုံဘူးသလောက်ပါ ဆရာကြီးရယ်၊ တစ်သက်မှာ တစ်ခါဖြစ်ခဲ့ပါတယ် ..”

“ဟုတ်တယ် သရဲတစ္ဆေဆိုတာ ကျွန်တော်တို့ သားသမီးတွေအတွက် ကစားဖော်တွေလို့တောင်ပြောလို့ရပါတယ် ..”

“ဖြစ်နိုင်ပါတယ် .. ဒါပေမယ့် အစွဲအလမ်းတစ်ခုခုကြောင့် ဒါမှ



မဟုတ် အငြိုးတစ်ခုခုကြောင့်ဆိုရင်တော့ ဒုက္ခပေးတဲ့ကောင်ဖြစ်လာတာပေါ့ ..”

“ဒါဆိုလည်း နှိမ်နင်းပေးပါရှင် .. ခြံထဲကနေ မောင်းထုတ်ပေးပါ ..”

“မထုတ်ဘူး ..”

တစ်နေကုန်ဝေးဝေးနေသည့် မိုးခြိမ့် က အားလုံးကို ဘက်တိုက်ဖို့ ရောက်လာခဲ့သည်။ အိမ်ဦးခန်းမှာထိုင်နေသော ဆရာရဲ့ ရှေ့မှာပဲ ခတ်တတ်ရပ်လိုက်ကာ ..၊

“ကျွန်တော့်ဇနီးက ကျွန်တော်ရှိတဲ့နေရာမှာနေသင့်ပါတယ်၊ ဘာမှ ခသက်ဆိုင်တဲ့ ဝိညာဉ်တွေကိုတောင် တခြားလူတွေ ကိုယ့်ခြံထဲမှာနေရာပေးထားကြတာ၊ နီတြာ့ ကို ဒီမှာပဲထားမယ် ..”

“အို .. သားရယ် ..”

“မိုးခြိမ့် .. ဆရာ့ကို ငါတို့ပင့်ထားရတာ အကျိုးအကြောင်းသိချင်လို့ပါ၊ ဘာလုပ်သင့်တယ်ဆိုတာလည်း ဆရာ သိပါတယ် ..”

ထားခင် က ဆရာ ထပြန်သွားမှာစိုးကာ တူဖြစ်သူကို ဆူသလိုချော့သလိုဆိုရင်း ..၊

“လုပ်စရာရှိတာ ဆက်လုပ်ပါ ဆရာ .. နီတြာ့ ခန္ဓာကိုယ်ပေမယ့် တခြားသရဲတစ်ကောင်ကောင် ဝင်ကပ်နေတာဆိုရင် ..”

“ဟုတ်တယ် ..”

ဆရာကဆိုရင်း မိုးခြိမ့် ကို မျက်လွှာပင့်ကြည့်၍ ..၊

“မင်း အေးဆေးထိုင်ပါလား .. ဆရာမပြီးခင် ဘာမှမပြောသေးဘဲ ..”

“ဆရာပြီးသွားရင် ကျွန်တော့် နီတြာ ထွက်ပြေးရမှာပေါ့ ..”

“မင်းရဲ့ နီတြာ မဟုတ်ဘူး .. အခု မင်းတို့ခြံထဲမှာ နှစ်ကောင်ရှိတယ်၊ နှစ်ကောင်ထဲမှာ နီတြာ ပါရင်ပါမယ်၊ ပါချင်မှလည်းပါမယ်၊ ဒါကို ကျုပ်ကလည်း ရမ်းသမ်းမထုတ်ပါဘူး .. ဒီဝိညာဉ်က ဘယ်သူတွေ

www.burmeseclassic.com

www.burmeseclassic.com



လဲဆိုတာသိရဖို့ အားလုံးကို ဘာမြင်သလဲ ဘာကြားခဲ့သလဲဆိုတာတွေ မေးရဦးမှာ ..”

“ကျွန်မ ကြားတယ် ..”

မိဖြူ က အားလုံးရဲ့ နောက်ဆုံးကနေလှမ်းအော်သည်။ ပြီးတော့ ရှေ့ကိုကုန်းကုန်းကွကွတိုးလာကာ ..၊

“အစ်ကိုဆရာဝန်လေးကို သတ်မယ်လို့အော်လိုက်တာ ယောကျာ်းသံကြီးပါ၊ အသံကြီးက ကြောက်စရာကြီး ..”

သူမလည်း ထိုအသံကြောင့် လန့်ဖျန့်အော်ရင်း သတိလစ်လဲကျသွားခဲ့တာဖြစ်သည်။ ပယောဂဆရာ ခေါင်းခါလိုက်ရင်း သူ့လွယ်အိတ်ထဲက ရေပုလင်းလေးနဲ့ နနွင်းလုံးတွေ သံပုရာသီးတွေ အားလုံးရှေ့မှာပဲ ထုတ်ယူနေ၏။ ပြီးတော့ ဘုရားစင်ဘက်လှည့်၍ ရေချမ်းကပ်ရင်း ဘုရားရှိခိုးနေ၏။ ထားခင် က မိုးခြိမ့် လက်ကို ဆွဲချလိုက်ပြီး ထိုင်ခိုင်းကာ ..၊

“ဒေါ်လေးတို့လည်း နီကြွ ကို မကြောက်ပါဘူး၊ မကောင်းတဲ့ သတ္တဝါကို မောင်းထုတ်ပြီးရင် နီကြွ ကို ခေါ်ထားမှာပါ၊ ဆရာလုပ်ကိုင်နေတာမပြီးခင် မင်းက ကသ္မာကောစမလုပ်ပါနဲ့ သားရယ် ..”

မိုးခြိမ့် ဘာမှမပြောဘဲငြိမ်သွားသည်။ ပြီးတော့ ရှိတဲ့လူတွေကို ဝေ့ကြည့်လိုက်ကာ ..၊

“မောင်မောင်ရော ..”

“မောင်မောင် လား ..”

ထားခင် မျက်နှာပျက်သွားသည်။ ပြီးတော့ ဒေါ်ညို့ ကို လှည့်ကြည့်၏။ ဒေါ်ညို က မသိသလို ဆရာ့ဆီ မျက်လုံးလွှဲသွားလျှင် ..၊

“ဘာဖြစ်လို့လဲ .. ပြန်သွားတာလား ..”

“မင်းက ပြန်စေချင်လို့လား ..”

“မဟုတ်ပါဘူး .. ကျွန်တော်မေးတာဖြေပါဦး ..”



ငြေ တို့ရော တခြားလူတွေလည်းရှိနေကြသဖြင့် မောင်မောင် တစ်ယောက်တည်း ထပြန်သွားတာလားလို့ တွေးမိပြီး ..၊

“သူတစ်ယောက်တည်းပြန်သွားတာလား ..”

“မပြန်သေးပါဘူး .. ဒါပေမယ့် ..”

မပြန်သေးဘူးဆိုတော့ စိတ်အေးသလိုဖြစ်သွားသည်။ သို့သော် နောက်မှာကတော့ မှုန်ကုတ်ကုတ်ဖြစ်သွားခဲ့လျက် ဘာမှလည်း မမေးတော့ဘဲ ..။

“နီကြွ ကို သူ ဘာမှမလုပ်တဲ့အပြင် နီကြွ ကြောင့် သူ့လက်ဖျံနဲ့ နောက်စေ့မှာရော ဒဏ်ရာတွေတောင်ဖြစ်သွားသေးတယ် မင်းသိလား..”

“နီကြွ လို့ပဲ ဘာလို့ပြောနေတာလဲ ဒေါ်လေး၊ အဲဒါ နီကြွ မဟုတ်တော့ဘူးဆို .. ခုမှ နီကြွ ဖြစ်သွားတာလား ..”

သူ့စကားသံကျယ်သွားတော့ ငြေ တို့ကလည်း လှည့်ကြည့်ကြ၏။ မိုးခြိမ့် တစ်ယောက် နီကြွ အတွက် နာကျင်ရလွန်းကာ ခံစားချက်တွေ အရွန်းရောက်ကုန်ပြီလား ..။

ခုချိန်ထိ ကိုယ့်စိတ်ကို ဖြေသိမ့်ထားလိုက်နိုင်သည့်ပုံမရှိသေး ..။

“နီကြွ ခန္ဓာကိုယ်မို့လို့ နီကြွ လို့ပဲ ပြောမိသွားတာပါ မိုးခြိမ့် ရယ်၊ နင် ကိုယ့်စိတ်ကို ဖြေနိုင်အောင်ကြိုးစားသင့်ပြီနော် .. အခု သူ့ အကြောင်း ဒေါ်လေး ပြောနေတာမဟုတ်ဘူး၊ မောင်မောင့် အကြောင်း မောင်မောင် သတိလစ်သွားတာ တော်တော်နဲ့ သတိမရဘူး၊ အဲဒါ သရဲ ပူးလို့မဟုတ်ဘူး မင်း ထိုးလိုက်တာ ..”

ခပ်ကြိတ်ကြိတ်ပြောရင်း ထားခင် က မိုးခြိမ့် လက်မောင်းကိုပါ ဆိတ်ခဲ့ရိုက်သည်။ ကိုယ့်အိမ်ကို ဆရာဝန်တစ်ယောက် သူ့အလိုအလျောက် ရောက်လာတာတောင် ကျေးဇူးတင်ဂုဏ်ယူရမှန်းမသိသည့်အပြင် ထိုကြိတ်ကြိတ်ရှိုက်နေသေးသည်။

ထိုအဖြစ်ကိုတော့ ထားခင် ဘယ်လိုမှ သည်းမခံနိုင်ပေ .. ဒါကြောင့်

www.burmeseclassic.com

www.burmeseclassic.com



နီတြာ့ ပြဿနာလည်းရှင်းသွားပြီမို့ အမှန်းခံပြီး ပြောလိုက်မိ၏။

"အဟမ်း ..."

ဆရာ ဝတ်ပြုပြီး ဒီဘက်လှည့်လာမှ သူတို့အားလုံးရှေ့ ပြန်လှည့်ကြ၏။ ဆရာကြီးက လည်ချောင်းတစ်ချက်ရှင်းပြီး ...၊

"ဒီရွာမှာ ကိုယ့်ရဲ့ဆွေမျိုးသွေးသားတို့ရဲ့ ဝိညာဉ်တွေ ခင်မင်ကြည်ဖြူရာတွေကို အိမ်ဝိုင်းထဲမှာ နေရာပေးပြီး နေထိုင်ခွင့်ပေးထားခဲ့ကြတယ် နော် ..."

"အိမ်တိုင်းတော့ မဟုတ်ပါဘူးရှင် .. ကျွန်မတို့အိမ်မှာလည်း အဲ မျိုး မမွေးခဲ့ပါဘူး .."

"ကျုပ်က အဲ့ဒါကို သိချင်တာ၊ ခင်ဗျားတို့အိမ်မှာ အစက ဒီလို အဖြစ်မျိုးတွေလည်း မရှိခဲ့ဘူးမို့လား .."

"မရှိပါဘူး ဆရာကြီးရယ် .. အိမ်ထဲမှာရော လမ်းထွက်သွားရင် ရော သရဲနဲ့တူတာဆိုလို့ ချီးချီးချွတ်ချွတ်မြည်သံပေးပြီးတောင် မခြောက် လှန့်ခဲ့ဖူးပါဘူး .."

"သူ စီးထားတဲ့ခန္ဓာကိုယ်ရှိနေရင် ကျုပ်မေးလို့ရတယ် .. အခု ဒီမှာရှိပေမယ့် ဖြေပေးမယ့်သူမရှိတော့ မေးဖို့မဖြစ်နိုင်တော့ဘူး .."

ဒေါ်ညို တို့ ထိတ်လန့်သွားကြသည်။ ဒီခြံဝင်းထဲမှာရှိနေသေးသည် ဆိုပြီး နှင်ထုတ်ဖို့မဖြစ်နိုင်ဘူးဆိုလျှင် ...၊

"ဆရာရယ် .. အဲဒါဖြင့် ကျွန်မတို့ ဘယ်လိုလုပ်နေရမှာလဲ ဟိုလေ တစ်ယောက်ယောက်ကို ဝင်ပူးနိုင်းရင်ရော .."

"ဒါက မိသားစုနဲ့မသက်ဆိုင်တဲ့ ဝိညာဉ်ဖြစ်နေရင် ပြန်ထုတ် ခက်တယ်၊ ကျုပ်တို့လည်း အဲ့ဒီလို ခန္ဓာကိုယ်တစ်ခုကို ညှင်းပမ်း အလုပ်မျိုးမလုပ်ချင်ဘူး .."

"ဘယ်လို ညှင်းပမ်းတာမျိုးလဲ ဆရာ၊ အဲ့လို ဝင်ဝင်ပူးတာ ကျွန်မတို့တွေ .."



"ဟုတ်တယ် ကျုပ်ပြောပြီးပြီလေ .. မသိကဲ့ဝိညာဉ်ကို ရမ်းလုပ် မဖြစ်ဘူး၊ နောက်ပြီး မကောင်းဆိုးဝါးပူးခံရတဲ့ ခန္ဓာကိုယ်က မကောင် ဆိုးဝါးကို ပြန်တိုက်ခိုက်တာပဲ .. လက်ခံပါ့မယ်လို့ပြောပြီး ပူးကပ်ခံ မယ့် တကယ်တမ်း သိပ်ကိုပင်ပန်းနာကျင်တာ၊ အဲ့ဒီလိုအပြစ်မျိုး ကျု တို့မလုပ်ဘူး .."

"ဒါဆို .. ကျွန်မတို့ ဘာလုပ်ပေးရင် ရမလဲဟင် .."

"ဘယ်သူမှ တတ်နိုင်မှာမဟုတ်ဘူး၊ အဲ့ဒီ ဝိညာဉ်ဘယ်သူလဲဆိုတာ နာမည်သိမှသာ သူ့နာမည်ခေါ်ပြီး ဆရာအမိန့်နဲ့ ခိုင်းစေနိုင်မှာ၊ နာမည် သိမှဖြစ်မယ် .."

"ဒါဆို ကျွန်တော်သိပြီ .."

မာတ်တိုင် က ဖြုန်းခနဲသတိရလာသလို အကျယ်ကြီးထအော် လိုက်ပြီး ဆောကနေ ရှေ့ရောက်အောင်တိုးသည်။

"သူ ကျွန်တော့်ကို ဂုတ်ချိုးသတ်မယ်လို့လာကြိမ်းတုန်းက ပြော သွားတယ်ဆရာ .. သူက ပေါက်ကျိုင်း တဲ့ .."

"ဟယ်!..."

"ပေါက်ကျိုင်း!..."

"ပေါက်ကျိုင်း တဲ့ဟ .."

လူကြီးပိုင်းတွေထံမှ တအံ့တဩအသံတွေ ထွက်လာကြသည် ပေါက်ကျိုင်း က မိုးခြိမ့် ကို မွေးပြီး သိပ်မကြာခင်မှာ ရေတံခွန်ကိုဆင် သည့် လမ်းကလေးကို ပြုပြင်ရင်း အပူရှပ်ပြီး ဆုံးသွားခဲ့တာဖြစ်သည်

"ကြာလှပြီပဲ .."

"ဘယ်လိုတွေ ပူးနိုင်သွားတာလဲ မသိဘူး .."

"သရဲက သက်တမ်းရင့်သွားရင် အစွမ်းထက်လာတယ်တဲ့ .."

ဆရာကြီးက တစ်ယောက်တစ်ခွန်းပြောသံတွေ ပြန်လည်တိတ်ဆိတ် သွားမှ ခေါင်းတစ်ချက်ညိတ်ကာ ...၊

www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို သူ့ကိုခေါ်ပြီး ကျုပ်ရဲ့ သိဒ္ဓိအစွမ်းနဲ့ ထွက်သွားနိုင်းလို့ရပါပြီ .."

"ဆရာကြီး နိုကြာ့ နာမည်ကိုမခေါ်မိပါစေနဲ့ .."

မိုးခြိမ့် က တားဆီးဖို့အတွက် ငုတ်တုတ်ထိုင်စောင့်နေသည့်နှယ်၊ ဆရာက ဘာမှမပြောတော့ဘဲ ရေစင်ကိုကိုင်၍ ဂါထာတွေနဲ့ ရွတ်ဖတ်မန်းမှုတ်ကာ သံပုရာသီးကို သင်ဖြူးပေါ်မှာ ဒီတိုင်းချလိုက်ပြီး ...၊

"အားလုံး တိတ်တိတ်နေပေးပါ .."

မျက်လုံးတွေမှိတ်၍ အချိန်အတော်ကြာအောင် ရွတ်ဖတ်နေကာ မျက်လုံးတွေ ခပ်ဖြည်းဖြည်းဖွင့်၍ သံပုရာသီးကို ကြည့်လိုက် ပြန်မှိတ်ထားပြီး ရွတ်ဖတ်နေလိုက် ...။

"အယ် ..."

"ဂျိုး ..."

"နီလာပြီ .."

တိုးတိတ်စွာပြောသည့် စကားသံတွေ ထွက်လာသည်။ သံပုရာသီးက အဝါရောင်အကွက်လေးထင်လာပြီး တဖြည်းဖြည်း ထိုအကွက်က ပြန့်ကားရင်း လိမ္မော်ရောင်ဖြစ်လာသည်။

တစ်ခြမ်းလုံး အနီရောင်ဖြစ်သွားသည်နှင့် ဆရာက အဖြူရောင်ပဝါလေးနဲ့ အုပ်လိုက်ကာ အပေါ်ကနေ သောက်တော်ရေကပ်ထားသည့် ရေစင်နဲ့ တောက်လိုက်၏။

တစ်ယောက်တည်း တိတ်ဆိတ်စွာလှုပ်ရှားနေရင်း ...၊

"သူက အစာရေစာငတ်ပြတ်နေတဲ့ ဝိညာဉ်ပါ .. သူ ဒီမှာနေပြီး စားသောက်နေချင်သေးတယ် .."

"အို .. မဖြစ်နိုင်တာ .."

"မထားခဲ့ပါနဲ့ ဆရာကြီးရယ် တစ်ခါတည်း နှင်ထုတ်ခဲ့ပေးပါ .. ကြောက်စရာကြီး .."



"အစားကျူးတဲ့အတွက် သူ လူတွေနဲ့ ဘယ်လိုမှမဖြစ်ဘူး၊ ဒုက္ခပေးချင်လို့မဟုတ်ပေမယ့် ဆာလောင်လာရင် ဘာမဆို သူ လုပ်မှာ .."

ဆရာကြီးနဲ့ ဝိညာဉ် ဆက်သွယ်မိကြတာထင်သည်။ ငြေ က တအံ့တသြခေါင်းညိတ်လိုက်ရင်း ...၊

"ဟုတ်တယ် သွေးထွက်အောင်မှန်တယ် ဆရာ .. သူ ဆာတယ်လို့ပြောနေတာကြားတယ်၊ သူ ငတ်နေတာကြာပြီတဲ့ .."

"နင် အဲဒါတွေသိသားနဲ့ ဘာဖြစ်လို့ မီထားခင်တို့ မညို တို့ကို မပြောပြတာလဲ .."

"ပြောတာပဲ .. ဘယ်သူမှမှ မယုံတာ .."

"ဟုတ်တယ် ခေါ်ပိန် ခုမှ အပြစ်တင်မနေနဲ့တော့ မယုံကြလို့ ဒီအခြေအနေထိ ဆိုးရွားလာတာကို .."

အိမ်နီးချင်းတစ်ချို့က အနံ့ကြောင့် ဒုက္ခတွေရောက်ခဲ့ကြတာမို့ မိုးခြိမ့် အစွဲအလမ်းကြီးနေတာကို ဘာဝင်မကျကြ ...။

"ကိုင်း .. ရော့ .. ဒါကိုယူသွားပြီး သချိုင်းမြေအစွန်တစ်နေရာမှာ သေချာမြေကျင်းတူးပြီး မြှုပ်လိုက်ကြ .."

ဆရာကြီးက ပဝါနဲ့ ထုပ်ပတ်ထားသည့် သံပုရာသီးကိုပေးသဖြင့် ခေါ်ညို တို့ မယူရဲကြပေ ...။ မိုးခြိမ့် ကလည်း ဒါကိုယူပြီး ချက်ချင်းထွက်သွားရမှာမို့ သူ့မှာ နောက်ဆံတင်းစရာရှိနေသောကြောင့် ထမယူ...။

"ကျွန်တော်တို့ သွားပစ်လိုက်မယ် အကြီးညို .."

ကိုလှကျော် နဲ့ ငြေ တို့ကပဲ ကမန်းကတန်းထလိုက်ကြကာ ...၊

"ဒါ .. ဒီတိုင်းယူသွားလို့ရသလား ဆရာ .."

"အေး .. မမြှုပ်ခင်လွှတ်တော့မကျစေနဲ့၊ အဓိကကတော့ ဒီဝိုင်းအပြင်ရောက်သွားဖို့ပါပဲ၊ သူက ဝိညာဉ်ခွာမယ့်ခန္ဓာကိုယ်ကို အပိုင်စီးပြီး ဒီထဲဝင်လာတာ၊ ကျုပ် ထင်တာတော့ ကျန်တဲ့တစ်ကောင်က ဟိုမိန်းကလေးဝဲ ဖြစ်မယ် .."

www.burmeseclassic.com

www.burmeseclassic.com



"အဲဒါဆို သူ့ကို ဒီမှာနေခွင့်ပေးချင်ရင် ဘယ်လိုလုပ်ရမလဲ ဆရာ.."

မိုးခြိမ့် ရဲ့ မေးခွန်းကြောင့် အားလုံး မျက်နှာတွေပျက်ကုန်ကြသည်။ ဒေါ်ညို့ တို့က ဆရာ ဘယ်လိုဖြေမလဲဆိုတာကို နားစွင့်နေကြလျှင် ...၊

"ကျွန်တော့်ကို ကူညီပါ ဆရာ၊ သူက ကျွန်တော့်ကြောင့် သေဆုံးခဲ့ရတာပါ၊ သူ ဒီထဲထိအသက်ပါလာသေးတယ်ဆိုရင် အဲဒါ ကျွန်တော်နဲ့ အတူနေဖို့ သူ ကြိုးစားရောက်လာတာ၊ သူ ကျွန်တော်နဲ့ မခွဲနိုင်ဘူးဆိုတာ ကျွန်တော်သိတယ် .."

"မခွဲနိုင်ကြတာက လူလူချင်းပဲ ငါ့တူ၊ တစ်ဘဝစီခြားနေပြီးမှ မခွဲချင်လည်း ခွဲရမှာပဲ၊ ကျုပ်တို့က သူတို့ကို ဒုက္ခရောက်အောင်မလုပ်ချင်ဘူး၊ လူတွေကို ဒုက္ခပေးနေရင်သာ သူ့နေရာသူ ပြန်ရောက်အောင် ခွဲထုတ်ပေးရတာ .."

"ဘာဖြစ်လို့ ဒုက္ခရောက်မှာလဲ ဆရာ၊ ဝိညာဉ်တွေက နေစရာစားစရာမရှိလို့တောင် လူတွေဆီမှာ ခိုလှုံခွင့်တောင်းကြတာပဲ .. နီတြာကို ကျွန်တော် စောင့်ရှောက်ချင်တာပါ .."

ဆရာကြီးက ခေါင်းခါရမ်းနေရင်း သက်ပြင်းချကာ ...၊

"သေသွားတဲ့လူတိုင်း ဝိညာဉ်ဘဝနဲ့နေကြရတာ မဟုတ်ဘူးကွယ်.. ဝိညာဉ်ဖြစ်နေကြတဲ့ လောကသားတိုင်းကလည်း ဝိညာဉ်ဘဝမှာ နေပျော်အောင်ကြိုးစားနေကြတာမဟုတ်ဘူး၊ သေခါနီး အယူတစ်ချက်လေးလွဲသွားလို့ မကျွတ်မလွတ်ဖြစ်ရပြီဆိုပေမယ့် အဲ့ဒီဘဝက ကျွတ်လွတ်ချင်ကြတယ် .."

"ဟုတ်တယ် မိုးခြိမ့် .."

"သေတဲ့လူက သေသွားပြီပဲ .."

"တောင်ကြီး ဆို ကြည့်ပါဦး၊ သူ့ညီမကို သင်္ဂြိုဟ်တာတောင် သွက်သွက်ခါရှူးနေတာ ဘယ်လောက်တရားကျဖို့ကောင်းလဲ၊ သေသွားတဲ့လူက တစ်ဘဝကူးဖို့ကြိုးစားနေပြီ ကျန်ခဲ့တဲ့လူတွေမှာသာ တကယ့် သောကမီး



တွေ ဝိုင်းကျန်ခဲ့တ္တနေ .."

"အောင်ကြီး တို့လည်း သင်္ဂြိုဟ်ပြီးတာနဲ့ ချက်ချင်း ဘုရားဖူးထွက်သွားကြတာလေ .. သူတို့လိုလူမိုက်တွေတောင်မှ 'ခလုတ်ထိတော့ အမိတ' ဖို့ သတိရတယ် .."

"ဒါ သူတို့လက်နဲ့ သတ်မိလို့ အပြစ်ကိုဆေးကြောချင်တာပါ .."

"ဘာကြောင့်ဖြစ်ဖြစ် လူမိုက်တွေတောင် ဘယ်လိုအားကိုးရာရမှန်းသိရင် မင်းက လူတော်လူကောင်းလေးပါကွယ် .. ဘယ့်နှယ် ဖွတ်တိုးမိုက်ချင်နေရတာလဲ .."

လူကြီးသူမ ဆုံးမကြပေမယ့် မိုးခြိမ့် က နားမထောင် ...။

"သူသာ တကယ်ပြောနိုင်သေးရင် ကျွန်တော်နဲ့ပဲ နေချင်တာလို့ ပြောမှာ ကျွန်တော်သိတယ်၊ တကယ်လို့ သူ့ကို ဆရာကြီးပြောသလို ဖြစ်နေမယ်ထင်ပြီး ပစ်ထားမိရင် သူ ဒုက္ခရောက်နေတာလည်း ကျွန်တော်သိရမှာမဟုတ်ဘူး .."

"သိဖို့လည်း မကြိုးစားသင့်ဘူး မောင်မိုးခြိမ့် .."

ဆရာကလည်း ဘယ်လိုပြောပြော ခေါင်းခါနေကာ လွတ်အိတ်ကိုပြင်ဆင်ပြီး ပခုံးမှာ ချိတ်လိုက်၏။ ပြီးမှ မိုးခြိမ့် ကို သေချာပြန်လှည့်ကြည့်၍ ...၊

"မင်းရဲ့ မိန်းကလေးက မင်းပြောသလို တကယ်ဆန္ဒရှိနေရင် မင်းကလည်း လက်ခံနေပြီဆိုတော့ သူ့စိတ်အစွဲအတိုင်း သူ ရောက်လာမှာပါ .."

"ဗျာ ..."

"ကျုပ်ကတော့ သူ့ကိုခေါ်မပေးဘူး .. မင်းတို့သိချင်တာကို သူကိုယ်တိုင်ပဲ တစ်နေ့နေ့မှာ လာပြောလိမ့်မယ် .."

"ဆရာ .. ဆရာ့ နေပါဦး .."

ဆရာက ထပြန်သွားသည်နှင့် မိုးခြိမ့် က လိုက်တားကာ ...။

"သူ လာမပြောနိုင်ရင်ရော .. ကျွန်တော် .. ကျွန်တော် ဘာလုပ်

www.burmeseclassic.com

www.burmeseclassic.com



ရမလဲ ..”

“အဲဒါက သူ့ဘဝပဲ မင်းဘာမှလုပ်လို့မရဘူး ..”

“ဆရာ .. ဆရာ လုပ်ပေးနိုင်ပါတယ် ဆရာရယ်၊ ကျွန်တော့်ကို ဒါလေးပဲ ကူညီပါ ..”

“မိုးခြိမ့် ...”

“သားရယ် .. မင်းတော့ ဒုက္ခပါပဲ၊ သေတဲ့လူက ပြီးသွားပြီ မင်း မကြားခင် ရှူးလိမ့်မယ်သိလား ..”

ဒေါ်ညို မျက်ရည်တွေပြည့်အိုင်လာမှ မအေ့ မျက်နှာကိုကြည့်ပြီး မိုးခြိမ့် လက်လျှော့ကျန်ရစ်ခဲ့၏။ ပြီးတော့ လက်သီးဆုပ်ရင်း သူ့မျက်နှာ တစ်ပြင်လုံး နီရဲလာသည်။

ထားခင် က သူ့ခေါင်းကိုပွတ်၍ ...၊

“ငိုချင်ရင် ငိုလိုက်ပေါ့ လူလေးရယ် .. ယောကျ်ားတွေလည်း ငိုခွင့် ရှိပါတယ် ..”

တစ်ချို့လူကြီးတွေက မိုးခြိမ့် ကို ဒေါသဖြစ်ခဲ့ကြတာရှိသော်လည်း သောကမီးလောင်မြိုက်နေသည့်အဖြစ်ကြောင့် သက်ပြင်းတွေချပြီး ထပြန် သွားကြသည်။

အိမ်နီးချင်းတွေ တစ်ဦးစနှစ်ဦးစလောက်သာ ကျန်ခဲ့ကြပြီး မိဖြူ က ရေနွေးဇန်းတွေ ဆေးလိပ်ခွက်တွေသိမ်းဖို့တက်လာ၏။

အပေါ်ရောက်တော့ မိုးခြိမ့်တို့ မျက်ရည်တွေဝေ့နေတာကို ကြည့် ပြီး သူမပါ မျက်ရည်တွေ ပိုးပိုးပေါက်ပေါက်ကျလာခဲ့၏။

ရှိနေတုန်းက ‘ဘာဖြစ်တာလဲ’ ဆိုသည့်အဖြေကိုသိချင်နေခဲ့ကြ သည်။ အနံ့ထွက်တော့ ထွက်နေသည်။ သရဲခြောက်တော့ ခြောက်ပြန် ပြီနှင့် ...။

သဂြိုဟ်ပြီးသွားသည့်နောက်ပိုင်းမှာ နီကြာ တကယ်ဆုံးသွားခဲ့ပြီ ဆိုသည့်အသိက ဘေးလူတွေကိုတောင် ရင်နင့်စေခဲ့တာ မိုးခြိမ့် ရင်ထဲ



မှာ ဘယ်လိုနေရှာမလဲ ...။

ဟိုတုန်းက နီကြာ နဲ့ မိုးခြိမ့်တို့ ဘယ်လိုရယ်မောပျော်ရွှင်ခဲ့ကြ တာတွေ ချစ်ကြိုက်ပြီးတော့လည်း သဘောမတူသည့်အစ်ကိုတွေကြောင့် ဘယ်လိုစွန့်စားတွေ့ခဲ့ရတာတွေ ...။

ဒါတွေကို လွယ်လွယ်နဲ့ ဘယ်သူမေ့နိုင်မှာလဲ ...။

ပန်းကန် လင်ဗန်းတွေ မသိမ်းဖြစ်ဘဲ မိဖြူ ငုတ်တုတ်လေးထိုင်ချ ရင်း မျက်ရည်ဖြိုင်ဖြိုင်ကျမိ၏။

“ကျွန်တော် သူနဲ့ စကားပြောချင်တယ်၊ သူ ဘာဖြစ်ချင်တာလဲ ဆိုတာသိချင်တယ် အမေ .. သူ ကျွန်တော့်ဆီကိုလာချင်ရက်နဲ့ မလာနိုင် ဖြစ်နေရင် အဲ့ဒီဒုက္ခကို ကျွန်တော် ကယ်ချင်တယ် ..”

“လူလေးရယ် .. မင်းကိုယ်တိုင် သူ့ကိုမခွဲနိုင်တာလား .. သူ့ကို သနားလို့ပြန်ခေါ်ထားချင်တာလား .. ကိုယ့်ကိုယ်ကိုယ် သေချာဆန်းစစ် ပါဦး သားရယ်၊ အမေတို့ ဘာမှလုပ်မပေးနိုင်ပေမယ့် ..”

“အဲ့ဒီတော့ ကျွန်တော် ဘာလုပ်ဖို့ရှိသေးလဲ အမေ ဘယ်သူမှ ဘာမှ လုပ်မပေးနိုင်ဘူးဆိုရင် ကျွန်တော်က မရမကခေါ်ထားချင်ပါတယ်ဆိုရင် ရော ဘာတတ်နိုင်မှာမို့လဲ ..”

“ခေါ်ထားချင်နေတာဆိုရင် အမေ့စကားကို နားထောင်ပါ သားရယ်၊ ဝိညာဉ်ဆိုတာလေ လူတွေရဲ့အမိန့်ကိုကြောက်ကြတယ် သားရဲ့ ..”

ဒေါ်ညို က မျက်ရည်တွေဝေ့နေသည့် မိုးခြိမ့် မျက်နှာကို ကလေး ငယ်လေးကိုကိုင်သလို နဖူးတွေ ဆံပင်တွေကအစ တယုတယပွတ်သပ် ချော့ရင်း ...၊

“သူတို့ရဲ့ သက်ဆိုင်သူတွေက ချုပ်နှောင်ထားရင် ခံရတယ်။ နှင် ထုတ်ရင် သွားရတယ်၊ အခု ပေါက်ကျိုင်း ရဲ့ ဝိညာဉ်က သူ့ကိုအနိုင်ယူ ပြီး ဒီထဲထိပါလာခဲ့တာ သား ကြည့်လေ၊ သူက ခုမှ သေဆုံးသွားတာ ဘယ်လိုလူ ဘယ်ဝိညာဉ်ကိုဖြစ်ဖြစ် သူ ကြောက်နေရလိမ့်မယ် ..”

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ညို က တတ်သမျှ မှတ်သမျှကို ပြောပြနေမိကာ ..။

"သူတို့လောကကို အမေ မသိပေမယ့် အမေတို့နဲ့ လာပတ်သက်တဲ့ အခါ သူတို့ခံစားရသလောက်တော့ ပြောသွားကြတာပဲ၊ အဲဒါတွေကို အမှန်လို့ပဲယူဆပြီး နားလည်ဖို့ကြိုးစားလိုက်ပါ သားရယ် နော် .. သားက ချစ်လို့ ပြန်ခေါ်တာပေမယ့် သူ့အတွက်က ချုပ်နှောင်ခံရသလိုဖြစ်သွားခဲ့ရင် .."

"မဟုတ်ပါဘူး အမေရာ၊ နီကြာ ကျွန်တော်နဲ့နေရင် ပျော်နေမှာပါ၊ သူ့ကို ကျွန်တော် လူလူချင်းအတူရှိကြသလိုပဲ ဂရုစိုက်မယ်၊ ချစ်မယ် ကျွန်တော်သေမှပဲ .."

"ဘုရား .. ဘုရား .."

"မိုးခြိမ့် ရယ် လူကြီး ဒီလောက်ဆုံးမနေတာတောင် နင် ဖွတ်တိုး ပြောနေတယ်နော် .."

ထားခင် မှာလည်း မျက်ရည်တွေနဲ့ဖြစ်ကာ ..၊

"ငါတို့လည်း သူသာပျော်မယ်ဆိုရင် ထားကြမှာပါ၊ ဒါပေမယ့် အခု ဘာမှမှမတတ်နိုင်တာ၊ နင် ဒါပဲတမ်းတနေရင် ရူးသွားလိမ့်မယ် သိရဲ့လား .."

"ကျွန်တော် အဲ့လောက် မတုံးဘူး ဒေါ်လေး၊ ကျွန်တော် သူ့ကို ခေါ်မထားရရင်သာ ကိုယ့်အပြစ်မကင်းသလိုခံစားရလို့ ရူးမှာ .."

"မင်း စဉ်းစားကြည့်လေ .. တို့က လက်ခံချင်နေရင် သူကလည်း စိတ်ဖွဲလမ်းနေရင် သူ လာပြောလို့ရတယ်၊ တို့ဆရာကြီးပြောသွားတာပဲ အဲဒါ သူ ဘာမှမလှုပ်ရှားခဲ့တာ သူ စိတ်မဖွဲ .."

"အား!.. ဟီး .."

"အနိစ္စ!..."

"ဟယ် .. မိဖြူ .. ဘာ .. ဘာဖြစ် .."

သူတို့တွေ လန့်ဖျန့်သွားကြသည်။ ထိုစဉ်မှာ ငြေ တို့လည်း ပြန်လာကြပြီဖြစ်ကာ ..၊



"မိဖြူ ကို ပူးနေတာ ဒေါ်လေး .. အဲ့ဒါမျိုး ကျွန်တော် မြင်ဖူးတယ်"

ငြေ က ပြောရင်း ပြေးတက်လာကာ ခတ်တိုင် က လှေကားအတက်နားမှာပဲ ကပ်ကျန်ရစ်၏။ ကျောက်ဒိုး နှင့် ကြွက်တိုး တို့က စိတ်ဝင်တစား အုံလာကြကာ ..၊

"မိဖြူ .. အဲ .."

"ဟဲ့ .. နေစမ်း .."

ဒေါ်ညို က ဗဟုသုတကြွယ်ဝသူမို့ ဆရာကြီးကိုယ်တိုင် ဘုရားစင်မှာ ရေချမ်းကပ်ပြီး ပြန်စွန့်၍သုံးထားခဲ့သော သောက်တော်ရေတစ်ခွက်နှင့် ဖန်ခွက်လေးကို သွားယူသည်။

ပြီးတော့ ထားခင် လက်ထဲထည့်ပေးထားကာ မိဖြူ ဘေးမှာ သွားထိုင်လိုက်၏။

"နီကြာ .. နီကြာ သမီးလားဟင် .."

"အဟင့် .. ဟင့် .."

"သမီး ဘာပြောချင်လို့လဲ .. မိုးခြိမ့် လည်းရှိတယ်၊ သမီး သူ့ကို ဘာပြောချင်သလဲ အခုပြောလိုက်လေ .."

အိဖြူ ခေါင်းငိုက်စိုက်နှင့် ငိုနေရင်းကနေ ဆတ်ခနဲမော့လာ၏။ မျက်ရည်တွေပြည့်အိုင်နေသော မျက်ဝန်းတို့သည် မိုးခြိမ့် ကို တန်းတန်းမတ်မတ်ကြည့်နေခဲ့ပြီး ..၊

"မိုး .. ခြိမ့် .."

"နီကြာ ..."

နီကြာ့ အသံထွက်လာတော့ မိုးခြိမ့် နင့်ခနဲဖြစ်သွားသည်။ ရှေ့ကို လက်နှစ်ဖက်ထောက်၍ ဖွေ့ခနဲတိုးသွားမိကာ ..၊

"နီကြာ ..."

မိဖြူ ကို မြင်နေရလျက်နှင့် နီကြာ ကို သူ ပွေ့ဖက်လို့လည်း မဖြစ်..။

"သွားမကိုင်နဲ့ မိုးခြိမ့် .. သူ ပြောတာပဲနားထောင် ."



www.burmeseclassic.com

www.burmeseclassic.com



"ပြောလိုက် သမီး .. မိုးခြိမ့် နဲ့ သမီး နေချင်သလား .. မိုးခြိမ့်က သမီးကို ဒီအိမ်မှာ မိသားစုလိုနေရအောင်ခေါ်ထားမှာလေ .."

"ဟင့်အင်း ..."

ခေါင်းခါပြီး အော်လိုက်တော့ ဘယ်လိုအသံကြီးဖြစ်သွားမှန်းမသိ..။

"မခေါ်ပါနဲ့ ..."

ခေါင်းအဆက်မပြတ်ခါနေရင်း စကားပြောလာတော့ နီတြာ အသံပြန်ဖြစ်သွားကာ ..၊

"ငါ့ကို .. ငါ့ကို သွားခွင့်ပေးပါ မိုးခြိမ့် ရယ်၊ ငါ .. ငါလေ ယေါက်ကျိုင်းကြီး အနိုင်ကျင့်တာကိုလည်း ခံခဲ့ရပြီးပြီ၊ ငါ နင်နဲ့ နေချင်မိတဲ့စိတ်တစ်ခုတည်းနဲ့ ငါ့ကိုယ်ငါ မကျွတ်လွတ်ချင်ဖြစ်ခဲ့မိတာ၊ သူ ကူညီမှ ခြံထဲဝင်ရမှာဆိုပြီး သူ့ကိုပေးခဲ့တာပါ .."

"နီတြာ ရယ် .."

"ငါ နင့်ကိုချစ်တယ် .. ဒါပေမယ့် ဒီလိုဘဝနဲ့တော့ မနေပါရစေနဲ့၊ နင်နဲ့ ငါ ဘဝခြားသွားပြီ မိုးခြိမ့် ရဲ့ .. ဟီး .. ဟီး .."

မိုးခြိမ့် လက်သီးဆုပ်ထားရင်း အံကြိတ်နေတာတကျိုကျိုမြည်နေခဲ့၏။

"ငါတို့ ဒီလိုပုံနဲ့ အတူတူရှိနေလည်း ငါ့ဒုက္ခနဲ့ ငါ မပြောနိုင်မဆိုနိုင်ရဖြစ်နေရမှာ၊ အခု .. အခု နင့်ကို ပြောခွင့်ရဖို့အတွက် .. ငါ .. ငါလေ ဟီး .. ဟီး .."

"နီတြာ ..."

"သွားမကိုင်နဲ့ မိုးခြိမ့် .."

မိဖြူ တစ်ကိုယ်လုံး ချွေးဒီးဒီးကျနေကာ မချိမဆန့်အော်သံကြီး တစ်ချက်တစ်ချက်ထွက်လာပြီး ယိမ်းထိုးနေရှာ၏။ ဒါ နီတြာ ခံစားနေရတာတွေလား ..။

"ငါ .. ငါ သွားမယ် .. ငါသွားပါရစေ .. ငါ့ .. ငါ့ကို သနားရင် လွှတ်ပေးပါ၊ လွှတ်ပေးစမ်း .. အား .. ဟီး .."



"နီတြာ .."

"မိဖြူ .. ဟဲ့ .. ရေမန်းတောက်ပေး .. တောက်ပေး .."

"နီတြာ ..."

မိုးခြိမ့် အရူးလိုအော်ခေါ်နေတော့ ငြေ ကပခုံးကိုလာဖက်ထားသာ ..၊

"သူ သွားပါစေကွာ .. ငါတို့ရှေ့မှာတင် သူ ဘယ်လောက်တောင်းနေရသလဲ မင်းစိတ်ကိုထိန်းပါ .."

မိဖြူ သည် ပုံလဲသွားတည်းက တစ်ညလုံးသတိမရခဲ့ဘဲ သတိရတော့ည်း လက်တုန်ခြေတုန်ဖြစ်နေရင်း ရေပင်မသောက်နိုင် ..။

ဒါကြောင့် ဆရာကြီးပြောသွားတာပဲဖြစ်မည်။

"တကယ်တမ်းပူးကပ်ခံပေမယ့် ပူးခံရတဲ့ခန္ဓာကိုယ်က သိပ်ကိုင်ပန်းနာကျင်တာ" တဲ့ ..။

မိဖြူ ခမျာ ရေခွက်တောင် မြဲအောင်မကိုင်နိုင်သေး ..။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃၅)

"ကျွန်တော် ဘာမှမဖြစ်ပါဘူး .. ကိုခြိမ့် ကိုလည်း စိတ်ဆိုး မဟုတ်ဘူး .."

"ဒါဖြင့်လည်း သ ..."

ဒေါ်ညို က တံတောင်နဲ့ တို့လိုက်သဖြင့် ထားခင် ကမန်းကတ ခေါင်းခါလိုက်ပြီး ..၊

"ဒါဖြင့်လည်း သားကို ကိုယ့်တူသားလေးလို ခင်တွယ်လို့ တာ တာပါ၊ တစ်ပတ်လောက်ဖြစ်ဖြစ်နေပါဦးကွယ် .."

"ဟုတ်သားပဲ လူလေးရယ် .. ဒီလိုထွက်သွားရင် သားကလည်း သူ့ကိုစိတ်ဆိုးသွားတယ်ထင်တော့မှာ .."

လက်သီးနဲ့ အထိုးခံထားရသည့် မေးရိုးတစ်ဖက်က ခုထိ ကိုင် နေဆဲရှိသေးသည်။ ဒါနဲ့တောင် သူတို့ရဲ့သား အထင်မလွဲအောင် နေ ရဦးမှာတဲ့လား ..။

နှင်းမောင်မောင် မျက်နှာပျက်သွားတော့ ဒေါ်ညို တို့ကလည်း ရိပ်မိသွားကာ ..၊

"အဒေါ်တို့က မစာမနာပြောတာမဟုတ်ရပါဘူး လူလေးရယ် -



တဲ့ လွန်ခဲ့တဲ့အတွက် သူ တောင်းပန်မယ်ဆိုတာလည်း သိနေလို့ င်းလည်းတောင်းပန်စေချင်လို့ပါ၊ တစ်ယောက်နဲ့တစ်ယောက် မင်လာခဲ့ကြပြီးမှ အမုန်းနဲ့ ခွဲကြတာ မကောင်းပါဘူးကွယ် .."

"ဟုတ်ပါတယ် မောင်မောင်ရယ် .. သားရောက်လာတာ ရက်ပိုင်း ပဲပေမယ့် ဒေါ်လေးတို့က သံယောဇဉ်ဖြစ်နေပါပြီ၊ နောက်ပြီး သ .. .. သားရဲ့ ကိုခြိမ့် ကလည်း သူ့စိတ်သောကကို သူ မနိုင်ဘူးဖြစ်နေ ပါ၊ သူ့ကို နားလည်ပေးလိုက်ပါကွယ် .. နော် .. ပြန်မယ်ဆိုရင်လည်း ားတော့ပါဘူး .. မိုးခြိမ့် နဲ့တော့ တွေ့သွားပါဦး .."

နှင်းမောင်မောင် က မငြင်းတော့သလို ဟုတ်ကဲ့လည်းမလုပ်ပေ..။

သူ ပါလာသည့် ကျောပိုးအိတ်လေးကိုပဲ သေချာပိတ်ပြီး လွှားထား ည့် ဂျာကင်ကို ထပ်ဝတ်လိုက်သည်။

သူ့ကိုကြည့်လိုက်တိုင်း ဂျာကင် သို့မဟုတ် အပေါ်ထပ်တစ်ထည် ည်က မပါမပြီးဖြစ်ကာ အနေလည်းတည်သည်။ စကားလည်းနည်းသည်။

မိုးခြိမ့် နဲ့ ပြောကြပြီဆိုရင်လည်း လိုရင်းကို တည့်တည့်ပြောတတ် န်းလို့ စိုးရိမ်နေရတာဖြစ်ကာ ..။

"နီတြာနဲ့လိုပဲ လူလေးကလည်း သားနဲ့ အတူပါလာပေမယ့် ားပြောတိုင်း အဆင်မပြေဘူး၊ အဲဒါကိုကြည့်ခြင်းအားဖြင့် လူလေး ့ မုန်းကြတာမှမဟုတ်ဘဲကွယ် .."

"ဟုတ်ပါတယ် အဲန်တီ .. ကိုခြိမ့် ကို ကျွန်တော်မမုန်းပါဘူး၊ ပေမယ့် ကျွန်တော် ဒီမှာနေဖို့လည်းဆန္ဒမရှိတော့လို့ပါ၊ ကျွန်တော့် ဘယ်သူမှလည်း လိုက်ပို့ဖို့မလိုပါဘူး .."

မင်းကို ပြန်ပို့မပေးနိုင်ဘူးလို့ ပြောထားသည့်စကားကို သူ မမေ့ပါ။ ့ကြောင့် ငြေ တို့လည်း ရောက်လာနိုင်တာမို့ ဘယ်သူမှ ရော ာသေးခင် နေလည်းမထွက်ခင် ဘယ်သူတားတား နောက်ဆုတ်ဘဲ က်လာခဲ့မိသည်။

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ညိုတို့ စိုးတထိတ်ထိတ်ကျန်ခဲ့ကြကာ ..၊

"ဘယ်လိုလုပ်ကြမလဲ အစ်မ .."

"ငါလည်း မသိဘူး ထားခင် .. ခရီးကအဝေးကြီး၊ ပြီးတော့ မိုးလည်း ကောင်းကောင်းမလင်းသေးဘူး .."

"ဘာဖြစ်ဖြစ် အန္တရာယ်ရှိတယ်၊ မဖြစ်ဘူး .. မိုးခြိမ့် ကို သွားနှိုးပြီး လိုက်ပို့နိုင်းမှ .."

"ဟဲ့ .. နေဦး မိုးခြိမ့် စိတ်က အကောင်းတိုင်းဖြစ်ဦးမှာမဟုတ်ဘူး၊ ညက တစ်ညလုံး ငုတ်တုတ်ထိုင်ပြီး ဆေးလိပ်တွေသောက်နေတာ–

"ငိုနေတာမှမဟုတ်ဘဲ အစ်မရယ် .. နီကြဲ့ ကို တမ်းတနေလို့ မရတော့ဘူးဆိုတာ သူ လက်ခံသွားပါပြီ၊ ကိုယ့်ဒွေ့သည်ကို ဒီလိုမျက်နှာငယ်ခဲပစ် ပြန်လွှတ်ဖို့ထိတော့ သူ မရိုင်းသင့်ဘူး၊ ဘာပဲဖြစ်ဖြစ် သူ့မှာပဲ တာဝန်ရှိတယ် .."

"နေဦး ထားခင် .. နင် ပေါက်ကရတွေသွားမပြောလိုက်နဲ့နော် –"

"မပြောပါဘူး .."

သူတို့ပြောနေကြတာကို မိုးခြိမ့် ကြားနေရသည်။ အိပ်ပျော်ဖို့ကြိုးစားနေတုန်းမို့ စကားသံတွေကို စိတ်မဝင်စားခဲ့ပေ ..။

ပြီးသွားတော့မှ ဘာအကြောင်းပြောနေကြမှန်း နားလည်လာပြီး မျက်လုံးတွေပါ ကျယ်သွားခဲ့၏။

"ဘယ်မှာလဲ မောင်မောင်ရော .."

"ဟင်!..."

"သား .. နိုးလာပြီ .."

အိမ်ပေါ်တက်မလို့ပြင်နေကာမှ မိုးခြိမ့် ကို မြင်လိုက်ရသဖြင့် ညီအစ်မနှစ်ယောက် ဝမ်းသာသွားကြသည်။

"ခုနလေးတင် ထွက်သွားတာ သား .. မင်း လိုက်ပို့ပေးလိုက်ပါ သားရယ် .."



"သူ မင်းကို စိတ်ဆိုးနေသေးတဲ့ပုံပဲ .. ချော့မော့ပြီးပြန်ခေါ်လာခဲ့ပါ သားရယ် .. ကောင်လေး သနားပါတယ် .."

"ဘာလို့ သနားရမှာလဲ .. မြို့က သူဌေးသား ဆရာဝန် .."

"ဒါပေမယ့် မင်းပဲ ဆွဲထိုးလိုက်တာလေ .."

မိုးခြိမ့် ငြိမ်သွားသည်။ ပြီးတော့ မျက်နှာသစ်နေတာ အကြာကြီး..။

"အိပ်ရေးမဝဘူးလား သား .. သစ် .. သစ် ရေကြာကြာလေးဆေးချပြီးတော့ မြန်မြန်လည်းလုပ်ပါ .. မောင်မောင့်ကို မမီဘဲနေလိမ့်မယ် .."

"ပို့ရသက်သာတာပေါ့ .. ဒီမှာ အိပ်တောင်မအိပ်ရသေးဘူး .."

ဟင်!..၊

ထားခင် မျက်နှာပျက်သွားသည်။ ဒေါ်ညို့ ကို တစ်ချက်လှမ်းကြည့်ရင်း အကြံအိုက်သွားသလို ခေါင်းကုတ်မိ၏။ သူမတို့ ပျာယာခတ်နေမိလို့ မိုးခြိမ့် ရွှံ့နေတာလား .. တကယ်ပဲ ဒီကောင်လေးကို ပြန်စေချင်နေတာလား ..။ မျက်နှာသစ် ကိုယ်လက်ဆေးကြောနေတာပဲ မပြီးနိုင် ..။

ပြီးတော့ အိမ်ပေါ်ပြန်တက် အကျီလဲတာလည်း အကြာကြီး ..။

ပြန်ဆင်းလာတော့ အိပ်ရေးပျက်ထားသည့်မျက်လုံးတွေ နီသလိုဖြစ်နေသည်မှလွဲ၍ ဘာမှလည်း ပမ်းပုံနွမ်းပုံမပေါ် ..။

"ဆိုင်ကယ် ယူသွားပါလား .. သားရယ် .."

ဘာတွေဖြစ်နေတာလဲဆိုသည့်အကြည့်နှင့် စက်ဘီးဒေါက်ဖြုတ်ရင်း လှည့်ကြည့်တော့ ထားခင် က မနေတတ်သလိုမျက်နှာနှင့် ..။

"မဟုတ်ပါဘူး သားက အိပ်ရေးပျက်ထားတော့ စက်ဘီးနင်းနေရင် ပင်ပန်းမှာစိုးလို့ပါ .."

"ဒါပဲလား .."

"မဟုတ်ဘူးလေ .. မ .. မမီမှာလည်းစိုးလို့ ဒေါ်လေးက မင်းအတွက် ပြောနေတာပါ၊ ကိုယ်က ကိုယ်ထိလက်ရောက်စော်ကားလိုက်တာ မတောင်းပန်တဲ့အပြင် ဧည့်ဝတ်မကျေဘူးဆိုရင် .."

www.burmeseclassic.com

www.burmeseclassic.com



"ရှင်းပြမနေပါနဲ့ .. ဟွန်း .."

မိုးခြိမ့် မျက်နှာက တကယ်ကို တည်တင်းပြီး မှုန်ကုတ်ကုတ်နှင့် ရှိကာ ..၊

"ဆရာဝန်ဆိုတာနဲ့ပဲ ဒေါ်လေးတို့ တော်တော်သိသာတယ်နော် .. ကျွန်တော့်လည်း သေချာမှတ်ထားဦး ဒေါ်လေးတူ .."

စက်ဘီးနင်းထွက်သွားရင်း ပြောသွားသေးသည်။ ထားခင် ကတော့ ထိုစကားကို အဓိပ္ပာယ်ခွဲခြားနေဖို့ သတိမရပေ ..။

"မိုးခြိမ့် .. တကယ်ပြန်ဖို့တော့မှာထင်တယ်၊ မဖြစ်သေးပါဘူး .. ပြန်မခေါ်မလာရင်တောင် တောင်းပန်ပြီး ပြန်လှည့်လာဦးမယ်၊ ကိုယ်တိုင် ကားပေါ်ထိတင်ပေးလိုက်ဖို့ ငြေ တို့ကို စက်ဘီးလိုက်ယူခိုင်းပြီး မှာလိုက်ဦးမှ .. ကျုပ် ငြေ တို့အိမ် ပြေးလိုက်ဦးမယ် အစ်မရေ .."

သူ့ဘာသာပြောရင်း ထမီတိုတိုပြင်ဝတ်၍ ဖိနပ်ကမန်းကတန်း စီးလျှင် ဒေါ်ညို က ရယ်၍ ...

"နင်ကလည်း နင်ပဲကိုး .."

♣



## အခန်း (၃၆)

"အား .. နာလိုက်တာ .. ကျွတ် .."

လမ်းနဲ့ ကွယ်၍ ထိုင်လို့ကောင်းသည့်နေရာမှာ အကျအနနေရာယူကာ ဖိနပ်ကိုချွတ်ကြည့်လိုက်မိသည်။

ခြေချောင်းထိပ်တွေနဲ့ ခြေမျက်စိတွေမှာ အပူလောင်ဖုက ပေါက်ပြဲနေလျက် အဆီတဝင်းဝင်းရဲစိုနေ၏။

သူ့ ဒီတိုင်းဆက်လျှောက်ရရင် ခရီးဆက်နိုင်ဦးမည်ထင်သည်။ ခုတော့ ဟိုမရောက်ဒီမရောက် ကြားကာလမှာ ဖိနပ်ပြန်စီးပြီး ဘယ်လို လျှောက်မလဲ ..။

ဖိနပ်စီးဖို့မပြောနဲ့ ဒီတိုင်းလေသလပ်နေတာတောင် နာသည်။ တဆစ်ဆစ်တဖျင်းဖျင်းနှင့် တော်တော်ခံရခက်၏။

"တောက် ..."

ဒုက္ခရောက်ပြီဆိုသည့်အသိနှင့် ခံရခက်ခြင်းက တနံ့နံ့မြင်လာရင်း တက်ခေါက်လိုက်မိ၏။ ထိုအခါ မေးရိုးက အဆမတန်နာကျင်သွားကာ ခေါင်းတွေပါ ကိုက်တတ်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



ဒီလမ်းဒီခရီးကိုသွားပါလို့ ဘယ်သူတိုက်တွန်းခဲ့လို့လဲ ..။

သူများပြဿနာတွေကို ဖြေရှင်းပေးလိုက်စမ်းပါလို့ရော ဘယ်သူ နှိုင်းခဲ့လို့လဲ ..။

ကိုယ့်လမ်းကိုယ်ရွေး ကိုယ်ထင်ရာ ကိုယ်လုပ်ခဲ့တာ နှင်းမောင်မောင်..။

ဒီတော့ ပြန်ထလိုက် နောက်ကိုမကြည့်နဲ့ ရှေ့ကိုဆက်သွားဖို့ပြင်..။

ကိုယ့်မာနနဲ့ကိုယ် ဖိနပ်ပြန်စီးလိုက်သည်။

"အား .. ကျွတ် .. ကျွတ် .."

မိုးလင်းသွားပြီမို့ ခရီးအဝေးကြီးကျန်နေသေးတာကိုတွေးပြီး အားတင်းလိုက်သည်။ နေမြင့်လာလျှင် ရေဆာလာမည်။

ရေအတွက် သေချာထည့်လွှဲပြီးကာမှ ဒေါ်ညို တို့ တားဆီးသံတွေကြောင့် ဖွတ်ထွက်လာခဲ့ရင်း မေ့ကျန်နေခဲ့သည်။

ထီး ဖိနပ်တွေ မပါရင် နွေအခါမှ သိမယ်တဲ့ ..။

သူ့မှာတော့ ဖိနပ်ကိုလည်း မစီးနိုင်တော့ပေ။ ထီးမပြောနဲ့ ဖက်တစ်ရွက်တောင်မပါဘဲ ရေငတ်ရင်တော့ ဝမ်းလျားထိုးလဲရုံအပြင် ဘာမှ တတ်နိုင်မည်မထင် ..။

"မရတော့ဘူး .."

ဘယ်လိုလျှောက်ကြည့်လို့မှ မခံနိုင်တော့သည်မို့ ကိုယ့်ဘာသာပြောရင်း ဖိနပ်ကိုပြန်ချွတ်လိုက်ရသည်။ သူ ဒီတိုင်းလျှောက်နိုင်ပါ့မလား..။

ဘာပဲဖြစ်ဖြစ် ဖိနပ်က ပွတ်တိုက်နေသည့်ဒဏ်ကို ခံရတာထက်တော့ ဆိုးမည်မထင်ပါ။ ဖိနပ်ကို ဒီတိုင်းကိုင်ကာ ခြေဗလာနှင့် ဆက်လျှောက်ခဲ့မိသည်။

မိုးခြိမ့် ပြောသည့်အတိုင်း လမ်းမှာ လူသူတစ်စုံတစ်ယောက်မှ သွားလာနေတာမတွေ့ပေ ..။

တွေ့လည်း မတွေ့ချင်ပါ။ တွေ့ရင်လည်း အုပ်စုလိုက်နဲ့ ရင်ဆိုင်မိလျှင် ကိုယ်ကတစ်ယောက်တည်း ..။

"အား .."



လမ်းကြမ်းကို စတင်ပြီဆိုတာနှင့် ကျောက်ခဲစူးနေရသည့်ထဲ ခြေမက ခလုတ်တိုက်၏။

"သေပါပြီ .. အား .."

ငုံ့ကြည့်လိုက်တော့ ခြေမက သွေးတွေစိမ့်ထွက်နေပြီ ..။

"အား ..."

သေးက သစ်ခြောက်ပင်ကိုင်းကို လှမ်းကိုင်ကာ မထိုင်ဘဲ အံကြိတ်နေလိုက်သည်။ မခံစားနဲ့ ဒါ မြို့ပေါ်မှာမဟုတ်ဘူး မထိုင်နဲ့ ..။

အားတင်းပြီး ဒီတိုင်းဆက်လျှောက်ဖို့ပြင်လိုက်တော့ လူက ယိုင်နဲ့ နွဲ့ကျမတတ် ..။

"ဘယ်လိုလဲ .. မလဲမချင်း မနားဘူးဆိုပြီးတော့လား .."

ဟင်!...

မိုးခြိမ့် အသံ ..။

နှင်းမောင်မောင် ဖျတ်ခနဲလှည့်ကြည့်ကာ ဖိနပ်စီးဖို့ ကမန်းကတန်းပြင်၏။

"ဒီလောက် သတ္တိကောင်းနေတာ ငါ လိုက်ပို့ဖို့မလိုပါဘူး၊ ဟုတ်တယ်မလား .."

"ခင်ဗျားကို ဘယ်သူလိုက်ပို့ခိုင်းနေလို့လဲ .. ယောကျ်ားချင်း ရိုသလို ကျောသလို လာမလုပ်စမ်းပါနဲ့ လူတိုင်းသွားနေတဲ့လမ်းကို ကျွန်တော် ဘာလို့မသွားနိုင်ရမှာလဲ .."

"ခြေထောက်က သွေးထွက်နေတာ ဘာလို့လဲ .."

"ဘာမှမဖြစ်ဘူး .. အသက်နဲ့အဝေးကြီး .."

မိုးခြိမ့် က အမှတ်တမဲ့ လှမ်းကြည့်ပြီးမှ မျက်မှောင်ကုတ်သွားကာ ..။

"နေဦး ..."

"မလိုဘူးဆိုမှ .."

"လိုလို မလိုလိုကွာ .."

www.burmeseclassic.com

www.burmeseclassic.com



စီးဖို့အတင်းလုပ်နေသည့်ဖိနပ်ကို ဆွဲဖယ်ပစ်လိုက်တော့ ခြေထောက် တစ်ခုလုံး အဆီတဝင်းဝင်းနီရဲနေသည့်ဒဏ်ရာတွေက မြင်လို့မကောင်း...။

ခြေထောက်က ဖွေးနေတော့ ဒဏ်ရာတွေက ပိုပြီးကြည့်ရဆိုးနေ၏။ သူ စိတ်မကောင်းဖြစ်သွားမိကာ နှင်းမောင်မောင် ဘေးမှာ ထိုင်ချလိုက်ပြီး ...၊

"ဒါတွေခုမှဖြစ်တာမဟုတ်ဘူးမို့လား .."

နှင်းမောင်မောင် က မဖြေ ...။

"မစီးနဲ့လေကွာ .. ဖိနပ်ကြောင့် မင်းပိုနာမှာပေါ့ .."

ဖိနပ်ကိုတစ်ယောက်ကဆွဲယူ တစ်ယောက်ကဆွဲဖယ်နှင့် ပြီးတော့ မျက်နှာချင်းပြိုင်တူမော့ကြည့်မိကာ ...၊

"ခင်ဗျား ဘာလိုက်လုပ်တာလဲ .."

"မင်း ဘယ်လိုဖြစ်နေတာလဲ .."

စကားသံချင်းပြိုင်တူထွက်သွား၏။

ကျွတ် ...၊

မိုးခြိမ့် စုတ်သပ်ပြီးမှ မျက်နှာပြန်လွှဲကာ ...၊

"ငါ မင်းကို ထိုးလိုက်မိတာ တောင်းပန်တယ်ကွာ .. ပြီးတော့ စေတနာစော်ကားတဲ့စကားတွေလည်း ခဏခဏပြောခဲ့မိတယ်၊ အဲ့ဒါတွေ အားလုံး ငါ မှားပါတယ်၊ မင်း ကျေနပ်တဲ့အထိ နောက်ထပ်လည်း တောင်းပန်ဦးမယ်၊ ဘယ်လိုလဲ .."

"ခင်ဗျား တောင်းပန်သံကြားချင်လို့ စောင့်သွားနေတယ်ထင်လို့လား .."

"မထင်ဘူး .. မင်း ဘယ်လောက် ဒေါသမာနတွေကြီးသလဲ ငါ နားလည်သွားပြီ ဟုတ်ပြီလား .. စိတ်ရင်းနဲ့ တောင်းပန်တာပါ၊ မင်း ငါနဲ့ ပြန်လိုက်ခဲ့ပါ .."

"လုံးဝ မလိုက်ဘူး .."

ပြောပြီးတာနှင့် ဒီတိုင်းထရပ်လိုက်သည်။ သို့သော် ပက်လက်ယိုင်



ကျသွားလျှင် မိုးခြိမ့် က လက်ကို ကမျာကယာဖမ်းဆွဲထားလိုက်သဖြင့် မျက်နှာချင်းဆိုင်ပြန်ဖြစ်သွားခဲ့ပြီး ...၊

"မင်း ခြေထောက်တွေ ဒီကိုလာတည်းက အပူလောင်ဖုတွေဖြစ်နေတာမို့လား .. အခု လမ်းထလျှောက်လို့ ပေါက်ပြဲကုန်တာ .."

"အဲ့တော့ ဘာဖြစ်သွားနိုင်သလဲ၊ ဒီမှာ ကိုမိုးခြိမ့် လူလူချင်း မျက်နှာကြည့်အထိုးခံရတာလောက် ဘာမှထိရှက်မပြင်းဘူး၊ ခင်ဗျား ဘယ်လို တောင်းပန်တောင်းပန် ကျေနပ်မှာလည်းမဟုတ်ဘူး၊ အဲ့တော့ ကိုယ့်အိမ် ကိုယ်ပြန် .."

"ငါပြန်ဖို့မပြန်ဖို့လည်း မင်း အမိန့်မလိုပါဘူး၊ မင်း ဒီတိုင်းဆက် လျှောက်မယ်ဆိုရင်တော့ ငါလည်း ဆက်လိုက်ရမှာပဲ .."

နှင်းမောင်မောင် ဖွတ်ပြင်လိုက်သည့်ခြေလှမ်းက ဒီတိုင်းပြန်တန့် သွားသည်။

"မင်း သိအောင် ငါပြောရဦးမယ်၊ ငါ မင်းကို တောင်းပန်မယ်၊ ခရီးတစ်ဝက်ထိလိုက်ပို့မယ်ဆိုပြီး ထွက်လိုက်လာတာ .. ဒါပေမယ့် အခု မင်း မျက်နှာလည်းညှိုးနေသေးတယ် .."

"ဟွန်း .. အဲ့ဒီ ဒဏ်ရာမပျောက်လည်းကောင်းတာပဲ .."

"ငါ့ကို မင်း အဲ့လောက်တောင် ခင်ချင်ခဲ့တာလား .."

"ဘာဗျ ..."

မိုးခြိမ့် မျက်နှာက ရယ်စရာပြောနေတာနဲ့လည်း မတူဘဲ ...။

"ငါနဲ့ ပတ်သက်ပြီး ဒီဒဏ်ရာရှိနေဖို့လိုတယ်ဆိုတာ လွမ်းဖို့ရှိသေးလို့ နာတာနဲ့ ဖြေချင်တာပဲ .."

"ခင်ဗျား .."

"ဟ ..."

မိုးခြိမ့် ကို တွန်းပစ်လိုက်ပြီး လဲတော့ သူပဲလဲမလိုဖြစ်သွား၏။ မိုးခြိမ့် မျက်နှာ ပြုံးယောင်သမ်းသွားကာ ...၊

"ငါ တမင်နောက်တာပါ၊ ဒီဒဏ်ရာတွေပျောက်တဲ့အထိတော့

www.burmeseclassic.com



မင်း ပြန်လိုက်မဲ့ကွာ .. ငါတို့ယောကျ်ားချင်းတောင်းပန်ရင် ကျေအေး ရမှာပေါ့၊ မင်း တင်းနေတဲ့ပုံက မိန်းကလေးစိတ်ကောက်တာကျနေတာ ပဲ ..”

နှင်းမောင်မောင် ရဲ့ မျက်နှာဖြူဝင်းဝင်းမှာ ရဲခနဲဖြစ်သွားသည်။ မိုးခြိမ့် က သတိထားမနေပါ။ ဖိနပ်နှစ်ဖက်ကို ပူးကောက်လိုက်ပြီး သူ့လက်ထဲထည့်ပေးလိုက်သည်။

“ပေး .. အဲ့ဒါ ..”

သူ့အိတ်ကိုတော့ ပခုံးပေါ်လွှဲပြောင်းယူလိုက်ပြီး ..၊

“စက်ဘီးကို လမ်းချောအစပ်မှာရပ်ထားခဲ့ရတာ၊ မင်းကို လမ်းမှာ တဗ်မိမယ်မှတ်ပြီးကောက်စီးလာတာလေ၊ မတွေ့တော့ ဒီတိုင်းထားခဲ့ ရတယ် သူများ 'မ' သွားပြီဆိုလည်း ထိုက်သူ့စံပေါ့ ..”

“ကိုမိုးခြိမ့် .. ကျွန်တော် ..”

“မလိုက်ဘူးမပြောနဲ့ ငါ မင်းကို အခြောက်လို့ထပ်ပြောရင် လက်သီး ချင်းယှဉ်ထိုးရဖို့တွေဖြစ်လာလိမ့်မယ် ..”

“ခုလည်း ပြန်လျှောက်ရမှာပဲ ရှေ့ဆက်သွားလိုက်ရင် ..”

“အခု လာခဲ့တဲ့ခရီးထက် လေးဆငါးဆ မင်းလျှောက်ရမှာ ..”

နှင်းမောင်မောင် ငေးငိုင်သွားသည်။ တကယ်တမ်းက သူ ဘယ်လို မှ မလျှောက်နိုင်တော့ပါ။ လူကို ထိုးကြိတ်ခံထားရတာလည်း တောင်းပန် လိုက်တာနဲ့ ကျေနပ်မပေးနိုင် ..။ သို့သော် ...

“မင်း ငါ့ကို မကျေနပ်ဘူးမို့လား ကောင်းတယ် .. ရွာရောက်ရင် ရန်ဆက်ဖြစ်ကြတာပေါ့၊ ဒီတစ်ခါတော့ စိတ်ချ ငါ မင်းကိုမထိုးဘူး .. လုံးဝသေချာတယ် ..”

မိုးခြိမ့် တစ်ခုခုကိုတွေးမိသွားပြီး ပြုံးလိုက်ကာ ..၊

“နီတြာ နဲ့ ငါ ရန်ဖြစ်နေကြရင်း ပျော်ခဲ့ကြတယ်၊ သူ မရှိတော့ သူ့ကိုပြန်မရပေမယ့် ရန်ဖြစ်မယ့်သူငယ်ချင်းတစ်ယောက် ရတယ်လို့ မှတ်လိုက်ရင် ငါ မင်းကို သူ့လိုပဲ ..”



“တော်စမ်းပါဗျာ ..”

“ဟ .. ငါ မင်းကို မိန်းမလျာလို့ပြောတာမဟုတ်ဘူး၊ ဒါပေမယ့် မင်းက မြို့သားဆရာဝန် ဒီလောက်ထိ နဖတ်နေတာ ငါတို့နဲ့စာရင်တော့ မင်းကို ဦးစားပေးအဆင့်နဲ့ ပေါင်းသင့်တာပဲလေ ..”

“မပြောနဲ့ဗျာ .. ဘယ်လိုပြောပြော ကျွန်တော်မကြိုက်ဘူး ..”

ဒီကောင်မိန်းမလျှာ အထင်ခံရတာကိုလည်း ဆတ်ဆတ်ခါပါလား..။

မျက်နှာကိုငုံကြည့်ပြီး ပြုံးလိုက်မိပြန်သည်။ ထိုစဉ် စက်ဘီးထား ခဲ့သည့်နေရာကို လှမ်းမြင်လာရကာ ..၊

“ဟော .. ဟိုမှာ .. ဟိုမှာ ..”

လူတွေအများကြီးရောက်နေကြကာ သူတို့ကိုမြင်တော့ လက်ညှိုး ထိုးကြ လှမ်းအော်ကြနှင့် ..၊

“လူတွေ များလှချေလား ..”

“ဟုတ်တယ် .. ငါ ဒီလိုဖြစ်မှာသိလို့ ဒေါ်လေး ငြေ တို့ကို သွား ပြောလိုက်တာဖြစ်မယ် ..”

“အန်တီလည်းပါတာပဲ ..”

“အဟွန်း ...”

ပြောပြန်ရင်လည်း မကြိုက် ..။

မိုးခြိမ့် တော်တော်တော့ ချဉ်သွားမိသည်။ ဒေါ်လေး မောင်မောင့် ကို ဘယ်လောက်တောင်လိုလားနေသလဲဆိုတာ ပြန်ပါလာတာမြင်လိုက် သဖြင့် ပြုံးသွားတဲ့မျက်နှာကြီးကို သွားအဖြီးသားနှင့် အဝေးကနေတောင် မြင်နေရ၏။

ထားခင် ကတော့ ပြုံးနေရုံမကဘဲ ရယ်လည်းရယ်ကာ ငြေတို့ ရပ်စောင့်နေကြသည့်ကြားက စက်ဘီးတစ်စီးယူစီးပြီး ထွက်လာခဲ့လေ သည်။

အိမ်ကိုဦးအောင်ပြန်ကာ စက်ဘီးနင်းခဲ့ရတာကိုလည်း မောရမှန်း မသိ ..။

www.burmeseclassic.com



"အစ်မရေ .."

"ဟေး .."

"ဆရာဝန်လေးပြန်ပါလာတယ်တော့ .."

"ဟဲ့ .. ဟုတ်လား .. ဟုတ်ရဲ့လား မိထားခင် .."

"ဟုတ်လိုက်တာမှ မိုးခြိမ့် က သူ့လက်တစ်ဖက်ကိုတွဲလို့ .."

"အမလေး ဝမ်းသာလိုက်တာအေ .."

"ကျုပ်တော့ မိဖြူ ဆီ သွားလိုက်ဦးမယ် .."

"ခုနပဲ အပေါ်ထသွားတယ် .. ပြန်အိပ်ပြီထင်တယ် ဘာလုပ်ဖို့တုံး.."

ထားခင် က ခလုတ်တိုက်မတတ်ထွက်သွားရင်း ...၊

"နှင်းမောင်မောင် ဆိုတာ မိန်းကလေးမှန်း သူနဲ့ကျုပ်တို့ပဲသိတာ တော်ကြာ သွားပြောလိုက်မှာစိုးလို့ .."

ဟင် ...။

ဒါလည်းဟုတ်သား ...။

နှင်းမောင်မောင် အတိုးခံရပြီး သတိလစ်သွားတုန်းက သူမကို ပြုစုကြရင်း မိန်းကလေးမှန်း သိခဲ့ရတာပါ။ ဒေါ်ညို ကိုယ်ဘာသာ အပေါ်တက်ရမလို ပြန်ထွက်ရမလို ပျာယာခတ်ရင်း ခေါင်းလည်း ကုတ်မိလျက်...။

"ဘာဖြစ်လဲအေ .. မြန်မြန်သိတော့လည်း .. အဲ .. ဟုတ်သေးပါဘူး .."

မဟုတ်ပေမယ့် ဘာပြောမလို့မှန်းလည်း ကိုယ်ဘာသာ မသိ ...။

လရောင်ကျူးရင့်

www.burmeseclassic.com